The Government of
The Republic of the Union of Myanmar
Ministry of Education

Department of Higher Education

Universities Research Journal

Vol. 14, No. 1 December, 2023

The Government of
The Republic of the Union of Myanmar
Ministry of Education

Department of Higher Education

Universities Research Journal

Vol. 14, No. 1 December, 2023

Universities Research Journal 2023
Vol.14, No. 1

Myanmar, English, Geography, History, Law, Oriental Studies, Anthropology

Editorial Board

Editors in Chief

Myanmar

Prof. Dr. Tun Aung Kyaw, Head of the Department of Myanmar, University of Yangon

Prof. Dr. Aung Kyaw Moe, Head of the Department of Myanmar, University of Mandalay

Prof. Dr. Aye Mi Aung, Head of the Department of Myanmar, Yangon University of Distance Education

Prof. Dr. Nwe Nwe Aye, Head of the Department of Myanmar, Dagon University

Prof. Dr. Win Than Oo, Head of the Department of Myanmar, Yadanarbon University

Prof. Dr. Thin Thin Soe, Head of the Department of Myanmar, East Yangon University

Prof. Dr. Khin Wint Nwe, Head of the Department of Myanmar, West Yangon University

English

Prof. Dr. Thi Thi Tun, Department of English, University of Yangon

Prof. Dr. Mon Mon Wai, Head of the Department of English, University

of Mandalay

Prof. Dr. Kyi Chan Nyein, Head of the Department of English, Yangon Distance Education University

Geography

Prof. Dr. Zin Nwe Myint, Head of the Department of Geography, University of Yangon

Prof. Dr. Khin Khin Soe, Department of Geography, University of Yangon

Prof. Dr. Soe Sandar San, Head of the Department of Geography, University of Mandalay

Prof. Dr. Khin Khin Soe, Department of Geography, University of Yangon

Prof. Aung Swe , Department of Geography, Magway University

History

Prof. Dr. Thin Thin Aye, Head of the Department of History, University of Yangon

Prof. Dr. Kyaw Swe Nyunt, Head of the Department of History, University of Mandalay

Prof. Dr. Phyu Su Aung, Head of the Department of History, Dagon University

Prof. Dr. Soe Soe Oo, Head of the Department of History, Taunggyi University

Prof. Dr. Khin Myo Win , Department of History, University of Yangon

Prof. Dr. Maung Maung Hla, Head of the Department of History, University of Yangon

Law

Prof. Dr. Khin Phone Myint Kyu, Head of the Department of Law, University of Yangon

Prof. Dr. U Tin Moe Lwin, Head of the Department of Law, University of Mandalay

Prof. Dr. Tin Htay Ei, Head of the Department of Law, Yangon University of Distance Education

Prof. Dr. Thi Thi Lwin, Head of the Department of Law, Dawei University

Prof. Dr. Thwin Pa Pa, Department of Law, University of Yangon

Oriental Studies

Prof. Dr. Win Win Yi, Head of the Department of Oriental Studies, University of Yangon

Prof. Dr. Thi Thi Tun, Head of the Department of Oriental Studies, University of Mandalay

Prof. Dr. Tin San Aye, Head of the Department of Oriental Studies, Dagon University

Prof. Dr. Daw Htwe Yee, Head of the Department of Oriental Studies, Yadanarbon University

Prof. Dr. Mi Mi Khine, Head of the Department of Oriental Studies, Hpa-aan University

Anthropology

Prof. Dr. Sandar Win, Head of the Department of Anthropology, University of Yangon

Prof. Dr. Thidar Htwe Win, Head of the Department of Anthropology, University of Mandalay

Prof. Dr. Theigi Soe, Head of the Department of Anthropology, Dagon University

Prof. Dr. Khin Muyar Aung, Department of Anthropology, University of Yangon

Prof. Dr. San San Oo, Department of Anthropology, University of Yangon

Editors

Myanmar

Prof. Dr. Aye Nu Kyi, Head of the Department of Myanmar, Pyay University

Prof. Dr. Thwe Thwe, Head of the Department of Myanmar, Kyaing Tong University

Prof. Dr. Thin Thin Soe, Head of the Department of Myanmar, East Yangon University

Prof. Dr. Khin Myint Sein, Head of the Department of Myanmar, Monywa University

Prof. Dr. Tun Aung Kyaw, Head of the Department of Myanmar, University of Yangon

Prof. Dr. Min Maw Thant, Head of the Department of Myanmar, Sittwe University

Prof. Dr. Aye Mi Aung, Head of the Department of Myanmar, Yangon University of Distance Education

Prof. Dr. Wai Wai Myint, Head of the Department of Myanmar, Yangon University of Foreign Languages

English

Prof. Dr. U Aung Kyi, Head of the Department of English, East Yangon University

Prof. Dr. Thi Thi Tun, Department of English, University of Yangon

Geography

Prof. Dr. Nilar Aye, Head of the Department of Geography, Kyaing Tong University

Prof. Dr. Yi Yi Tint, Head of the Department of Geography, Mawlamyine University

History

Prof. Dr. Nwe Nwe Aung, Head of the Department of History, Kyaing Tong University

Prof. Dr. Myo Myo Su, Head of the Department of History, Hpa-an University

Prof. Dr. Sandar Soe, Head of the Department of History, Monywa University

Prof. Dr. Mi Mi Khaing, Head of the Department of History, Sittwe University

Law

Prof. Dr. U Tin Moe Lwin, Head of the Department of Law, University of Mandalay

Oriental Studies

Prof. Dr. Khin Linn Myint, Head of the Department of Oriental Studies, Yangon University of Distance Education

Anthropology

Prof. Dr. Sandar Win, Head of the Department of Anthropology, University of Yangon

Contents

	Page
Myanmar	
ရသစာတမ်းငယ်များတွင် ရသအဖွဲ့ပါဝင်မှု	1
အေးနုကြည်	
"အိပ်နေရင်ည နိုးနေရင်နေ့" ဝတ္ထုရှည်၏ဇာတ်လမ်းဖန်တီးပုံ	15
အေးမွန်ဆွေ	
အင်းဝခေတ် မြန်မာကျောက်စာများမှ အတ္ထာလင်္ကာရအဖွဲ့များ	29
ခင်မြင့်မော်	
အောင်သင်း၏ စာပေအတွေး ၊ အတွေးစာပေ ရသစာတမ်းလေ့လာချက်	41
မာလာမိုး	
ဇာတ်လမ်းအဖွဲ့ကဗျာများဖန်တီးမှု	55
ခိုင်နွယ်ဝင်း	
ဆဒ္ဒန်ဆင်မင်းဝတ္ထုမှ ဦးပုည၏ ဥပမာအလင်္ကာဖန်တီးမှုစွမ်းရည်	67
အေးဝင်း	
အမေ့ရေးစကားများမှ လူထုဒေါ်အမာ၏ ပြောဟန်၊ရေးဟန်	77
လွင်မာဦး	
တီးတိန်ဇိုမီး စာအရေးအသားစနစ်	91
မြမြဝင်း	
ဘာသာစကား မွမ်းမံထိန်းသိမ်းမှုဆိုင်ရာ လေ့လာချက်	105
တင်ဝင်း	

Page

ဝန်းမျူးဆရာအဂ္ဂမေဓာဇ၏ စန္ဒကုမ္မာရလင်္ကာမှ လောကရေး၊ ဓမ္မရေး၊ ရာဇရေး လေ့လာချက် 117

ဆန်းမေ

ထာရ်မဟာဇ၏တေမိယလင်္ကာမှအပြောက်အမွှမ်းလေ့လာချက် 127

ထက်ထက်တင်

ရှင်မဟာရဋ္ဌသာရ၏ ပျို့လင်္ကာများတွင်တွေ့ရသော စကားသံဖွဲ့ဟန်မှ ထပ်ကျော့ခြင်းသဘော 137

စောက္ကန္ဒာသက်မောင်

ရှေးဟောင်းမြန်မာကျောက်စာများ (ပထမတွဲ) ရှိ အချိန်တိုက်ရိုက်အညွှန်းစကားများကို လက်တွေ့အတ္ထဗေဒရှုထောင့်မှ လေ့လာချက် 149

ခင်မျိုးအေး

ကြယ်နီ၏ ရေလုပ်သားဘဝသရုပ်ဖော်ဝတ္ထုများမှ လူမှုဒေသိယစကားများ လေ့လာချက် (လူမှုဘာသာဗေဒလေ့လာချက်) 169

ဝင်းမင်းအောင်

English 183

Translation Strategies Used by Philip and Phyoe Tharya in Translating English Proverbs into Myanmar

Aung Kyi

A Corpus-Based Study of Idioms which Include Creatures in Harry Potter Series 195

Su Khine Oo

Geography

Relationship between Developments of Road Transportation Networks and Land Cover Changes in Kyaing Tong Township 209

Nilar Aye, Hnin Khaing Aye, Ni Ni Lwin & Zar Chi Htun

	Page
Analysis on Handloom Industry in Mudon Township *Aung Aung, Thida Shwe, Win Tun Paing, San San Win & Lae Lae Tun*	225
History	241
An Interpretation of Inscriptions with Special Reference to Letwè Nawrahtā U Ne's Efforts *Kyaw Swe Oo, Lwin Naing & Khin Thet Naing*	
Assessment of the Stone Age Culture in Kayin State *Ye Win Tun*	253
A Brief Study on the Traditional Custom of Naga Ethnic People in Myanmar *Myo Pa Pa*	267
The Traditional Livelihood of Mara People in Myanmar *Nay Aung*	283
Law	
Social Security in Private Enterprise in Myanmar: Pension Fund and Its Management *Nang Nwe Ni Nyunt*	295
Oriental Studies	307
The Study of the Evolution of *Stūpa* from the Fourth Century to the Thirteenth Century AD *Thandar Win*	
Anthropology	317
Marriage Systems of Zomi Ethnic Group in Siangsawn Model Village, Tedim Township, Chin State, Myanmar *San San Oo*	

ရသစာတမ်းငယ်များတွင် ရသအဖွဲ့ပါဝင်မှု

အေးနုကြည်*

စာတမ်းအကျဉ်း

ဤစာတမ်းသည် 'ရသစာတမ်းငယ်များတွင် ရသအဖွဲ့ပါဝင်မှု' ကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ အလေ့လာခံအဖြစ် 'ကံ့ကော်မြိုင် စာတမ်း' မှ စာတမ်းငယ်များကို တင်ပြထားပါသည်။ ထိုသို့လေ့လာတင်ပြရာတွင် ရသစာတမ်းငယ်များတွင် 'ရသအဖွဲ့' ပါဝင်မှု ရှိ မရှိ ဟူသော သုတေသန ပြဿနာကို အခြေပြုကာ ပညာရှင်များ၏ အဆိုအမိန့်များအပေါ် အခြေပြုလျက် အဖြေရှာကာ လေ့လာတင်ပြထားပါသည်။

သော့ချက်ဝေါဟာရများ – စာတမ်းငယ်၊ ရသ၊ အာနိသင်၊ အတွေးအခေါ်၊ အက်ဆေး

နိဒါန်း

မြန်မာစာပေတွင် ရသစာတမ်းငယ်သည် စာပေပုံသဏ္ဌာန်တစ်ခုအဖြစ် အခိုင်အမာ ရပ်တည်လျက် ရှိပါသည်။ ဤစာတမ်းတွင် ရသစာတမ်းငယ်၌ သက်ဝင်လျက်ရှိသော ရသစာပေအဖွဲ့များကို ထုတ်ဖော်ပြသ လိုရင်းဖြစ်ပါသည်။ ထိုရသစာပေအဖွဲ့များ၏ နှစ်သက်ဖွယ်ကောင်းပုံ၊ ထိထိမိမိ ရှိလှသော ရသများအပြင် တန်ဖိုးရှိသော အသိအမြင် အတွေးအခေါ်များပါ ကိန်းအောင်းလျက်ရှိပုံကို သိရှိစေရန် ရေးသားတင်ပြအပ်ပါသည်။

စာပေလေ့လာဆန်းစစ်ချက်

ရသစာတမ်းဟူသော စာပေအဖွဲ့မျိုးသည် ၁၆ ရာစုကပင် ဥရောပ၌ စတင်ပေါ်ပေါက်လာသည်။ ရသစာတမ်းဟူသောဝေါဟာရသည် ပြင်သစ်စကား 'essai' ၊ အင်္ဂလိပ်စကား 'essay' ကို ဆီလျော်အောင် ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။

*ဒေါက်တာ၊ ဒေါ်၊ ပါမောက္ခ၊ မြန်မာစာဌာန၊ ပြည်တက္ကသိုလ်

ထိုဝေါဟာရ၏ အဓိပ္ပာယ်ရင်းမှာ ကြိုးပမ်း စမ်းသပ်သည်ဟူ၍ဖြစ်သည်။ ဆရာတက်တိုးက အက်ဆေးကို –

> "မိမိတတ်စွမ်းသလို ဖော်ထုတ်တင်ပြ စမ်းသပ် ကြည့်လိုသောစာပုဒ်"
>
> (တက်တိုး၊၁၉၆၅၊စာ–၄၁)

ဟူ၍ ဖွင့်ဆိုပြပါသည်။ 'ရသစာတမ်း' ဟူသော အမည် စတင်ဖြစ်ပေါ်လာပုံကို –

> "ရသစာပေအဖွဲ့အဖြစ် အလေးပေးမှည့်ခေါ်သော 'ရသစာတမ်းငယ်' ဟူသော အမည်ကိုမူ ပေဖူးလွှာမဂ္ဂဇင်းတွင် တွေ့ရပါသည်"
>
> (ခင်မင်၊မောင်၊၁၉၈၇၊စာ–၂၄)

ဟု ဖော်ပြထားပါသည်။ နောက်ပိုင်းတွင် အက်ဆေးကို အက်ဆေး၊ အစမ်းစာ၊ စာတန်း၊ စာတမ်းငယ်၊ ရသစာတမ်း ဟူ၍ အမျိုးမျိုးခေါ်ဝေါ်ခဲ့ကြသည်။

မည်သို့ခေါ်ဝေါ်စေကာမူ စာတမ်းငယ်ဟူသော စာပေအဖွဲ့အစွဲ့များ၏ သဘောလက္ခဏာ များကို ဖြန့်ကြက်လျက် စာတမ်းငယ်ဟူသည် –

> "အကြောင်းအရာတစ်ခုခုကို စာရေးသူကိုယ်တိုင် တွေ့မြင်ခံစားရသည့် အနေအထားဖြင့် ရသ ပါအောင် ရေးဖွဲ့ထားသော မတိုမရှည် စကားပြေ အဖွဲ့မျိုးဖြစ်သည်"
> (ခင်မင်၊မောင်၊၁၉၈၇၊စာ–၂၆)

ဟု သိနိုင်ပါသည်။ ထို့ပြင် အက်ဆေးခေါ် ရသစာတမ်း၏ သဘာဝနှင့်ပတ်သက်၍ ဆရာတို်က်စိုးက –

> "အက်ဆေးကို ဖတ်နေရသည့်နာရီဝက်အတွင်း၌ ဘာနှင့်တူပါသနည်းဆိုသော် အဖော်တစ်ယောက် နှင့် အေးအေးလူလူထိုင်ကာ သူ့စကားကို နားထောင်နေရသည်နှင့် တူသည်ဟု ဆိုရတော့ မည်။ ထိုဝမ်းမြောက် ရွှင်လန်းစရာများ၊ လောကီ

> ဘုံသားတို့၏ ခွင့်လွှတ်စရာ အပြစ်အနာအဆာ လေးများ၊ မတော်မတဲ့ ဟာသအကွက်များကို မိမိလည်း အက်ဆေးဆရာနှင့်အတူ ကြားရ၊ မြင်ရ ခံစားရသကဲ့သို့ဖြစ်ကာပီတိပွားရလေတော့သည်"
>
> (တိုက်စိုး၊၁၉၈၀၊စာ-၄၄)

ဟု ဆိုထားရာ စာဖတ်သူအား ရသခံစား ပီတိပွားစေပြီးနောက် ပတ်ဝန်းကျင်လောကကို ဂရုပြုမိလာ အောင် စွမ်းဆောင်နိုင်သော ဂုဏ်ရည်နှင့်ပြည့်စုံကြောင်း သိနိုင်ပါသည်။ ရသစာတမ်းငယ်များတွင် ရသအဖွဲ့ပါဝင်မှုနှင့် ပတ်သက်၍ ဆရာတက္ကသိုလ်ဝင်းမွန်က -

> "အက်ဆေးခေါ် စာတမ်းငယ်အရေးအသားသည် ရသစာပေအဖွဲ့ တစ်ရပ်ဖြစ်ပါသည်။ ရင်ထဲ နှလုံးထဲမှ ပွင့်အံကျလာသည့် ရင်ဖွင့်သံ ဖြစ်ပါ သည်။ စာဖတ်ပရိတ်သတ်၌ နှစ်သက်မှုရသကို ဖြစ်စေရုံမျှမက၊ ရသဖြစ်သည်နှင့်အတူတကွ ဘဝ အသိအမြင်၊ ပတ်ဝန်းကျင် အသိအမြင်ကိုလည်း ဖြစ်စေပါသည်။" (ဝင်းမွန်၊၁၉၈၇၊စာ-၁၄၃)

ဟူ၍ ရသပါဝင်မှုသဘောကို ဖော်ပြပါသည်။

ထို့ပြင် ဆရာဦးသိန်းဟန်(ဆရာဇော်ဂျီ)ကလည်း -

> "ကိုယ့်ပတ်ဝန်းကျင်၌ နေ့စဉ်နေ့တိုင်း လှုပ်ရှား သွားလာရင်း မြင်မိ ကြားမိ၊ သတိရမိ၊ တွေးမိ သမျှတို့ကို ပရိတ်သတ်၌ မြင်ယောင်ယောင်၊ ကြားယောင်ယောင် ဖြစ်လာအောင် ခံစားမှု တစ်ခုခု ပေါ်လာအောင် ခံစားမှုအသိဖြင့် လည်းကောင်း၊ စိတ်ကူးဉာဏ်စွက်၍ လည်းကောင်း ရေးသော ရသစာပေဟန် စာတမ်း တစ်မျိုး"
>
> (သိန်းဟန်၊ဦး၊၁၉၇၅၊စာ-၃၇)

ဟု ဆိုထားပါသည်။ ဆရာမြသန်းတင့်ကလည်း –

> "ရသစာတမ်း အရေးအဖွဲ့သည် ချစ်ခင်စရာ အလွန်ကောင်းသော ဘဝအဖော်နှင့်တူပါသည်။ အကြောင်းအရာထက် တွေ့ကြုံတွေးခေါ်မှုကို ပို၍မြင်ရသည်။ တိုတိုရှင်းရှင်းနှင့် အမြင့်ဆုံး ရသတစ်စုံတရာကို ရရှိသည်။ ရသမှတစ်ဆင့် ဘဝပတ်ဝန်းကျင်ကို ထွင်းဖောက်ရှုမြင် ခံစား နိုင်သည်"
> (မြသန်းတင့်၊၁၉၉၀၊နိဒါန်း)

ဟု ဆိုထားရာ ရသစာတမ်းငယ်တို့သည် လူ့ပတ်ဝန်းကျင်မှ အဖြစ်အပျက် သဘောတရားတို့ကို စာဖတ်သူတို့ ခံစားနှစ်သက်စေရန်အတွက် ရသပါအောင် ရေးဖွဲ့သည့် ရသစကားပြေအဖွဲ့ဖြစ်ကြောင်း ထင်ရှားပါသည်။

နည်းနာ

ပညာရပ်ဆိုင်ရာနည်းနာအနေဖြင့် ချဉ်းကပ်လေ့လာရာတွင် စာပေ လေ့လာမှုနယ်ပယ်ဖြစ်၍ ရသစာတမ်းငယ်အချို့၏ ရသဖန်တီးမှုသဘောကို အလေးပေး သုတေသနပြုမည် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်

ရသစာတမ်းငယ်များတွင် စာဖတ်သူသည် စာရေးသူက ပေါ့ပေါ့ပါးပါး ဝေမျှလာသော အတွေ့အကြုံများကို မပင်မပန်းနားထောင်ရင်း နှစ်သက်ကြည်နူး စရာ သဘောကျနှစ်ခြိုက်စရာ၊ လွမ်းဆွတ်တမ်းတဖွယ်ရာတို့ကို ခံစားရမည်ဖြစ် ပါသည်။ ထိုသဘောပေါ်လွင်အောင် အောက်ပါ စာတမ်းငယ်များဖြင့် သာဓက ပြပါမည်။

အနီးအဝေးရသစာတမ်းငယ်

'အနီးအဝေး' ရသစာတမ်းတွင်ဝေးလွန်း၍မမြင်ရသောသဘော၊ နီးလွန်း၍ မမြင်ရသော သဘောတို့ကို တွေးဆပြထားသည်။ ထိုစာတမ်းတွင် နီးလွန်း၍ မမြင်ရသောသဘောကို သာဓကပြရာတွင် စာရေးသူ အလွန်ကြိုက်နှစ်သက်သော အိန္ဒိယရုပ်ရှင်မင်းသမီးချောဏ၏အလှကို အနီးကပ် မြင်လိုက်ရသောအဖြစ်နှင့် ဖော်ပြထားပါသည်။ ထိုနေ့က ရုပ်ရှင်ပြချိန်နီးမှ ရုပ်ရှင်ရုံသို့ရောက်သည်ဖြစ်ရာ လက်မှတ်ကမရ။ ရပြန်တော့လည်း ပိတ်ကားနှင့်အနီးကပ်ဆုံး အရှေ့တည့်တည့်မှ ဖြစ်နေရာ ရုပ်ရှင်စပြသောအခါ နီးကပ်လွန်းသောကြောင့် မော့ကြည့်နေရကြောင်း ဖော်ပြပြီး –

> "လူက ပိတ်ကားထဲသို့ ဝင်ရောက်နေရဘိသကဲ့သို့ ဖြစ်လေရာ မျက်စိချိန်သားကိုက်အောင် မနည်း အားထုတ် ကြိုးပမ်းနေရသည်။ သည်ကြားထဲတွင် ဓာတ်ပုံဆရာကလည်း မဒူဘာလာဏ၏အလှကို ကြွားဝင့်လိုသည်ထင့်။ မကြာခဏ အနီးကပ် ရိုက်ကူးပြသလေသောကြောင့် ပိတ်ကားတစ်ခုလုံးမှာ မရွှေချောဏ၏မျက်နှာကြီးဖြင့် ပြည့်နေလေ့ရှိသည်။ သီချင်းလေး တဟင့်ဟင့်ဆို၍ ပြုံးရွှင်ရယ်မော ပြန်လျှင်လည်း သွားတစ်ချောင်း တစ်ချောင်း စကောငယ်လောက် ရှိသည်ကို မြင်ရပါသည်။ ရွှန်းစိုကြည်လဲ့သော မျက်လုံးအစုံမှာလည်း တစ်လုံးနှင့်တစ်လုံး ဆယ့်ငါးပေလောက်ကွာသည်။ ကျွန်တော့်မှာ စီရရီဖွေးနေသော ဇရာမသွားကြီးတွေကို ကြည့်လိုက်၊ ဟိုဘက် မျက်လုံးကြည့်လိုက်၊ ဒီဘက်မျက်လုံးကြည့်လိုက်နှင့် မဏ္ဍိမတိုင်းသူ၏ အလှကို တောင်ကြည့် မြောက်ကြည့် ကျီးကန်းတောင်းမှောက် ခံစားနေရပါသည်"
> (အောင်သင်း၊၁၉၇၈၊စာ–၁၀၂)

ဟူ၍ နီးလွန်းလျှင်လည်း မမြင်ရသောသဘောကို ဟာသနှောရ၍ ရသမြောက်စွာ ဖော်ကျူးထားပါသည်။ ထိုရသအဖွဲ့နှင့်အတူ နီးလွန်း၍မမြင်ရသော ကျေးဇူး တရား၊ ကြီးလွန်း၍ မထင်လေသော ကျေးဇူးတရားတို့ကို ဆင်ခြင်မိလာ စေပါသည်။

ထိုရသအဖွဲ့တွင် 'လူကပိတ်ကားထဲသို့ ဝင်ရောက်နေရဘိသကဲ့သို့ဖြစ်'၊ 'မျက်စိချိန်သားကိုက်အောင် အားထုတ်ကြိုးပမ်း'၊ 'ပိတ်ကားတစ်ခုလုံး မရွှေချော မျက်နှာကြီးဖြင့်ပြည့်'၊ 'သွားတစ်ချောင်း တစ်ချောင်း စကောငယ်လောက်ရှိ'၊ 'ကျီးကန်းတောင်းမှောက် ခံစား' အစရှိသည့် တင်စားချက် အသုံးတို့၏ အာနိသင်ကလည်း ထိမိလှုံ့ကြောင်းတွေ့ရသည်။ စာရေးသူ ဆိုလိုချင်သော နီးလွန်း၍ မမြင်ရသော သဘောကိုလည်း နှစ်သက်စွာ နားလည်ခံစားလိုက် ရကြောင်း တွေ့ရပါသည်။

ချိုတကူးနှင့်ဂုဏ်ရည်မတူ ရသစာတမ်းငယ်

"ချိုတကူးနှင့်ဂုဏ်ရည်မတူ" ရသစာတမ်းငယ်တွင် စာရေးသူက အနုပညာ၏အစွမ်းသတ္တိသဘော၊ အတုနှင့်အစစ်တွင် အတုကိုပို၍ နှစ်သက် သဘောကျတတ်ကြသည့် သဘောတို့ကို ရသမြောက်စွာ ဖော်ကျူးထားပါသည်။ ဤရသစာတမ်းတွင်ပါသော ချိုတကူး၏ဘဝဇာတ်လမ်းမှာ ရင်နင့်ဖွယ် ဖြစ်သည်။ စစ်အတွင်းက မိသားစုတကွဲတပြားဖြစ်ပြီး သူတစ်ဦးတည်းသာ မြန်မာပြည်၌ ကျန်ရစ်ခဲ့သည်။ ဘယ်သူခိုင်းခိုင်း သူမငြင်း။ ဖြစ်သလိုပျော်ပျော်နေတတ်သည်။ ထိုချိုတကူး၏ ရင်နင့်ဖွယ်ရာအဖြစ်သည် မေသစ်၏ 'ဂုဏ်ရည်မတူ' ရုပ်ရှင် ဇာတ်ကားနှင့်တွေ့သောအခါ သေးသိမ် မှေးမှိန်သွားရပုံကို –

> "ရုပ်ရှင်ဇာတ်လမ်းနောက်ပိုင်း မေသစ်အပူခန်းသို့ ရောက်သောအခါ မိန်းမကြီးများသည် မေသစ်ကို သနားလွန်း၍ မျက်ရည်မဆည်နိုင်အောင် ဖြစ်ကြ ရသည်။ ချိုတကူးလည်း မျက်ရည်ဝဲနေသည်ဟု ထင်ပါသည်။ ရုပ်ရှင်ပြီး၍ ထွက်လာကြသောအခါ အမျိုးသမီးကြီးများမှာ မျက်ခွံနီနေသည်။ ချိုတကူး

> ကလည်း 'ကောင်းထားတာကွာ ငါဖြင့် မျက်ရည်တောင် ကျမိသေးတယ်' ဟု ရယ်မောရှ ပြောပြပါသည်။ ဖြစ်ရာဘဝတွင် ပျော်ပျော်ကြီး နေတတ်ရှ ကိုယ့်ကိုယ်ကိုပင် သနားရမှန်း မသိသော ကိုချိုတကူးက မေသစ်ကို သနားနေပါသည်။ အဒေါ်ကြီးများကလည်း ချိုတကူး၏ ဖြစ်တော်ပေါင်းအတွက် မျက်ရည်စမ်းစမ်းမျှပင် မဖြစ်ခဲ့ဘူးပါလျက် မေသစ်ကျမှ မျက်ရည်အိုင်ကြရသည်" (အောင်သင်း၊၁၉၇၈၊စာ-၁၀၈)

ဟူရှ ဖော်ပြထားရာ နှစ်သက်သဘောကျမိသောအဖြစ်နှင့်အတူ ဇာတ်လိုက်ကျော် ချိုတကူး၏အဖြစ်ကို ကရုဏာသက်မိသောရသကို ခံစားလိုက်ရပါသည်။ ထိုရသနှင့်အတူ အစစ်ထက်အတုကို ပို၍နှစ်သက်တတ်ကြသော အနုပညာ၏ ရသသဘောတို့ကိုလည်း ဆင်ခြင်မိစေပါသည်။

ထိုရသအဖွဲ့တွင် 'မျက်ရည်မဆည်နိုင်အောင်ဖြစ်'၊ 'မျက်ရည်ဝဲ'၊ 'နှာပိတ်ချင်သလိုလိုဖြစ်'၊ 'မျက်ခွံနီ'၊ 'မျက်ရည်အိုင်' စသော ခံစားမှုပြအသုံးတို့က ထိုရသအဖွဲ့ကို ပို၍ရုပ်လုံးပေါ်စေကြောင်း တွေ့ရ ပါသည်။

'သိဂ်ီရ ရသ' ရသစာတမ်းငယ်

မောင်ဇော်၏ 'သိဂ်ီရ ရသ' ရသစာတမ်းတွင် ချစ်ခြင်းမေတ္တာ၏သရုပ်ကို ရသမြောက်စွာ ဖော်ကျူးထားပါသည်။ ယောကျ်ားဖြစ်စေ မိန်းမဖြစ်စေ မေတ္တာစွမ်းအားကြီးမားသူက အရှုံးပေးရခြင်းသဘော၊ အနစ်နာခံရခြင်းသဘော၊ သည်းခံရသောသဘောတို့ကို မြင်တွေ့စေပါသည်။ ထိုရသစာတမ်းတွင် ဇာတ်ဆောင်များသည်ကား ဂေါရင်ဂျီကုလားမနှင့် သူ့ယောကျ်ား ဂေါရင်ဂျီကုလားတို့ဖြစ်သည်။ မထူးဆန်းသော ဇာတ်ဆောင်များဖြစ်သော်လည်း ထူးဆန်းသည်မှာ သူတို့နှစ်ဦး၏ အဖြစ်အပျက်ပင်တည်း။ အရက်ဆိုင်ရှေ့တွင် အရက်မူးနေသော ဂေါရင်ဂျီကုလားမ၊ ထိုကုလားမကို ချော့မော့နေသော သူ့ယောကျ်ား ဂေါရင်ဂျီကုလားတို့မြင်ကွင်းကို –

"ကဇော်မူးနေသော ဂေါ်ရင်ဂျီကုလားမ တစ်ယောက်သည် ပလက်ဖောင်းပေါ်တွင် လဲနေရာမှ ကုန်း၍ထနေသည်။ တဝေါဝေါ အန်နေသော ကြောင့် သူ့ဆာရီနှင့် သူ့တစ်ကိုယ်လုံးသည် အန်ဖတ်များဖြင့် ရွဲရွဲစိုကာ ပေပွနေ၏။ ကုလားမ၏ဘေးတွင် သူ့ယောကျ်ားနှင့်တူသော ဂေါ်ရင်ဂျီတစ်ဦးသည် ကုလားမကို ဖျောင်းဖျ ထိန်းသိမ်းရန် ကြိုးစားနေ၏။ သူ့အသားအရေသည် မည်းနက်ခြောက်သွေ့ကာ သူ့တကိုယ်လုံးသည် ကြုံလှိုပ်ကပ်၍နေ၏။ ကြိုးနှင့်သီတွဲထားသော ငါးကလေးသုံးကောင်ကို ပလက်ဖောင်းပေါ်တွင်ချ၍ ကုလားမကလည်း အော်လိုက်ဟစ်လိုက် ရုန်းလိုက် ကန်လိုက်နှင့်ပင်။ ကုလားသည် ကုလားမကို အသာအယာ ချော့မော့ ဖေးမ၍ထူရန် လှမ်း၍ ကိုင်လိုက်သည်တွင် ကုလားမသည် ထိုင်ရာက ကုလား၏ တွန့်လိမ်နေသော ဆံပင်အုပ်လုံးကိုဆွဲကာ ပါးကို ရိုက်ပြန်တော့၏။ ကုလားသည် ကုလားမ၏ လက်တွင်းဝယ် ယက်ကန်ယက်ကန် ဖြစ်နေရာ၏။ သို့သော် ကုလားမလုပ်သမျှကို ငုံ့ခံကာ ပါးစပ်ကသာတတွတ်တွတ်ချော့မော့နေရာသည်"

(မောင်ဇော်၊၁၉၇၈၊စာ-၁၅၉)

ဟူ၍ ဖော်ကျူးထားရာ သိဂ်ီရ ရသကို အပြည့်အဝခံစားနိုင်ပါသည်။ ထိုမြင်ကွင်းသည် ယောကျ်ားနှင့် မိန်းမတို့ မေတ္တာသရုပ်သဘောကို တစိတ်တပိုင်းအားဖြင့် ဖွင့်လှစ်ပြသသောမြင်ကွင်းဖြစ်ကြောင်း စာရေးသူကဆိုပါသည်။ ပါးကိုရိုက်လိုက်၊ ခြေနှင့်ကန်လိုက်၊ ဆဲလိုက်ဆိုလိုက်၊ ကုတ်လိုက်ဖဲ့လိုက်၊ လုပ်ချင်တိုင်း လုပ်နေသည့်ကြားက မျက်နှာသေကလေးဖြင့်ငုံ့ခံကာ တတွတ်တွတ်ချော့နေရာသော ကုလား၏စကားများသည် မေတ္တာစကားများဖြစ်၏။ ကုလားမ၏ အနှဖတ်များ

ပေါ်သို့ တစ်ပေါက်စ နှစ်ပေါက်စကျသွားသော ကုလား၏ မျက်ရည်ပေါက်များသည် မေတ္တာသက်သေများဖြစ်၏။ ကုလားမ၏ အောက်ဟစ်ဆဲဆိုသံများသည် ကုလား၏ အင်အားကြီးမားသော၊ ခိုင်ခံ့မြဲစွဲသော၊ သည်းခံသော မေတ္တာကို အံတုဖက်ပြိုင်ရာတွင် မနိုင်ဘဲ အချည်းအနှီးဖြစ်ရသောကြောင့် ထွက်ပေါ်လာသည့် ရှုံးနိမ့်သံများဖြစ်ပါသည်။ ထိုအခြင်းအရာတို့သည် မေတ္တာဖြင့် လွှမ်းခြုံသော ပတ်ဝန်းကျင်တွင် ခံစားရရှိနိုင်သော ရသများပင် ဖြစ်ပါတော့သည်။

ထိုရသအဖွဲ့တွင် 'အသာအယာ ချော့မော့ဖေးမ'၊ 'ရင်ဝကို ဆောင့်၍ကန်'၊ 'ယက်ကန်ယက်ကန် ဖြစ်နေရှာ'၊ 'တတွတ်တွတ် ချော့မော့နေရှာ' ဟူသော ဝိသေသအသုံးတို့က ရသကို အလေးကဲစေကြောင်း တွေ့ရပါသည်။

အမှောင်ရသစာတမ်းငယ်

တိုက်စိုး၏ 'အမှောင်' ရသစာတမ်းတွင် 'ဉာဏ်အလင်းရောင်ဝင်လာရေးသည် အမှောင်ဓာတ်ပေါ်တွင် အမှီတကဲ ပြုရမြဲဖြစ်လေသည်' ဟူသော အယူအဆကို ဖော်ပြထားသည်။ ငယ်စဉ်ကလေးဘဝက လောကကို အဖော်မပါဘဲ ရင်မဆိုင်ရဲသဖြင့် အမှောင်ထဲ၌ မိမိကိုယ်ကို ထင်ထင်ရှားရှားမြင်ရပုံ၊ ငယ်စဉ်က စကားထာဝှက်သည့်အခါ ခဏတဖြုတ်မျက်စိမှိတ်၍ စဉ်းစားမှ အဖြေပေါ်လာသည့် သာဓကနှင့်အညီ ဉာဏ်အလင်းရောင်ဝင်လာရေးသည် အမှောင်ဓာတ်ပေါ်တွင် တည်နေပုံတို့ကို ဆက်စပ်တွေးပြထားသည်။ ဤရသစာတမ်းတွင် ကလေးဘဝ အမှောင်ကိုကြောက်ပုံကို –

> "အမှောင်ထဲတွင် ရှိနေသည့်အခါတွင် မိမိတစ်ကိုယ်တည်းပါလားဟု ထင်လာမိသည်။ ဘကြီး ပြောပြသည့် အမွေးဖွားဖွား၊ မျက်လုံးကြီးကြီး၊ အစွယ်ပြူးပြူးနှင့် တစ္ဆေဘီလူးက လာ၍ဆွဲလိမ့်မည်လား။ မိုးတွေက တဖြုန်းဖြုန်း ရွာချနေခိုက် ဒေဝေါကောင် လာလိမ့်မည်လား။ အပေါ်မျက်နှာကြက်ကလည်းမလုံ။အောက်ကြမ်းကလည်းမလုံ။ ညာဖက်ကလည်းမလုံ။ ဘယ်ဖက်

ကလည်းမလုံ။ ရင်ဖိုမိလေတော့သည်"
(တိုက်စိုး၊၁၉၇၅၊စာ-၆၇)

ဟု ဖော်ကျူးထားရာ ရသမြောက်လှသည်။ ကလေးသဘာဝ အမှောင်ကို ကြောက်ပုံကိုလည်း ကရုဏာသက်မိစေသည်။

ကလေး၏ ကြောက်စိတ်သဘာဝ ပေါ်လွင်အောင် 'အစွယ်ပြူးပြူးနှင့် တစ္ဆေဘီလူး' 'ကြောင်အို ပေမှေး'၊ 'ဒေဝါကောင်' ဟူသော စကားလုံး သုံးထားပုံက နှစ်သက်ဖွယ်ဖြစ်သည်။

"အပေါ်မျက်နှာကြက်ကလည်းမလုံ။
အောက်ကြမ်းကလည်းမလုံ။
ညာဖက်ကလည်းမလုံ။
ဘယ်ဖက်ကလည်းမလုံ။" ဟူသော ဟန်ချက်ညီ ဝါကျစုတို့ကို သုံးထားပုံက နှစ်သက်မှုရသကို ပိုစေသည်ဟု ဆိုနိုင်ပါသည်။

'သခ္ခိုင်းကုန်းမှာ' ရသစာတမ်းငယ်

သခ္ခိုင်းကုန်းမှာ ရသစာတမ်းသည် 'တင်မိုး' ၏ စာတမ်းတစ်ပုဒ်ဖြစ်သည်။ ထိုစာတမ်းတွင် သခ္ခိုင်းကုန်းနှင့်ပတ်သက်သော စာရေးသူ၏ခံစားမှုကို ဖော်ကျူးထားပါသည်။ စာရေးသူတို့ ငယ်စဉ်ကလေးဘဝက သခ္ခိုင်းကုန်းသည် စိတ်ချောက်ချားဖွယ်နေရာ ဖြစ်ခဲ့သည်။ သခ္ခိုင်းကုန်းသည် စက်ဆုပ်စရာ နေရာဖြစ်ခဲ့သည်။ သခ္ခိုင်းကုန်းသည် လှည့်မကြည့်ချင်စရာ နေရာဖြစ်ခဲ့သည်။ သခ္ခိုင်းကုန်းသည် ကြောက်စရာနေရာ ဖြစ်ခဲ့ပုံကို –

"သခ္ခိုင်းကုန်းဆီသို့ လှမ်းကြည့်ပါ။ မန်ကျည်းပင်အိုကြီး သုံးလေးပင်သည် ခါးတံရှည်ကြီးနှင့် ရပ်နေကြသည်။ တန်ဆောင်းပြဿဒ်ပင်များသည် ချုံဖွဲ့၍နေကြသည်။ ညောင်ပင်ကြီး တစ်ပင်သည်လည်း မုတ်ဆိတ်ဖွားဖွားနှင့် တရားဆင်ခြင်နေသည်။ ဇရပ်တစ်ဆောင်သည် မန်ကျည်းပင်အနီးမှာရှိသည်။ အုတ်ခုံခံသွပ်မိုးနှင့် ဖြစ်သော်

> လည်း ခမ်းခမ်းနားနားကား မဟုတ်လှ။ သွပ်မိုးလန်သည့်နေရာ လန်နေပြီ။ အုတ်ချပ်များ ကွာသည့်နေရာ ကွာနေပြီ"
> (တင်မိုး၊၁၉၇၈၊စာ-၁၆၃)

ဟု ခြယ်မှူန်းထားရာ မနှစ်မြို့စရာ မြင်ကွင်းအဖြစ် ပုံပေါ်လာခဲ့ပါသည်။

ထိုမနှစ်မြို့ဖွယ်ရာ သချိုင်းမြေကား လူတိုင်း မိမိတို့အိမ်နှင့်ခွဲ၍ တစ်နေ့ မလွဲမသွေ သွားရမည့် နေရာဖြစ်သည်။ ထိုအကြောင်းကို ဖော်ပြရာ၌ -

> "လူတိုင်းမသွားချင်သော်လည်း နေကြရမည် မဟုတ်။ အထုပ်အပိုး အိပ်ရာလိပ်မပါ သချိုင်းမြေ ရှိရာသို့ သွားကြရပေဦးမည်။ သူသွားလျှင် ငါလိုက်ပို့၍၊ ငါသွားသောအခါလည်း အခြားသူ များက လိုက်ပို့ ကြရပေဦးမည်။ လိုက်ပို့ကြ ရသည့်အခါတိုင်းလည်း ပျော်ပျော်ရွှင်ရွှင် မဟုတ်။ ဝမ်းနည်းပက်လက် မျက်ရည်စက်စက်ဖြင့်သာ ဖြစ်သည်။ သချိုင်းသည် ပျော်မွေ့ဖွယ်မှန်သမျှကို မောင်းထုတ်ခဲ့ပြီ။ ဝမ်းနည်းမှု၊ ငိုရှိုက်မှု တို့သည် သချိုင်းမြေကို စိုးမိုးအုပ်ချုပ်ခဲ့လေပြီ"
>
> (တင်မိုး၊၁၉၇၈၊စာ-၁၆၉)

သံဝေဂယူစရာ၊ ဆင်ခြင်တုံတရား ပွားများစရာအဖြစ် ဖော်ကျူးခဲ့ပါသည်။

ထိုစာတမ်းငယ်တွင် "ခါးတံရှည်ကြီးနှင့် ရပ်နေကြ"၊ "မုတ်ဆိတ်ဖွားဖွားနှင့် တရားဆင်ခြင်" "ဝမ်းနည်းပက်လက် မျက်ရည်စက်"၊ "ပျော်မွေ့ဖွယ်မှန်သမျှကို မောင်းထုတ်" စသော စကားအသုံးအနှုန်းများက ဆင်ခြင်စရာ၊ သံဝေဂယူစရာ အဖြစ်ကို တိုးပွားစေကြောင်း တွေ့နိုင်ပါသည်။

အထက်ဖော်ပြခဲ့သော ရသအဖွဲ့များကို ထောက်ရှုလျှင် ရသစာတမ်းငယ် များသည် နှစ်သက်ဖွယ်ရာ ရသအဖွဲ့များဖြင့် ပြည့်လျှမ်းနေကြောင်း သိနိုင် ပါသည်။ စာဖတ်ပရိသတ်၌ နှစ်သက်မှုရသကို ဖြစ်စေရုံမက နှလုံးသားကို

ပြုပြင်ပြောင်းလဲပေးစေနိုင်သော အသိအမြင်တို့ပါ တိုးပွားနိုင်သော စာပေအဖွဲ့များဖြစ်ကြောင်း တွေ့နိုင်ပါသည်။

သုံးသပ်ချက်

ရသစာတမ်းငယ်များတွင် စာဖတ်သူတို့သည် စာတမ်းငယ်ဆရာက ပေါ့ပေါ့ပါးပါး ဖော်ပြထားသော အတွေ့အကြုံများကို နှစ်သက်စွာ ဖတ်ရှုနိုင်ပါသည်။

ရသပေးပုံပေးနည်းမှာ ရေးသည့်ပုဂ္ဂိုလ်၊ ရေးသည့်အကြောင်းအရာ စသည်တို့ကိုလိုက်၍ အမျိုးမျိုးကွဲပြားနိုင်ပါသည်။ ရှေ့တွင်ပြခဲ့သည့် ရသအဖွဲ့များအတိုင်း အောင်သင်း၏ "အနီးအဝေး" မှာကဲ့သို့ "သီချင်းကလေးတဟင့်ဟင့်ဆို၍ ပြုံးရွှင်ရယ်မောပြန်လျှင်လည်း သွားတစ်ချောင်း တစ်ချောင်း စကောငယ်လောက် ရှိသည်ကိုပါ မြင်ရပါသည်" ဟူ၍ ခပ်သောသော ပြောချင်လည်း ပြောမည်။ မောင်ဇော်၏ "သိဂီရရသ" မှာကဲ့သို့ "ကျွန်တော့်စိတ်အရှိတိုင်းသာ ဆိုခွင့်ရပါမူ ထိုဂေါရင်ဂျီကုလားမနှင့် ဂေါရင်ဂျီကုလားတို့၏မြင်ကွင်းသည် သိဂီရရသကို ပြည့်ဝစွာပေးနိုင်သော မေတ္တာသရုပ်ဖော်မြင်ကွင်းတခု ဖြစ်ပါပေသည် ဟုဆိုပါမည်" ဟု တရင်းတနှီး ပြောချင်လည်း ပြောမည်။ တိုက်စိုး၏ "အမှောင်" ရသစာတမ်းမှာကဲ့သို့ "ဉာဏ်အလင်းရောင်ဝင်လာရေးသည် အမှောင်ဓာတ် အပေါ်တွင် အမှီတကဲ ပြုရမြဲဖြစ်လေသည်။" ဟု တွေးတွေးဆဆ ပြောချင်လည်း ပြောမည်။ တင်မိုး၏ "သချိုင်းကုန်းမှာ" ရသစာတမ်းမှာကဲ့သို့ "သချိုင်းကုန်းသည် နေရာမကျယ်လှ။ သို့ရာတွင် ကွယ်လွန်သူမှန်သမျှတို့၏ တစ်ခုတည်းသော နေအိမ်ဖြစ်လေသည်" ဟု လေးလေးနက်နက် ပြောချင်လည်းပြောမည်။

မည်သည့်ပြောပုံ၊ ပြောနည်းမျိုးပင်ဖြစ်စေကာမူ လက်ရာမြောက်သော ရသစာတမ်းငယ် ဆရာ၏ ရသအဖွဲ့များသည် ဖတ်၍ကောင်းနေမည်သာ ဖြစ်သည်။

ထိုသို့ ရသမြောက်အောင် ဖွဲ့သည့်အခါတွင်လည်း ဆိုလိုသည့် ရသပုံပေါ်အောင် စကားလုံးတိုင်း၊ ဝါကျတိုင်း၊ စာပိုဒ်တိုင်းက အပိုအလိုမရှိ အံဝင်ခွင်ကျ ဖြစ်အောင် ပို့ဆောင်ပေးနိုင်ကြောင်း တွေ့ရမည် ဖြစ်ပါသည်။

နိဂုံး

စာတမ်းငယ်ဆရာတို့သည် ဘဝ၏အခြေအနေမှန်တို့ကို အနက်ဖွင့်ပေးနိုင်သူများ ဖြစ်ကြပါသည်။ ဘဝထဲတွင် အငို အရီ အပြုံးအားလုံးရှိသကဲ့သို့ ရသ စာတမ်းငယ်များတွင်လည်း ဘဝ၏အလွမ်း၊ အဆွေး၊ အသော ရသမှန်သမျှတို့ကို ဝင်ရောက်ခံစားနိုင်ကြမည်ဟု ထင်မြင်ယူဆမိပါသည်။

ကျမ်းကိုးစာရင်း

ခင်မင်၊ မောင်။ (၁၉၈၇)။ စာတမ်းငယ်ဟူသည်၊ ***စာတမ်းငယ်စာပေစာတမ်းများ (ပထမတွဲ)***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

တက်တိုး။ (၁၉၆၅)။ ***ရွှေစင်နှင်းဆီနှင့်အခြားအက်ဆေးများ***။ ရန်ကုန်၊ နံ့သာတိုက်။

တိုက်စိုး။ (၁၉၇၅)။ 'အမှောင်'၊ ***စာတိုနန့်နန့်***။ ရန်ကုန်၊ ချင်းတွင်းစာပေ။

တိုက်စိုး။ (၁၉၈၀)။ ***အက်ဆေး***။ တက္ကသိုလ်များပုံနှိပ်တိုက် နှစ်၂၀မြောက်ငွေရတုအကြိုမဂ္ဂဇင်း၊ ၁၉၈၀။

တင်မိုး။ (၁၉၇၈)။ 'သခ္ခါင်းကုန်းမှာ'၊ ***ကံ့ကော်မြို့ငှက်စာတမ်း***။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

မောင်ဇော်။ (၁၉၇၈)။ 'သိင်္ဂီရရသ'၊ ***ကံ့ကော်မြို့ငှက်စာတမ်း***။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

မြသန်းတင့်။ (၁၉၉၀)။ ***နိုင်ငံတကာရသစာတမ်းများ***။ ရန်ကုန်၊ ချင်းတွင်းပုံနှိပ်တိုက်။

ဝင်းမွန်။ (၁၉၈၇)။ '၁၉၄၅မတိုင်မီကာလမြန်မာစာတမ်းများ'၊ ***စာတမ်းငယ်စာပေစာတမ်းများ (ဒုတိယတွဲ)***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

သိန်းဟန်ဦး။ (၁၉၇၅)။ 'မြန်မာစကားပြော'၊ ***မြန်မာမှုပထမတွဲ***။ ရန်ကုန်၊ တက္ကသိုလ်များစာအုပ်ပြုစုထုတ်ဝေရေးကော်မတီ။

အောင်သင်း။ (၁၉၇၈)။ 'အနီးအဝေး'၊ ***ကံ့ကော်မြို့ငှက်စာတမ်း***။ ရန်ကုန်၊ပုဂံစာအုပ်တိုက်။

"အိပ်နေရင်ည နိုးနေရင်နေ့" ဝတ္ထုရှည်၏ ဇာတ်လမ်းဖန်တီးပုံ

အေးမွန်ဆွေ *

စာတမ်းအကျဉ်း

ဤစာတမ်းသည် နုနုရည်(အင်းဝ)၏ "အိပ်နေရင်ည နိုးနေရင်နေ့" ဝတ္ထုရှည်ကို အလေ့လာခံအဖြစ်ထားပြီး၊ ဇာတ်လမ်းဖန်တီးပုံကို ဖော်ထုတ်တင်ပြလိုသော ရည်ရွယ်ချက်ဖြင့် လေ့လာဆန်းစစ်ထားသော စာတမ်းဖြစ်ပါသည်။ ဝတ္ထုတွင် မျက်မမြင်မိသားစု ဇာတ်ဆောင်များကို ဦးစားပေး ရွေးချယ်ဖန်တီးထားသည့်အတွက် လက်တွေ့ဘဝတွင် ကြုံတွေ့ရသော အခက်အခဲများ၊ ဘဝဒုက္ခများကို ရင်ဆိုင်ကျော်လွှားနိုင်သော စိတ်ဓာတ်အင်အားပေးနိုင်စွမ်းရှိမည် ဖြစ်ပါသည်။

သော့ချက်ဝေါဟာရများ – ဇာတ်လမ်း၊ ဇာတ်ဆောင်၊ အကြောင်းဆက်နည်း၊ အားပြိုင်မှု၊ အနုစိတ်ခြယ်မှုန်းခြင်း၊ ဖန်တီးပုံ။

နိဒါန်း

ဝတ္ထုသည် လောကသဘာဝ၊ လူ့သဘာဝတို့ကို အခြေပြု၍ ဇာတ်ဆောင်နှင့်ဖြစ်ရပ်များကို ဆက်စပ်ကာ၊ စာရေးသူ၏ စိတ်ကူးဉာဏ်ဖြင့် ဖြည့်စွက်ဖန်တီးထားသော၊ စာဖတ်သူကို ကျေနပ်နှစ်သိမ့်မှုပေးနိုင်သော ရသစာပေအဖွဲ့ပင်ဖြစ်သည်။ နုနုရည်(အင်းဝ) ရေးသားထားသော "အိပ်နေရင်ည နိုးနေရင်နေ့" ဝတ္ထုသည် အကြောင်းရင်းမျိုးစုံကြောင့် အမြင်အာရုံ ချို့ယွင်းနေသော်လည်း လက်ရှိဘဝကို အရှုံးမပေးသည့် မျက်မမြင်မိသားစု၏ စားဝတ်နေရေးအတွက် ဘဝတူချင်း ကူညီရိုင်းပင်းကာ ဒုက္ခဆင်းရဲတို့ကို ရင်ဆိုင်ကျော်လွှား နေကြရသော ဘဝတို့ကို သိရှိနားလည်ပြီး စာနာနားလည်နိုင်စေရန် တင်ပြထားခြင်းဖြစ်သည်။ အလေ့လာခံဝတ္ထုပါ မျက်မမြင် ဇာတ်ဆောင်မိသားစုတို့၏ ဘဝဖြစ်စဉ်အပေါ် စာရေးသူ၏ဇာတ်လမ်းဖန်တီးထားပုံကို အကြောင်းဆက်နည်းသုံးခြင်း၊ အားပြိုင်မှု

* ကထိက၊ ဒေါ်၊ မြန်မာစာဌာန၊ ပြည်တက္ကသိုလ်။

သုံးခြင်း၊ အနုစိတ်ခြယ်မှုန်းခြင်းဟူသော ဝတ္ထုရှည်ဖန်တီးမှု အင်္ဂါရုပ်များကို အခြေပြုကာ လေ့လာဆန်းစစ်ထားခြင်း ဖြစ်ပါသည်။

စာပေလေ့လာဆန်းစစ်ချက်

ဝတ္ထုသည် ဒိဋ္ဌဓမ္မလူ့လောကအကြောင်းကို ဖော်ပြသောစာဖြစ်သဖြင့် ဝတ္ထုတိုင်းတွင် ဇာတ်လမ်းပါစမြဲဖြစ်သည်။ ဝတ္ထုရှည်တွင်လည်း ဇာတ်လမ်းသည် အရေးပါသော အစိတ်အပိုင်းပင် ဖြစ်ပါသည်။ ဇာတ်လမ်းသဘောနှင့်ပတ်သက်၍ NTC's Dictionary of Literary Terms တွင်

> အလိုရှိသည့် အကျိုးသက်ရောက်မှုကို ရရှိရန် ဇာတ်ကြောင်းထဲရှိ အဖြစ်အပျက်များကို စာရေးသူက စနစ်တကျ စီစဉ်နေရာချထားခြင်းသည် ဇာတ်လမ်းပင်ဖြစ်သည်။
>
> (Morner & Rausch, 1998, P 167)

ဟူ၍လည်းကောင်း၊ သူရိယကန္တိက

> ဝတ္ထုဇာတ်အိမ်ဖွဲ့မှု၊ ဝတ္ထုဇာတ်ကွက်လှည့်မှု၊ ဝတ္ထုဇာတ်လမ်းသယ်မှု၊ အချိတ်အဆက် ပြေပြစ်မှု တို့သည် ဝတ္ထုသွား (ဇာတ်လမ်း)၏ အဆင့်တန်ဆာများ ဖြစ်ကြသည်။
>
> (သူရိယကန္တိ၊ ၂၀၁၆၊ စာ ၄၈)

ဟူ၍ လည်းကောင်း၊ မောင်ခင်မင်(ခနုဖြူ)က

> ဇာတ်လမ်းဟူသည် ဖြစ်ရပ်များကို ကြောင်းကျိုးဆက်စပ် ဖော်ပြထားသော ဖြစ်စဉ်တစ်ခု ဖြစ်သည်။ (ခင်မင်၊ ၂၀၁၃၊ စာ ၁၀၈)

ဟူ၍ လည်းကောင်း၊ မမိုးမြေက

> လူတစ်ယောက်၏ ဖြစ်ရပ်များထဲမှ အရေးပါသည့် ဖြစ်ရပ်များကို ရွေးချယ်စီစဉ်မှုတွင် အကြောင်းနှင့် အကျိုးဆက်စပ်မှုသည် အရေးပါသည့် ဇာတ်လမ်း ဖန်တီးမှု သဘောအဖြစ် တွေ့ရပါသည်။
>
> (မိုးမြေ၊ ၂၀၁၉၊ စာ ၂၆)

ဟူ၍ လည်းကောင်း ဖော်ပြထားပါသည်။

ပညာရှင်တို့၏ ဖွင့်ဆိုချက်များကို အခြေခံ၍ ဇာတ်လမ်းဖန်တီးပုံနည်းများကို လေ့လာကြည့်လျှင် ဝတ္ထုထဲရှိ ဇာတ်ဆောင်များ၏ဘဝဖြစ်ရပ်များကို ပတ်ဝန်းကျင်ရှိ လူတို့ကြုံတွေ့နေရသော ဘဝဒုက္ခများမှ ဇာတ်လမ်းကို အသုံးပြုကာ ရေးသားထားခြင်း၊ ဇာတ်လမ်းကို အစီအစဉ်တကျ ရွေးချယ်စီစဉ်ထားခြင်း၊ ဇာတ်လမ်းကို သိလိုစိတ်ဖြစ်စေရန် ဇာတ်ကွက်အလှည့်အပြောင်းပြုလုပ်ရင်း ဇာတ်ဆောင်များကို တစ်လှည့်စီ လှုပ်ရှားစေခြင်းဟူသော သဘောများဖြင့် ဇာတ်လမ်းကို ဖန်တီးထားခြင်းပင် ဖြစ်သည်ကို တွေ့ရပါသည်။

နည်းနာ

ပညာရပ်ဆိုင်ရာနည်းနာအနေဖြင့် ချဉ်းကပ်လေ့လာကြည့်ရာတွင် စာပေလေ့လာမှုနယ်ပယ်ဖြစ်၍ ဝတ္ထုဖန်တီးရေးသားမှုဆိုင်ရာနယ်ပယ်ကို အလေးပေးသုတေသနပြုမည် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်

"အိပ်နေရင်ည နိုးနေရင်နေ့" ဝတ္ထု၏ ဇာတ်လမ်းဖန်တီးပုံကို အသုံးပြု၍ လေ့လာ တွေ့ရှိချက်ကို ဖော်ပြထားပါသည်။

ဝတ္ထုဇာတ်လမ်းအကျဉ်း

ရန်ကုန်မြို့ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ သဃ်နန်းကျွန်းမြို့နယ် သမဝါယမအလုပ်ရုံသို့ ပြောင်းရွှေ့လာကြသော မျက်မမြင်အိမ်ထောင်စုများမှ ဦးအောင်နှင့် ဂန္ဒီတို့သည် မျက်မမြင်ကျောင်း၌ ဖူးစာဆုံခဲ့ကြသည်။ လက်ထပ်ပြီးနောက် သားလေးတစ်ဦး မွေးဖွားလာသည်။ သားလေး၏ မျက်စိနာရောဂါအား ကုသမပေးနိုင်သဖြင့် စိတ်မကောင်းဖြစ်ကြရသည်။ အချိန်ကြာလာသည်နှင့် အမျှ သားလေး၏မျက်စိ ကွယ်ခဲ့ရသည်။

ဖိုးကျော်သည် မွေးကတည်းက မျက်စိမမြင်၍ မျက်မမြင်ကျောင်းတက်ခဲ့သည်။ ဝါသနာအရ ဂီတာတီးသင်ခဲ့သည်။ ခရစ်စမတ်အကြိုပွဲတွင် ဘဝတူ အယ်နီတာနှင့် တွေ့ဆုံခွင့်ရကာ လက်ထပ်ခဲ့ကြသည်။

အောင်ခိုင်(ကိုထွေး)သည် မျက်မမြင်ကျောင်း၏ ကြိမ်အလုပ်ရုံတွင် အလုပ်လုပ်ရင်း မချိုနှင့်ဆုံတွေ့ရသည်။ နှစ်ဦးသားလက်ထပ်ပြီးနောက် မွေးဖွားလာသော သမီးလေးကို မချို၏အစ်မထံ မွေးစားရန် ပေးလိုက်ရသည်။

ကိုကံဦးနှင့် မည်စိမ့်တို့သည်လည်း မျက်မမြင်ကျောင်း၌ ကြိမ်ထိုးပညာသင်ယူနေစဉ် ဆုံတွေ့ကာ လက်ထပ်ခဲ့ကြသည်။ မွေးဖွားလာသော သားလင်းလင်း (ခေါင်းတွဲ)၏ မျက်စိမြင်သည့်အတွက် ဝမ်းသာကြရသည်။ ခေါင်းတွဲသည် မျက်မမြင်များ၏ အားကိုးရာ ဖြစ်လာသည်။

အပျိုကြီး မမကြင်သည် မျက်စိမမြင်သော်လည်း မောင်ဖြစ်သူ၏ လစဉ် ထောက်ပံ့ငွေနှင့် အလုပ်ရုံမှရသော လခတို့ဖြင့် စားဝတ်နေရေး ပူပင်စရာမရှိ နေရသူဖြစ်သည်။

အလုပ်ရုံရှိ မျက်မမြင်တို့၏ပစ္စည်းများ ခိုးယူခံရခြင်း၊ မိုးရွာ၍ ဖြစ်ပေါ်လာသော မြေစေးများကြောင့် မကြာခဏ ချော်လဲကြခြင်း၊ မိုးရွာလျှင် မိုးပက်ခြင်း၊ ကင်းထွက်လာခြင်းတို့ကြောင့် အိပ်မရခြင်း၊ ဆန်ပြတ်ခြင်း၊ လခပေးခြင်းကို ရပ်ထားမည်ဟု သတင်းကြားသည့်အတွက် အားလုံး စိတ်ညစ်ရခြင်း ဟူသော ဒုက္ခ ပေါင်းစုံနှင့် ကြုံတွေ့ကြရသည်။

မျက်မမြင်များထဲတွင် အပျိုကြီး မမကြင်တစ်ဦးသာ အိမ်ဆောက်လုပ်ပြီးစီးသည်။ ကျန်သူများမှာ အိမ်ဆောက်နိုင်ရန် ကြိုးစားနေကြဆဲဖြစ်သည်။ မိုးသည်းထန်စွာ ရွာသွန်း၍ မကြင်၏အိမ် ပြိုသွားသည်။ ခေါင်းတွဲက ဖိုးကျော်တို့နှင့်အတူ လိုက်ပါ၍ ခရစ်ယာန်အိမ်တို့တွင် ဘုရားရှိခိုး ဆုတောင်းပေးသည်။ ခေါင်းတွဲသည် မိုးမိ၍ အပြင်းဖျားနေသဖြင့် အားလုံးက စိုးရိမ်ကြသည်။ ခေါင်းတွဲကျန်းမာရေးကောင်းလာစေရန် ဆုတောင်းပေးကြခြင်းဖြင့် အဆုံးသတ်ထားသည်။

ဇာတ်လမ်းဖန်တီးပုံ

"အိပ်နေရင်ည နိုးနေရင်နေ့" ဝတ္ထု၏ ဇာတ်လမ်းဖန်တီးပုံတွင် ဇာတ်လမ်းအင်္ဂါရပ်များနှင့် လျော်ညီစွာ စာဖတ်သူ သိလိုစိတ်တိုးပွား၍ ဇာတ်ရှိန် မြင့်တက်လာစေသော နည်းများဖြင့် ဇာတ်လမ်း ယုတ္တိရှိလာအောင် ဖန်တီးထားသည်ကို လေ့လာတင်ပြထားပါသည်။

အကြောင်းဆက်နည်းကို သုံးခြင်း

အကြောင်းဆက်နည်းနှင့်ပတ်သက်၍ မမိုးမြေက

> အကြောင်းဆက်နည်းဆိုသည်မှာ ဝတ္ထုပါ ဖြစ်ရပ်များကို ချိတ်ဆက်ယူ၍ ဇာတ်လမ်းအဖြစ် ဖန်တီးရာတွင် ရှေ့ဖြစ်ရပ်နှင့် နောက်ဖြစ်ရပ်ကို အကျိုးသင့် အကြောင်းသင့် ဖြစ်အောင် ချိတ်ဆက်ယူသည့် သဘောဖြစ် ပါသည်။
> (မိုးမြေ၊ ၂၀၀၉၊ စာ ၅၀)

ဟူ၍ ဖော်ပြထားပါသည်။

"အိပ်နေရင်ည နိုးနေရင်နေ့" ဝတ္ထု၏ ဇာတ်လမ်းစလျှင်စချင်း သဃ်နိုးကျွန်းမြို့နယ် သမဝါယမအလုပ်ရုံသို့ ပြောင်းရွှေ့လာသော ဦးအောင်နှင့် ဂန္ဓီတို့မိသားစု ရောက်ရောက်ချင်း ဆီးကြို နှုတ်ဆက်လိုက်သော ကလေးတို့၏ "အကန်းတွေ လာကုန်ပြီဟေ့" ဟူသော စူးစူးဝါးဝါး လှောင်ပြောင်သံကို ကြား

လိုက်ရသော အခန်းဖြင့် အစပျိုးထားသည်။ ဇာတ်ဆောင်နှစ်ဦးတို့ကို မျက်စိမမြင် သောသူများအဖြစ် မိတ်ဆက်ပေးထားသည်။ ရင်ခွင်ရှိ သားကလေးကို ပိုက်ဖက် ထားရင်း ဝမ်းနည်းအားငယ်တတ်သော ဂန္ဒီ၏ စိတ်ခံစားချက်ကို ဖော်ထုတ် ပြထားသည်။ အလုပ်ရုံသို့ ပြောင်းရွှေ့ရောက်ရှိလာသော အိမ်ထောင်စုများရှိ ဇာတ်ဆောင်များသည် တစ်ဦးနှင့်တစ်ဦး မမြင်ဖူး၊ မမြင်နိုင်သောသူများ ဖြစ်ကြောင်း ကြောင်းကျိုးဆက်စပ် ဖန်တီးထားသည်။

ကျန်မိသားစုများဖြစ်ကြသည့် ဖိုးကျော်နှင့် အယ်နီတာတို့ ဖူးစာဆုံကြပုံ၊ ကိုကံဦးနှင့် မည်စိမ့် တို့မှ ခေါင်းတွဲဟူသည့် မျက်စိမြင်သည့်သား မွေးဖွားခဲ့ကြပုံ၊ ကိုထွေးနှင့် မချိုတို့မှ မွေးလာသော သမီးလေးကို မချို၏ အစ်မထံမွေးစားရန် ပေးခဲ့ကြပုံ၊ အပျိုကြီး မမကြင်သည် မောင်ဖြစ်သူ၏ ထောက်ပံ့ငွေဖြင့် နေထိုင် ခဲ့ရပုံ စသည့် မိသားစု (၅)စုတို့၏ ဘဝအသီးသီးကို ဖော်ကျူးရင်း ဇာတ်အိမ် ဖွဲ့ပေးထားသည်။ အားနည်းချက်ရှိမှုချင်း တူညီနေကြသော မိသားစုများ၏ ဖြစ်ရပ် တစ်ခုနှင့်တစ်ခု ချိတ်ဆက်မိအောင် အကျိုးသင့်အကြောင်းသင့် ဖန်တီး ပေးထား သည်ကို တွေ့ရသည်။

ဇာတ်တက်ပိုင်းအဖြစ် အလုပ်ရုံထဲရှိ အိမ်ထောင်စုများ၏ ပစ္စည်းများ ခိုးယူခြင်းခံရသော်လည်း မျက်စိမမြင်ကြသည့်အတွက် တားဆီးနိုင်စွမ်း မရှိကြပုံ၊ မိုးရာသီတွင် လေတိုက် မိုးပက်ခြင်း၊ ကင်းထွက်လာခြင်း၊ ရွံ့စေးများ ထူထပ်ခြင်း၊ ဆန်ပြတ်ခြင်း၊ လခမရခြင်းဟူသော အခက်အခဲတို့ကြောင့် စိတ်ညစ်ရပုံတို့ကို ဆက်တိုက်တွေ့ကြုံကြရကြောင်း ဇာတ်ရိုန်မြင့်တက်လာစေရန် ဖန်တီးထား သည်။ ဘဝ၏ဒုက္ခများကို တွေ့ကြုံခံစားရသော်လည်း အပျိုကြီး မမကြင်၏ အိမ်တက်မင်္ဂလာပွဲကို မိသားစုများအားလုံး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပုံ၊ မျက်မမြင်မိသားစု၏ အရေးကိစ္စများကို တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသော ခေါင်းတွဲ၏ အားကိုးရမှုကြောင့် ဝမ်းသာကြရပုံဟူသော ဘဝမုန်တိုင်းထဲမှ ကောင်း ကွက်အနေဖြင့် ဇာတ်ရိုန်ပြေစေရန် ဖန်တီးပြထားသည်။

ဇာတ်ထွတ်ပိုင်းတွင် မိသားစုများ အားကိုးရသော ခေါင်းတွဲသည် မိုးမိ၍ အပြင်းဖျားရာ အဖျားမကျသဖြင့် မိသားစုအားလုံးက ဝိုင်းဝန်းဆုတောင်းပေးနေ

ကြသော ဖြစ်ရပ်နှင့် ဖန်တီးပြထားသည်။ ခေါင်းတွဲ၏ ဝေဒနာ သက်သာမှုရှိ မရှိ ပရိသတ်၏သိလိုဇော ထက်သန်လာရပါသည်။

ဇာတ်ဆင်းပိုင်းတွင် ကိုကံဦးက သားခေါင်းတွဲ၏ ခန္ဓာကိုယ်အား ပွေ့ဖက်ထားပုံ၊ ဖိုးကျော်တို့မိသားစု ဘုရားရှိခိုးထွက်ခါနီးတွင် ခေါင်းတွဲက မိမိနေကောင်းလာလျှင် လိုက်ပို့ပေးမည်ဟု ပြောပုံ ဇာတ်ကွက်ဖြင့် ဖော်ပြထားသည်။

ခေါင်းတွဲက အတူနေထိုင်ရသော မိသားစုများကို ခင်မင်ကြောင်းတွေးနေစဉ် ဖိုးကျော်၏ ဂစ်တာသံသဲ့သဲ့ ကြားရစဉ်မှာပင် မိုးပေါက်များ ကျလာကြောင်း ဇာတ်ကွက်ဖြင့် ဇာတ်သိမ်းပေးထားသည်မှာလည်း စာရေးသူ၏ ကျွမ်းကျင်သော ဇာတ်လမ်းဖန်တီးမှု အတတ်ပညာဟု ဆိုရပါမည်။

အားပြိုင်မှုကိုသုံးခြင်း

အားပြိုင်မှုနှင့်ပတ်သက်၍ ဦးဝန်က

> အားပြိုင်မှုရှိနေတတ်သော အဖြစ်အပျက်များကို တစ်ခုပြီးတစ်ခု တင်ပြသွားရာတွင် ဝတ္ထုဆရာသည် အနိုင်အရှုံးကို ဖုံးနိုင်သမျှဖုံး၍ စာဖတ်သူ စာနာသူ၏စိတ်၌ သိလိုဇောဖြင့် မချင့်မရဲ ဖြစ်လာအောင် ဖွဲ့တတ်လေသည်။
> (ဝန်၊ ၁၉၆၅၊ အမှာစာ)

ဟူ၍ ဖော်ပြထားသည်။

"အိပ်နေရင်ည၊ နိုးနေရင်နေ့" ဝတ္ထုတွင် ခေါင်းတွဲ ငါးနှစ်သားအရွယ်တွင် ကိုကံဦးသည် သားနှင့်အတူ ခေါက်မုန့် ရောင်းထွက်လာခဲ့သည်။ ချစ်စရာကောင်းသော ခေါင်းတွဲကို မြင်သူတိုင်းက မွေးစားရန် တောင်းဆိုကြသော်လည်း လက်မခံခဲ့ပေ။ ကန်တော်ကြီးစောင်းတွင် ခေါက်မုန့်ဝယ်စားသော အမျိုးသမီးတစ်ဦးက သားသမီးမရနိုင်တော့သည့်အတွက် ခေါင်းတွဲအား မွေးစားလိုကြောင်း ပြောဆိုခဲ့သည်။ ကိုကံဦးက ငြင်းရန် အားယူနေဆဲတွင် –

> ဒီကားလေးက အန်တီကားလား။

(နုနုရည်၊ ၁၉၉၀၊ စာ ၂၄၁)

ဟုတ်တယ် သားရဲ့၊ သားစီးကြည့်ချင်လို့လား၊
အန်တီတစ်ပတ် မောင်းပေးမယ်လေ။

အန်တီမောင်းမယ်ဟုတ်လား။

သား အန်တီတို့နဲ့ လိုက်နေရင်တော့ သားကြီး
လာရင် သားက အန်တီတို့ကို မောင်းပို့ပေါ့နော်။

သားမမောင်းချင်ပါဘူး။

တစ်ခြား သားလိုချင်တာတွေအားလုံး အန်တီက
ဝယ်ပေးမယ်နော်၊ နေမယ်မဟုတ်လား။

(နုနုရည်၊ ၁၉၉၀၊ စာ ၂၄၂)

သားအောက်မေ့ရင် အဖေတို့ဆီ ပြန်လို့ရလား။

ခဏ ခဏတော့ ပြန်လို့မရဘူးပေါ့ သားရဲ့။

(နုနုရည်၊ ၁၉၉၀၊ စာ ၃၀၇)

ဟူသော ခေါင်းတွဲနှင့် အမျိုးသမီးတို့၏ ဇာတ်ဆောင်အချင်းချင်း အားပြိုင်မှု ပေးထားသည်။ အမျိုးသမီးက ခေါင်းတွဲအား မွေးစားခွင့်ရရန် ဆွဲဆောင် စည်းရုံးထားမှုနှင့် ငယ်ရွယ်ကာ ဆင်းရဲတွင်း၌ နစ်မြုပ်နေသော ခေါင်းတွဲ၏ ချမ်းသာမှု စည်းစိမ်ကို စိတ်ဝင်စားနှစ်သက်မှုများကို အားပြိုင်စေခြင်းဖြင့် ဇာတ်ရှိန် တက်အောင် ဖန်တီးထားသည်။

ကိုကံဦးနှင့် မည်စိမ့်တို့၏ သားဦး ခေါင်းတွဲသည် (၁၃)နှစ်ခန့်ရှိ၍ မျက်မမြင်တို့၏ အားကိုးရာ ဖြစ်လေသည်။ အလုပ်ရုံထဲသို့ သူခိုးဝင်လာပြီး ပစ္စည်း များ ယူနေသည်ကို တရေးနိုးလာသော ခေါင်းတွဲ သိရှိလိုက်သဖြင့်

အဖေ . . . အဖေ၊ သူခိုးကြီး . . . သူခိုးကြီး၊
ထကြဗျို့။

(နုနုရည်၊ ၁၉၉၀၊ စာ ၃၀၇)

ဟု အော်ဟစ်လိုက်သည်။ ခေါင်းတွဲက လက်ထဲကတုတ်နှင့် သူခိုးထံ ပစ်ထည့်လိုက်ရာ သူခိုး၏ ပါးမှ သွေးများ စီးကျလာသည်။

> ကျုပ်မှမယူဘဲ၊ ကျုပ်သူခိုးမဟုတ်ဘူး။
>
> အမယ် . . . သူခိုးမဟုတ်ရင် ဒီအထဲကို ခင်ဗျားဘာလို့ ဝင်လာတာလဲ။
>
> ဖားလာရိုက်တာကွ။
>
> သွား . . . ခင်ဗျားလာဖြီးမနေနဲ့၊ ဒီထဲမှာ ရွှံ့စေး တွေပဲရှိတယ်၊ ဘာဖားမှမရှိဘူး၊ ဖားရှိရင် ကျွန်တော်တို့ရိုက်တာနဲ့ မျိုးပြုတ်ပြီ။
>
> ရော့ . . . မင်းတို့ဟာ ဒါပဲ ငါယူတာ။
>
> (နုနုရည်၊ ၁၉၉၀၊ စာ ၃၀၉)

ဟူ၍ အပြန်အလှန်ပြောဆိုနေသော သူခိုးနှင့်ခေါင်းတွဲတို့ ဇာတ်ဆောင်အချင်းချင်း အားပြိုင်မှုဖြင့် ဖန်တီးထားသည်။ သူခိုးသည် မျက်မမြင်များ၏ အားနည်းချက်ကို အခွင့်ကောင်းယူကာ ပစ္စည်းများ ခိုးယူခဲ့ပုံ၊ ခေါင်းတွဲသည်လည်း စွမ်းနိုင်သရွေ့ ကူညီကာကွယ်ပေးနိုင်ပုံတို့ကို တွေ့မြင်ရသည်။ ဇာတ်ဆောင်အချင်းချင်း အားပြိုင်မှုကြောင့် ဇာတ်လမ်းသည် ဇာတ်ရှိန်မြင့်တက်လာပြီး မျက်မမြင်များအား ခေါင်းတွဲက ကူညီကာကွယ်နိုင်မည်လား။ သူခိုးက ခေါင်းတွဲအား ပြန်လည် ရိုက်နှက် အနိုင်ယူသွားနိုင်မည်လားဟူ၍ စာဖတ်သူ သိလိုစိတ် ဖြစ်ပေါ်စေရန် ဖန်တီးထားသည်ကို တွေ့ရ သည်။

ဤဝတ္ထုတွင် မျက်မမြင်ဇာတ်ဆောင်များ၏ ဘဝဒုက္ခများနှင့် လောကဓံတရား၏ အားပြိုင်မှုကို ဇာတ်လမ်းအစမှ အဆုံးထိ ဖော်ပြထားသည်။ မိုးရာသီ ရောက်ရှိလာသည်နှင့်တစ်ပြိုင်နက် မျက်မမြင်များ နေထိုင်ကြသောအလုပ်ရုံ၏ ခေါင်မလုံဘဲ မိုးယိုကျလာခြင်း၊ မိုးပက်၍ ပစ္စည်းများ ရွှဲစိုကုန်ခြင်း၊ ခြင်ထောင်၊ ခေါင်းအုံး စသည်တို့ကို စိုကုန်ကြသည့်အပြင် ခြင်ကိုက်ခြင်း၊ ကင်းထွက်လာခြင်းတို့ကြောင့် အိပ်မရခြင်းဟူသော လောကဓံတရားများနှင့် တွေ့ကြုံစေကာ

ခေါင်းတွဲ၏ ကူညီမှုကို အဓိကထား၍ ရေးသားတင်ပြထားသည့်အတွက် ဇာတ်လမ်းသည် စိတ်ဝင်စားဖွယ် ဖြစ်လာသည်။

အနုစိတ်ခြယ်မှုန်းခြင်း

အနုစိတ်ခြယ်မှုန်းခြင်းနှင့်ပတ်သက်၍ မမိုးမြေက

> ရသမြောက် ဝတ္ထုတစ်ပုဒ်ဖြစ်လာစေရန် ဝတ္ထုပါဖြစ်ရပ်နှင့် ဇာတ်ဆောင်တို့နှင့် ပတ်သက်သမျှ အရာအားလုံးကို စာဖတ်သူထံသို့ အနုစိတ်ခြယ်မှုန်း ရေးဖွဲ့ခြင်းဖြင့် အရောက်ပို့ဆောင်ရမည် ဖြစ်ပါသည်။
> (မိုးမြေ၊ ၂၀၀၉၊ စာ ၆၉)

ဟူ၍ ဖော်ပြထားပါသည်။

"အိပ်နေရင်ည နိုးနေရင်နေ့" ဝတ္ထုတွင် ခေါင်းတွဲသည် အိပ်မက်မက်ပြီး လန့်နိုးလာသောအခါ အလုပ်ရုံ၏အပြင်တွင် မိုးသည်းထန်စွာ ရွာသွန်းနေသည်ကို သိလိုက်ရသည်။ မိုးစက်နှင့် လေတို့က အိပ်သည့်နေရာအထိ လာပက်နေသည့် အတွက် ဓာတ်မီးကို စမ်းကြည့်ပြီး ပြန်အိပ်လိုက်စဉ် အလုပ်ရုံထဲတွင် မီးရောင်ဝင်းခနဲ ဖြစ်သွားသည်ကို မြင်လိုက်သည့် ခေါင်းတွဲ၏ ဖြစ်ပေါ်လာသော ခံစားချက်ကို

> ခေါင်းတွဲ ရင်တွေ တဒိတ်ဒိတ်ခုန်လာတယ်၊ ခေါင်းအုံးအောက်က ဓာတ်မီးလေးကို အားကိုးတကြီး ဆုပ်ထားရင်း ထိုဓာတ်မီးရောင် ဒီဘက် ဝေ့လာတော့ အိပ်ရာပေါ် ပြန်လဲချမိတယ်။ အသက်မရှူရဲဘဲ ငြိမ်နေမိတယ်။
>
> ဟာ . . . . ဒုက္ခပါဘဲ၊ သူခိုးကြီး ပစ္စည်းတွေ ယူနေပြီ။
>
> (နုနုရည်၊ ၁၉၉၀၊ စာ ၃၀၆)

> သူခိုးလာရင် ရိုက်ဖို့ဆိုပြီး ယူထားတဲ့တုတ် ခေါင်းရင်းမှာရှိတယ် ဦးအောင်တို့ကိုကျ လေကြွားပြောပြီး တကယ်ကျတော့ မရိုက်ရဲတော့ဘူး၊ ကြောက်နေတယ်။ သူခိုးကြီးမှာ ဓားတွေဘာတွေ ပါလာရင် ဘယ့်နယ်လုပ်မလဲ။
> (နုနုရည်၊ ၁၉၉၀၊ စာ ၃၀၇)

ဟူ၍ အနုစိတ်သရုပ်ဖော် ရေးသားထားသည်။ ခေါင်းတွဲ၏ မျက်စိမမြင် မိသားစုများအပေါ် တတ်စွမ်းသရွေ့ ကူညီစောင့်ရှောက်ပေးလိုစိတ် ဖြစ်ပေါ်နေသော်လည်း အသက်အရွယ်ငယ်၍ ကြောက်ရွံ့စိတ်ဖြစ်ပေါ်နေသော ခံစားချက်ကို ပုံပိုးပေးနိုင်စွမ်းသည်ကို တွေ့ရသည်။

ကန်တော်ကြီးနှင့် အင်းလျားကန်တစ်ဝိုက်တွင် ခေါက်မုန့်ရောင်းထွက်လာကြသော ကိုကံဦးနှင့် ခေါင်းတွဲတို့၏ သွင်ပြင်ကို စာရေးသူ၏အပြောဖြင့်

> သားကလေးက ငါးနှစ်ရွယ်၊ ပါးဖောင်းဖောင်း မျက်တောင် ကော့ကော့ မျက်လုံးဝိုင်းလေးတွေနဲ့ လူတိုင်း မကြည့်ဘဲ မနေနိုင်အောင် ချစ်စရာ ကောင်းလွန်းလှတယ်။
>
> မျက်နှာလေးမှာ သနပ်ခါးကလဲ အဖွေးသား၊ အင်္ကျီနဲ့ ဘောင်းဘီကလေးကတော့ နွမ်းရှာတယ်။
>
> အဖေလုပ်သူက အသက် သုံးဆယ်ရွယ်၊ အသားညိုညို အရပ်မြင့်မြင့်၊ ကိုယ်ဟန်တောင့်တင်းတယ်၊ နှာတံ၊ ပါးစပ်နဲ့ မည်းနက်နေတဲ့ မျက်ခုံးတွေက သားကလေးနဲ့ တထေရာတည်းပဲ။
>
> ဒါပေမယ့် မျက်လုံးတွေကတော့ သားလေးလို မျက်တောင် ကော့ကော့ မျက်လုံးဝိုင်းဝိုင်းတွေ

> မဟုတ်ဘူး။ အဖေလုပ်သူရဲ့ မျက်လုံးက မျက်လုံး အိမ်ထဲကို ချိုင့်ဝင်နေကြတယ်။
>
> (နုနုရည်၊ ၁၉၉၀၊ စာ ၂၃၄)

ဟူ၍ အနုစိတ် ခြယ်မှုန်းထားပါသည်။ ကိုကံဦးသည် ဆင်းရဲနွမ်းပါး၍ မျက်စိအင်္ဂါချို့ယွင်း အားနည်းနေသည့်အတွက် မျက်စိမြင်သော သားဖြစ်သူ ခေါင်းတွဲကို အဖော်ပြုကာ ဝမ်းရေးအတွက် လှုပ်ရှားနေရသည်။ ကိုကံဦးတို့ သားအဖ၏ သွင်ပြင်တို့ကို အနုစိတ်ခြယ်မှုန်းထားခြင်းဖြင့် ဇာတ်လမ်း ရွှေ့လျားမှု အပေါ် စိတ်ဝင်စားဖွယ် ဖြစ်ပေါ်လာစေသည်။

ဂန္ဒီသည် ယောက်မနှင့် ထမင်းအိုးကိုမွှေရင်း အတိတ်က မျက်မမြင် ကျောင်းဌာနေစဉ် ဦးအောင်နှင့်ဖူးစာဆုံခဲ့ရသည့်အကြောင်းများကို ပြန်ပြောင်း စဉ်းစားနေမိသည်။ အပျိုကြီး မမကြင်က ထမင်းအိုးငဲ့ရန် သတိပေးပြောကြား လိုက်မှ သတိဝင်လာသော ဂန္ဒီ၏လှုပ်ရှားမှုကို

> ယောက်မပေါ်က ဆန်စေ့လေးတွေကို ဂန္ဒီ လက်နဲ့စမ်းကြည့်တယ်၊ ပါးစပ်နဲ့ ဝါးကြည့်တယ်။
>
> အုတ်ခဲသုံးခဲစုပြီး အဆင်သင့်လုပ်ထားတဲ့ ထမင်း ရည်မြေအိုးလေးကို ဂန္ဒီစမ်းကြည့်တယ်။ ပြီးတော့ ထမင်းအိုးကိုဖုံး၊ လက်နှီးနဲ့အသာမပြီး အုတ်ခဲ သုံးဆင့်ပေါ်ကိုရောက်အောင် ချလိုက်သည်။ ချပြီး တော့မှ စောင်းငဲ့တယ်။
>
> (နုနုရည်၊ ၁၉၉၀၊ စာ ၅၀)

ဟူ၍ အနုစိတ်ခြယ်မှုန်းပေးထားသည်။ မျက်မမြင်တစ်ဦး၏ လှုပ်ရှားမှုတို့ကို စိတ်တွင်မြင်ယောင်လာအောင် သရုပ်ဖော်ထားခြင်းဖြစ်သည်။ မိသားစုအတွက် ထမင်းချက်နေသော ဂန္ဒီ၏စိတ်စေတနာနှင့် သတိထားလုပ်ဆောင်နေမှုတို့ကို မြင်တွေ့ရသည်။ လှုပ်ရှားမှုမှတစ်ဆင့် ကိစ္စရပ်တိုင်းတွင် သတိထား ဆောင်ရွက် နေရသည့် မျက်မမြင်တစ်ဦး၏ ဇာတ်ဆောင်စရိုက်ကို အသက်ဝင်လာစေသည်ကို

သိနိုင်သည်။ ရှေ့ဆက်မည့်ဇာတ်လမ်းအတွက် ထောက်ပံ့ပေးနိုင်သော အနုစိတ် သရုပ်ဖော်မှုပင် ဖြစ်သည်။

သုံးသပ်ချက်

စာရေးသူသည် အလေ့လာခံဝတ္ထုရှိ ဇာတ်လမ်းကို ဖန်တီးရာ၌ အကြောင်းဆက်နည်း၊ အားပြိုင်မှု၊ အနုစိတ်ခြယ်မှုန်းမှုဟူသော ဇာတ်လမ်း ဖန်တီးမှုအတတ်ပညာများသုံးကာ ရေးသားထားသည်။ ဇာတ်ပျိုးပိုင်း၊ ဇာတ်တက်ပိုင်း၊ ဇာတ်ထွတ်ပိုင်း၊ ဇာတ်ဆင်းပိုင်း၊ ဇာတ်သိမ်းပိုင်းဟူသော ဇာတ်လမ်း၏ အင်္ဂါရုပ်များနှင့်အညီ အကြောင်းအကျိုး ဆက်စပ်မိသော အကြောင်းဆက်နည်းကို သုံးကာ ဇာတ်လမ်းဖွဲ့ဖြိုးတိုးတက်မှု ဖြစ်လာစေရန် ဖန်တီးထားသည်။

အားပြိုင်မှုများတွင် ဇာတ်ဆောင်အချင်းချင်း အားပြိုင်မှုကို အများဆုံး အသုံးပြုထားသည်။ စာဖတ်သူ၏ သိလိုစိတ် တိုးပွားစေကာ ဇာတ်ရှိန်မြင့်တက် လာစေသော အကျိုးသက်ရောက်မှု ဖြစ်ပေါ်စေပါသည်။

အနုစိတ်ခြယ်မှုန်းခြင်းဖြင့် ဝတ္ထုပါဇာတ်ဆောင်များ၏ စိတ်ခံစားမှု အမျိုးမျိုးကိုလိုက်၍ ဖြစ်ပျက်ပြောင်းလဲနေသည့် အမူအရာ၊ လှုပ်ရှားမှုများကို မျက်ဝါးထင်ထင် မြင်တွေ့ခံစားနိုင်အောင် အသေးစိတ် သရုပ်ဖော်ထားနိုင်သည်။ ရှေ့ဆက်မည့် ဇာတ်လမ်း၌ ဖြစ်ပေါ်လာမည့် ဇာတ်ဆောင်၏ အခြေအနေကို ထောက်ပံ့ပေးနိုင်ခြင်းဖြင့် ဇာတ်လမ်းဖန်တီးမှုကို ထိမိပေါ်လွင်စေပါသည်။

အလေ့လာခံဝတ္ထုတွင် ကြောင်းကျိုးဆက်စပ်မှု၊ အားပြိုင်မှုများသုံး၍ ဇာတ်ရှိန်တက်အောင်ပြုခြင်း၊ ဇာတ်ထွတ်တင်ခြင်း၊ ဇာတ်ဖြေခြင်း၊ ဇာတ်သိမ်း ခြင်းပြုထားသည်ကို တွေ့ရပါသည်။ အထူးသဖြင့် ဝတ္ထု၏ ဇာတ်သိမ်းပိုင်းတွင် စာဖတ်သူအား အတွေးစပေး၍ ဆွဲဆောင်ရေးသား ဖန်တီးထားသည်ကို စိတ်ဝင်စားဖွယ် တွေ့ရပါသည်။

ဇာတ်လမ်းဖန်တီးရာတွင် အားနည်းချက်ရှိမှုချင်း တူညီနေသော ဇာတ်ဆောင်များ၏ တွေ့ကြုံခံစားရသည်များကို ကောင်းကွက်အနေဖြင့်

ဇာတ်ဆောင်အချင်းချင်း ရိုင်းပင်းကူညီမှုများ၊ ဇာတ်ဆောင်ခေါင်းတွဲ၏ ဖေးမစောင့်ရှောက်မှုများ ဖြည့်စွက်ကာ ဇာတ်လမ်းနှင့် အချိတ်အဆက်မိအောင် ဖန်တီးထားနိုင်သည်ဟု သုံးသပ်မိပါသည်။

နိဂုံး

ဤစာတမ်းသည် နုနုရည်(အင်းဝ)၏ "အိပ်နေရင်ည နိုးနေရင်နေ့" ဝတ္ထုကို ရွေးထုတ်၍ ဇာတ်လမ်း ဖန်တီးပုံကို လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ စာရေးသူသည် ဝတ္ထုရှိ ဇာတ်ဆောင်တို့၏ ဘဝများကို ရေးသား ဖန်တီးရာတွင် စာဖတ်သူတို့အနေနှင့် လက်တွေ့ဘဝ၌ လူမှုဘဝ အစစ်အမှန် တရား ရှိသည်ကို သိလာအောင်၊ စာနာတတ်လာအောင်၊ အတွေးအခေါ် ကောင်းများ ပေါ်ထွက်လာစေရန် ဇာတ်လမ်းဖန်တီးမှုဖြင့် ပုံဖော်ဆွဲဆောင်နိုင်စွမ်း ရှိသည်ဟု ဆိုချင်ပါသည်။

ကျမ်းကိုးစာရင်း

မြန်မာဘာသာ

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၃)။ ***ဘာသာနှင့်စာပေ စာပေနှင့်ဘာသာ***။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

နုနုရည် ၊အင်းဝ။ (၁၉၉၀)။ ***အိပ်နေရင်ည နိုးနေရင်နေ့***။ ရန်ကုန်၊ အားမာန်သစ်စာပေ။

မိုးမြေ၊မ။ (၂၀၀၉)။ ***ဝတ္ထုရှည်သဘောတရား ဝတ္ထုရှည်အတတ်ပညာ***။ ရန်ကုန်၊ ရွှေကံ့ကော်စာပေ။

ဝန်၊ ဦး။ (၁၉၆၅)။ "အမှာစာ"။ ***ဦးပုည၏ဝတ္ထုလေးပုဒ်***။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်ပုံနှိပ်တိုက်။

သူရိယကန္တိ။ (၂၀၁၆)။ ***ဝတ္ထုရေးလိုသော်***။ ရန်ကုန်၊ စိတ်ကူးချို့ချို့စာပေ။

အင်္ဂလိပ်ဘာသာ

Morner, Kathleen & Rausch, Ralph. (1998). ***NTC's Dictionary of Literary Terms***. NTC. Publishing Group, Lincoln Wood, illinois.

အင်းဝခေတ် မြန်မာကျောက်စာများမှ အတ္ထာလင်္ကာရအဖွဲ့များ

ခင်မြင့်မော်*

စာတမ်းအကျဉ်း

ဤစာတမ်းသည် ရှေးဟောင်းမြန်မာစကားပြေကဏ္ဍမှ “အင်းဝခေတ် မြန်မာကျောက်စာများမှ အတ္ထာလင်္ကာရအဖွဲ့များ” ဖြစ်ပါသည်။ အခန်း(၃)ခန်းဖြင့် တင်ပြထားပါသည်။ အခန်း(၁)တွင် အင်းဝခေတ် မြန်မာစာပေ၊ အခန်း(၂)တွင် အတ္ထာလင်္ကာရ၏သဘော၊ အခန်း(၃)တွင် အင်းဝခေတ် မြန်မာကျောက်စာများမှ အတ္ထာလင်္ကာရအဖွဲ့များကို လေ့လာတင်ပြထားပါသည်။ ရည်ရွယ်ချက်မှာ အလှူရှင်တို့၏ စိတ်ခံစားချက်၊ စိတ်စေတနာကို ထင်ဟပ်ပေါ်လွင်အောင် တန်ဆာဆင်ရေးသားနိုင်သော အင်းဝခေတ်စကားပြေ အရေးအသားစွမ်းရည်ကိုသိစေလိုခြင်းဖြစ်သည်။ လေ့လာသည့် နယ်ပယ်မှာ ရှေးဟောင်းမြန်မာကျောက်စာ စကားပြေနယ်ပယ်ဖြစ်သည်။ ထိုသို့ လေ့လာရာတွင် ရှေးဟောင်းသုတေသနဦးစီးဌာန၊ ကမ္ဘည်းကျောက်စာဌာနခွဲ၏ တွေ့ရှိသော အင်းဝခေတ် ကျောက်စာချပ်ရေ (၁၂၀)ချပ်မှ ကျောက်စာ (၅)ချပ်ကို အလေ့လာခံအဖြစ် သတ်မှတ်ထားပါသည်။ မြန်မာစကားပြေ အရေးအသားရှုထောင့်မှ ချဉ်းကပ်၍ အနက်တန်ဆာဆင်မှုအဖွဲ့များကို အလင်္ကာဖွဲ့ နည်းစနစ်ဖြင့် လေ့လာတင်ပြထားပါသည်။ ထိုသို့လေ့လာတင်ပြခြင်းအားဖြင့် ခေတ်အဆက်ဆက် မြန်မာစာရေးထုံး သတ်ပုံပြောင်းလဲလာပုံနှင့် မြန်မာစာပေအရေးအသား ဖွံ့ဖြိုးတိုးတက်လာမှုအစဉ်ကို သိနိုင်ပေသည်။ ရှေးဟောင်းမြန်မာကျောက်စာ စကားပြေ အရေးအသား လေ့လာသူများအတွက် အထောက်အကူ ရရှိစေနိုင်ပါသည်။

သော့ချက်ဝေါဟာရများ။ အင်းဝခေတ်၊ ကျောက်စာ၊ ဆုတောင်းအမျှဝေ၊ ကျိန်စာ၊ အလင်္ကာ၊ ရသ

နိဒါန်း

ကျောက်စာများသည် အလှူအကြောင်းကို မှတ်တမ်းတင်ထားသည့် စာပေအဖွဲ့ဖြစ်သော်လည်း အလှူရည်ရွယ်ချက်၊ အလှူဆုတောင်း၊ အမျှဝေနှင့်

* တွဲဖက်ပါမောက္ခ၊ ဒေါက်တာ၊ မြန်မာစာဌာန၊ ကျိုင်းတုံတက္ကသိုလ်

ကျိန်စာ အဖွဲ့များတွင် စကားတန်ဆာ၊ အသံတန်ဆာ၊ အနက်တန်ဆာများဖြင့် တန်ဆာဆင် ရေးဖွဲ့ထားသော အလင်္ကာမြောက်သော စကားပြေ အဖွဲ့ကောင်း များရှိကြောင်းတွေ့ရသည်။ ထို့ကြောင့်လည်း အင်းဝခေတ် မြန်မာ ကျောက်စာ များမှ အလင်္ကာများကို လေ့လာရခြင်း ဖြစ်ပါသည်။ အင်းဝခေတ် မြန်မာ ကျောက်စာများတွင်တွေ့ရသော အလင်္ကာအဖွဲ့များကို တင်ပြရာတွင် စကား တန်ဆာဆင်မှု (သဒ္ဒါလင်္ကာရ) နှင့် အနက်တန်ဆာဆင်မှု (အတ္ထာလင်္ကာရ) ဟူ၍ အလင်္ကာ နှစ်မျိုးရှိသည့်အနက် အတ္ထာလင်္ကာရ အဖွဲ့များကိုသာ လေ့လာ ဖော်ထုတ်တင်ပြသွားပါမည်။ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ကမ္ဘည်း ကျောက်စာဌာနခွဲ၏ တွေ့ရှိချက်အရ အင်းဝခေတ်တွင် ကျောက်စာချပ်ရေပေါင်း (၁၂၀)ချပ်ရှိကြောင်း သိရှိရပါသည်။ ဤစာတမ်းတွင် ကျောက်စာချပ်ရေ (၅)ချပ်မှ အနက်တန်ဆာဆင်မှုဖြစ်သော အတ္ထာလင်္ကာရအဖွဲ့များကို လေ့လာတင်ပြ သွားမည် ဖြစ်ပါသည်။

အင်းဝခေတ်မြန်မာစာပေ

အင်းဝခေတ်သည် အင်းဝထီးနန်း စတင်တည်ထောင်သော (၁၄)ရာစု အလယ်မှ (၁၆)ရာစုအထိ နှစ်ပေါင်း (၁၉၀)ခန့် ကြာရှည်သောခေတ်ဖြစ်သည်။ ကျောက်စာ၊ မင်စာခေတ်မှ ပေပေါ်တွင် ကညစ်ဖြင့်ရေးသော ပေစာခေတ်ကို ကူးပြောင်းလာသည့် ခေတ်လည်းဖြစ်သည်။

အင်းဝခေတ်စာဆိုအများစုမှာ ရဟန်းစာဆိုများဖြစ်ပြီး ကျန်စာဆိုတို့မှာ ထီးနန်းဝန်းကျင်မှ ပေါက်ဖွားလာသူများဖြစ်သည်။ အင်းဝခေတ်သည် ပျို့ကဗျာ များ အများဆုံးပေါ်ထွန်းခဲ့သော ခေတ်လည်းဖြစ်သည်။ ပညာရှင်များက အင်းဝ ခေတ်ကို ပျို့ခေတ်ဟု သတ်မှတ်ခဲ့ကြသည်။

အင်းဝခေတ်တွင် ပေလေးပင် ရှင်လေးပါး စာဆိုတော်များလည်း ပေါ်ထွန်းခဲ့သည်။ ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့သည် ခေတ်ပြိုင် စာဆိုဘက်များအဖြစ် ထင်ရှားကြသည်။ ရှင်မဟာသီလဝံသသည် ပါရမီတော် ခန်းပျို့၊ ဆုတောင်းခန်းပျို့၊ သံဝေဂခန်းပျို့၊ တောင်တွင်းလာပျို့၊ တံတားဦး တည်မော်ကွန်းကို ရေးသားတော်မူခဲ့သည်။ ရှင်မဟာရဋ္ဌသာရသည် ဘူရိဒတ်

လက်ံကြီး၊ ဘူရိဒတ် ဇာတ်ပေါင်းပျို့၊ ကိုးခန်းပျို့၊ ဂမ္ဘီသာရ ဆုံးမစာပျို့၊ သံဝရပျို့၊ တံတားဦးတည် မင်္ဂလာစေတီတော် မော်ကွန်း၊ မောင်ဘွဲ့၊ မယ်ဘွဲ့၊ ရာသီဘွဲ့ ရတုနှင့် တောလား တို့ကို ရေးသားတော်မူခဲ့သည်။

ပေလေးပင် ရှင်လေးပါး သိုက်ဝင်ရှင်အုန်းညိုသည် ဂါထာ (၆၀) ပျို့ တစ်စောင်တည်းဖြင့် ကျော်ကြားခဲ့သည်။ ရှင်ခေမာသည် ပါဠိကျမ်းဂန် အစောင်စောင်တို့ကို ပြုစုခဲ့သည်ဟု ပိဋကတ်သမိုင်းအရ သိရသည်။ ရှင်ဥတ္တမကျော်သည် တောလားကဗျာ ရေးသားတော်မူခဲ့သည်။

အင်းဝခေတ်စာဆို ကန်တော်မင်းကျောင်းဆရာတော်၏ မေတ္တာစာသည်လည်း ထင်ရှားသည်။ ရှင်တေဇောသာရနှင့် ရှင်အဂ္ဂသမာဓိ၏ ပျို့များသည်လည်း ထင်ရှားသည်။ ပြည်စုန်မော်ကွန်း ရခိုင်မင်းသမီးဇေျင်း၊ သခင်ထွေးဇေျင်းလည်း ပေါ်ထွန်းခဲ့သည်။ အင်းဝခေတ်တွင် အမျိုးသမီးနန်းတွင်း စာဆိုတော်ဖြစ်သော မိဖြူ၊ မိညိတို့၏ ကိုယ်ရည်သွေးရတုလည်း ပေါ်ထွန်းခဲ့သည်။

အင်းဝခေတ်ကို ယေဘုယျအားဖြင့် ပျို့ခေတ်ဟုဆိုကြသော်လည်း ပျို့ကဗျာများသာမက ဇေျင်း၊ မော်ကွန်း၊ ရတု၊ တောလား၊ မေတ္တာစာ၊ ရာဇဝင်စကားပြေ၊ ဝတ္ထုစကားပြေနှင့်အတူ ပုဂံခေတ်က စတင်ပေါ်ထွန်းခဲ့သော အလှူမှတ်တမ်းတင် ကျောက်စာများလည်း ဆက်လက်ပေါ်ထွန်းခဲ့ကြောင်း တွေ့ရသည်။ ထို့ကြောင့် အင်းဝခေတ် မြန်မာစာပေသမိုင်းသည် စာပေစုံဖူးပွင့်ခဲ့သော ခေတ်တစ်ခေတ်ဟု ဆိုနိုင်ပါသည်။

အတ္ထာလင်္ကာရ၏သဘော

အတ္ထာလင်္ကာရနှင့်ပတ်သက်၍ မြန်မာအဘိဓာန် (၁၉၉၁၊ စာ ၄၄၂)တွင် “အတ္ထာလင်္ကာရ/ အတ်ထာလင်ဂါယ?/န- စာပေအဖွဲ့၏အနက်တန်ဆာ (ပါ. အတ္ထ + အလင်္ကာရ) ဟု ဖော်ပြထားပါသည်။ ထိုအဆိုအရ အတ္ထာလင်္ကာရဟူသည် စာပေအဖွဲ့တွင် အနက်အဓိပ္ပာယ်ကို သာယာနာပျော်ဖွယ် ဖြစ်အောင် တန်ဆာဆင်ထားခြင်းပင် ဖြစ်သည်ဟု ဆိုနိုင်ပါ သည်။

အလင်္ကာပန်းကုံးဆရာတော် အရှင်ကုမာရ (၂၀၀၀၊ စာ ၂၀၀)တွင် “အတ္ထာလင်္ကာရတွင် သဘာဝဝုတ္တိနှင့် ဝင်္ကဝုတ္တိအလင်္ကာဟူ၍ နှစ်မျိုးရှိသည်” ဟု ဖွင့်ဆိုထားသည်။ ထို့အပြင် သဘာဝဝုတ္တိအလင်္ကာသည် သာယာနာပျော်ဖွယ်ရှိအောင် မသွယ်မဝိုက် တိုက်ရိုက်ပြောဆိုသော အလင်္ကာဖြစ်ပြီး၊ သဘာဝဝုတ္တိအလင်္ကာတွင် (၅)မျိုးပြားသည်။ ဝင်္ကဝုတ္တိအလင်္ကာသည် တိုက်ရိုက်မဟုတ် သွယ်ဝိုက်၍ ပြောဆိုသော အလင်္ကာဖြစ်သည်။ အလင်္ကာ (၃၅)ပါးရှိသည် (ကုမာရ၊ အရှင်၊ ၂၀၀၀၊ စာ ၂၀၅) ဟုလည်း ဖွင့်ဆိုထားသည်။

ထိုဖွင့်ဆိုချက်အရ အတ္ထာလင်္ကာရဟူသည် စာဖတ်သူတို့အား နှစ်သက်စဖွယ်ကောင်းအောင် အနက်အဓိပ္ပာယ်ကို သာယာနာပျော်ဖွယ်ဖြစ်အောင် တိုက်ရိုက်ပြောဆို၍သော်လည်းကောင်း၊ သွယ်ဝိုက်ပြောဆို၍သော်လည်းကောင်း ဆင်ယင်ရေးဖွဲ့ထားသော စာပေအဖွဲ့ပင်ဖြစ်သည်။

အင်းဝခေတ် မြန်မာကျောက်စာများမှ အတ္ထာလင်္ကာရအဖွဲ့များ

ပုဂံခေတ်က စတင်အခြေပြုခဲ့သော မြန်မာကျောက်စာ စကားပြေ အရေးအသားသည် အင်းဝခေတ်သို့ရောက်သောအခါ ဖွံ့ဖြိုးတိုးတက်မှု အားကောင်းလာခဲ့သည်။ အထူးသဖြင့် အလှူရှင်တို့၏ စိတ်စေတနာ၊ စိတ်ဆန္ဒ၊ စိတ်ခံစားမှု ထပ်ဟပ်ရာ ဆုတောင်း၊ အမျှဝေနှင့် ကျိန်စာတို့တွင် အဆင်တန်ဆာများဖြင့် တန်ဆာဆင် ရေးဖွဲ့လာကြသည်။ ထိုအခါ ကျောက်စာပါ အကြောင်းအရာ အနက်အဓိပ္ပာယ်တို့သည် ပိုမိုလေးနက်ပေါ်လွင်လာရသည်။ ဆုတောင်း၊ အမျှဝေနှင့် ကျိန်စာတို့သည် အလှူရှင်တို့၏ စိတ်ကူးညဏ် ကွန့်မြူးရာများဖြစ်သည့် အလျောက် အလင်္ကာအသုံးများကို နှစ်သက်စဖွယ် တွေ့ရသည်။

သက္ကရာဇ် ၇၂၇ - ခုနှစ်တွင် ရေးထိုးသော ထူပါရုံဘုရားကျောက်စာတွင် အလှူရှင်သတိုးမင်းကြီးသည် မိမိအလှူကို မဖျက်ဆီးဝံ့အောင် ကျိန်ဆိုရာတွင် -

> “ဝါကွံတလှည်ကိုဝ်ဖုတ်သော အကျွံမရသကယ်သိုဝ် ကြေစေကုန် သတေ။ မြင်မိုဝ်တောင်ကိုဝ် ကမ္ဘာမီ ကမ္ဘာရေ ကမ္ဘာလေ ဖျက်သော ဓွာဓွာညက်ညက်ကြေသကဲ့ သိုဝ်ကြေ စေကုန် သတေ။

ဖုရာတကာ လာရှယ်ခွတ်သော မက္လတ်နိုင်သော ငြယ်သစ် ငုတ်ဖွစ်စေကုန်သ တေည်” (ပုံ မ-၅၄၇/ခ[၇-၁၀])

ဟူ၍ ထပ်ဆင့်ကျိန်ဆိုထားသည်။ မိမိအလှူ အရှည်တည်တံ့စေချင်သော အလှူရှင်၏စိတ်ဆန္ဒကို “ကြေစေကုန်သတေ၊ ဖြစ်စေကုန်သတေ” ဟူသော စကားဖြင့် ထင်ရှားစေသည်။

အလှူရှင်သည် မိမိအလှူကို ဖျက်ဆီးသောသူတို့ ရှာဖွေလုပ်ကိုင်စားသောက်သော်လည်း အချည်းအနှီးဖြစ်စေပုံ၊ အလွယ်တကူ လောင်ကျွမ်းကုန်လွယ်ပုံ၊ မည်သည့်ဥစ္စာပစ္စည်းမျှ မကျန်အောင် ပူလောင်ပြင်းပြ ပြိုကွဲပျက်စီးဆုံးရှုံးပုံတို့ကို ဝါဂွမ်းကိုမီးရှို့သော် လောင်ကျွမ်းကာ ဘာမျှမရပုံ၊ ထုထည်ကြီးမားခိုင်ခံ့သော မြင့်မိုရ်တောင်ပင် ကမ္ဘာမီး၊ ရေ၊ လေ ဖျက်သော မှုန့်မှုန့်ညက်ညက် ကျေမွပျက်စီးရပုံတို့နှင့် ခိုင်းနှိုင်းကာ ရေးထိုးထားသောကြောင့် ဥပမာအလင်္ကာမြောက်လာသည်။ “သကဲ့သို့” ဟူသော သဒ္ဒါဖြင့် သိစေသောကြောင့် “သဒ္ဒဂမ္ဘဥပမာအလင်္ကာ” လည်း မြောက်စေသည်။

မကောင်းမှုပြုသူများသည် မည်သည့်အကျိုးမျှ မခံစားရပုံ၊ ဆိုးကျိုးကို လျှင်မြန်စွာ ခံစားရပုံ၊ အလွယ်တကူ ပျက်စီးပြုန်းတီးသွားပုံတို့ကို ပိုမိုပေါ်လွင်စေရန်“အကျွမ်းမရသကဲ့သို့ ကြေစေ”၊ “ထွားထွားညက်ညက်ကြေသကဲ့သို့ ကြေစေ” ဟူ၍ “ကြေစေ” ဟူသောဂုဏ်ပုဒ်ကို တိုက်ရိုက် ထည့်သွင်းရေးဖွဲ့ထားသောကြောင့် “ဓမ္မောပမာ ဥပမာ” လည်း မြောက်ပေသည်။

နောက်ဆုံးတွင် အလှူရှင်သည် မိမိအလှူကို ဖျက်ဆီးသော သူတို့သည် ဘုရားများချွတ်သော်လည်း မကျွတ်ဘဲ ငရဲပြည်တွင် ငရဲသားဘဝနှင့် မကျွတ်လွတ်ဘဲ ခံရပါစေဟု ကျိန်ဆိုထားသည်။ ငရဲပြည်တွင် အချိန်ကြာမြင့်စွာ ခံစားရမည့်သဘောကို သစ်ငုတ်တို့မည်သည် မြေ၌ကျွတ်ခဲသည့်သဘော၊ စွဲမြဲသောဂုဏ်ရည်နှင့် ထပ်တူပြုရေးဖွဲ့ထားသောကြောင့် ရူပကအလင်္ကာလည်း မြောက်သည်။ ဆိုလိုချင်သည့် အဓိပ္ပာယ်ကို ပိုမိုပေါ်လွင်စေသော စကားလုံးအဆင့် ရူပကပင် ဖြစ်သည်။

သက္ကရာဇ် ၇၃၀-ခုနှစ်တွင် ရေးထိုးသော ပုခန်းဂူနီဘုရား ခေါ် ခတုန်ဘုရား ကျောက်စာတွင် အလှူရှင် တရဖျားမင်းကြီးသည် မိမိအလှူကို မဖျက်ဆီးဝံ့အောင် ကျိန်ဆိုရာတွင်

> “ ဖုန်မကြြ အသက်မရှည်လိုဝ် လုပ်စလေရရာရေ သိုဝ်ခန်လိုဝ်ဧငါ မျိုဝ်ခုနှစ်ဆက်နှင် ကရာကွဲသိုဝ်ကွဲလိုဝ်ဧ ပြုန်လိုဝ်ဧမွေ့ကြြ အထက် ငါကာသြက် အဝိစိငြယ်နှိုက်ခံလိုဝ် ဧမွေ့ပုံလုံမ္ဃကြုံမက သဖုရာမျာ တိုဝ် ဆွတ်ရုတ် မက္လတ်နိုင် သငြယ်ဥခြိုဝ်ဖွစ်လိုဝ်ဧ ငါမှတပါ ထိသ သူလေ ငါအကိန်တိုင်ရောက်စေကုန်သတေ” ၁၃-၁၈

ဟူ၍ ထပ်ဆင့်ကျိန်ဆိုထားသည်။

အလှူရှင်သည် မိမိအလှူကို ဖျက်ဆီးသောသူသည် မသေခင်စပ်ကြား မျက်မှောက်လူဘဝတွင် ချမ်းသာခြင်းမရှိ ဘုန်းကံလည်းမရှိဘဲ အသက်လည်း မရှည်ပါစေနှင့် လုပ်ကိုင်ရာဖွေ စားသောက်သော်လည်း ဘာမှ လုပ်စရာ ကိုင်စရာ မရှိဘဲ အကြံဉာဏ်များ ကုန်ဆုံးပါစေ (အနှိုင်းခံ) ဟု ကျိန်ဆိုထားရာတွင် မြေ၌ သွန်းအပ်သော ရေတို့၏ ခန်းခြောက်သွားဟန် (အနှိုင်း) နှင့် ခိုင်းနှိုင်းကာ ဥပမာ ပေး ရေးဖွဲ့ထားသောကြောင့် ဥပမာအလင်္ကာ မြောက်ပေသည်။ ထိုဥပမာ ပေးမှုတွင် မြေပေါ်၌ သွန်းအပ်သော ရေ၏ခန်းခြောက်တတ်သည့် သဘောကို ပိုမိုထိမိပေါ်လွင်စေရန် “ရေသို့ခန်းလို၏” ဟူ၍ “ခန်းလို၏” ဟူသော ဂုဏ်ပုဒ်ကို တိုက်ရိုက် ထည့်သွင်းရေးဖွဲ့ထားသောကြောင့် ဓမ္မောပမာ ဥပမာလည်း မြောက် ပေသည်။

ထို့နောက် မိမိအလှူကို ဖျက်ဆီးသောသူများသည် အမျိုး (၇) ဆက်တိုင် အောင်လုပ်ကြံစားသောက်သော်လည်း စည်းစိမ်ဥစ္စာများသည် အလွယ်တကူ ပြုကွဲ ပျက်စီးခြင်း ခံစားရပုံ၊ အစိတ်စိတ် အမွှာမွှာ ပြုကွဲဆုံးရှုံးရပုံကို “ကရားကွဲသို့ ကွဲလို၏ ပြုန်းလို၏” ဟု ဥပမာပေး ခိုင်းနှိုင်းတင်ပြထားသည်။ ကရားကို မြေ၌ ချခွဲသောအခါ အစိတ်စိတ်အမွှာမွှာ ပြုကွဲပျက်စီးဆုံးရှုံးရပုံနှင့် ခိုင်းနှိုင်းရေးသား ထားသည်မှာ အနက်အဓိပ္ပာယ်ကို ပိုမိုလေးနက်လာစေပါသည်။ “ကွဲလို၏” ဟူသော အသုံးကြောင့် အလှူရှင်၏ စိတ်ဆန္ဒမှာ ပိုမိုပေါ်လွင်ထင်ရှားလာရသည်။

မိမိအလှူကို ဖျက်ဆီးသောသူသည် သေလွန်သည့်အခါတွင်လည်း အဝီစိငရဲတွင် ကျပါစေ၊ ခံရပါစေဟု ထပ်မံကျိန်ဆိုထားပြန်လည်။ ထိုအဝီစိငရဲတွင် ကျသည့်အခါတွင်လည်း မရေမတွက်နိုင်သော များပြားသော နှောင်ပွင့်တော်မူမည့် ဘုရားများ ချွတ်သော်လည်း မကျွတ်ဘဲ အဝီစိငရဲမှ မလွတ်မြောက်နိုင်ဘဲ ငရဲဥချိုး ဖြစ်ပါစေဟု အလွန်အကြူး ဆိုထားသည်မှာ အတိသယဝုတ္တိအလင်္ကာ မြောက်ပေသည်။ “ငရဲဥချိုး ဖြစ်လို၏” ဟု ကျိန်ဆိုထားခြင်းသည် လောကဥ္စ ထင်ရှားသော သဘောကို မလွန်သောကြောင့် လောကီယာတိသယဝုတ္တိ အလင်္ကာလည်းမြောက်ပါသည်။ “ငရဲဥချိုး” ဟူသော အသုံးအနှုန်းသည် ပုဂံခေတ်နှောင်းထဲက တွင်ကျယ်လာသော အသုံးဖြစ်သည်။ ထိုအသုံးသည် ပါဠိတော် အလေ့အလာနှင့် နေ့စဉ် အတွေ့အကြုံမှ အခြေခံရရှိလာသော အသုံးလည်း ဖြစ်သည်။

နောက်ဆုံးတွင် အလှူရှင်သည် မိမိအလှူကို ဖျက်ဆီးသော သူတို့သည် မိမိကျိန်စာအတိုင်း ရောက်ကြပါစေဟု ကျိန်ဆိုထားသည်။ “ရောက်စေကုန်သတေ” ဟူသောအသုံးက အလှူရှင်၏ စိတ်ဆန္ဒထင်ရှားလာစေသကဲ့သို့ အာသီလင်္ကာလည်း မြောက်လာပေသည်။

> သက္ကရာဇ် ၇၅၅ ခုနှစ်တွင် ရေးထိုးသော သူကြီး ငရင်ဖ ကျောက်စာ၌
>
> “ဖျက်သသုကာတ် သွာသောမြွေခယ်စေသ ငွာစာစေသ သွေခယ် သင်စေသ ကိုဝ်သေစေသ မျာသေစေသ သာသေစေသ မိုဝ်ကြိုဝ် စေသ လုပ်ကြံရရာ တန်ဆောင်သိုဝ် တုံစေသ။ [၁၆-၁၈]

ဟူ၍ ကျိန်ဆိုထားသည်။ ထိုကျိန်ဆိုမှုသည် မိမိအလှူအား ဖျက်ဆီးသူများကို ကြောက်ရွံ့သွားအောင် “မြွေခဲ၊ ကျားစား၊ သွေးခဲသင့်၊ ကိုယ်သေစေ၊ မယားသေစေ၊ သားသေစေ၊ မိုးကြိုးကျစေ” ဟု ကျိန်ဆိုထားရာ အချက်အလက်သာ ကွဲပြားသော်လည်း ဘေးဆိုးရောက်လိုမှုနှင့် ဆင်းရဲဒုက္ခ ရောက်စေလိုသောအနက်မှာ အတူတူပင်ဖြစ်သည်။ ထိုသို့အနက်ကို ထင်ရှားအောင် စပ်ဆိုထားသောကြောင့် အာဝုတ္တိအလင်္ကာမှ အတ္ထာဝုတ္တိအလင်္ကာမြောက်သည်ကို တွေ့ရသည်။

အလှူကို ဖျက်ဆီးသူများအား ကြောက်ရွံ့အောင် သေစေတတ်သောအရာများဖြင့် ကျိန်ဆိုထားခြင်းဖြစ်သည်။ လောကတွင် လူသားတို့သည် ကောင်း

ကောင်းနေချင်၍ မကောင်းသောသေခြင်းဖြင့် ဘဝကို အဆုံးမသတ်ချင်ကြပေ။ ဘေးဆိုးဖြင့် သေရမည်ကို ကြောက်ရွံ့ကြပါသည်။ ထို့ကြောင့် ဘေးဆိုးဖြင့်သေရန် ကျိန်ဆိုမှုကို လူတို့ကြောက်ရွံ့ကြမည်သာဖြစ်သည်။ ကျိန်စာကို ယုံကြည်သော ဗုဒ္ဓဘာသာဝင်တို့၏ ယုံကြည်ချက်ကို သိသောကြောင့်လည်း ဤကဲ့သို့ ကျိန်ဆိုခြင်း ဖြစ်မည်။ အလျှူကို ဖျက်ဆီးသောသူသည် “မြွေခဲ၊ ကျားစား၊ သွေးခဲသင့်” စသော ကျိန်ဆိုမှုကြောင့် ဖျက်ဆီးမဲ့သူမရှိဖြစ်ကာ အလျှူကိုလည်း တည်တံ့စေသည်ကို တွေ့ရသည်။

သက္ကရာဇ် ၇၉၇ ခုနှစ်တွင် ရေးထိုးသော ပင်းတလဲဘုရားကျောက်စာတွင်

> “ခွေလျင်ဖွစ်လည်ခွေနူခွေဝဲခွေဆင်ရဲလျှင်ဖွစ်စေကုန်သတေအတ် တငြာလူဖွစ်ငြာလည် နူဝဲစွတ်စိုဝ် အရည်ယိုဝ်သ ခြေတိုဝ်လက် တိုဝ်မစာရတတ် မသောက်ရတတ် လူပြိတ္တာလျှင် ဖွစ်စေကုန်စ တေည်” (ပင်းတလဲဘုရားကျောက်စာ)[၈-၁၀]

ဟူ၍ကျိန်ဆိုထားသည်။ ထိုကျိန်စာတွင် အလျှူရှင်သည် မိမိပြုသော ကောင်းမှုကို အရှည်တည်တံ့စေလိုသောအားဖြင့် ဖျက်ဆီးသူများကို ခွေးနှင့်လည်းကောင်း၊ လူပြိတ္တာနှင့်လည်းကောင်း ခိုင်းနှိုင်းကာ ကျိန်ဆိုထားသည်။ ခွေးဖြစ်လျှင် ခွေးဆင်းရဲဖြစ်၍ လူဖြစ်လျှင်လည်း ခန္ဓာကိုယ်ပျက်စီး၍ ပြိတ္တာကဲ့သို့ မစားရ၊ မသောက်ရ ဖြစ်ပါစေဟု လူနှင့်ပြိတ္တာကို အနှိုင်းနှင့် အနှိုင်းခံထပ်တူပြုကာ ရူပကပြု ကျိန်ဆိုထားသည်။ ထိုကျိန်ဆိုမှုသည် ပုဒ်ကို မကွဲမပြားဘဲဖြစ်အောင် သမာသ်ဖြင့် ထပ်တူပြုထားသောကြောင့် "သမာသ ရူပကအလင်္ကာ” မြောက်သည်။ ထိုထပ်တူပြု ကျိန်ဆိုမှုသည် ပုဂံခေတ်ကတည်းကပင် ကျိန်ဆိုသည့် အသုံးအနှုန်းမျိုးဖြစ်သည်။

သက္ကရာဇ် ၈၀၄ ခုနှစ်တွင် ရေးထိုးသော တက်နွယ်ကျောင်းကျောက်စာတွင် အလျှူရှင် တောင်ခွင်မင်းမင်းဇေယျသူ၏ဂုဏ်ကို

> “အရပ်သျှစ်မျက်နှာတိုဝ်မှလေည်ကျန်ရာမဟိအလွန်သော ဖုန်တန် ခိုဝ်ဖြင်လွှံမိုဝ်ထသော အဆက်ဆက်သော ချစ်ဖိုဝ်ချစ်ဖေ ရှေက သမိုတ်အရိုတ် ပြေည်ထဲတိုဝ်ကိုဝ် လေည်စိုဝ်ကဲနှိမ်နင် မြောက်ထသော ခပ်သိမ်သော ပိုင်ပါလေည်သူလူရဟန်ချုံသာ

> စီပွာတိုဝ်ကိုဝ် လေည်ဆောင်တတ်ထသော အဖြစ်ဖြစ်သော သသ်ရာတိုဝ်နှိုက်လေည် ရင်ပြီထသော၊ ဇမ္ဗူဒိပ်ကျွန်ထက် အကြင်သောနေကဲသိုဝ် အရောင်အဝါတော် တမူလေည်တောက်ပ ထသော၊ တောင်ခွင် မင်မင်သိရိဇေယျသူရသည်ကာ မိမိ၏ အမိဝံနှိုက် ပတိသန္ဓေနေက နက်နဲစွာသော ပြေည်အာဖြင်ဖြစ် သနှလုံမ် လက်ရုံမ်အလုပ်အကြံ့ အာခုတ်ခြင်လေည်ကောင် ပေကံ စွန်ကြဲရာနှိုက်လိမ္မာစွာသော”[၃-၆]

ဟူ၍ ဖော်ပြထားသည်။ အလှူရှင် တောင်ခွင်မင်း၏ ဘုန်းတန်ခိုးကြီးမားပုံနှင့် အရည်အချင်း ပြည့်ဝပုံကို ပေါ်လွင်စေသော အရေးအဖွဲ့ပင်ဖြစ်သည်။

ကျောက်စာတွင် တောင်ခွင်မင်းမင်းဇေယျသူ၏ ဘုန်းတန်ခိုးကြီးမားပုံကို နေမင်း၏ အရောင်အဝါထွန်းလင်းတောက်ပပုံနှင့် ခိုင်းနှိုင်းကာ “နေကဲသိုဝ် အရောင်အဝါတော်တမူလည်း တောက်ပထသော” ဟူ၍ “နေကဲ့သို့” ဟုဥပမာပေး တင်ပြထားသည်။ ထိုသို့ ဥပမာပေးရာတွင် “ကဲ့သို့” ဟူသော သဒ္ဒါဖြင့် သိစေအပ်သောကြောင့် “သဒ္ဒဂမ္မဥပမာအလင်္ကာ” လည်းမြောက်သည်။ ထိုဥပမာပေးမှုတွင် မင်း၏ ဘုန်းတန်ခိုး ထွန်းလင်းတောက်ပပုံကို ပိုမိုပေါ်လွင်ထင်ရှားလာအောင် တင်ပြရာတွင် “အရောင်အဝါတော်တမူလည်းတောက်ပထသော” ဟူ၍ ထွန်းတောက်သည့် ဂုဏ်ပုဒ်ကိုပါ တိုက်ရိုက်ထည့်သွင်း ရေးဖွဲ့ထားသဖြင့် ဥပမာအလင်္ကာများထဲမှ “ဓမ္မောပမာဥပမာအလင်္ကာ” လည်း မြောက်လာသည်။

အလှူရှင်တောင်ခွင်မင်းကြီး၏ ဘုန်းတန်ခိုးထွန်းတောက်မှုအပြင် မင်းကြီး သည် ပညာဉာဏ်ရည်၊ နှလုံးရည်၊ လက်ရုံးရည်တို့ဖြင့် ပြည့်စုံကြောင်းကို အမိဝမ်း၌ပင် တက်မြောက်နေပြီးကြောင်းဖြင့် မင်းကြီး၏ဂုဏ်ထူးကို သိသိသာသာ ဖော်ထုတ်ချီးကျူး ဂုဏ်တင်ရေးသားထားသည်။ အခြားသော မင်းတို့ထက် ထူးချွန်လွန်မြတ်ကြောင်းကိုလည်း သိသာပေါ်လွင်အောင် ချီးမွမ်း ဖွဲ့ဆို ရေးသားရာတွင် “လွမ်းမိုးထသော၊ နိမ့်နှင်းမြောက် ထသော၊ ဆောင်တတ် ထသော၊ ပြီးထသော၊ တောက်ပ ထသော” ဟု ချီးမွမ်းဖွယ်ဝိသေသနကိုပါ တိုက်ရိုက်ထည့်သွင်း ရေးဖွဲ့ထားသဖြင့် တောင်ခွင်မင်း မင်းဇေယျသူ၏

ဘုန်းတန်ခိုးမှာ လေးနက်ပေါ်လွင် ထင်ရှားလာရသည်သာမက နှစ်သက်ဖွယ်လည်း ဖြစ်လာရသည်။

ခြုံငုံသုံးသပ်ချက်

အင်းဝခေတ် မြန်မာစာ ကျောက်စာများသည် အလှူအကြောင်းကို မှတ်တမ်းတင်ထားသည် ဆိုသော်လည်း အလှူရှင်၏ စိတ်ခံစားမှု၊ စိတ်ဆန္ဒ၊ စိတ်စေတနာထင်ဟပ်ရာ ဆုတောင်းအမျှဝေနှင့် ကျိန်စာအဖွဲ့များတွင် သုတသဘော ထက် ရသသဘော အလေးကဲသော အလင်္ကာအဆင် တန်ဆာဆင်မှုများကို တွေ့ရသည်။ ထိုအလင်္ကာအသုံးများကြောင့် ကျောက်စာပါ အကြောင်းအရာ အနက်အဓိပ္ပာယ်မှာ ပိုမိုလေးနက် ပေါ်လွင်ထင်ရှားလာရသည်။ ထိုအလင်္ကာ အသုံးများကြောင့် အလှူရှင်တို့၏ ဂုဏ်ရည်တို့မှာလည်း ရဲရင့်နှစ်သက်ခြင်း သဘော၊ ဆုတောင်းအမျှဝေမှုသည်လည်း ငြိမ်းချမ်းခြင်းသဘော၊ ကျိန်ဆိုမှုသည်လည်း ကြောက်ရွံ့ထိတ်လန့်မှုသဘောကို သက်ဝင်လာသည်။ အလင်္ကာအသုံးများမှတစ်ဆင့် စာဖတ်သူစိတ်ထဲတွင် ကြည်နူးနှစ်သက်ခြင်း၊ ထိတ်လန့်ကြောက်ရွံ့ခြင်း စသောရသခံစားမှုကိုပါ ခံစားလာရသည်။ ထိုအခါ ရသနှင့်ယှဉ်သော နှစ်သက်ခြင်းကို ရရှိလာပါသည်။ ထို့ကြောင့် အင်းဝခေတ် ကျောက်စာများလာ အထွာလင်္ကာရ အသုံးများသည် ကျောက်စာ စကားပြေ၏ဂုဏ်ကို နှစ်သက်စဖွယ်ဖြစ်အောင် စိတ်ကူးကောင်း၊ အတွေးကောင်းများဖြင့် ဖန်တီးနိုင်စွမ်းသော အသုံးကောင်း အဖွဲ့ကောင်းများ ဖြစ်ပါသည်ဟု ထင်မြင်သုံးသပ်မိပါတော့သည်။

နိဂုံး

အင်းဝခေတ်ကျောက်စာများတွင် အလှူရှင်တို့၏ ဘာသာရေးခံယူချက် လေးနက်ပြင်းပြ မြင့်မားပုံ၊ သဒ္ဓါတရား၊ ကြည်ညိုမှု၊ စိတ်နေသဘောထားနှင့် ထိုခေတ်အုပ်ချုပ်သူမင်းတို့၏ ဘုန်းတန်ခိုး ပညာ၊ နှလုံးရည်၊ လက်ရုံးရည်များကို အနက်တန်ဆာဆင်မှုဖြစ်သော အထွာလင်္ကာရ အဖွဲ့များဖြင့် တန်ဆာဆင်ကာ ရေးသားနိုင်သော အရေးအသားစွမ်းရည်မှာ ချီးကျူးဖွယ်ပင်ဖြစ်သည်။ ထို့ကြောင့်

အင်းဝခေတ် မြန်မာကျောက်စာများလာ အလင်္ကာအဆင်တန်ဆာအဖွဲ့များသည် ကျောက်စာစကားပြေ၏ဂုဏ်ကို နှစ်သက်စဖွယ်ဖြစ်အောင် ဖန်တီးနိုင်စွမ်းသော အဖွဲ့ကောင်းများပင် ဖြစ်ပါတော့သည်။

ကျမ်းကိုးစာရင်း

ကုမာရ၊ အရှင်။ (၂၀၀၀ ပြည့်နှစ်)။ *အလင်္ကာပန်းကုံး* (သတ္တမအကြိမ်)။ ရန်ကုန်၊ ပါရမီစာပေ။

ကုလား၊ ဦး။ (၂၀၀၆)။ *မဟာရာဇဝင်ကြီး၊ ပထမတွဲ* (ပဉ္စမအကြိမ်)။ ရန်ကုန်၊ ရာပြည့် စာအုပ်တိုက်။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၁၉၉၄)။ *စကားပြေသဘောတရား စကားပြေအတတ်ပညာ* (တတိယအကြိမ်)။ ရန်ကုန်၊ အသိုင်းအဝိုင်းစာပေ။

ငြိမ်းမောင်၊ ဦး (ဖတ်ရှုရေးသားစီစဉ်သူ)။ (၁၉၉၈)။ *ရှေးဟောင်းမြန်မာကျောက်စာများ၊ စတုတ္ထတွဲ*။ ရန်ကုန်၊ ရှေးဟောင်း သုတေသနဦးစီးဌာန။

ငြိမ်းမောင်၊ ဦး (ဖတ်ရှုရေးသားစီစဉ်သူ)။ (၁၉၉၈)။ *ရှေးဟောင်းမြန်မာကျောက်စာများ၊ ပဉ္စမတွဲ*။ ရန်ကုန်၊ ရှေးဟောင်း သုတေသနဦးစီးဌာန။

စောလူ။ (၂၀၂၀)။ *ပုဂံခေတ်မြန်မာစာ* (တတိယအကြိမ်)။ ရန်ကုန်၊ ပန်းရွေပြည်စာပေ။

ဖေမောင်တင်၊ ဦး။ (၁၉၈၇)။ *မြန်မာစာပေသမိုင်း* (စတုတ္ထအကြိမ်)။ ရန်ကုန်၊ စပယ်ဦးစာပေ။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ *မြန်မာအဘိဓာန်*။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

မြန်မာစာအဖွဲ့။ (၂၀၁၆)။ *စာကိုးအဘိဓာန်* (အင်းဝခေတ်၊ အတွဲ-၁)။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

အောင်သင်း၏ စာပေအတွေး ၊ အတွေးစာပေ ရသစာတမ်းလေ့လာချက်

မာလာမိုး*

စာတမ်းအကျဉ်း

ဤစာတမ်းသည် အောင်သင်း၏ စာပေအတွေး၊ အတွေးစာပေ ရသစာတမ်းများကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ထိုသို့ လေ့လာတင်ပြရာတွင် စာတမ်းငယ်၏ သွင်ပြင်လက္ခဏာ (၅)ရပ်ကို အခြေခံကာ တင်ပြထားပါသည်။ စာရေးသူ၏ စာပေဆိုင်ရာ အတွေးအမြင်များကို လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ဤစာတမ်းသည် မြန်မာစကားပြေ ဖွံ့ဖြိုးမှုအတွက် အထောက်အကူ ဖြစ်စေနိုင်ပါသည်။

သော့ချက်ဝေါဟာရ –ကိုယ်ရည်ကိုယ်သွေး၊ အတွေးအမြင် ၊ ဆွဲဆောင်နိုင်သော အရေးအဖွဲ့၊ တိုတိုကျဉ်းကျဉ်းအရေးအဖွဲ့၊ နှစ်သက်မှုရသ။

နိဒါန်း

ဤသုတတေသနစာတမ်းသည် ‘အောင်သင်း၏ လှလိုက်တာနော်နှင့် ရသစာတမ်းငယ်များ’ စာအုပ်မှ စာပေအတွေး၊ အတွေးစာပေ ရသစာတမ်းကို လေ့လာတင်ပြထားပါသည်။ အခန်း(၁)တွင် အောင်သင်း၏ အတ္ထုပ္ပတ္တိအကျဉ်း၊ အခန်း (၂) တွင် ရသစာတမ်းသဘောသဘာဝ၊ (၂၊ ၁) တွင် ရသစာတမ်းငယ်၏ သွင်ပြင်လက္ခဏာများ၊ အခန်း (၃)တွင် စာပေအတွေး၊ အတွေးစာပေ ရသစာတမ်းလေ့လာချက်တို့ကို တင်ပြထားပါသည်။ စာပေအတွေး၊ အတွေးစာပေ ရသစာတမ်းများအနက်မှ “ဘေးမဲ့လွတ်ပွဲနှင့် စတိတ်ရှိုး” ရသစာတမ်းငယ်၏ သွင်ပြင်လက္ခဏာများကို အခြေခံ၍ လေ့လာတင်ပြထားပါသည်။

* ကထိက၊ ဒေါက်တာ၊ မြန်မာစာဌာန၊ ကျိုင်းတုံတက္ကသိုလ်

အောင်သင်း၏ အထွဋ်ပွတ္တိအကျဉ်း

တောင်တွင်ကြီးမြို့ဇာတိဖြစ်ပြီး ၁၉၂၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် ဖွားမြင်သည်။ အဖမှာ သခင်ညီမောင်ဖြစ်၍ အမိမှာ ဒေါ်ရွှေကြင်ဖြစ်သည်။ မွေးချင်းသုံးယောက်အနက် အကြီးဆုံးသား ဖြစ်သည်။ အမည်ရင်းမှာ အောင်သင်း ဖြစ်သည်။

ဆရာအောင်သင်းသည် ဆောင်းပါး၊ ရသစာတမ်း၊ ဘာသာပြန်စာပေ၊ စာစီစာကုံး၊ စာတမ်း၊ ဝတ္ထုနှင့် သုတရသစာတမ်းများ စသည့် စာပေပုံသဏ္ဌာန် စုံလင်စွာ ရေးသားပြုစုခဲ့သည်။ ထို့ပြင် စာပေဟောပြောခြင်း၊ ရေးသူဖတ်သူ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးခြင်း၊ စာဖတ်သင်း ယဉ်ကျေးမှုထွန်းကားရေး အတွက် ဆော်သြရေးသားဟောပြောခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။

ရန်ကုန်မြို့ ၊ စမ်းချောင်းမြို့နယ်၊ ဓမ္မကဝတီလမ်း၊ အိမ်အမှတ်(၄၆)တွင် ဇနီးဖြစ်သူ ဒေါ်တင်တင်ကြိုင်၊ သားသမီးမြေးများနှင့်အတူ ချမ်းမြေ့စွာနေထိုင်ရင်း ၂၀၁၄ ခုနှစ် ၊ အောက်တိုဘာ လ ၂၅ ရက် စနေနေ့တွင် ကွယ်လွန်ခဲ့သည်။

ရသစာတမ်းသဘောသဘာဝ

ရသစာတမ်းသည် (၁၆)ရာစုတွင် ပြင်သစ်နိုင်ငံ၌ ပြင်သစ်ဘာသာဖြင့် (essai) ဟု စတင်အမည်ရခဲ့ပြီး မကြာမီမှာပင် အင်္ဂလိပ်နိုင်ငံ၌ အင်္ဂလိပ်ဘာသာဖြင့် (essay) ဟု ဆက်လက်အမည်တွင်ကာ တစ်စတစ်စ ဖွံ့ဖြိုးလာသော စာပေအဖွဲ့ မျိုးပင်ဖြစ်သည်။ အက်ဆေးဟူသော ဝေါဟာရကို စတင်အသုံးပြုခဲ့သူမှာ ပြင်သစ် ဥပဒေပညာရှင် စာရေးဆရာ မီရဲအီကွမ်ဒီမွန်တိန်း (၁၅၃၃-၁၅၉၂) ဖြစ်ပါသည်။ ထို့နောက် အင်္ဂလန်နိုင်ငံ၌ အင်္ဂလိပ်စာရေးဆရာ ဖရန်စစ်ဘေကွန် (၁၅၆၁-၁၆၂၆) က အက်ဆေးဟူသောအမည်ကို အသုံးပြုကာ သူ့အတွေးအမြင်များကို ရေးဖွဲ့ခဲ့ ပါသည်။

အက်ဆေး (essay) ဟူသည် အင်္ဂလိပ်ဘာသာဖြင့် 'စမ်းသပ်ခြင်း' ဟု အနက်ရသဖြင့် အစမ်းစာဟူ၍လည်း ခေါ်ဝေါ်ခဲ့ကြသည်။ မြန်မာစာပေတွင် အက်ဆေးကို အမည်အမျိုးမျိုး သတ်မှတ်ခဲ့ကြသည်။ အစမ်းစာ၊ စာတမ်း၊ စာမွန်၊

စာတန်း၊ စာညွှန့်၊ စာပဒေသာ၊ ရသစာတမ်း စသည်ဖြင့် အမည်အမျိုးမျိုး သတ်မှတ် ခေါ်ဝေါ်ခဲ့ကြသည်။

ရသစာတမ်း၏ သဘောသဘာဝနှင့်ပတ်သက်၍ မောင်ခင်မင်(ဓနုဖြူ)က –

'စာတမ်းငယ်ဟူသည် အကြောင်းအရာတစ်ခုခုကို စာရေးသူကိုယ်တိုင် တွေးမြင်ခံစားရသည့် အနေအထားဖြင့် ရသပါအောင် ရေးဖွဲ့ထားသော မတို မရှည် စကားပြေအဖွဲ့မျိုး ဖြစ်သည်။' (၁၉၈၇ ၊ ၁၅)

ဟူ၍ ဖွင့်ဆိုထားပါသည်။ အက်ဆေး သဘောသဘာဝနှင့်ပတ်သက်၍ အနောက်တိုင်းပညာရှင်တို့ကလည်း မိန့်ဆိုခဲ့ကြပါသည်။

ဗြိတိန် နိုကာစွယ်စုံကျမ်း (Encyclopaedia Britannica) တွင်

'အက်ဆေးဟူသည် အကြောင်းအရာတစ်ရပ်ကို လွယ်ကူပေါ့ပါး စကားပြေဖြင့် မတိုမရှည်ဖွဲ့လေ့ရှိသော အဖွဲ့မျိုးဖြစ်သည်။ ထိုအကြောင်းအရာနှင့်ပတ်သက်၍ စာရေးသူ၏စိတ်တွင် ထိတွေ့ခံစားရသည့်အတိုင်းသာ ရေးဖွဲ့သည်။' (၁၉၆၈ ၊ ၇၁၄)

ဟူ၍ ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် အက်ဆေး (ခေါ်) ရသစာတမ်း၏ သဘောသဘာဝနှင့်ပတ်သက်၍ မြန်မာစာပေပညာရှင်၊ အနောက်တိုင်း စာပေပညာရှင်တို့၏ မိန့်ဆိုချက်များအရ စာဖတ်သူများအား ရင်ဖွင့်ထားသော ရင်ဖွင့်စာ၊ စာဖတ်သူကို ဘဝအသိအမြင်နှင့်ယှဉ်သော ရသကို ပေးစွမ်းနိုင်သည့် စကားပြေအဖွဲ့မျိုး ဖြစ်ပါသည်။

ရသစာတမ်းငယ်၏ သွင်ပြင်လက္ခဏာများ

ရသစာတမ်းငယ်၏ သွင်ပြင်လက္ခဏာများကို တင်ပြရာ၌ စာတမ်းငယ်ဟူသည် စာတမ်းတွင် မောင်ခင်မင် (ဓနုဖြူ)က စာရေးသူ၊ စာ၊ စာဖတ်သူတို့၏ ဆက်သွယ်မှုကို အခြေပြု၍

(၁) စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေးပေါ်နေခြင်း

(၂) အကြောင်းအရာထက် အတွေးအမြင်ခံစားမှုတို့ကို အားပြုခြင်း

(၃) စာဖတ်သူကိုဆွဲဆောင်နိုင်သော စကားပြေအရေးအဖွဲ့မျိုးဖြစ်ခြင်း

(၄) တိုတိုကျဉ်းကျဉ်း ရေးဖွဲ့ထားသော အရေးအဖွဲ့မျိုးဖြစ်ခြင်း

(၅) စာဖတ်သူကို နှစ်သက်မှုရသပေးခြင်း

ဟူသော သွင်ပြင်လက္ခဏာများကို တင်ပြပါသည်။ ဤသွင်ပြင်လက္ခဏာများသည် ရသစာတမ်းများတွင် မလွဲမသွေ တွေ့ရှိရသော သွင်ပြင်လက္ခဏာများဖြစ်ပါသည်။

စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေးပေါ်နေခြင်း

ရသစာတမ်းသည် အကြောင်းအရာတစ်ရပ်ကို အပြင်က မြင်ပြ၊ ရေးပြခြင်းမျိုးမဟုတ်ဘဲ ကိုယ်တိုင် ခံစားသကဲ့သို့ ထင်ရအောင်ရေးပြသည့် အဖွဲ့မျိုးဖြစ်သည်။ ရသစာတမ်းများတွင် စာရေးသူ၏ စိတ်နေသဘောထား၊ ခံယူချက်တို့ ထင်ဟပ်နေသည်ကို တွေ့ရသည်။ ထိုစိတ်နေသဘောထား၊ ခံယူချက်တို့သည် စာရေးသူ၏ ပင်ကိုဟန်ကို ပေါ်လွင်စေသည်။ ထိုပင်ကိုဟန်သည် စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေးပင် ဖြစ်သည်။

ရသစာတမ်းများတွင် 'စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေးပေါ်လွင်နေခြင်း' ဟူသော သွင်ပြင်လက္ခဏာအတွက် မောင်ခင်မင်(ဓနုဖြူ)က –

> **'စာတမ်းငယ်သည် ကိုယ်ရေးကိုယ်တာ ဆန်သည်။ ရေးဖွဲ့သည့် အကြောင်းကိစ္စအပေါ်ထားရှိသော စာရေးသူ၏စိတ်၊ စာရေးသူ၏သဘောစရိုက်ကို တိုက်ရိုက် လှစ်ပြခြင်းဖြစ်သည့်အတွက် စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေး ပေါ်နေရပါသည်။'** (၁၉၈၇ ၊ ၄၀)

ဟုဆိုပါသည်။ ဤအဆိုအတိုင်းပင် စာရေးသူ၏ သဘောစရိုက်၊ စိတ်နေသဘောထားကို ဖွင့်ဟတင်ပြသည့်အတွက် 'စာတမ်းငယ်ကို ရင်ဖွင့်စာ သို့မဟုတ် ရင်ဖွင့်သံ' ဖြစ်သည်ဟုလည်း အဆိုရှိပါသည်။

အကြောင်းအရာထက် အတွေးအမြင်ခံစားမှုကိုအားပြုခြင်း

အကြောင်းအရာထက် အတွေးအမြင်ခံစားမှုကသာ အဓိကဖြစ်သည် ဟူသော သွင်ပြင်လက္ခဏာနှင့် ပတ်သက်ပြီး မောင်ခင်မင်(ခနုဖြူ)က –

> **'အကြောင်းအရာက ပဓာနမဟုတ်ပါ။ ထိုအကြောင်းအရာများကို ရေးပြနေသော စာရေးသူ၏ အတွေးအမြင် ခံစားမှုတို့က ပို၍ အရေးပါ ပါသည်။'** (၁၉၈၇ ၊ ၄၄)

ဟု ဆိုပါသည်။ ရသစာတမ်းသည် သာမန်အကြောင်းအရာမှသည် လေးနက်သော အတွေးအမြင်တစ်ခုရှိစေရန် ရေးဖွဲ့တင်ပြကြပါသည်။

သို့ဖြစ်၍ အကြောင်းအရာထက် အတွေးအမြင်ခံစားမှုကို အားပြုရေးဖွဲ့ သည်ဟူသော သွင်ပြင်လက္ခဏာသည် အက်ဆေးကောင်း၏ သွင်ပြင်လက္ခဏာ ဟု ဆိုနိုင်ပါသည်။

စာဖတ်သူကို ဆွဲဆောင်နိုင်သော စကားပြေအရေးအဖွဲ့မျိုးဖြစ်ခြင်း

စာရေးသူတို့သည် မိမိတို့၏ ဘဝအတွေ့အကြုံ၊ ခေတ်အတွေ့အကြုံပေါ် မူတည်၍ ခံစားမှုများ ပေါ်လာသည်။ ထိုခံစားမှုအတွေးအမြင်မှတစ်ဆင့် စာဖတ်သူအား သိစေလိုသောစေတနာ ဖြစ်ပေါ်လာသည်။ ထိုစေတနာကို အရင်းခံ၍ မိမိခံစားသကဲ့သို့ ခံစားတတ်အောင်၊ မိမိရှုမြင်သကဲ့သို့ ရှုမြင်တတ် အောင် ရှုထောင့်စုံဖြင့် ရေးဖွဲ့တတ်သူများဖြစ်သည်။ သူရေးဖွဲ့သော အကြောင်း အရာ သို့မဟုတ် အတွေးအမြင်တစ်ခုကို ပိုမိုထင်ရှား ရှုပ်လုံးကြွစေရန်အတွက် ဆွဲဆောင်မှုကောင်းသော စကားပြေအရေးအဖွဲ့ဖြင့် ပံ့ပိုးပေးလေ့ရှိပါသည်။ ဤသွင်ပြင်လက္ခဏာနှင့် ပတ်သက်၍ မောင်ခင်မင်(ခနုဖြူ) က –

> **'စာတမ်းငယ်မှန်လျှင် စာဖတ်သူကို အစမှအဆုံးတိုင် ဆွဲဆောင် နိုင်စွမ်းရှိသော ဖတ်ချင်စဖွယ် စကားပြေအရေးအဖွဲ့မျိုး ဖြစ်ရပါ လိမ့်မည်။'** (၁၉၈၇ ၊ ၄၆)

ဟု ဆိုပါသည်။

ဤသို့ဖြင့် စာဖတ်သူကို ဆွဲဆောင်နိုင်သော စကားပြေ အရေးအဖွဲ့မျိုး ဖြစ်ခြင်းသည် ရသစာတမ်း၏ သွင်ပြင်လက္ခဏာအဖြစ် သတ်မှတ်ကြပါသည်။

တိုတိုကျဉ်းကျဉ်းရေးဖွဲ့ထားသော အရေးအဖွဲ့မျိုးဖြစ်ခြင်း

ရသစာတမ်းတွင် အကြောင်းအရာတစ်ရပ်ကို ကျမ်းပြုသကဲ့သို့ စေ့စေ့ စုံစုံ ပြရန် မကြိုးစားဘဲ ပြသင့်သမျှကိုသာ တစ်ကွက်ကောင်း နှစ်ကွက်ကောင်း ပြရ သောကြောင့် ပြသူ၏ ကျွမ်းကျင်မှုအတတ်ပညာသည် လွန်စွာအရေးပါလှပါသည်။ စာဖတ်သူ စိတ်ဝင်စားဖွယ်ဖြစ်မည့် အဆီအလျော်ဆုံး အချက်များကိုရွေးချယ်ပြီး ဆက်စပ်စီစဉ် ရေးဖွဲ့ရသောကြောင့် အစ၊ အလယ်၊ အဆုံး အံဝင်ခွင်ကျရန်လည်း လိုပါသည်။ ထို့ကြောင့် ရသစာတမ်း၏ အရေးအဖွဲ့သည် တိုတိုကျဉ်းကျဉ်း ဖြစ်လေ့ရှိပါသည်။

ဤသွင်ပြင်လက္ခဏာအတွက် မောင်ခင်မင်(ဓနုဖြူ)က –

> **'စာတမ်းငယ်သည် တစ်ကွက်ကောင်း နှစ်ကွက်ကောင်း ပြရသည့် အတွက် ပြသူ၏ ကျွမ်းကျင်မှု၊ ပြသူ၏ အတတ်ပညာသည် အလွန်အရေးပါ ပါသည်။'** (၁၉၈၇ ၊ ၄၉)

ဟူ၍ သုံးသပ်တင်ပြပါသည်။ တိုတိုကျဉ်းကျဉ်း တစ်ကွက်ကောင်း ပြောရခြင်း သည် ရသစာတမ်း၏ သွင်ပြင်လက္ခဏာတစ်ရပ်ဖြစ်ပါသည်။

စာဖတ်သူကို နှစ်သက်မှုရသပေးခြင်း

ရသစာတမ်းများကို ဖတ်ရှုပြီးနောက် ရသစာတမ်းဖတ်သူအတွက် အနည်း နှင့်အများ နှစ်သက်မှုရသကို ခံစားရသည်။ ပီတိဖြစ်ရသည်။ ဤသွင်ပြင်လက္ခဏာ နှင့်ပတ်သက်၍ ဇော်ဂျီက –

> **'မည်သည့်ရည်ရွယ်ချက်ရှိရှိ၊ မည်သည့်အကြောင်းရေးရေး၊ မည်သည့်ပုံသဏ္ဌာန်ကို ဖော်ဖော်၊ ထိုမတိုမရှည်စာသည် စာဖတ် ပရိသတ်၌ နှစ်သက်မှုရသကို ဖြစ်သင့်သည်။ ရသဖြစ်သည်နှင့်**

> **အတူတကွ ဘဝ သို့မဟုတ် ပတ်ဝန်းကျင်အသိအမြင်ကိုလည်း ဖြစ်စေသင့်သည်။'** (၁၉၉၇ ၊ ၄)

ဟု သုံးသပ်တင်ပြပါသည်။

ထိုသုံးသပ်တင်ပြချက်များကိုကြည့်လျှင် စာဖတ်သူတို့အား နှစ်သက်မှုရသ ပေးခြင်းသည် ရသစာတမ်းကောင်း၏ သွင်ပြင်လက္ခဏာတစ်ရပ် ဖြစ်ပါသည်။

စာပေအတွေး အတွေးစာပေ ရသစာတမ်းများလေ့လာချက်

စာပေအတွေး အတွေးစာပေ ရသစာတမ်းဟူသည် စာပေနှင့်ပတ်သက်သော အကြောင်းအရာတစ်ရပ်ကို စာရေးသူ၏ အတွေးအမြင်၊ စဉ်းစားဆင်ခြင်မှု၊ အတွေးအခေါ် အယူအဆတို့ကို ဦးစားပေး၍ ဖတ်ချင့်စဖွယ် ကောင်းအောင် ရေးသားထားသော ရသစာတမ်းများကို ဆိုလိုပါသည်။

စာပေအတွေး အတွေးစာပေ ရသစာတမ်းနှင့်ပတ်သက်၍ စာတမ်းငယ် စာပေစာတမ်း(ပထမတွဲ) တွင် မောင်ခင်မင်(ခနုဖြူ)က –

> **'အကြောင်းအရာနှင့်ပတ်သက်၍ ကိုယ့်အမြင်၊ ကိုယ်အတွေး၊ ကိုယ်ခံစားမှုကို ကျိုးကြောင်းလည်း သင့်၊ ဖတ်ချင်စဖွယ်လည်း ဖြစ်အောင် ရေးဖွဲ့လေ့ ရှိပါသည်။'**(၁၉၈၇၊ စာ ၆၄)

ဟူ၍ ဆိုထားပါသည်။

စာတမ်းငယ်စာပေစာတမ်းများ (ဒုတိယတွဲ)တွင် တက္ကသိုလ်ဝင်းမွန်ကလည်း –

> **'စဉ်းစားဆင်ခြင်တုံတရား ရင့်သန်တိုးပွားလာစေရုံမျှမက အသိဉာဏ်ပညာလည်း လင်းပွင့်စေပါသည်။ ထို့ပြင် ရသစာပေဆိုင်ရာ သဘောတရား အယူအဆများကိုလည်း သိမြင်ခွင့် ရရှိစေပါသည်။'** (ဝင်းမွန်၊ ၁၉၈၇၊ ၁၂၉)

ဟူ၍ စာပေဆိုင်ရာရသစာတမ်းငယ်၏ အကျိုးကျေးဇူးကို တင်ပြထားပါသည်။

စာပေပညာရှင်တို့၏ အဆိုအမိန့်တို့ကို လေ့လာမှတ်သား၍ စာပေအတွေး အတွေးစာပေ ရသစာတမ်းငယ်၏ သဘောကိုဆိုရပါလျှင် စာပေနှင့်ဆိုင်သည့် အကြောင်းအရာတစ်ခုခုကို စာရေးသူကိုယ်တိုင် ဝေဖန်သုံးသပ်ထားသော အတွေး အမြင်၊ အယူအဆတို့ကို ဖော်ပြထားသော အရေးသားမျိုးပင် ဖြစ်သည်။

စာပေအတွေး အတွေးစာပေဆိုင်ရာ အလေ့လာခံ ရသစာတမ်းများအနက် ဘေးမဲ့ လွတ်ပွဲနှင့်စတိတ်ရှိုး ဟူသည့် ရသစာတမ်းငယ်ကို လေ့လာတင်ပြပါမည်။

ဘေးမဲ့လွတ်ပွဲနှင့် စတိတ်ရှိုး

စာရေးသူတို့သည် အကြောင်းအရာတစ်ခုခုကို ရေးသားရာတွင် စာရေးသူ ကိုယ်တိုင် တွေးမြင်ခံစားရသည့်အတိုင်း ဖော်ပြရေးသားကြရာ ရသစာတမ်းများ တွင် စာရေးသူ၏ သဘောစရိုက်၊ ကိုယ်ရည်ကိုယ်သွေးများ ထင်ဟပ်ပေါ်လွင်နေ တတ်ပါသည်။ ပထမဦးစွာ **“ဘေးမဲ့လွတ်ပွဲနှင့် စတိတ်ရှိုး”** ရသစာတမ်းသည် စာရေးသူက ဆရာဇော်ဂျီ၏ **“တစ်ခုသောသင်္ကြန်ခါ”** ကဗျာလာ ဘေးမဲ့လွတ်ပွဲ အကြောင်းနှင့် ဆက်စပ်၍ ပျော်စရာကောင်းပုံ၊ မြန်မာလူမျိုးတို့၏ မုဒိတာ သူတော်ကောင်းစိတ်၊ ကုသိုလ်စိတ်တို့မှာ ချစ်စရာကောင်းလှပုံတို့ကို ကိုယ်တွေ့ ဖြစ်ရပ်နှင့်ယှဉ်ကာ တင်ပြထားသော ရသစာတမ်း ဖြစ်ပါသည်။ **“ဘေးမဲ့ လွတ်ပွဲ”** သည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသော မြန်မာလူမျိုးတို့၏ ကုသိုလ်ရေးပွဲ တစ်ခု ဖြစ်သည်။ မြန်မာလူမျိုးတို့၌သာ တွေ့ရှိရသော ဘာသာရေးပွဲတစ်ခုလည်း ဖြစ်သည်။ **“စတိတ်ရှိုး”** ဆိုသည် ဘာသာရေး အထိန်းအကွပ်မရှိဘဲ ပျော်ပါး ဖျော်ဖြေမှုသက်သက်သာ ပြုလုပ်သောပွဲမျိုး ဖြစ်ပါသည်။

စာရေးသူက ဆရာဇော်ဂျီ၏ **“တစ်ခုသောသင်္ကြန်ခါ”** ကဗျာလေးကို ဖတ်မိ တိုင်း မိမိငယ်စဉ်က ဘေးမဲ့လွတ်ပွဲပြုလုပ်ခဲ့ကြပုံကို သတိရမိပုံ၊ မမေ့နိုင်ပုံ၊ ဘေးမဲ့ လွတ်မည့် နွားကြီးကို ဝယ်ရန်အလှူခံကြပုံ၊ စာရေးသူက အိုးစည် ဒိုးပတ်တီးရန် သာစိတ်ဝင်စားပုံ၊ သင်္ကြန်အတက်နေ့ ညနေပိုင်း သို့မဟုတ် နှစ်ဆန်းတစ်ရက်နေ့ တွင် ဘေးမဲ့လွတ်မည့်နွားကြီးကို ဘုန်းကြီးကျောင်းသို့ ပို့ဆောင်ကြပုံ၊ မိမိတို့မှာ ပျော်ရွှင်မဆုံးဖြစ်ခဲ့ရပုံ၊ ပျော်ရွှင်နေရင်းမှ စာရေးသူက အတွေးတစ်ခု ဝင်လာခဲ့ သည်။ ထိုအတွေးကို

> **‘ဤသို့ ပျော်နေရင်းကပင် အသတ်ခံရအံ့ဆဲဆဲမှ လွတ်လာရသော နွားကြီး၏ ကံကြမ္မာပြောင်းလဲမှုကို မအံ့သြဘဲ မနေနိုင်ပါ။ သူ့အတွက် ဝမ်းမမြောက်ဘဲ မနေနိုင်ပါ။ ဒီနွားကြီး ‘သိပ်ကံကောင်းတာပဲနော်။ ကံကောင်းတာမှ နှစ်ဆင့်ကောင်းတာ။ အသတ်လည်း မခံရဘူး၊ ရှေ့လျှောက်အခိုင်းလည်း မခံရတော့ဘူးဟု ပြောကြပြီး နွားကြီးကို ခေါင်းပွတ် ကျောသပ် တယုတယလုပ်မိကြပါသည်။ မှုဒိတာစိတ် သူတော်ကောင်း စိတ်ကလေး ဝင်မိအောင် ဝင်လာတတ်ပါသေးသည်။’** (အောင်သင်း၊ ၂၀၀၅၊ စာ ၉၇)

ဟူ၍ မြန်မာလူမျိုးတို့၏ မုဒိတာစိတ်၊ သူတော်ကောင်းစိတ်လေးမှာ ချစ်စရာကောင်းလှသည် ဟူသော မြန်မာတို့၏ စိတ်ထားအလှကို နှစ်သက်သော စာရေးသူ၏ကိုယ်ရည်ကိုယ်သွေး ပေါ်လွင်နေပါသည်။

တစ်ဖန် ရသစာတမ်းရေးဖွဲ့သူတို့သည် အကြောင်းအရာအမျိုးမျိုးကို အတွေးအမြင်အမျိုးမျိုးဖြင့် ရေးဖွဲ့တတ်ကြသည်။ အကြောင်းအရာထက် မိမိစိတ် အတွေးကို ပေါ်လွင်ရေးဖွဲ့တတ်ကြသည်။ စာရေးသူက ဆရာဇော်ဂျီ၏ **“တစ်ခု သောသကြိန်ခါ”** ကဗျာလာ ဘေးမဲ့လွတ်ပွဲအကြောင်းနှင့် ဆက်စပ်၍ မြန်မာလူမျိုးတို့သည် အတီးအမှုတ် အကအခုန်ကိုလည်း နှစ်သက်ကြသည်။ ရေးယခင်ကဆို လျှင် အသုဘ၌ပင်လျှင် ရုပ်သေးပွဲ ထည့်လုပ်တတ်ကြသော လူမျိုးဖြစ်သည်။ ထို့မျှ ပျော်ပါးတတ်သော မြန်မာလူမျိုးနှင့် ဗုဒ္ဓဘာသာ လာပြီး ကြုံမှကြုံတတ်ပလေဟု အောက်မေ့မိတော့သည်ဟူ၍ အတွေးမျှင်တန်းသည်။

> **‘ဗုဒ္ဓဘာသာကလည်း အတီးအမှုတ် အကအခုန်ကို အားမပေးသည်သာမက အပြစ်ဟုပင် သတ်မှတ်သည်။ အကုသိုလ်ဖြစ်ကြောင်း ဆိုထားသည်။ ကျွန်တော်တို့ မြန်မာလူမျိုးများမှာ ဘုရားကို ရိုသေကြည်ညိုသည်ကတစ်ဘက်၊ သွေးထဲသားထဲက ပျော်ရွှင်မြူးထူးချင်သည်ကတစ်ဘက်မို့ အခက်တွေ့ကြလေပြီဟု ထင်လောက် ပါသည်။ မခက်ပါ။ ဘာသာရေးပွဲတော်များ လုပ်ပြီး ပျော်လိုက်ကြပါတော့သည်။’** (အောင်သင်း၊၂၀၀၅၊စာ၉၈)

ဟူ၍ စာရေးသူက ဆက်စပ်၍ တွေးမြင်ခံစားပြထားသည်မှာ အကြောင်းအရာထက် အတွေးအမြင် ခံစားမှုကို အားပြုတင်ပြနိုင်ကြောင်း တွေ့ရသည်။

ထို့ပြင် စာရေးသူဆိုလိုချင်သော အကြောင်းအရာ (သို့မဟုတ်) အတွေးအမြင် တစ်ခုကို ပိုမိုထင်ရှား ရှုပ်လုံးကြွစေရန်အတွက် ဆွဲဆောင်မှုကောင်းသော စကားပြေအရေးအဖွဲ့ဖြင့် ပံ့ပိုးပေးလေ့ရှိပါသည်။ သို့မှသာ ရသစာတမ်းသည် ဖတ်ချင်စဖွယ်ရှိပြီး စာဖတ်သူ၏ နှလုံးအိမ်တွင် ငြိသွားအောင် စွမ်းဆောင်နိုင်ပါသည်။

စာရေးသူက မိမိငယ်စဉ်က ဘေးမဲ့လွတ်ပွဲပြုလုပ်ခဲ့ကြပုံကို –

> **‘တစ်ယောက်က နွားကြီးကို ရှေ့ကဆွဲ။ နောက်က ဒိုးပတ်ဝိုင်းက တဖြုန်းဖြုန်းတီး၊ ကလေးတွေကတော့ ဒိုးပတ်ဝိုင်းကိုကြည့်လိုက်၊ နွားကြီးကို ပြေးကြည့်လိုက်၊ ကျွန်တော်တို့ကလည်း တီးလို့ မှုတ်လို့ ပျော်လို့မဆုံး၊ တစ်ရပ်လုံးရှိ ကောင်းမှုရှင်များ အနုမောဒနာပြုနိုင်အောင် နွားကြီးကို လှည့်ပြကြသည်။ ...ကိုယ့်ရပ်ကွက်သာမက ရပ်ကျော်ရွာကျော် သူများ အရပ်တွေထိအောင် လှည့်လိုက်တတ်ကြပါသေးသည်။’** (အောင်သင်း၊ ၂၀၀၅၊ စာ ၉၇)

ဟူ၍ နွားကြီးဘေးမဲ့လွတ်တော့မည့် မြင်ကွင်းကို **“ကြည့်လိုက်..... ပြေးကြည့်လိုက်” “တီးလို့မှုတ်လို့ ပျော်လို့မဆုံး”** ဟူသော ဟန်ချက်ညီပုဒ်စုများကြောင့် စာဟန်သွက်လက်ပေါ့ပါးစေပြီး စာဖတ်သူကို နှစ်သက်စဖွယ်ဖြစ်အောင် ဆွဲဆောင်နိုင်ပါသည်။ နှစ်သက်မှု ရရှိစေပါသည်။

တစ်ဖန် ရသစာတမ်းမည်သည် အကြောင်းအရာတစ်ရပ်ကို တိုတိုကျဉ်း ရေးဖွဲ့ပြလေ့ရှိပါသည်။ ထိုသို့ ရေးဖွဲ့ရာတွင် အကြောင်းအရာထက် စာရေးသူ၏ အတွေးသည် အဓိကဖြစ်သည်။ ထိုအတွေးကို အခြေခံ၍ ရေးဖွဲ့သော အရေးအဖွဲ့သည်လည်း ထိရောက်မှုရှိရပါသည်။

စာရေးသူက ဘေးမဲ့လွတ်ပွဲအကြောင်းနှင့် ဆက်စပ်၍ ပျော်စရာ ကောင်းပုံကို ခမ်းခမ်းနားနား မဟုတ်သော်လည်း ဖတ်ချင်စဖွယ်၊ နှစ်သက်ဖွယ် ဖြစ်အောင် တိုတိုကျဉ်းကျဉ်း ရေးဖွဲ့ထားသည်။ မြန်မာလူမျိုးတို့၏ မုဒိတာ သူတော်ကောင်း

စိတ်၊ ကုသိုလ်စိတ်တို့မှာ ချစ်စရာ ကောင်းလှပုံတို့ကို ကိုယ်တွေ့ဖြစ်ရပ်နှင့် ယှဉ်ကာ ဦးစွာတင်ပြပါသည်။ ထို့နောက် ပျော်ပါးတတ်သော မြန်မာလူမျိုးတို့သည် ပျော်ပါး တီးမှုတ်ကခုန်ကြပါသော်လည်း သံသရာကို ဂရုထားသည့် သူများဖြစ်ပုံ၊ ဆရာဇော်ဂျီသည်လည်း မြန်မာတစ်ယောက်ဖြစ်၍ မြန်မာလူမျိုးကို ချစ်ပေလိမ့်မည်ဟု တွေးခြင်မိပုံကို

> **'ဆရာဇော်ဂျီက ပျော်ပါးတတ်သော မြန်မာလူမျိုးတို့၏ ပျော်ပါးမှု နောက်ကွယ်က မေတ္တာတရားအလှ၊ စေတနာအလှကို မြင်သည်။ ထို့ကြောင့် ရှေးကချစ်ခြင်းထက် ပို၍ချစ်လာမိသည်။ မြန်မာ ယဉ်ကျေးမှုကိုပါ တစိမ့်စိမ့်ချစ်လာသည်။ အိုးစည်သံ နောက်က အမျှဝေသံကို ကြားမိသည်။ ဒိုးပတ်သံ၏ နောက်က ဗြောသံကို ကြားမိသည်။ ကျွန်တော် ဤသို့ ခံစားမိပါသည်။'** (အောင်သင်း၊ ၂၀၀၅၊ စာ ၁၁၀)

ဟူ၍ ပျော်ပါးမှုနောက်ကွယ်က မေတ္တာတရားအလှ၊ စေတနာအလှတို့ကို မြင်မိ၍ အိုးစည်သံ နောက်က အမျှဝေသံ၊ ဒိုးပတ်သံ နောက်က ဗြောသံတို့ကို ကြားမိပုံကို တိုတိုကျဉ်းကျဉ်း နှင့်ဖတ်ချင်စဖွယ်ဖြစ်အောင် ဝါကျတိုလေးများဖြင့် ရေးဖွဲ့ထားပုံမှာ စာရေးသူ၏ မြန်မာ့ယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးလေးစားသည့် စိတ်ခံစားမှုမှာ ပေါ်လွင်လာပါသည်။

ရသစာတမ်းသည် ရသစာတမ်းရေးဆရာ၏ အတွေးအမျှင်တန်းရာ နောက် သို့လိုက်ရင်း စာဖတ်သူ၌ ပီတိဖြစ်ရမည်။ ပီတိဖြစ်ရသည်နှင့်အတူ နှစ်သက်မှု ရသကို ရရှိနိုင်သောစာပေမျိုး ဖြစ်ပါသည်။ စာရေးသူက မြန်မာလူမျိုးတို့သည် အတီး အမှုတ် အကအခုန်ကိုလည်း နှစ်သက်ကြသည်။ ရှေးယခင်ကဆိုလျှင် အသုဘ၌ပင်လျှင် ရုပ်သေးပွဲထည့်လုပ်တတ်ကြသော လူမျိုးဖြစ်သည်။ ထိုမျှ ပျော်ပါးတတ်သော မြန်မာလူမျိုးနှင့် ဗုဒ္ဓဘာသာလာပြီး ကြုံမှ ကြုံတတ်ပလေဟု အောက်မေ့မိတော့သည်ဟူ၍ အတွေးမျှင်တန်းသည်။

> **'ဗုဒ္ဓဘာသာကလည်း အတီးအမှုတ် အကအခုန်ကို အားမပေးသည်သာမက အပြစ်ဟုပင် သတ်မှတ်သည်။ အကုသိုလ်ဖြစ်ကြောင်းဆိုထားသည်။ ကျွန်တော်တို့ မြန်မာလူမျိုးများမှာ ဘုရား**

ကို ရိုသေကြည်ညိုသည်ကတစ်ဘက်၊ သွေးထဲသားထဲက ပျော်ရွှင်မြူးထူးချင်သည်က တစ်ဘက်မို့ အခက်တွေ့ကြလေပြီဟု ထင်လောက်ပါသည်။ မခက်ပါ။ ဘာသာရေးပွဲတော်များ လုပ်ပြီး ပျော်လိုက်ကြပါတော့သည်။' (အောင်သင်း၊၂၀၀၅၊စာ၉၈)

ဟူ၍ စာရေးသူက ဆက်စပ်၍ တွေးခေါ်ခံစားပြထားသည်မှာ ပျော်ပါးတတ်သော မြန်မာလူမျိုးတို့၏ ပွဲလမ်းသဘင်များကို ဘာသာရေးလှုပ်ရှားမှုဘက်သို့ ဦးတည်ပေးလိုက်သည်။ ဘာသာရေး ထိန်းကွပ်မှု တပ်ဆင်ပေးလိုက်သည်ဟု တွေးခေါ်ပြထားသည့်အတွက် စာဖတ်သူကို နှစ်သက်ကျေနပ်မှု ဖြစ်စေပါသည်။ ဤသို့ နှစ်သက်ကျေနပ်ခြင်း၊ ပီတိဖြစ်ခြင်းသည် နှစ်သက်မှုရသ ပေးစွမ်းနိုင်ခြင်းပင်ဖြစ်သည်။

ခြုံငုံသုံးသပ်ချက်

ဆရာအောင်သင်း၏ စာပေအတွေး၊ အတွေးစာပေဆိုင်ရာ ရသ စာတမ်းများသည် စာပေနှင့်ဆိုင်သော အတွေးအမြင်၊ ခံယူချက်ကို ဦးတည်ရေးသားထားသော ရသစာတမ်းများဟု သုံးသပ်နိုင်ပါသည်။ ပထမဦးစွာ ဘေးမဲ့လွတ်ပွဲ" နှင့်စတိတ်ရှိုး 'တစ်ခုသော သင်္ကြန်ခါ' ရသစာတမ်းတွင် ဆရာဇော်ဂျီ၏ " ကဗျာလာ ဘေးမဲ့လွတ်ပွဲအကြောင်းနှင့် ဆက်စပ်၍ ပျော်စရာ ကောင်းပုံ၊ ပျော်ပါးမှု နောက်ကွယ်က မေတ္တာတရားအလှ ၊ စေတနာအလှကို တွေ့မြင်ရပုံ၊ အိုးစည်သံ နောက်က အမျှဝေသံ၊ ဒိုးပတ်သံနောက်က ဗြောသံကို ကြားမိပုံ၊ မြန်မာ့ယဉ် ကျေးမှုကို ပို၍ပို၍ မြတ်နိုးလာပုံတို့ဖြင့် နက်နက် ရှိုင်းရှိုင်း တွေးခေါ်ပြထားသည့် အတွေးအမြင်ခံစားမှုကို အားပြုနေသော စာတမ်းကောင်းတစ်စောင်ဖြစ်သည်။

ဆရာအောင်သင်း၏စာပေအတွေး အတွေးစာပေရသစာတမ်း သည် စာပေလေ့လာသူများအတွက် စာပေကပေးသောကျေးဇူးများကို လမ်းညွှန်ထားသည်မှာ သတိပြုဆင်ခြင် မှတ်သားစရာများ ဖြစ်ပါသည်။ စာဖတ်သူတို့အတွက် ခံစားနှစ်သက်လျက် လိုက်နာလိုစိတ်ဖြစ်ပေါ်အောင် ဆွဲဆောင်နိုင်သော စာပေဆိုင်ရာ အတွေးအမြင်များဖြစ်သည်ဟု သုံးသပ်မိပါသည်။

နိဂုံး

ဆရာအောင်သင်း၏ “စာပေအတွေး၊ အတွေးစာပေ” ရသစာတမ်းကို စာတမ်းငယ်၏ သွင်ပြင်လက္ခဏာ (၅)ရပ်ကို အခြေခံသည့်ရှုထောင့်မှ လေ့လာ တင်ပြခဲ့ပါသည်။ မြန်မာစာပေလောကတွင် စာပေမြတ်နိုးသူတို့ လေးစား တန်ဖိုး ထားသော ဆရာကြီးအောင်သင်း၏ ရသစာတမ်းငယ်စာပေလက်ရာများကို လေ့လာတင်ပြခွင့်ရ၍ ဝမ်းမြောက်မိပါသည်။ ရသစာတမ်းစာပေကို လေ့လာ သုတေသနပြုမည့်သူများအတွက် အထောက်အကူပြုမည်ဟု ယုံကြည်မိပါသည်။ ဤသုတေသနစာတမ်းနှင့်ပတ်သက်၍ လိုအပ်သည်များကို ဝေဖန်ဆွေးနွေး အကြံပြုပေးကြပါရန် လေးစားစွာပန်ကြားရင် နိဂုံးချုပ်အပ်ပါသည်။

ကျမ်းကိုးစာရင်း

ခင်မင်၊ မောင် (ဓနုဖြူ) (၁၉၈၇)၊ “စာတမ်းငယ်ဟူသည်”၊ စာတမ်းငယ်စာပေစာတမ်းများ (ပ–ကြိမ်)။ ရန်ကုန် ၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ခင်မင်၊ မောင် (ဓနုဖြူ) (၁၉၉၄)၊ “စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ” (တ–ကြိမ်)။ ရန်ကုန် ၊ စာပေလောကပုံနှိပ်တိုက်။

ခင်မင်၊ မောင် (ဓနုဖြူ) (၂၀၁၁)၊ “ရေးဟန်ပညာနိဒါန်း”။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

မိုးမြေ၊ မ (၂၀၀၈)၊ “ဆရာဇော်ဂျီနှင့် ရသစာတမ်းရှင်တို့၏ တွေးဟန်နှင့် ရေးဟန်များ။ ရန်ကုန်၊ မူဝံစာပေ။

မြခင်၊ (၁၉၈၇)၊ “နိုင်ငံခြားစာတမ်းငယ်”၊ စာတမ်းငယ်စာပေစာတမ်းများ (ပ–တွဲ)။ ရန်ကုန်၊ စာပေဗိမာန်။

အောင်သင်း ၊ (၂၀၀၅) ၊ “လှလိုက်တာနော်နှင့် ရသစာတမ်းငယ်များ”။ ရန်ကုန် ၊ ဇွန်ပွင့်ပုံနှိပ်တိုက်။

References

Encyclopaedia Britannica (Vol.8. pp.713–714). (1968).

Chicago: Encyclopaedia Britannica Inc.

ဇာတ်လမ်းအဖွဲ့ကဗျာများဖန်တီးမှု

ခိုင်နွယ်ဝင်း*

စာတမ်းအကျဉ်း

ဤစာတမ်းသည် ဇာတ်လမ်းအဖွဲ့ကဗျာများဖန်တီးမှုကို လေ့လာ တင်ပြထားသော စာတမ်းဖြစ်ပါသည်။ ကဗျာစာဆိုတို့သည် ကဗျာများကို ဖန်တီးရာတွင် အသံ၊ ကာရန်၊ အလင်္ကာ၊ စကား အသုံးအနှုန်း၊ နိမိတ်ပုံ၊ ဇာတ်လမ်း စသည့် အစိတ်အပိုင်းများဖြင့် ပေါင်းစပ်ဖန်တီးတည်ဆောက်ကြသည်။ ထိုအစိတ် အပိုင်းတို့သည် စာဆို၏ စိတ်ကူးဉာဏ် ကွန့်မြူးမှုနှင့်အတူ ကဗျာတစ်ပုဒ် အဖြစ် လှပစွာ ပေါ်ထွက်လာခဲ့သည်။ ထို့ကြောင့် ဇာတ်လမ်းများ ထည့်သွင်း ဖန်တီးမှုသည် ကဗျာတစ်ပုဒ် အသက်ဝင်လှပစေရန် အရေးပါသော အစိတ် အပိုင်းတစ်ခုဖြစ်ကြောင်း လေ့လာတင်ပြထားပါသည်။ ထိုသို့ လေ့လာခြင်းဖြင့် ကဗျာပါ ဇာတ်လမ်းအဖွဲ့များ၏ ကဗျာတန်ဖိုးနှင့် အနှစ်သာရကို ဖော်ထုတ် နိုင်မည် ဖြစ်သည်။

သော့ချက်ဝေါဟာရများ – ဇာတ်လမ်းအဖွဲ့ကဗျာ၊ ဇာတ်လမ်း ဖန်တီးမှု၊ ရသ နှစ်သက်မှု

နိဒါန်း

ဤစာတမ်းသည် မြန်မာကဗျာများရှိ ဇာတ်လမ်းအဖွဲ့ကဗျာ ဖန်တီးမှုကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ကဗျာသည် ရသစာပေ၏ အခန်း ကဏ္ဍတစ်ခု ဖြစ်သည်။ ကဗျာစာဆိုတို့သည် ရသနှစ်သက်မှုပေးသောကဗျာများကို ဖန်တီးရာတွင် ရသနှစ်သက်မှုသာမက ဘဝအသိ အာနိသင်ရှိသော ရသများကို ဖန်တီးရေးဖွဲ့ကြပါသည်။ ထို့ကြောင့် ဇာတ်လမ်းတိုတို၊ ဖြစ်စဉ်အကျဉ်းကျဉ်းနှင့် သိပ်သည်းကျစ်လျစ်သော ဇာတ်လမ်းကဗျာများကို ရေးဖွဲ့ကြပါသည်။ ကဗျာပါ ဇာတ်လမ်းများသည် ကဗျာဖတ်ရှုခံစားသူတို့အတွက် ရသနှစ်သက်မှုသာမက ဘဝအသိအာနိသင်ရှိသော ရသများကို ရရှိခံစားစေသည်။ ဇာတ်လမ်းကဗျာအဖွဲ့

* တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

များကို လေ့လာခြင်းဖြင့် စာဆို၏အတွေးအခြင်၊ ကဗျာဖန်တီးမှုသဘောတို့ကို ဖော်ပြနိုင်မည် ဖြစ်ပါသည်။

သုတေသနမေးခွန်းများ

ဇာတ်လမ်းအဖွဲ့ ကဗျာများဖန်တီးမှုကို လေ့လာရာတွင် အောက်ဖော်ပြပါ မေးခွန်းများ ပေါ်ထွက်လာပါသည်-

(က) အလေ့လာခံကဗျာများ၏ ဇာတ်လမ်းအဖွဲ့ဖန်တီးမှုကို မည်သည့် ရှုထောင့်မှလေ့လာတင်ပြထားသနည်း။

(ခ) ကဗျာကပေးသော ဇာတ်လမ်းအဖွဲ့ဖန်တီးမှုသဘောသည် လူမှုဘဝ ဝန်းကျင်တွင် မည်မျှအကျိုးသက်ရောက်မှုရှိသနည်း။

(ဂ) အလေ့လာခံကဗျာများပါ ဇာတ်လမ်းအဖွဲ့ကဗျာ ဖန်တီးမှုသည် မြန်မာကဗျာ ဖွံ့ဖြိုးမှုအတွက် မည်မျှအထောက်အကူပြုသနည်း။

ထိုမေးခွန်းများမှတစ်ဆင့် လေ့လာရာ၌ ဖြေရှင်းရမည့် ပြဿနာများကို တွေ့ရှိရသည်။ မေးခွန်းများကို စိစစ်အဖြေရှာ ဖော်ထုတ်လေ့လာသွားမည် ဖြစ်သည်။

စာပေလေ့လာဆန်းစစ်ချက်

ဇာတ်လမ်းအဖွဲ့ ကဗျာအဖွဲ့များ ဖန်တီးမှုနှင့်ပတ်သက်၍ ကဗျာ၏ အကြောင်းအရာနှင့် အရေးအဖွဲ့ဆိုင်ရာ လေ့လာမှုကျမ်းများ၊ စာတမ်းများ၊ မင်းသုဝဏ်၏ ဇာတ်လမ်းကဗျာအဖွဲ့များ လေ့လာချက် (မအေးအေးမြင့်)vတို့ကို တွေ့ရပါသည်။ သို့သော်ဇာတ်လမ်းအဖွဲ့ကဗျာဖန်တီးမှုဟူ၍ သီးသန့်လေ့လာ ထားခြင်း မတွေ့ရသေးပေ။

စာတမ်းကို ပြုစုရာတွင် ဇော်ဂျီ၊ မင်းသုဝဏ်တို့၏ ကဗျာအချို့သည် အချက်အလက်ကောက်ယူမှုနှင့် သုတေသနပြုမှုအတွက် အထောက်အကူ ဖြစ်စေသည်။

နည်းနာ

ဇာတ်လမ်းအဖွဲ့ကဗျာများ ဖန်တီးမှုကို လေ့လာဖော်ထုတ်ရာတွင် အောက်ပါ ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာတို့ကို လေ့လာတင်ပြ ပါမည်။

ပညာရပ်ဆိုင်ရာနည်းနာ

သုတေသန၏အထူးပြုနယ်ပယ်မှာ စာပေဖြစ်၍ ဘာသာရပ်နယ်ပယ်မှာ ကဗျာဖြစ်သည်။ အသုံးပြုသည့် သီအိုရီမှာ ဇာတ်လမ်းအဖွဲ့ကဗျာနှင့် ပတ်သက်သော ပညာရှင်များ၏ သီအိုရီများ ဖြစ်သည်။ ထိုသီအိုရီများကို အလေ့လာခံ ဇာတ်လမ်းအဖွဲ့ကဗျာများလာ အလေ့လာခံအချက်အလက်များ၊ အကြောင်းအရာများကို မူတည်၍ သီအိုရီဖြင့် ချိန်ထိုးလေ့လာသုတေသနပြုထားပါသည်။

သုတေသနဆိုင်ရာနည်းနာ

ဤစာတမ်းသည် အခြေခံသုတေသနအမျိုးအစား ဖြစ်ပါသည်။ အလေ့လာခံကဗျာများမှ ရရှိသောအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ၍ အကြောင်းအရာသွင်ပြင်လက္ခဏာများကို ထုတ်ယူဆင်ခြင်နည်းဖြင့် တင်ပြထားပါသည်။ ဤစာတမ်းတွင် ဇာတ်လမ်းအဖွဲ့ကဗျာနှင့်ပတ်သက်၍ သုတေသနမေးခွန်းနှင့် ပြဿနာများကို အဖြေရှာဖော်ထုတ်ရာ၌ ပညာရပ်နယ်ပယ်အတွင်းမှ စိစစ်လေ့လာနည်း၊ ဆန်းစစ်လေ့လာနည်းများကို အသုံးပြုထားပါသည်။

လေ့လာတွေ့ရှိချက်များ

ဇာတ်လမ်းအဖွဲ့ကဗျာများ ဖန်တီးမှုစာတမ်းကို လေ့လာရာတွင် ကဗျာ၏အဓိပ္ပာယ်၊ ဇာတ်လမ်းအဖွဲ့ကဗျာ၏အဓိပ္ပာယ်၊ သဘောသဘာဝ၊ ဇာတ်လမ်းအဖွဲ့ကဗျာများ လေ့လာချက်ဟူ၍ ခွဲခြားလေ့လာ တင်ပြထားပါသည်။

ကဗျာ၏အဓိပ္ပာယ်

ကဗျာဟူသောဝေါဟာရကို မြန်မာအဘိဓာန်(၂၀၁၈)တွင်-

> “ကဗျာ၊ နု – စည်းမျဉ်းများနှင့်အညီ စာလုံး၊ စာပိုဒ်အရေအတွက်၊ ကာရန်အချိတ်အဆက်၊ အသံအနေအထား စသည်ဖြင့် စီကုံးထားသော အဖွဲ့အနွဲ့”(စာ – ၄)

ဟု ဖွင့်ဆိုထားပါသည်။

> ကဗျာဟူသောဝေါဟာရကို အင်နိတီစီအဘိဓာန်(၁၉၉၈)တွင်–
>
> “ကဗျာဟူသည် ပြင်းထန်သောခံစားမှုများ၊ စိတ်ကူးများမှ ပေါက်ဖွားလာပြီး နရီ၊ စည်းဝါးကျအောင် ဖွဲ့နွဲ့ထားသော စာပေ ပုံသဏ္ဌာန် ဖြစ်သည်”(စာ–၅)

ဟူ၍ ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် ကဗျာဟူသည် စည်းမျဉ်းစည်းကမ်း၊ ကာရန် အချိတ်အဆက်တို့ဖြင့် ဖွဲ့စည်းရေးဖွဲ့ထားသည့် စာဆို၏ခံစားချက်၊ စိတ်ကူး ဉာဏ်မှ ပေါက်ဖွားလာသော အသံတို့ ကိန်းဝပ်ရာ ရသစာပေတစ်မျိုးပင် ဖြစ်ပါ သည်။

ဇာတ်လမ်းအဖွဲ့ကဗျာ၏အဓိပ္ပာယ်

> ဇာတ်လမ်းအဖွဲ့ကဗျာနှင့်ပတ်သက်၍ မြန်မာအဘိဓာန်(၂၀၁၈)တွင်–
>
> “ဇာတ်လမ်း၊ နာ–ရုပ်ရှင်၊ ပြဇာတ်၊ ဝတ္ထုစသည်တို့တွင် ပါဝင်သော အဖြစ်အပျက်၊ အကြောင်းအရာအစအဆုံး။ ဇာတ်ကြောင်း။ (စာ–၁၂၈)”

ကဗျာ၊ နု – စည်းမျဉ်းများနှင့်အညီ စာလုံး၊ စာပိုဒ် အရေအတွက်၊ ကာရန် အချိတ်အဆက်၊ အသံအနေအထားစသည်ဖြင့် စီကုံးထားသော အဖွဲ့အနွဲ့ (စာ – ၄) ဟု ဖွင့်ဆိုထားသည်။ ထို့ကြောင့် ဇာတ်လမ်းအဖွဲ့ကဗျာဟူသည် လူ့သဘာဝ၊ လောကသဘာဝ၏ အကြောင်းအရာ၊ အဖြစ်အပျက်ကို စာလုံး၊ စာပိုဒ်၊ ကာရန်၊ အသံ အချိတ်အဆက်ဖြင့် စီကုံးထားသော ကဗျာများဟု ဆိုနိုင်သည်။

ဇာတ်လမ်းအဖွဲ့ကဗျာများ၏သဘောသဘာဝ

ဇာတ်လမ်းအဖွဲ့ ကဗျာများသည် ဇာတ်လမ်းအဖြစ်အပျက်တစ်ခုကို ဇာတ်လမ်းပုံပြင်၊ ဇာတ်လမ်းကဗျာအသွင်ဖြင့် တင်ပြသော သီချင်းကဗျာအမျိုး အစားဖြစ်သည်။

ဇာတ်လမ်းအဖွဲ့ကဗျာများသည် အများအားဖြင့် ဝမ်းနည်းစရာ၊ သံဝေဂ ယူစရာ ဖြစ်ရပ်များကို အခြေခံ၍ ရေးသားကြသည်။ ဇာတ်လမ်းကို အချီအချ ပြောဟန်ဖြင့်ရေးရာမှ ဇာတ်ကြောင်းများ ပေါ်လာသည်။ ဇာတ်ဆောင်၏စရိုက်ကို သရုပ်ဖော်ခြင်းထက် သက်ဝင်လှုပ်ရှားမှုများကို အဓိကထားရေးဖွဲ့ကြသည်။ စကား အသုံးအနှုန်းလည်း ရိုးရှင်းသည်။ စာဆိုသည် ပုံပြင်ဇာတ်လမ်းများကို ဖွဲ့ဆိုပြရာ တွင် ဖတ်ရှုသူတို့အဖို့ အာနိသင်ရှိသောရသတစ်ခု၊ ဘဝအသိအမြင် တစ်ခုကို ရရှိ ခံစားရစေသည်။

ဆရာမင်းသုဝဏ်၏ဇာတ်လမ်းအဖွဲ့ကဗျာများလေ့လာချက်

ဖိုးမောင်လာပြီ(၁၉၆၂)

ဖိုးမောင်လာပြီ ကဗျာသည် လေးလုံးစပ်လင်္ကာအဖွဲ့ပုံသဏ္ဌာန်ဖြစ်သော ဇာတ်လမ်းပါသည့် ကဗျာဖြစ်သည်။ ဆရာမင်းသုဝဏ်၏ ပထမဆုံးဇာတ်လမ်း ကဗျာ အဖွဲ့တစ်ပုဒ်ဖြစ်သည်။ ကဗျာအစတွင်-

“မိုင်းညိုညဉ့်ရိပ်၊ လူခြေတိတ်၌

ရေဆိပ်အနား၊ ရွာတံခါးမှ

ဂုပ်ကျားကျယ်လောင်၊ ဆီးကြိုဟောင်သော်

ဖိုးမောင်လာပြီ ဆိုကြသည်” (အင်းယားကန်သို့ အိုကူးတို့၊ စာ - ၁၆၆)

ဟု ဇာတ်လမ်းကို အစပျိုးဖွဲ့ဆိုသည်။ ဂုပ်ကျားဟောင်သံ ကြားရုံမျှဖြင့် ရွာသား များက ဖိုးမောင်လာပြီဟု အတပ်သိပုံ၊ ဂုပ်ကျားဟောင်သံရပ်သည်နှင့် ဖိုးမောင် ပေါ်လာတတ်ပုံ၊ ညစဉ်ငါးထောင်ကာ ရွာတံခါးကင်းသမားဖွင့်ပေးသော မလွယ် ပေါက်တံခါးမှ ဝင်ရောက်လာပုံ၊ ညတိုင်းမကြောက်မရွံ့ ငါးထောင်ကျွေးသဖြင့်

ရွာသားများ ငါးစိုး၊ ငါးစိမ်းစားရပုံတို့ဖြင့် ဇာတ်လမ်းကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ဖွဲ့ဆိုထားသည်။

ရွာကိုအကျိုးပြုနေသည့် ဖိုးမောင်၏ လုပ်အားအလှကို ဖော်ပြပြီးနောက် ဆောင်းတစ်ညတွင် ရွာဘေးကျီပျက်ဇီးကွက်နှင့် တောက်တဲ့တို့အော်စဉ် ဂုပ်ကျားကလည်း ကျယ်လောင်စွာ ဟောင်နေပါသည်။ ထိုအချိန်တွင် ဖိုးမောင်ပြန်လာ ချိန်ပင် ဖြစ်သည်ဟုဖွဲ့ဆိုသည်။

ထို့နောက် အမှောင်ထု၏ တိတ်ဆိတ်မှုနှင့် ရွာပေါ်လွှမ်းသွားအောင် ဟောင်သော ခွေးဟောင်သံ၊ ဖိုးမောင်၏ အော်ဟစ်သံ၊ သေနတ်သံတို့၏ ဆူညံလှုပ်ရှားမှု တို့ကို ပေါင်းစပ်ကာ-

“မောင်းကိုထုပါ၊ လူစုပါဟေ့

ရွာကိုဘေးမှ၊ ကာကွယ်ကြဟေ့။

ခားပြင့်အား၊ ဖမ်း၍ထားဟု

စကားမဆုံး၊ ဟစ်အော်တုန်းတွင်

ဒိုင်းဒုန်းဒိန်းသံ၊ ရွာလုံးညံသည်

ချောင်းယံပဲ့တင် ထပ်သတည်း။” (အင်းယားကန်သို့ အိုကူးတို့၊ စာ-၁၆၇)

ဟူသော ကဗျာအဖွဲ့အရ ဇာတ်လမ်းကို ပို၍အသက်ဝင်လာစေပါသည်။ အသံနိမိတ်ပုံတို့ကလည်း ကဗျာ့အာနိသင်ကို ထက်မြက်လာစေသည်။ ရွာသားများအား တံခါးမဖွင့်ရန် တားမြစ်ပုံ၊ ခားပြများ မိမိအားဖမ်းထားကြောင်း အော်ဟစ်သတိပေးပုံ၊ ဖိုးမောင်၏ မိမိရပ်ရွာကို ချစ်မြတ်နိုးစိတ်၊ ကာကွယ်လိုစိတ်ရှိပုံတို့ ထင်ရှားပေါ်လွင်လာစေသည့်အဖွဲ့ပင် ဖြစ်သည်။ သားငါးရှာဖွေကာ အသက်မွေးရသည့်ဘဝ မလှသော်လည်း မိမိရပ်ရွာကို ကာကွယ်စောင့်ရှောက်သော စေတနာလှသည့် ဖိုးမောင် ၏ ဘဝဇာတ်လမ်းမှာ လွမ်းမောတသဖွယ်ဖြစ်လာစေသည်။

“ဂုပ်ကျားကျယ်လောင်၊ ရမ်းရော်ဟောင်သော်

ဖိုးမောင်လာပြီ ဆိုဆဲပင်။” (အင်းယားကန်သို့ အိုကူးတို့၊ စာ -၁၆၈)

ဟူသော ကဗျာအဆုံးတွင် ရွာသားများ ဖိုးမောင်၏ကျေးဇူးကို အစဉ်သတိရကြပုံ၊ ခွေးဖြစ်သောဂုပ်ကျားပင်လျှင် ဖိုးမောင်အား သတိရသဖြင့် ဖိုးမောင်လာနိုးနိုး ရမ်းရော်ဟောင်လေပုံတို့ကို ဖွဲ့ဆိုထားသည်။ ထိုအဖွဲ့အရ ရပ်ရွာအကျိုးကို အသက်စွန့်ဆောင်ရွက်ခြင်း၏ မြင့်မြတ်ပုံ၊ ထိုပုဂ္ဂိုလ်မျိုးကို လူတို့အစဉ်မြတ်နိုး သတိရကြပုံကို ပရိသတ်ရင်ထဲတွင် ဘဝအသိ အာနိသင်ရှိသော ရသတစ်ခု စွဲမြဲကျန်ရစ်စေပါသည်။ “ဖိုးမောင်လာပြီ ဆိုဆဲပင်။” ဟူသောအဖွဲ့ပါ ဆဲဟူသည့် စကားလုံးကြောင့် ရွာသားများ၏ ဖိုးမောင်အပေါ် ချစ်ခင်ဆဲဖြစ်ပုံ၊ တမ်းတပုံ အနက်သဘောမှာလည်း ထင်ရှားလာစေသည်။ ဖိုးမောင်လာပြီ ကဗျာသည် ကဗျာ၏ပုံသဏ္ဌာန်၊ အကြောင်းအရာ၏ လေးနက်မှုတို့ ပေါင်းစည်းရေးဖွဲ့ထားသဖြင့် သက်ဝင်လှုပသော ဇာတ်လမ်းအဖွဲ့ ကဗျာတစ်ပုဒ် ဖြစ်ခဲ့ပါသည်။

သူ့မှာတမ်း(၁၉၆၃)

ဆရာမင်းသုဝဏ်သည် မြန်မာ့ယဉ်ကျေးမှုဓလေ့များကို ချစ်မြတ်နိုးသကဲ့သို့ မြန်မာတို့၏ မျိုးချစ်စိတ်ဇာတိမာန်ကိုလည်း အလေးထားသူတစ်ဦးဖြစ်ပါသည်။ မြန်မာ့သမိုင်းတစ်လျှောက်ရှိ သူရဲကောင်းတို့၏ နိုင်ငံချစ်စိတ်ကို ဇာတ်လမ်းကဗျာများဖြင့် ရေးဖွဲ့တင်ပြထားသည်။ ထိုကဗျာများအနက် သူ့မှာတမ်းကဗျာသည် ထင်ရှားသောကဗျာတစ်ပုဒ်ဖြစ်သည်။

ကဗျာအစတွင် နေဝင်ကာနီးအချိန် တစ်ဖက်ရန်သူ၏မြေမြှုပ်ဗုံးထိမှန်၍ ယမ်းငွေ့တလူလူကြားက ကျဆုံးအံ့ဆဲဆဲ စစ်သည်လေးအား ရွာသားများက ကြင်နာယုယစွာ စကားမေးမြန်းကြသည်။ ထိုအခါ စစ်သည်လေးက မိမိပြောလို၊ မှာလိုသည်များကို ပြန်လည်ဖြေကြားသည်။ ရွာသားများ၏ အမေး၊ စစ်သည်လေး၏ အဖြေကတစ်ဆင့် စစ်သည်လေး၏ ဘဝဇာတ်လမ်းကို ပုံဖော်ဖွဲ့ဆိုကာ တိုင်းချစ် ပြည်ချစ်စိတ်ကို လှုံ့ဆော်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရသည်။ ထိုသဘောကို-

“အမောင်ပြောက်ကျား၊ ချစ်သူအားကို
ဘာများမှာခဲ့ လိုသနည်း။
ငယ်ကကြင်မှတ်၊ မိသက်မှတ်ကို

ခွင့်လွှတ်ခဲ့ကြောင်း ပြောပါလေ။
အမောင်ပြောက်ကျား၊ မိဘအားကို
ဘာများမှာခဲ့ လိုသနည်း။
မွေးသည့်မိခင်၊ မွေးဖခင်ကို
ဦးတင်ခဲ့ကြောင်း ပြောပါလေ"(အင်းယားကန်သို့ အိုကူးတို့၊ စာ – ၁၆၉)

ဟူ၍ ဖွဲ့ဆိုခဲ့သည်။ အမောင်ပြောက်ကျားဟူသော အာလုပ်စကား၊ ဘာများမှာခဲ့လိုသနည်းဟူသော အမေးစကားတို့ ပဲ့တင်ထပ်ကာ စစ်သည်လေး၏ ဘဝ ဇာတ်လမ်းကို ရုပ်လုံးပေါ်စေသည့်အဖွဲ့ပင်ဖြစ်သည်။ စစ်သည်လေး၌ ငယ်စဉ်ကပင် ချစ်ခင်ကျွမ်းဝင်ရသော အိမ်သူသက်ထားရှိပုံ၊ ထိုဇနီးကို မိမိမရှိတော့သည့်နောက် အခြားသူတစ်ဦးဦးနှင့်လက်ထပ်လိုကလက်ထပ်နိုင်ကြောင်း၊ ချစ်သူအားခွင့်လွှတ်ခဲ့ကြောင်း မှာကြားပုံဖြင့် ချစ်သူအပေါ်ထားသည့် ခွင့်လွှတ်ခြင်း စိတ်ထားကို ဖွဲ့ဆိုပြထားသည်။ မြန်မာ့စိတ်အလှဖြစ်သည့် ခွင့်လွှတ်ဟူသောစကားနှင့် စစ်သည်လေးတို့ ဇနီးမောင်နှံ ဘဝသရုပ်ကိုဟပ်၍ ဖွဲ့ဆိုပြခြင်းဖြင့် ကဗျာသည် နှစ်သက်ဖွယ်ဖြစ်လာစေသည်။

စစ်သည်လေး၏ တစ်ဆင့်တိုးဖြေဆိုသော အဖြေစကားဖြစ်သည့် မိဘနှစ်ပါးကို ဦးတင်ခဲ့ကြောင်း ပြောပါလေဟူသော အဖွဲ့အရ သေအံ့ဆဲဆဲအချိန်ထိ မိဘကိုမမေ့သော၊ ရိုသေမြတ်နိုးသော မိဘနှင့် သားသမီးတို့၏ ဘဝဇာတ်လမ်းကို ပေါ်လွင်လာစေသည်။ မြန်မာ့ယဉ်ကျေးမှုအရ ဂါရဝတရား၊ နိဝါတတရားတို့ကို ထင်ရှားစေသည့် ဦးတင်ခဲ့ဟူသော စကားနှင့် စစ်သည်လေးတို့ သားအမိသားအဖ ဘဝသရုပ်ကို ထင်ဟပ်၍ဖွဲ့ဆိုပြခြင်းဖြင့် ကဗျာသည် နှစ်သက်ဖွယ်ဖြစ်လာစေသည်။ နောက်ဆုံးအဖြေစကားဖြစ်သော–

"ခရီးမတ်တပ်၊ လမ်းခုလတ်တွင်
ကိုယ်လွတ်ရှောင်ခွာ၊ ခွဲရပါ၍
အားနာခဲ့ကြောင်း ပြောပါလေ။" (အင်းယားကန်သို့ အိုကူးတို့၊ စာ – ၁၇၀)

ဟူသောအဖွဲ့တွင် စစ်သည်လေး၏ မျိုးချစ်စိတ်နှင့် နိုင်ငံ့သားကောင်းဘဝ ဇာတ်လမ်းကို ထင်ရှားမြင်သာလာစေပါသည်။ ကဗျာဖတ်သူတို့ မျှော်လင့်မထားသော

အံ့ဩလေးစားစိတ်ကို စိတ်လှုပ်ရှားစွာ ခံစားစေရသည့်အဖွဲ့ပင် ဖြစ်သည်။ တိုင်းပြည်အတွက် မိမိအသက်ကို စွန့်လှူခဲ့ပြီးဖြစ်သော်လည်း လွတ်လပ်ရေး ရသည်အထိ တိုက်ပွဲမဝင်နိုင်ခဲ့သောကြောင့် ဘဝတူ ရဲဘော်ရဲဘက်တို့နှင့် တိုင်းပြည်ကို အားနာခဲ့ကြောင်း မှာကြားခဲ့သည်။ မြန်မာ့ယဉ်ကျေးမှု၏ စံနှုန်းကို ပေါ်လွင်စေသည့် အားနာဟူသောစကားနှင့် ရဲဘော်ရဲဘက် စစ်သည်တို့၏ ဘဝသရုပ်ကို ထင်ဟပ်ဖွဲ့ဆိုပြခြင်းဖြင့် ကဗျာသည် ရင်ကိုထိခတ်စေပြီး ဂုဏ်ယူ နှစ်သက်ဖွယ်ဖြစ်လာစေသည်။

စစ်သည်လေး၏ ဘဝနိဂုံးကို အနောက်ကုန်းတွင် နေလုံးကွယ်လေပြီ တကားဟူသော ကာလနောက်ခံအဖွဲ့ဖြင့် နိမိတ်ပုံပြဖွဲ့ဆိုထားသည်။ ထိုအဖွဲ့ ကြောင့် စစ်သည်လေး၏ ဘဝဇာတ်ဆုံးသည် ဆွေးမြေ့ ကြေကွဲဖွယ်ဖြစ်စေသည်။ ချစ်သူကို ခွင့်လွှတ်၊ မိဘကိုဦးတင်၊ တိုင်းပြည်ကို အားနာဟူသော မှာကြားဟန် တို့ဖြင့် ဇာတ်လမ်းကို သက်ဝင်လှုပ်ရှားစေပြီး ခံစားမှု အသိအမြင်ကို အကျဉ်းမှ အကျယ် တဖြည်းဖြည်း အရှိန်မြှင့်တင်သော ဇာတ်လမ်းတည်ဆောက်မှုဖြင့် ဖွဲ့ဆိုခဲ့သည်။ ထို့ကြောင့် ဖတ်ရှုခံစားသူတို့ကို ဘဝအသိအာနိသင်ရှိသော နှစ်သက်မှုရသကို ပေးစွမ်းနိုင်သည့် ဇာတ်လမ်းအဖွဲ့ကဗျာ တစ်ပုဒ်ပင်ဖြစ်ပါတော့သည်။

ဆရာဇော်ဂျီ၏ ဇာတ်လမ်းအဖွဲ့ကဗျာလေ့လာချက်

ဆရာဇော်ဂျီသည် လောကပတ်ဝန်းကျင်ကို ကြည့်တတ်၊ မြင်တတ်၊ ခံစားတတ်သူ တစ်ဦးဖြစ်သည်။ ထို့ကြောင့် သူ၏ကဗျာများတွင် လောကသဘော၊ လူ့သဘော၊ ရာဇဝင်သမိုင်းသဘောတို့ကို အခြေခံ၍ ခံစားဖွဲ့ဆိုထားသော ကဗျာများ ရေးဖွဲ့ခဲ့ပါသည်။

ပုဂံရာဇဝင်သမိုင်းကို အခြေတည်ကာ လောကသဘော၊ လူ့မနောကို ဇာတ်လမ်းဆင် ရေးဖွဲ့သည့် ကျန်စစ်သား၏ ပုပ္ပားကတိ ကဗျာတွင် စောလူးမင်း၏ ပညာဉာဏ်နည်းပုံ၊ ငရမန်ကန်း၏ ကောက်ကျစ်စဉ်းလဲပုံ၊ ကျန်စစ်သားမင်း၏ လက်ရုံးရည် နှလုံးရည်ပြည့်စုံပုံ သမိုင်းတစ်စိတ်တစ်ဒေသကို ကဗျာတစ်ပုဒ်အတွင်း ဇာတ်လမ်းသဖွယ် တင်ပြဖွဲ့ဆိုထားသည်။

စောလူးမင်းသည် ခမည်းတော်အနော်ရထာကဲ့သို့ စွမ်းရည်မရှိပေ။ လက်အောက် ဘုရင်ခံ ဥဿာပဲခူးစား ငရမန်၏ ပုန်ကန်မှုကြောင့် ပြည်တွင်းစစ်ဖြစ်ကာ ပုဂံအုတ်မြစ် ပြိုကွဲလေသည်။ မွန်၊ မြန်မာ၊ ပျူတို့ ပြည်တွင်းစစ်ဒဏ်ကို အလူးအလဲခံရသည်။ ကျန်စစ်သား နန်းတက်သောအခါ အနော်ရထာထံ ငို့ခံခဲ့ရသော မွန်တို့၏ အာဃာတကို ဖြိုဖျက်ရန်ကြိုးစားရင်း မွန်မြန်မာချစ်ကြည်ရေး တည်ဆောက် ခဲ့သည်။

ငရမန်နှင့် ပြည်တွင်းစစ်ဖြစ်ခိုက် မြင်းကပါအရပ်၌ မနူဟာ၏မြေး အသဝတ်မမ္မာသည် ပုဂံပြည်အခိုက်အတန့် မင်းမဲ့နေခြင်းကို အခွင့်ကောင်းယူကာ ပုပ္ပားတွင် လူသူစုဆောင်းသည်။ ငရမန်ကျဆုံးပြီး ကျန်စစ်သား ပုဂံ၌မင်းဖြစ်လာချိန် ပုန်ကန်ရန် အကြံစည်ထုတ်နေသည်။ ထိုသို့ တိုင်းပြည်ရေးရှုပ်ထွေးနေသော ဖြစ်ရပ် အခြေအနေကို-

“ကာလပျက်မှာ၊ မြင်းကပါ၌
မနုဟာမြေး၊ ရှိနေသေး၏
ထိုမြေးသည်းချာ၊ အသဝတ်မမ္မာသည်
တက်လာပုန်ကန်၊ ငရမန်ကြောင့်
ပုဂံတစ်ဝိုက်၊ မင်းမဲ့ခိုက်တွင်
နောက်လိုက်ရွက်ပုန်း၊ သူစည်းရုံး၏”

ဟူ၍ ဖွဲ့ဆိုခဲ့သည်။ ထို့ကြောင့် ပုဂံပြည်တွင်းရေး မငြိမ်မသက်ဖြစ်မှု၊ ပြည်သူ ပြည်သားတို့၏ စိုးရိမ်ထိတ်လန့်မှုစသည့် ခေတ်သဘော၊ လောကသဘော၊ လူ့သဘောကို ပေါ်လွင်လာစေသည့် ဇာတ်လမ်းအဖွဲ့များပင် ဖြစ်ပါသည်။ ထိုအချိန်တွင် အသဝတ်မမ္မာကို အမျက်ထား၍ စစ်ထိုးပါက ပြည်သူတို့ ဆင်းရဲဒုက္ခ ပိုကျရောက်ပြီး မွန်မြန်မာချစ်ကြည်ရေး ပိုအလှမ်းဝေးတော့မည်ကို ကျန်စစ်သားမင်းကြီး သုံးသပ် သိမြင်ခဲ့သည်။ ထို့ကြောင့် သမီးတော်ရွှေအိမ်သည်နှင့် အသဝတ်မမ္မာ၏ သား ဖြစ်သူ နာဂသမန်းနှင့် လက်ဆက်ပေးပုံ၊ ငင်းတို့က မွေးဖွားလာသော အလောင်းစည်သူကို ထီးနန်းပေးခဲ့ပုံ၊ မွန်မြန်မာချစ်ကြည်ရေး အခွန့်ရှည်တည်တံ့စေရန် ဆောင်ရွက်နိုင်ပုံ စသည့် ဇာတ်လမ်းသဘောကို-

“အသဝတ်မမ္မာငယ်၊ လာလေ့ငှါထံ

ရန်မပြုလို၊ ငါကြုံဆိုအံ့
မင်းပျိုကိုငါ၊ ခမည်းခမက်အရာ၌
လျာထားသည်ပါ့၊ မောင်စိတ်ချလော့”

ဟု ဖွဲ့ဆိုထားရာ ပုဂံတွင် စစ်မီးငြိမ်း၍ သထုံရန်မီးကို ငြိမ်းသတ်ပယ်ရှားနိုင်သော သမိုင်းဓာတ်လမ်းကိုလည်း သုတဖြစ်ဖွယ်သိရှိရသည်။ ကျန်စစ်သားမင်းကြီး၏ အမြော်အမြင်ကြီးမားပုံ၊ ကတိသစ္စာတည်မြဲပုံတို့ကို ဖော်ကျူးနိုင်သည့် ကဗျာပါ ဓာတ်လမ်းအဖွဲ့ဖန်တီးမှုသည် ဖတ်ရှုရသူအဖို့ ဘဝအသိအာနိသင် ရှိသောရသကို ပေးစွမ်းနိုင် သည်ကိုတွေ့ရသည်။

သုံးသပ်ချက်

ကဗျာကောင်းတို့မည်သည် ကြည်နူးမှုနှင့်စပြီး ဉာဏ်အသိတွင် ဆုံးခြင်း သို့မဟုတ် ကြည်နူးမှုနှင့်တကွ ဘဝအသိအမြင်တစ်ခု ရရှိစေသည်။ စာဆိုတို့သည် ၎င်းတို့၏ စိတ်ကူးဉာဏ်ကို ကွန့်မြူးကာ စေတနာက ပဲ့ကိုင်၍ ကဗျာကို ဖန်တီးလေ့ ရှိပါသည်။ ဖန်တီးရာတွင် အကြောင်းအရာအားဖြင့် စိတ်ဝင်စားစေရန် ဖန်တီးကြ သကဲ့သို့ ရသနှစ်သက်မှုခံစားရစေရန် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ထုဆစ် ဖွဲ့ဆိုကြသည်။ လူသည် လူတို့အကြောင်းကို စိတ်ဝင်စားတတ်သည့်သဘာဝ ရှိတတ်ကြသည်။ ထို့ကြောင့် လူတို့ စိတ်ဝင်စားနှစ်သက်မည့် ဓာတ်လမ်းသဘော ဖန်တီးမှုသည် ကဗျာကို ပို၍နှစ်သက်မှု ဖြစ်လာစေနိုင်သည်။ သမိုင်းတွင် အထင်ကရရှိခဲ့သော ပုဂ္ဂိုလ် တို့၏ ဘဝဓာတ်လမ်းများ၊ မထင်မရှားရှိခဲ့သော အညတရပုဂ္ဂိုလ်တို့၏ ဘဝဓာတ်လမ်းများသည် စာဆို၏ ဓာတ်လမ်းဖန်တီးမှု အဖွဲ့စွမ်းရည်ကြောင့် သက်ဝင်လှုပလာရပါသည်။ ထိုဓာတ်လမ်းများမှ အတုယူဖွယ်၊ ရှောင်ကြဉ်ဖွယ်များကို နားလည် သိမြင်ပြီး ဘဝအသိ အာနိသင် ရှိသော ရသနှစ်သက်မှုနှင့်အတူ လူမှုဘဝဝန်းကျင် တွင် အသုံးချနိုင်မည်ဖြစ်သည်။ ထို့ပြင် ကဗျာပါ ဓာတ်လမ်းအဖွဲ့များသည် မြန်မာကဗျာဖွံ့ဖြိုးမှုအတွက် တစ်ထောင့်တစ်နေရာက အားဖြည့်ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

နိဂုံး

ဤစာတမ်းတွင် ဆရာမင်းသုဝဏ်၏ ဇာတ်လမ်းအဖွဲ့ ကဗျာနှစ်ပုဒ်နှင့် ဆရာဇော်ဂျီ၏ ဇာတ်လမ်းအဖွဲ့ ကဗျာတစ်ပုဒ်တို့ကို စာပေဆိုင်ရာရှုထောင့်မှ သုတေသနပြု လေ့လာထားခြင်းဖြစ်သည်။ အခြားဇာတ်လမ်း အဖွဲ့ကဗျာများလည်း ရှိနေပါသေးသည်။ ထို့ကြောင့် ဇာတ်လမ်းအဖွဲ့ကဗျာများ၏ ဖန်တီးမှုကို စာပေဆိုင်ရာ၊ ဘာသာစကားရှုထောင့်ဆိုင်ရာတို့မှ ဆက်လက် သုတေသနပြုရန် ကျန်ရှိနေပါသည်။ ကဗျာစာဆိုတို့၏ ကဗျာဖွဲ့ဆိုမှု ပုံသဏ္ဌာန်တစ်ခုဖြစ်သော ဇာတ်လမ်းအဖွဲ့ကို ဦးတည်ရေးဖွဲ့သည့် ကဗျာဖွဲ့ဆိုမှုသည် မြန်မာကဗျာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသဖြင့် ဆက်လက်လေ့လာသင့်ပါသည်ဟု တင်ပြအပ်ပါသည်။

ကျမ်းကိုးစာရင်း

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချို စာပေ။

ဇော်ဂျီ။ (၂၀၀၄)။ ***ရုသစာပေအဖွင့်နှင့် နိဒါန်း***။ ဒုတိယအကြိမ်။ ရန်ကုန်၊ စိတ်ကူး ချိုချိုစာပေ။

ဇော်ဂျီ။ (၂၀၁၂)။ ***ကဗျာပေါင်းချုပ်***။ ဒုတိယအကြိမ်။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

တာရာ (ဒဂုန်–)။ (၁၉၆၇)။ ***စာပေသဘောတရား စာပေဝေဖန်ရေး စာပေလှုပ်ရှားမှု***။ ရန်ကုန်၊ နံသာတိုက်။

မင်းသုဝဏ်။ (၁၉၇၄)။ ***အင်းလျားကန်သို့ အိုကူးတို့***။ ရန်ကုန်၊ ဖွဲစာပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၁၈)။ ***မြန်မာအဘိဓာန်***၊ တတိယအကြိမ်။ ရန်ကုန်၊ မြန်မာစာ အဖွဲ့ဦးစီးဌာန။

ဆဒ္ဒန်ဆင်မင်းဝတ္ထုမှ ဦးပုညဏ်၊ ဥပမာအလင်္ကာဖန်တီးမှုစွမ်းရည်

အေးဝင်း*

စာတမ်းအကျဉ်း

ဆဒ္ဒန်ဆင်မင်းဝတ္ထုမှ ဦးပုညဏ်၊ ဥပမာအလင်္ကာဖန်တီးမှုစွမ်းရည် စာတမ်းသည် ဦးပုညဏ်၊ အခိုင်းအနှိုင်း ကောင်းမွန်မှု၊ စိတ်ကူးဉာဏ် ထက်မြက်မှုတို့ကို ဖော်ထုတ်ပြလိုသည့် ရည်ရွယ်ချက်ဖြင့် လေ့လာထားခြင်း ဖြစ်ပါသည်။ စာပေရှုထောင့်က လေ့လာထားသော ဤစာတမ်းတွင် ဦးပုညဏ်၊ ဝတ္ထု(၅)ပုဒ် စာအုပ်ကို အလေ့လာခံအဖြစ် သတ်မှတ်ပါသည်။ ဤစာတမ်းဏ်၊ သုတေသန ပြဿနာဖြစ်သော ဆဒ္ဒန်ဆင်မင်းဝတ္ထုမှ ဥပမာအလင်္ကာများသည် ဆန်းသစ်မှုရှိ၊ မရှိ၊ စာဆိုဏ်၊ စိတ်ကူးစိတ်သန်း ပါ၊ မပါတို့ကို အဖြေရှာထားပါသည်။ အဖြေရှာရာတွင် ဦးပုညသည် ဆဒ္ဒန္တဇာတ်ရှေးဝတ္ထုဇွန်ကာတို့မှ ဥပမာအလင်္ကာများကို ပြင်ဆင်ဖြည့်စွက်၍ သုံးခြင်းနှင့် အသစ်တီထွင်ဖန်တီးခြင်းတို့ကို တွေ့ရသည်။ ထို့ကြောင့် ဤစာတမ်းသည် ဆဒ္ဒန်ဆင်မင်းဝတ္ထုမှ ဦးပုညဏ်၊ ဥပမာအလင်္ကာ ဖန်တီးမှုစွမ်းရည် ထက်မြက်မှုကို သိရှိနိုင်သည့်အပြင် ဥပမာအလင်္ကာ ဖန်တီးမှုများကို လေ့လာလိုသူများအတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်ပါသည်။

သော့ချက်ဝေါဟာရများ – ဝတ္ထု၊ အလင်္ကာ၊ ဥပမာ၊ ခိုင်းနှိုင်း၊ ဂုဏ်ရည်တူ။

နိဒါန်း

ဦးပုညဏ်၊ ဆဒ္ဒန်ဆင်မင်းဝတ္ထုမှ စာဆိုဏ်၊ ဥပမာအလင်္ကာဖန်တီးမှုစွမ်းရည်ကို လေ့လာရာတွင် ထိုဝတ္ထု၏ ဇာတ်လမ်းအကျဉ်းနှင့် ရည်ရွယ်ချက်၊ ဥပမာ အလင်္ကာ၏ သဘောသဘာဝတို့ကို ဦးစွာလေ့လာစိစစ်ပါသည်။ ထို့နောက် ဝတ္ထုပါအဖွဲ့များမှ ဥပမာအလင်္ကာ၏ သဘောသဘာဝနှင့် ကိုက်ညီသော အဖွဲ့များကို ရှာဖွေစာရင်းပြုစုကာ အကြောင်းအရာတူများကို အုပ်စုခွဲပါသည်။

ထို့ဥပမာအလင်္ကာများတွင် ဦးပုညထက် ဦးစွာရေးသားခဲ့သော အရှင်မဟာဗုဒ္ဓဃောသ၏ ဇာတကဋ္ဌကထာမှ ဥပမာအလင်္ကာများကိုလည်းကောင်း၊

* ပါမောက္ခ၊ ဒေါက်တာ၊ မြန်မာစာဌာန၊ မုံရွာတက္ကသိုလ်။

မိုးထိမူ ပါဠိဇာတ်ပါဠိတော်နိသျ (ဇကနိပါတ်တိ်သနိပါတ်)မှ ဥပမာအလင်္ကာများကို လည်းကောင်း၊ ညောင်ကန်ဆရာတော်ဘုရားကြီး၏ (၅၅၀) ဇာတ်ဝတ္ထုလာ ဆဒ္ဒန္တဇာတ်မှ ဥပမာအလင်္ကာများကိုလည်းကောင်း ယူငင်သုံးစွဲခြင်း ရှိ၊ မရှိကိုပါ ယှဉ်တွဲပြီး စိစစ်ပြထားပါသည်။ ထို့ပြင် ဦးပုည၏ ဥပမာအလင်္ကာများသည် အနှိုင်းခံတို့၏ ဂုဏ်ကို ရုပ်လုံးကြွလာရန် မည်သို့ဖန်တီးထားသည်ကိုလည်း လေ့လာတင်ပြထားသည်။ ထိုဥပမာအလင်္ကာများသည် ဇာတ်ဆောင်၊ နောက်ခံတို့ ရုပ်လုံးကြွရန်နှင့် ဇာတ်ကွက်ဇာတ်လမ်း အားကောင်းရန် အားဖြည့်နိုင်စွမ်းရှိပုံ၊ ဦးပုည၏ ဖန်တီးမှုစွမ်းရည်ကောင်းပုံတို့ကို သုံးသပ်ပြထားပါသည်။

ထို့ကြောင့် ဤစာတမ်းတွင် ဦးပုည၏ ဥပမာအလင်္ကာ(၃၉)ခု တင်ပြချက်၊ ဆဒ္ဒန္တရှေးဇာတ်ဝတ္ထုတို့မှ အဖွဲ့များနှင့် နှိုင်းယှဉ်ချက်၊ ဦးပုည၏ အလင်္ကာဖန်တီးမှုစွမ်းရည် သုံးသပ်ချက်တို့သည် ပေါ်လွင်ထင်ရှားပါသည်။

ဦးပုည၏ အတ္ထုပ္ပတ္တိအကျဉ်း

ဦးပုညသည် စလေမြို့ တိုက်စုရပ်၌ ဖွားမြင်ပါသည်။ **"အဖ ဦးမြတ်စံ၊ အမိ ဒေါ်လှရင်တို့မှ သက္ကရာဇ် ၁၁၇၄ ခုနှစ်၊ ကဆုန်လဆန်း(၃)ရက်၊ ကြာသပတေးနေ့ မွန်းတည့်ချိန်တွင် ဖွားမြင်သည်"** ဟု စာဆိုတော်များအတ္ထုပ္ပတ္တိစာအုပ်တွင် ဖော်ပြထားပါသည်။ (ဘသောင်း၊ ၂၀၀၂၊ စာ ၂၃၃)

ဦးပုညသည် **"လူထွက်ပြီးလျှင် ဗန်းမော်ဆရာတော်ကို အကြောင်းပြု၍ အိမ်ရှေ့မင်းထံ စာဆိုတော်အရာနှင့် ထမ်းရွက်နေရသည်။ ထိုအခါ မြို့ဘွဲ့၊ နန်းဘွဲ့၊ ရတုကဗျာ၊ တေးတျာများကို ရေးဆက်ရာတွင် ညီတော်ထံမှ မင်းတရားကြီးက တောင်းယူ၍ အပါးတော်တွင် ရောက်ရှိခစားရသည်"** ဟု မြန်မာစာပေသမိုင်းစာအုပ်တွင် ဖော်ပြထားပါသည်။ (ဖေမောင်တင်၊ ၂၀၀၃၊ စာ ၃၂၈)

ဦးပုညရေးသားပြုစုသော စာများနှင့်စပ်လျဉ်း၍ မြန်မာစာမိတ်ဖွဲ့စာအုပ်၌ **"ဆဒ္ဒန်ဆင်မင်းဝတ္ထု၊ သူအိုမကြီးဝတ္ထု စသည်တို့သည်လည်းကောင်း၊ ရေသည်ပြဇာတ်၊ ဝိဇယပြဇာတ် စသည်တို့သည်လည်းကောင်း၊ ဒေါနဆီမေတ္တာစာ၊ လှေအလှူခံမေတ္တာစာ စသည်တို့သည်လည်းကောင်း မြန်မာစာပေလောကၭ**

ထင်ရှားသောစာများ ဖြစ်ပေသည်'' ဟု ဖော်ပြထားပါသည်။(တိုက်စိုးနှင့် မင်းယုဝေ၊ ၂၀၀၅၊ စာ ၆၃)

စာဆိုဦးပုညသည် အသတ်ခံရသည့်အဖြစ်ဆိုးနှင့် ဆုံးပါးသွားသော်လည်း စာဆို၏စာများမှာ ကောင်းသတင်းမွေးပြီး အစဉ်တည်တံ့လျက် ရှိနေပါသည်။

ဥပမာအလင်္ကာ၏ သဘောသဘာဝ

စာပေပညာရှင်တို့သည် မိမိတို့၏ အတွေးစိတ်ကူးများကို ပုံဖော်ရာတွင် ဆိုလိုရင်းပေါ်လွင်ရန်၊ စာဟန်လှပခံ့ထည်ရန်၊ ဂုဏ်မြောက်ရန် ဥပမာအလင်္ကာ အဖွဲ့များဖြင့် အဓိကထား၍ တန်ဆာဆင်လေ့ရှိပါသည်။ ထိုဥပမာအလင်္ကာနှင့် စပ်လျဉ်း၍ အရှင်ကုမာရ၏ အလင်္ကာပန်းကုံးတွင် **''ဥပမာန၊ ဥပမေယျဝတ္ထု နှစ်ပါး တို့၏ ဂုဏ်တူမျှခြင်းတည်းဟူသော အစပ်သမ္မန်သည် ဥပမာမည်၏''** (အရှင်ကုမာရ၊ ၂၀၁၂၊ စာ၂၁၁)ဟူ၍ ဖွင့်ဆိုပြထားသည်။ မောင်ခင်မင်(ဓနုဖြူ) ကလည်း **"အကြောင်းတစ်ခုကို အခြားအကြောင်းအရာတစ်ခုနှင့်** ခိုင်းနှိုင်းခြင်း သည် ဥပမာ**အလင်္ကာ၏ အခြေခံသဘောဖြစ်သည်"** ဟု ဆိုထားပါသည်။ (မောင်ခင်မင်၊ ၂၀၁၁၊ စာ ၁၅၃)

ထို့ကြောင့် ဥပမာအလင်္ကာများသည် အနှိုင်းခံတစ်ခုနှင့် အနှိုင်းတစ်ခု သို့မဟုတ် အနှိုင်းတစ်ခုမက ပါဝင်ဖွဲ့စည်းထားပါသည်။ ထိုအနှိုင်းတို့သည် စာဆို၏ တန်ဆာဆင်မှု၊ ဖန်တီးမှုတို့ ဖြစ်ပါသည်။

ဆဒ္ဒန်ဆင်မင်းဝတ္ထုမှ ဦးပုည၏ ဥပမာအလင်္ကာ ဖန်တီးမှုစွမ်းရည်

ဤစာတမ်း၌ ဆဒ္ဒန်ဆင်မင်းဝတ္ထု၏ ဇာတ်လမ်းအကျဉ်းနှင့် ရည်ရွယ်ချက် တို့ကို ဦးစွာတင်ပြထားပါသည်။

ဆဒ္ဒန်ဆင်မင်းဝတ္ထု၏ ဇာတ်လမ်းအကျဉ်းနှင့် ရည်ရွယ်ချက်

ဆဒ္ဒန်ဆင်မင်းဝတ္ထုသည် ဘုရားဟော ခုဒ္ဒကနိကာယ် တိသနိပါတ် ဆဒ္ဒန္တဇာတ် ဇာတ်အမှတ်စဉ် ၅၁၄ ကို မှီးထားခြင်း ဖြစ်ပါသည်။ ဆဒ္ဒန်ဆင်မင်း

ဝတ္ထု၏ ဇာတ်လမ်းအကျဉ်းမှာ ဆဒ္ဒန်ဆင်မင်းသည် မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ မိဖုရားတို့နှင့်အတူ ဆင်ရုစ်ထောင်ခြံရံလျက် ဆဒ္ဒန်အိုင်၌ နေထိုင်ကြသည်။ ဆဒ္ဒန်ဆင်မင်းက အင်ကြင်းပင်ကို လှုပ်ရမ်း၍ အင်ကြင်းပန်းများ ကြွေကျစေသော ဖြစ်ရပ်၊ ပဒုမ္မာကြာပန်းမှ ကြာဝတ်ဆံများကို ဖြန့်ကြဲပေးသောဖြစ်ရပ်တို့တွင် မဟာသုဘဒ္ဒါအား စေတနာမေတ္တာပိုသည်ဟု မှတ်ယူကာ စူဠသုဘဒ္ဒါက ရန်ငြိုးဖွဲ့ခဲ့သည်။ ထို့ကြောင့် ပစ္စေကဗုဒ္ဓါတို့ထံ အလှူပေး၍ ဆင်မင်း၏အစွယ်ကို ဖြတ်နိုင်သောဆုရရန် တောင်းခဲ့သည်။ နောက်တစ်ဘဝတွင် ဗာရာဏသီမင်း၏ မိဖုရားဖြစ်လာသော စူဠသုဘဒ္ဒါသည် ဆဒ္ဒန်ဆင်မင်း၏အစွယ်ကို နားတောင်းပြု၍ ပန်လိုသည်ဟု အကြောင်းပြကာ ဆဒ္ဒန်ဆင်မင်းအားသတ်ရန် သောနုတ္တရမုဆိုးကို ဟိမဝန္တာသို့ စေလွှတ်ခဲ့သည်။ မုဆိုး၏ အဆိပ်လူးမြား ထိမှန်ခံရသော ဆင်မင်းသည် ရန်ငြိုးဖွဲ့သော စူဠသုဘဒ္ဒါ၏စနက်ဖြစ်ကြောင်း သိရသဖြင့် ရန်ငြိုးပြေရန် စွယ်တော်ကို ကိုယ်တိုင်ဖြတ်၍ ပေးလှူခဲ့သည်။ စူဠသုဘဒ္ဒါမိဖုရားသည် ဆင်မင်းထံက မေတ္တာစကားများကို မုဆိုးထံမှတစ်ဆင့် ကြားသိရသဖြင့် လွမ်းတပူဆွေးကာ ရင်ကွဲနာကျ၍ သေဆုံးလေသည်။

ဆဒ္ဒန်ဆင်မင်းဝတ္ထု၏ ရည်ရွယ်ချက်မှာ အလှူပြုပြီးနောက် ဝဋ်ဒုက္ခရောက်စေမည့် စည်းစိမ်ချမ်းသာများကို မတောင်းကြရန်နှင့် ဝဋ်ကျွတ်ရာနိဗ္ဗာန်ဆုကိုသာ တောင်းကြရန် ဖြစ်ပါသည်။

ဦးပုည၏ ဥပမာအလင်္ကာ ဖန်တီးမှုစွမ်းရည်

ဦးပုည၏ ဆဒ္ဒန်ဆင်မင်းဝတ္ထုဠ္ဍ ဥပမာအလင်္ကာပေါင်း (၃၉)ခု သုံး၍ တန်ဆာဆင်ထားပါသည်။ ဆဒ္ဒန်ဆင်မင်း၏ ခြေဖျား၊ လက်ဖျား၊ နှုတ်ဖျားများ နီရဲနေပုံကို **"ချိပ်ရည်စွေးစွေး ယုန်သွေးကမ္မလာ သန္ဓာခေါင်ရမ်း ကသစ်ပန်းကဲ့သို့"** (ဦးပုည၊ ၂၀၁၆၊ စာ ၆) ဟုလည်းကောင်း၊ ဆင်မင်း၏ ကိုယ်လုံးတော်ဖြူဖွေးပုံကို **"ပွတ်သစ်ခရုသင်း ငွေလမင်းကဲ့သို့"** (စာ ၆) ဟုလည်းကောင်း၊ ဆင်မင်း၏ အစွယ်ဖြူဖွေးပုံကို **"ကျူငွေတုံးလား"** (စာ၂၁)ဟုလည်းကောင်း၊ ဆင်မင်းက စွယ်တော်အား တန်ဖိုးထားပုံကို **"နဝရတ်ခြယ်စီ ရွှေစေတီကဲ့သို့"** (စာ ၂၂) ဟုလည်းကောင်း၊ ဆင်မင်း၏ ခန္ဓာကိုယ် ဖြူဖွေးကြီးမြင့်ပုံကို **"ငွေတောင်ကြီး**

အဟန်" (စာ ၁၉)၊ "**ငွေတောင်ကြီးသွင်**" (စာ ၂၃) ဟုလည်းကောင်း၊ သင်္ကန်းခြုံထားသောမုဆိုးကို ဆင်မင်းခွင့်လွှတ်ရုံပုံကို "**ဘုရားလိုဏ်ခေါင်းအောင်း၍ မာန်သွေးဟောင်သည့်ခွေးကို အရေးပြုခြင်းငှာ ခွင့်မသာသကဲ့သို့**" (စာ ၁၇) ဟု လည်းကောင်း၊ ဆင်မင်းက မုဆိုးကို သည်းခံခွင့်လွှတ်ပုံကို "**ရွှေကိုယ်တော်ဖွား ရင်နှစ်သားကဲ့သို့**" (စာ ၁၉) ဟု လည်းကောင်း၊ ဆင်မင်းက မဟာသုဘဒ္ဒါအား မြတ်နိုးတန်ဖိုးထားပုံကို "**ရွှေလည်ရွဲကဲ့သို့**" (စာ ၂၄) ဟု လည်းကောင်း၊ ဆင်မင်း၏ အာခံတွင်းက သွေးများယိုစီးလာပုံကို "**ကန်ကျိုး၍ လာသကဲ့သို့**" (စာ ၂၁) ဟုလည်းကောင်း၊ ဆင်မင်း၏အစွယ် မြေသို့ပြတ်ကျပုံကို "**ရွှေတောင်ကြီးပြို့သကဲ့သို့**" (စာ ၂၁) ဟုလည်းကောင်း၊ ဆင်မင်း၏ အသက်ခန္ဓာ ပျက်ကြွေဆုံးရှုံးပုံကို "**စေတီငွေတုံး ပျက်ပြိုဆုံးသကဲ့သို့**" (စာ ၂၁) ဟုလည်းကောင်း တန်ဆာဆင် ဖွဲ့ဆိုထားပါသည်။ ဤဥပမာအလင်္ကာအဖွဲ့တို့သည် ဆဒ္ဒန်ဆင်မင်း၏ အဆင်းအရောင်၊ အသွင် သဏ္ဌာန်၊ စိတ်ထားနှင့် ဒုက္ခခံရုပ်တို့ကို ပေါ်လွင်ပါသည်။ ဆဒ္ဒန္တ ဇာတ်ဝတ္ထုတို့၌ ဆဒ္ဒန်ဆင်မင်း၏ ကိုယ်လုံးတော်ဖြူဖွေးပုံကို အရှင် မဟာဗုဒ္ဓဃောသ၏ ဇာတကဋ္ဌ ကထာ၊ ပဌမောဘာဂေါတွင် "**ပဏ္ဍရီကတ္တာစရိ**" (ဗုဒ္ဓဃောသ၊ ၁၉၆၂၊ စာ ၃၇၃) ဟု ဖော်ပြထားပါသည်။ မိုးထိမူ၏ ပါဠိဇာတ် ပါဠိတော်နိသျ (ဇကနိပါတ်-တိသနိပါတ်) စာအုပ်တွင် "**ကြာဖြူအဆင်းနှင့် တူသော အရေဟု ဆိုအပ်သော ဖြူသောအင်္ဂါနှင့် ပြည့်စုံသည်ဖြစ်၍**" (မိုးထိမူ၊ ၁၉၆၈၊ စာ ၅၉၁) ဟု ဖော်ပြထားပါသည်။ ညောင်ကန်ဆရာတော်ဘုရားကြီး၏ ငါးရာငါးဆယ် ဇာတ်ဝတ္ထု စတုတ္ထတွဲစာအုပ်တွင် "**ထိုဘုရားလောင်းသည်ကား ကိုယ်လုံးဖြူ၏**" (ညောင်ကန်ဆရာတော်၊ ၂၀၀၅၊ စာ ၆၅၇) ဟု ရေးသားထားပါသည်။ ဦးပုညု၏ ဆဒ္ဒန်ဆင်မင်းဝတ္ထုမှာ "**ပွတ်သစ်သောခရုသင်း ငွေလမင်းကဲ့သို့**" (ဦးပုညု၊ ၂၀၁၆၊ စာ ၁၂) ဟု ခိုင်းနှိုင်းရေးသား ထားပါသည်။ ဦးပုညုသည် ဆဒ္ဒန်ဆင်မင်း၏ ကိုယ်လုံးတော်ဖြူဖွေးပုံကို ရှိနှင့်ပြီး ကျမ်းများမှ စကားအဆင် တန်ဆာများကို ယူမသုံးဘဲ အသစ်ထွင် သုံးထားပါသည်။ ဦးပုညု၏ ဥပမာ အလင်္ကာအဖွဲ့သည် ဖြူဝင်းတောက်ပသော မြင့်မြတ်သော ခရုသင်း၊ ဖြူဝင်းအေးမြသော နှစ်သက်ဖွယ် လမင်းတို့နှင့် ခိုင်းနှိုင်းထားသည့်အတွက် ဆဒ္ဒန် ဆင်မင်း၏ ကိုယ်လုံးတော်ဖြူဖွေးပုံကို သိမြင်ရသည်သာမက ဆင်မင်း၏ မြင့်မြတ်သော၊ နှစ်သက်ဖွယ်ကောင်းသော ဂုဏ်ကိုပါ သိမြင်ခံစားရ ပါသည်။

ဦးပုညသည် ဆဒ္ဒန်ဆင်မင်းဝတ္ထုဌ္ဌ သောနုတ္တရမုဆိုး၏ ကိုယ်စိတ် အမူအရာကို ပုံပေါ်လာရန် ဥပမာအလင်္ကာများနှင့် တန်ဆာဆင်ထားပါသည်။ သောနုတ္တရမုဆိုး၏ ခြေဖဝါးကြီးမားကြမ်းတမ်းပုံကို **"ထန်းပလပ်ပြားကဲ့သို့"** (ဦးပုည၊ ၂၀၁၆၊ စာ ၁၀) ဟုလည်းကောင်း၊ သောနုတ္တရမုဆိုး၏ ခြေသလုံးသားကြီးမားပုံကို **"ဆန်ထုပ်ဆွဲသကဲ့သို့"** (စာ ၁၀)ဟုလည်းကောင်း၊ မုဆိုး၏ အရိုးအဆစ်တို့ မပြေပြစ်ပုံကို **"ကျင်ဖုတပ်သကဲ့သို့"** (စာ ၁၀) ဟုလည်းကောင်း၊ မုဆိုး၏ မုတ်ဆိတ်များ ညစ်ထေးရှုပ်ပွနေပုံကို **"တံမြက်ခြေမှိုက်ကဲ့သို့"** (စာ ၁၀) ဟုလည်းကောင်း၊ မုဆိုး၏ နှုတ်ခမ်းမွေး နီမြန်းနေပုံကို **"ပြောင်းဖူးမွှေးကဲ့သို့"** (စာ ၁၀) ဟုလည်းကောင်း၊ မုဆိုး၏ မျက်ဝန်းအိမ်၌ နီဝါရောင်သန်းနေပုံကို **"ခပ်ဝါနီကြန် ကြောင်မျက်ဆန်ကဲ့သို့"** (စာ ၁၀) ဟုလည်းကောင်း၊ မုဆိုး၏ နံရိုးနံကိုင်းများ မညီညာပုံကို **"အမိုးပျက်ပြို ရနယ်အိုကဲ့သို့"** (စာ ၁၀) ဟု လည်းကောင်း၊ သောနုတ္တရမုဆိုး၏ ခန္ဓာကိုယ် ကြီးမားကြမ်းတမ်းပုံကို **"စာသူငယ်ကြား လင်းတနားသကဲ့သို့"** (စာ ၁၀-၁၁) ဟုလည်းကောင်း၊ သောနုတ္တရမုဆိုးက တစ်ကုမ္ဘဝင်သော လွယ်အိတ်ကြီးကို ပေါ့ပါးစွာသယ်သွားပုံကို **"ကွမ်းအစ်ငယ် တစ်လုံးမျှ"** (စာ ၁၄) ဟုလည်းကောင်း၊ မုဆိုးက ရသေ့ရဟန်းတို့၏ သင်္ကန်းကို ဆင်မြန်းထားပုံကို **"မထီးသီလဝင် တကယ့်ရှင်ကဲ့သို့"** (စာ ၁၅) ဟု လည်းကောင်း၊ မုဆိုးက ဆင်မင်း၏အစွယ်ကို အားရပါးရဖြတ်နေပုံကို **"ရန်ဘက်ချင်းကဲ့သို့"** (စာ ၂၀) ဟုလည်းကောင်း ခိုင်းနှိုင်းရေးဖွဲ့ထားပါသည်။ ဦးပုညက မုဆိုး၏ ရုပ်ဆင်းကို သရုပ်ဖော်ရာ၌ ခြေဖဝါး၊ ခြေသလုံး၊ မုတ်ဆိတ်၊ နှုတ်ခမ်းမွေး၊ မျက်ဝန်းအိမ် စသော ခန္ဓာကိုယ် အစိတ်အပိုင်းများကိုလည်းကောင်း၊ စိတ်ထားယုတ်ညံ့ပုံကိုလည်းကောင်း ပေါ်လွင်လာရန် မျက်မြင်အကြောင်းများကို ဝေဝေဆာဆာသုံး၍ ခိုင်းနှိုင်းပုံဖော် ထားပါသည်။ ဆဒ္ဒန်ဆင်မင်းဇာတ်ဝတ္ထုတို့၌ သောနုတ္တရမုဆိုး၏ ခန္ဓာကိုယ် ကြီးမားပုံကို ညောင်ကန်ဆရာတော်က **"မုဆိုးတို့၏ ဦးခေါင်းအထက်ဖြင့် ထင်ရှားသော"** (ညောင်ကန်ဆရာတော်၊ ၂၀၀၅၊ စာ ၆၆၆) ဟု ရေးသားထားပြီး ဦးပုညကမူ **"စာသူငယ်ကြား လင်းတနားသကဲ့သို့"** (ဦးပုည၊ ၂၀၁၆၊ စာ ၁၀) ဟု ခိုင်းနှိုင်းရေးသားထားပါသည်။ ဦးပုည၏ ဥပမာအဖွဲ့သည် တခြားသော မုဆိုးများထက် ကိုယ်အရပ်မောင်းကြီးမြင့်သည့် သောနုတ္တရမုဆိုး၏ရုပ်အသွင်ကို ထင်ရှားစွာမြင်လာရသည်သာမက သောနုတ္တရ

မုဆိုးကို ကြောက်ရွံ့ဖွယ်၊ စက်ဆုပ်ဖွယ် လူကြမ်းအဖြစ် ခံစားမိအောင် ဖန်တီးပုံဖော်နိုင်ပါသည်။

ဆဒ္ဒန်ဆင်မင်းဝတ္ထုလာ ဆင်အပေါင်းပျော်စံရာ ဆဒ္ဒန်အိုင်၌ ကြာညို၊ ကြာနီ၊ ကြာဖြူ၊ ပဒုမ္မာကြာ၊ ကြာပဏ္ဍရိက်တောတို့ အဆင့်ဆင့်ဝန်းရံနေပါသည်။ ထိုကြာတောများမှ ကြာညိုပန်းတောဏ၏ အရောင်ကို ဦးပုညက **"ငှက်ခါးတောင်ဖြန့်သကဲ့သို့"** (စာ ၁) ဟုလည်းကောင်း၊ ကြာနီပန်းတောဏ၏ အရောင်ကို **"ကမ္မလာရွှန်းသစ် တကျွန်းဖြစ်ဖြင့် ဝန်းရစ်ပတ်ခြံရံသကဲ့သို့"** (စာ ၂) ဟုလည်းကောင်း၊ ကြာဖြူ ပန်းတောဏ၏အရောင်ကို **"ကျူနှစ်ဘော်စင် ငွေချော်ပင်ကဲ့သို့"** (စာ၂) ဟုလည်းကောင်း၊ ပဒုမ္မာကြာပန်းတောမှ ကြာပန်းတို့၏သဏ္ဌာန်ကို **"ကာပြိုင်ညီးလက် ငွေထီးချက် ကဲ့သို့"** (စာ ၂) ဟုလည်းကောင်း၊ ပုဏ္ဍရိက်ကြာပန်းတောဏ၏ အသွင်ကို **"ဗိတာန် ကြက်ကဲ့သို့"** (စာ ၂) ဟုလည်းကောင်း ခိုင်းနှိုင်းထားပါသည်။ ဤဝတ္ထုမှ ကြာနီတောဏ၏ လှပတင့်တယ်ပုံကို ဦးပုညက

> ''သန္တာနှုတ်ကျေး ယုန်သွေးတစ်ရှိ ကောဝိလပွင့် တျာတျာရင့်နှင့် ကြက်မင့်ဦးသျှောင် ပန်းရောင်လွင်လွင် လောဟိတင်မဏိရတ် တွတ်တွတ် နီမြန်း မင်သစန်းအသား ပတ္တမြားကျောက်မွန် သိန်းတန်သပြာ ကမ္မလာ ရွှန်းသစ် တစ်ကျွန်းဖြစ်နှင့် ဝန်းရစ်ပတ်ခြံရံသကဲ့သို့'' (စာ ၁-၂)

ဟု အခိုင်းအနှိုင်းများစွာသုံး၍ တန်ဆာဆင်ထားပါသည်။ ဦးပုညဏ၏ အခိုင်းအနှိုင်းကောင်းမွန်မှုကြောင့် ကြာနီတောတစ်ခုလုံး ကြာနီပန်းလေးများ ရဲရဲနီနေပုံကို မြင်ယောင်လာရုံသာမက ကြာနီတောကို နှစ်သက်လာပါသည်။ ဤအဖွဲ့သည် ဦးပုညဏ၏ ကျမ်းဂန်စာပေနှံ့စပ်မှု၊ သဘာဝပတ်ဝန်းကျင်အပေါ် သတိမူတတ်မှုတို့ကို ပြည့်ဖြိုးနေသည့် ဥပမာအလင်္ကာအဖွဲ့ ဖြစ်ပါသည်။ ဤအလင်္ကာသည် ဦးပုညဏ၏ တခမ်းတနား ဖန်တီးတတ်သောစွမ်းရည်ကို ပြည့်ဖြိုးလျက် ရှိပါသည်။

ဆဒ္ဒန်ဆင်မင်းဝတ္ထုဏ၏ ဇာတ်ကွက်ဇာတ်လမ်းအတွက် ရုပ်လုံးကြွလာရန် အင်ကြင်းပင်၊ ပညောင်ပင်၊ မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ စသည်တို့၏ ရုပ်ဆင်းသွင်ပြင်နှင့် ခံစားချက်တို့ကို ဥပမာအလင်္ကာများဖြင့် တန်ဆာဆင်ထားပါသည်။ ဆဒ္ဒန်ဆင်မင်းဝတ္ထုလာ ဆဒ္ဒန်အိုင်အနီးက အင်ကြင်းပင်သည် အပွင့်များနှင့်

လှပနေပုံကို "**သန္တာရိုးတံ မင်းစံရွှေပွင့် ကိုးဆင့်နဝရတ် ဘုံပြဿဒ်ကဲ့သို့**" (စာ-၆) ဟုလည်းကောင်း၊ အင်ကြင်းပန်းများ၊ ဝတ်မှုံများ ကြွေကျလာပုံကို "**ရွှေမျက်ပါးကို တစ်ပြားစီလွှာ၍ လေညာကလွင့်သကဲ့သို့**" (စာ ၇) ဟုလည်းကောင်း၊ ပညောင်ပင်၏ စိမ်းစိုညိုမှောင်နေပုံကို "**မြဲ၏အရောင် မျက်စဉ်းတောင်ကဲ့သို့**" (စာ ၁၂) ဟုလည်းကောင်း၊ ပညောင်ပင်၏ အကိုင်းအခက်အလက်များ စပ်ယှက် အုပ်မိုးနေပုံကို "**လိုဏ်ဂူမင်းကဲ့သို့**" (စာ ၁၂) ဟုလည်းကောင်း၊ ဆင်မင်းသေဆုံး သဖြင့် မဟာသုဘဒ္ဒါ၏ အသည်းများကြေမွအောင် ခံစားရပုံကို "**ရန်ပုံခွင်း မှန်သကဲ့သို့**" (စာ ၂၆) ဟုလည်းကောင်း၊ မဟာသုဘဒ္ဒါက ဆင်မင်းကို လွမ်းသောကြောင့် မျက်နှာမရွှင်ပြပုံကို "**လက္ကန္ဒူမှာ လွမ်းမြူတိမ်တောင် မြွေးရစ်မှောင်သို့**" (စာ ၂၇) ဟု လည်းကောင်း၊ ဗာရာဏသီမင်းကြီးက စူဠသုဘဒ္ဒါအပေါ် ချစ်ကြင်နာပုံကို "**အသက်ပမာ**" (စာ ၉) ဟုလည်းကောင်း၊ စူဠသုဘဒ္ဒါက ဆင်မင်းအား စိမ်းကားပုံကို "**သစ်ဟောင်းခက် ချိုးသကဲ့သို့**" (စာ ၂၃) ဟု လည်းကောင်း၊ ဘုရားရှင်က တရားတော် ဟောကြားပုံကို "**ကြောင်ကျိုး စကားမွန်ကို မုဋ္ဌောခြေးခြေး ဖြဟ္မကြွေး၏သို့**" (စာ ၃) ဟု လည်းကောင်း၊ မိုးရွာနေပုံကို "**စိန်သွတ်ပုလဲ ပန်းဆိုင်းဆွဲသကဲ့သို့**" (စာ ၂) ဟု လည်းကောင်း၊ ဇာတိမကုန်ပါက အိုနာသေ သံသရာလည်နေရမည့်ပုံကို "ချားရဟတ်သို့" (စာ ၈) ဟုလည်းကောင်း ခိုင်းနှိုင်း ရေးဖွဲ့ထားသည်။ ဤအဖွဲ့တို့မှ 'သည်းပွတ်စိုင်ကို ဖြတ်ချိုင်ကျွမ်းလှန် ရန်ပုံခွင်း မှန်သကဲ့သို့' သည် ''**အလောင်းဘုရား လက်ထက်သုံး အမြောက်တစ်လက်၏ အမည်**'' (မြန်မာစာအဖွဲ့၊ ၁၉၈၀၊ စာ ၃၆) ရန်ပုံခွင်းအမြောက် ထိမှန်ခံရသူနှင့် ခိုင်းနှိုင်း ထားသည့်အတွက် အနှိုင်းခံဖြစ်သည့် မဟာသုဘဒ္ဒါမိဖုရား ဒုက္ခဝေဒနာ ပြင်းပြင်းထန်ထန် ခံစားနေရပုံကို ပေါ်လွင်လာပါသည်။ ဤအဖွဲ့သည် ထိုခေတ်က ထင်ရှားသောစစ်လက်နက်ကို နေရာတကျ ထည့်သွင်းဖန်တီးနိုင်သည့် စာဆို၏ စိတ်ကူးဉာဏ်ကောင်းကို ပြနေပါသည်။

ဦးပုညသည် မိမိပြောလိုသမျှကို ထင်ရှားစေရန် ဥပမာအလင်္ကာများကို အဓိကထား၍ သုံးစွဲခဲ့ပါသည်။ သုံးစွဲခဲ့သော ဥပမာအလင်္ကာအဖွဲ့များသည် လူတိုင်းနီးပါး နားလည်နိုင်သည့် အကြောင်းအချက်များကို ဦးစားပေး ရွေးချယ်ထားပါသည်။ တရားဟောဝတ္ထုဖြစ်သည့်အတွက် ခံညားလိုသော နေရာများတွင် ကျမ်းဂန်ထွက်စကားများ၊ ကျောက်မျက်ရတနာများနှင့် တန်ဆာဆင် ခိုင်းနှိုင်း

ထားပါသည်။ ဤအလင်္ကာအဖွဲ့တို့တွင် ဆန်းသစ်မှုများ၊ စိတ်ကူးဉာဏ်ကောင်းများ ပါဝင်သဖြင့် ဦးပုညသည် ဥပမာအလင်္ကာဖန်တီးမှုစွမ်းရည် ထက်မြက်သူဟု မှတ်ယူပါသည်။

သုံးသပ်ချက်

ဦးပုညု၏ ဆဒ္ဒန်ဆင်မင်းဝတ္ထုဌ္ဌ ဥပမာအလင်္ကာအဖွဲ့ (၃၉)ခု တွေ့ရှိပါသည်။ ဤဥပမာအလင်္ကာအဖွဲ့များတွင် ဆဒ္ဒန်ဆင်မင်းနှင့် သက်ဆိုင်သော ဥပမာအလင်္ကာ အများဆုံးဖြစ်ပါသည်။ ဒုတိယအများဆုံးမှာ သောနုတ္တရမုဆိုးနှင့် သက်ဆိုင်သောအဖွဲ့များဖြစ်ပါသည်။ ဇာတ်လမ်းအရ အရေးပါသောပုဂ္ဂိုလ်များကို ဥပမာအလင်္ကာ များများသုံး၍ ဖန်တီးခဲ့ခြင်း ဖြစ်ပါသည်။ ဖန်တီးရာတွင် တရားဟောဝတ္ထုဖြစ်သည့်အတွက် လူတိုင်းနားလည်နိုင်မည့် လူ့ပတ်ဝန်းကျင်ရှိ မျက်မြင်အကြောင်းများနှင့် ခိုင်းနှိုင်းဖန်တီးထားပါသည်။ ကျမ်းဂန်လာကို အနည်းငယ်သာ သုံးထားပါသည်။ ဦးပုညသည် အရှင်မဟာဗုဒ္ဓဃောသ၏ ဇာတကဋ္ဌကထာနှင့် ညောင်ကန်ဆရာတော်၏ ဆဒ္ဒန္တဇာတ်မှ အဖွဲ့တချို့ကို ယူငင်သုံးစွဲခဲ့သော်လည်း တိုက်ရိုက်ယူငင်ခြင်းမပြုဘဲ အသွင်ပြောင်း၍ ဖန်တီးထားပါသည်။

'ပွတ်သစ်ခရုသင်း ငွေလမင်းကဲ့သို့'၊ 'ချိပ်ရည်စွေးစွေး ယုန်သွေးကမ္မလာ သန္တာခေါင်ရမ်း ကသစ်ပန်းကဲ့သို့' ဟူသော ဥပမာအလင်္ကာတို့သည် မိမိပြောလိုရာ အနှိုင်းခံတစ်ခုကို အနှိုင်းဝတ္ထုပစ္စည်း နှစ်ခုသုံးခုဖြင့် ထပ်ဆင့်ခိုင်းနှိုင်းထားပါသည်။ ထို့ပြင် ဆင်မင်း၏ အဆင်းဖြူဖွေးပုံနှင့် ခန္ဓာကိုယ် ကြီးမားပုံတို့ကို ဥပမာအလင်္ကာအမျိုးမျိုးဖြင့်လည်းကောင်း၊ သောနုတ္တရမုဆိုး၏ ရုပ်သွင်နှင့် စရိုက်တို့ကို သရုပ်ဖော်ရာ၌ ဥပမာအလင်္ကာအသီးသီးဖြင့်လည်းကောင်း စိတ်ကူးကောင်းစွာ တန်ဆာဆင်ခဲ့ပါသည်။ ထို့ကြောင့် ဆဒ္ဒန်ဆင်မင်းဝတ္ထုမှ ဇာတ်ဆောင်စရိုက်တို့သည် ရုပ်လုံးကြွလာပြီး ဇာတ်လမ်းမှာ နှစ်သက်ဖွယ်ဖြစ်လာပါသည်။ ဤဝတ္ထုမှ ဦးပုညု၏ ဥပမာအလင်္ကာအဖွဲ့များသည် ဆန်းသစ်မှုရှိပြီး စာဆို၏ စိတ်ကူး ဉာဏ်ကောင်းများ တွေ့ရသဖြင့် ဦးပုညသည် ဥပမာအလင်္ကာ ဖန်တီးမှုစွမ်းရည် ထက်မြက်သောစာဆို ဖြစ်ပါသည်။ ဤစာတမ်းသည် ဆဒ္ဒန်ဆင်မင်း

ဝတ္ထုမှ ဦးပုည၏ ဥပမာအလင်္ကာ ဖန်တီးမှုစွမ်းရည်ကိုသာသီးသန့်လေ့လာထားသည့် အတွက် ကျန်ရှိသော အကြောင်းအရာဖန်တီးမှုနှင့် အရေးအသား ဖန်တီးမှုတို့ကို ဆက်လက်လေ့လာနိုင်ပါသည်။

ကျေးဇူးတင်လွှာ

ဤစာတမ်းကို စိစစ်ထောက်ခံပြီး တင်သွင်းခွင့်ပြုပါသော ဆရာမကြီး ဒေါက်တာခင်မြင့်စိန်၊ ပါမောက္ခ(ဌာနမှူး)၊ မြန်မာစာဌာန၊ မုံရွာတက္ကသိုလ်၊ ဆရာကြီးဒေါက်တာအောင်ကျော်သင်း၊ ပါမောက္ခချုပ်၊ မုံရွာတက္ကသိုလ် အမှူးပြုသော မုံရွာတက္ကသိုလ် ERC မှ ဆရာကြီးဆရာမကြီးများနှင့် URJ မှ စိစစ်ရွေးချယ် ပေးသော ဆရာကြီး ဆရာမကြီးများကို ကျေးဇူးအထူးတင်ရှိပါသည်။

ကျမ်းကိုးစာရင်း

ကုမာရ၊ **အရှင်**။ (၂၀၁၂)။ ***အလင်္ကာပန်းကုံး*** (အဋ္ဌ-ကြိမ်)။ ရန်ကုန်၊ ထွန်းမိသားစုပုံနှိပ်တိုက်။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချို စာပေ။

ညောင်ကန်ဆရာတော်။ (၂၀၀၅)။ ***ငါးရာငါးဆယ်ဇာတ်ဝတ္ထု စတုတ္ထတွဲ*** (တ-ကြိမ်)။ ရန်ကုန်၊ ခင်ချိုထွန်းစာပေ။

တိုက်စိုးနှင့် မင်းယုဝေ။ (၂၀၀၅)။ ***မြန်မာစာမိတ်ဖွဲ့ (စ-ကြိမ်)***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ပုည၊ **ဦး**။ (၂၀၁၆)။ ***ဦးပုည ဝတ္ထု(၅)ပုဒ်***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ဖေမောင်တင်၊ **ဦး**။ (၂၀၀၃)။ ***မြန်မာစာပေသမိုင်း*** (ပဉ္စ-ကြိမ်)။ ရန်ကုန်၊ ချိုတေးသံစာပေ။

ဗုဒ္ဓဃောသ၊ အရှင်မဟာ။ (၁၉၆၂)။ ***ဇာတကဋ္ဌကထာ၊ ပဌမော ဘာဂေါ***။ ရန်ကုန်၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်။

ဘသောင်း၊ **ဗိုလ်မှူး**။ (၂၀၀၂)။ ***စာဆိုတော်များအတ္ထုပ္ပတ္တိ*** (ပဉ္စ-ကြိမ်)။ ရန်ကုန်၊ ပါရမီစာပေ။

မိုးထိမူ။ (၁၉၆၈)။ ***ပါဠိဇာတ်ပါဠိတော်နိဿျ (ဧကနိပါတ် တိံသနိပါတ်)***။ မန္တလေး၊ မန္တလေးတောင်ပိဋကတ်တော် စာပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန်*** (ဒု-ကြိမ်)။ တောင်ဒဂုံ၊ နေလင်းပုံနှိပ်တိုက်။

အမွေရှေးစကားများမှ လူထုဒေါ်အမာ၏ ပြောဟန်၊ရေးဟန်

လွင်မာဦး*

စာတမ်းအကျဉ်း

ဤစာတမ်းသည် အမွေရှေးစကားများမှ လူထုဒေါ်အမာ၏ အပြောစကားပြေ ရေးဟန်ကို လေ့လာတင်ပြထားသည့် စာတမ်းဖြစ်ပါသည်။ ပုဒ်ရေပေါင်း ၁၄၄ ပုဒ်မှ ဆောင်းပါး (၂)ပုဒ်ကို ထုတ်နုတ်တင်ပြပြီး အကိုးအကားပြု လေ့လာ တင်ပြထားပါသည်။ ထိုသို့တင်ပြရာ၌ ရေးဟန် တစ်ပုဒ်တွင်ပါဝင်သင့်သော စာရေးသူနှင့် စာဖတ်သူဆက်နွယ်မှု၊ စာရေးသူရည်ရွယ်သော စာဖတ် ပရိသတ်နှင့် အကြောင်းအရာ၊ စေတနာ၊ ရည်ရွယ်ချက်တို့ကို ထည့်သွင်းတင်ပြ ထားပါသည်။ ကိုးကားလေ့လာရာတွင် (၁) သမီးမိန်းကလေးတို့အလုပ် (၂) ယနေ့ခေတ်နှင့်လူငယ်တို့မှ စကားသုံးနှုန်းဟန်နှင့် ကိုယ်ရည်ကိုယ်သွေး တို့ကို လေ့လာတင်ပြထားပါသည်။

သော့ချက်ဝေါဟာရများ။ ရေးဟန်၊ စကားသုံးနှုန်းဟန်၊ ကိုယ်ရည်ကိုယ်သွေး။

နိဒါန်း

လူထုဒေါ်အမာသည် ကိုလိုနီခေတ်၊ လွတ်လပ်ရေးခေတ် ကာလများစွာကို ဖြတ်သန်းခဲ့သည့်အလျောက် ဘဝအတွေ့အကြုံအမျိုးမျိုး ရှိခဲ့ပါသည်။ ထိုဘဝ အတွေ့အကြုံကို စာပေအဖြစ် ရေးသားတင်ပြရာ၌ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးပြု သည့်စာပေများကို ရေးသားခဲ့သူဖြစ်ပါသည်။ မျိုးဆက်သစ်လူငယ်များအတွက် အမျိုးသားယဉ်ကျေးမှုကို ထိပါးစေမည့်ကိစ္စများကို နားလည်တတ်သိပြီး ရှောင်ကြဉ်ရန် အလေးပေး ဆုံးမထားသည်။ မိမိတို့ငယ်စဉ်ဘဝ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ ပြောဆိုပြုမူနေထိုင်ကြပုံကို ခေတ်လူငယ်များ တတ်သိ နားလည်ရန် အကျိုးသင့်အကြောင်းသင့် ရေးသားတင်ပြထားသည်။ အမွေ ရှေးစကား ဆောင်းပါးများတွင် စာရေးသူက တစ်စတစ်စ ပျံ့နှံ့လာသော တိုင်း တစ်ပါးယဉ်ကျေးမှု ဓလေ့ထုံးစံများကို မကောင်းရင်ပယ် ကောင်းရင် တွယ်ရန် သတိပေးဆုံးမထားပါသည်။ ထိုသို့ဖြစ်သည်အလျောက် စာရေးသူ၏ ရေးဟန်ကို

*ပါမောက္ခ၊ ဒေါက်တာ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ကြည့်ပါက စာရေးသူ၏ ခံယူချက်သဘောထား၊ ပင်ကိုယ်စိတ်နေ သဘောထား တို့သည် ထင်ဟပ်လျက်ရှိသည်ကို တွေ့ရပါသည်။ ဤစာတမ်း၏ ရည်ရွယ်ချက်မှာ လူထုဒေါ်အမာ၏ စာပေရေးဟန်ကို လေ့လာဖော်ထုတ်ရန် ဖြစ်ပါသည်။

သုတေသနမေးခွန်းနှင့်ပြဿနာ

ဤသုတေသနစာတမ်းတွင် လူထုဒေါ်အမာ၏ ရေးဟန်ကို လေ့လာရာ၌ အောက်ပါမေးခွန်းများ ပေါ်ထွက်လာပါသည်။

(၁) စကားသုံးနှုန်းဟန်သည် အကြောင်းအရာနှင့် မည်မျှလိုက်ဖက်မှု ရှိသနည်း။

(၂) ကိုယ်ရည်ကိုယ်သွေးသည် မည်မျှပေါ်လွင်မှု ရှိသနည်း။

အထက်ပါမေးခွန်းများကို အဖြေရှာရာတွင် အောက်ပါပြဿနာကို တွေ့ရှိရ ပါသည်။

လူထုဒေါ်အမာ၏ ရေးဟန်တွင် စာရေးသူနှင့် စာဖတ်သူ ဆက်နွယ်မှုကို ထင်ရှားပေါ်လွင်စေရန် စကားသုံးနှုန်းဟန်နှင့် ကိုယ်ရည်ကိုယ်သွေးတို့သည် အထောက်အကူပြုနိုင်မှု ရှိ / မရှိ။

နည်းနာ

ဤစာတမ်းတွင် ရေးဟန်ပညာရပ်ဆိုင်ရာ နည်းနာများကို အခြေခံ၍ သုတေသနပြုထားပါသည်။ ထိုရေးဟန်ပညာနယ်ပယ်တွင် စကားသုံးနှုန်းဟန်၊ စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေးတို့ အကြောင်းကို တင်ပြထားပါသည်။

စကားသုံးနှုန်းဟန်

စကားသုံးနှုန်းဟန်ကို စိစစ်ရာတွင် သုံးနှုန်းထားသော စကားလုံးများကို ဝါကျထဲမှာ အသုံးပြုပုံအရ၊ အညွှန်းခံကို ရည်ညွှန်းပုံအရ၊ ဆက်သွယ်မှုကြားခံအရ ဖွဲ့စည်းပုံအရ စသည်ဖြင့် အမျိုးအစားခွဲခြားကာ သရုပ်ဖော်ရပါသည်။ ထိုမှ

တစ်ဆင့် စာပေတန်ဖိုးဖြတ်ရပါသည်။ ထိုသဘောကို ဆရာကြီးမောင်ခင်မင် (ခနုဖြူ)က ရေးဟန်ပညာနိဒါန်းစာအုပ်တွင်

> "စာပေအရေးအဖွဲ့တစ်ခုမှ စကားအသုံးအနှုန်းများကို ထိုသို့ခွဲခြား သရုပ်ဖော်ပြီးနောက် ထိုသို့သောစကားလုံးများကို မည်သို့မည်ပုံ ပေါ်လွင်လာသည်ကို စူးစမ်းဖော်ထုတ် တန်ဖိုးဖြတ်ခြင်းဖြင့် စကားသုံးနှုန်းဟန် ထင်ရှားလာမည်ဖြစ်ပါသည်။"[၁]

ဟုဖော်ပြထားပါသည်။

ကိုယ်ရည်ကိုယ်သွေး

စာရေးသူတစ်ဦး၏ ဟန်ပန်အမူအရာ အလေးထားခံစားမှုတို့သည် သူ့စာထဲတွင် အနည်းနှင့်အများ ထင်ဟပ်နေတတ်ပါသည်။ စာရေးသူတိုင်းတွင် ပင်ကိုယ်ရေးဟန်ရှိနေသည့်အတွက် ကိုယ်ရည် ကိုယ်သွေးအရ ပြောဟန်ရေးဟန်များ ကွဲပြားရခြင်းဖြစ်ပါသည်။ ထိုသဘောကို လူးကပ်က

> "ရေးဟန်ဟူသည် စကားလုံးများဖြင့် ရုပ်လုံးဖော်ထားသော လူ၏ အတ္တသွင်ပြင်ပင် ဖြစ်သည်။ စကားလုံးဖြင့် ရုပ်လုံးဖော်ထားသော လူ့သဘောစရိုက်ပင်ဖြစ်သည်။"[၂] ဟူ၍လည်းကောင်း၊

မောင်ခင်မင် (ခနုဖြူ) က

> "ရေးဟန်သည် စာရေးသူ၏ ခံစားမှု၊ အတွေးအမြင် စသော စိတ်အမူအရာ ကို အခြေပြုကာ ပုံပေါ်လာရသည့် သွင်ပြင်ပင် ဖြစ်သောကြောင့် ရေးဟန်တွင် စာရေးသူ၏ စိတ်အမူအရာသည် အထင်းသား ပေါ်နေတတ် ပါသည်။"[၃]

---

[၁] ခင်မင်၊မောင်၊ခနုဖြူ၊၂၀၁၁၊ ၆၄။

[၂] Lucas, 1964, 36.

[၃] ခင်မင်၊မောင်၊ခနုဖြူ၊၂၀၁၈၊ ၂၄၄။

ဟူ၍လည်းကောင်း ဆိုထားပါသည်။ သို့ဖြစ်၍ စာရေးသူ၏ အမှေ့ရှေးစကား စကားပြေတွင် လူထုဒေါ်အမာ၏ ကိုယ်ရည်ကိုယ်သွေးများ ပေါ်လွင်နေပါသည်။

လေ့လာတွေ့ရှိချက်

သမီးမိန်းကလေးတို့အလုပ်

စာပေရေးဖွဲ့ရာတွင် ဘာသာစကားကို ကောင်းစွာအသုံးပြုရသည့်အတွက် စကားအသုံးအနှုန်း ရွေးချယ်ခြင်းသည် အရေးပါပါသည်။ စကားအသုံးအနှုန်း ရွေးချယ်မှုဌ မိမိရေးသားမည့် အကြောင်းအရာနှင့် လိုက်ဖက်ဆီလျော်သော စကားအသုံးအနှုန်းများ၊ ထင်ရှားပေါ်လွင်စေသော စကားအသုံးအနှုန်းများကို ရွေးချယ်သုံးနှုန်းမှသာ စာပေအာနိသင် ထက်မြက်နိုင်ပါသည်။ စာရေးသူသည် ဤဆောင်းပါးတွင် မိမိတို့ငယ်စဉ်က မြန်မာလူမှုအဖွဲ့အစည်း၏ မိန်းကလေးနှင့် ပတ်သက်၍ အသက်အရွယ်အလိုက် စီမံဆောင်ရွက်ကြပုံကို တင်ပြရာ၌ ထိုခေတ်၏လူတန်းစားအလွှာ သတ်မှတ်ချက်အမျိုးမျိုးကို

> “အထက်တန်းလွှာလို့ခေါ်တဲ့ အရာရှိသားသမီးများ၊ ရိုးရိုးအရပ်သား ကုန်သည် သားသမီးများ”[၁]

ဟူ၍ ခွဲခြားသုံးနှုန်းထားပါသည်။ ထိုအသုံးအနှုန်းကြောင့် ခေတ်၏လူတန်းစား အလွှာ ပိုင်းခြားဆက်သွယ်မှုကို နားလည်လာရသည်။ အထက်တန်းလွှာ ပညာ တတ်တို့၏ သားသမီးများသည် မြန်မာစာအသင့်အတင့်တတ်လျှင် ကျောင်းထွက် ပြီး စျေးသင်ကြရသည်။ “စျေးသင်” ဟူသော အသုံးအနှုန်းသည် မန္တလေး စျေးချိုတော်ကြီး အသိမိတ်ဆွေဆိုင်မှာ စျေးရောင်းတတ်စေရန် အရောင်းသင်ခြင်း ဟုရှင်းပြထားသည်။ ထိုအသုံးအနှုန်းသည် မျက်မှောက်ခေတ် တွင် မသုံးတော့ဘဲ လူတန်းစား ကွာခြားမှုအရ လူလတ်တန်းစား သားသမီးများ၏ ဘဝအတွက် သင်ကြားမှုတစ်ရပ်ဟု နားလည်ရပါသည်။ ခေတ်ကိုထင်ဟပ်ပြသော ဝေါဟာရ အသုံးအနှုန်းကို နေရာတကျဆိုထားသဖြင့် စာရေးသူတင်ပြလိုသည့် ခေတ်သရုပ် သည် ထင်ဟပ်နေပါသည်။

---

[၁] အမာ၊ ဒေါ်၊ လူထု၊ ၁၉၉၇၊ ၂၃။

“အင်္ဂလိပ်စာတတ် မိန်းကလေးများ၊ စာရေးစာချီမ ကျောင်းဆရာမနဲ့ သူနာပြုဆရာမ” [၁]

ဟူသောအသုံးက ထူးခြားနေပါသည်။ မျက်မှောက်ခေတ်တွင် “စာရေးမ” ဟု သုံးနှုန်းသည်။ ကိုလိုနီခေတ်တွင် “စာချီမ” ဟုအသုံးပြုကြောင်းသိရပါသည်။ ခေတ်အလိုက် အသုံးအနှုန်းများကို သိခွင့်ရပါသည်။ ခေတ်အလိုက် အသုံးအနှုန်းများကို နေရာတကျ ထည့်သွင်းသုံးစွဲခြင်းဖြင့် ခေတ်၏ပုံရိပ်ကို သိခွင့်ရပါသည်။ စွေးဆိုင်ပိုင်ရှင်များက စွေးရောင်းနည်း သင်သူကို သင်ကြားပေးသည့် အချက်များကို သင်ပြရာတွင်

“အပြောအဆို ချေဝံ ယဉ်ကျေးဖို့ သင်ပါတယ်” [၂]

ဟု ဖော်ပြထားသည်။ ကိုလိုနီခေတ်တွင် မြန်မာ့ယဉ်ကျေးမှု အရိပ်များ လွှမ်းမိုးနေဆဲဖြစ်၍ အပြောအဆို ယဉ်ကျေးမှုကို အရောင်းအဝယ်ပြုရာ၌ အထူးအလေးထားသည့် သဘောကိုသိရပါသည်။ ချေဝံနှင့် ယဉ်ကျေးသည် သာမာန်အားဖြင့် သဘောချင်းတူသော်လည်း ထပ်တူမဟုတ်ပါ။ ချေဝံမှသည် အပြောအဆိုနှင့်ဆိုင်ပြီး၊ ယဉ်ကျေးမှုသည် အပြုအမူ၊ အကျင့်အကြံအားလုံး နှင့်ဆိုင်သည်။ ထိုအနက် နှစ်မျိုးလုံးပါဝင်အောင် “ချေဝံယဉ်ကျေး” ဟု အနက်ချင်း ဆက်သွယ်မှုရှိသော ကြိယာတွဲလုံးကို ရွေးချယ်သုံးနှုန်းထားခြင်းကြောင့် စွေရောင်းသင်သူက စကားပြောသည့်အခါ ဝယ်သူကို အောက်ကျို့ပြောရသည့် သဘောကို ပေါ်လွင်စေသည်။

> “သူက ဘယ်အတန်းအစားထဲကမှန်း ကိုယ်ကမသိပေမဲ့၊ ကိုယ်က အောက်ကနေပြီး ကျို့ပြောဖို့ ဆိုင်ရှင်စွေးသည်က သင်ပါတယ်။” [၃]

ဟု ဆိုထားပါသည်။ “အောက်ကျို့သည်”ဟု မသုံးဘဲ “ကျို့” ဟူသော ကြိယာလုံးချင်းကို ထူးခြားစွာ သုံးနှုန်းထားသည်။ ထိုအသုံးအနှုန်းက ပို၍ ပိုမိုနှိမ့်ချ ပြောရသည့်သဘောကို ပေါ်လွင်စေသည်။

---

[၁] အမာ၊ ဒေါ်၊ လူထု၊ ၁၉၉၇၊ ၂၃။

[၂] အမာ၊ ဒေါ်၊ လူထု၊ ၁၉၉၇၊ ၂၃။

[၃] အမာ၊ ဒေါ်၊ လူထု၊ ၁၉၉၇၊ ၂၃။

ဈေးရောင်းပါ များလာသောအခါ တဖြည်းဖြည်းနှင့် ပြောဆိုရောင်းဝယ်မှုတွင် ကျွမ်းကျင်လာပုံကို

“ဈေးဝါးတော်တော် ဝပြီ။”[၁]

ဟု သုံးထားသည်။ ထိုအသုံးအနှုန်းက ယနေ့ခေတ်တွင် ရှားပါးပါသည်။ စာရေးသူငယ်စဉ်က ခေတ်အခြေအနေကိုဖော်ပြရာ၌ ထိုခေတ်စကားအသုံးအနှုန်းများကို ရွေးချယ်သုံးနှုန်းခြင်းဖြင့် ခေတ်သရုပ်ကို ပို၍ပေါ်လွင်စေသည်။ နှောင်းလူတို့အနေနှင့် ထိုခေတ်၏ စကားအသုံးအနှုန်းနှင့် ခေတ်ဓလေ့ကို သိလာစေသည်။

စာရေးသူသည် စကားလုံးတီထွင်ရေးသားရာ၌ ရှိရင်းစွဲစကားလုံးများကို နေရာတကျ တွဲစပ်ပေးလိုက်ခြင်းဖြင့် ခေတ်နှင့်ဆီလျော်သော ဘာသာစကား အသစ်အသွင်သို့ ပြောင်းလဲသွားသည်။ ထိုသဘောကို

“ဈေးသည်လက်ဟောင်းကြီးတွေ၊ ဈေးသည်မျိုးဆက်သစ်တွေ”[၂]

ဟူ၍ ရေးသားထားသည်။ ရှိပြီးသားစကားလုံးကို နေရာတကျ တွဲစပ်ပေးလိုက်ခြင်းဖြင့် စာရေးသူ ဆိုလိုသော အကြောင်းအရာနှင့် လိုက်ဖက်သော စကားအသုံးအနှုန်းဖြစ်လာသည်။

စာရေးသူသည် မိမိအဓိကပြောလိုသောအချက် ထင်ရှားစေရန် စကားလုံးများကို အနက်အဓိပ္ပာယ်အရ သွေဖည်တင်စား သုံးနှုန်းတတ်လေ့ရှိပါသည်။ ရှေးခေတ်မန္တလေးဈေးချိုတော်၏ စီးပွားရေး၌ အဓိကအရေးပါပုံ၊ ဈေးချိုသူများသည် မန္တလေး၏ အမြတ်တန်းတန်ဖိုးထားသူများ ဖြစ်ပုံတို့ကို

“ဈေးချိုတော်ဟာ မန္တလေးရဲ့ စီးပွားရေး အသက်သွေးကြော၊
ဈေးချိုသူဟာ မန္တလေးရဲ့ လည်ဆွဲပါ။”[၃]

ဟု တင်စားသုံးနှုန်းထားသည်။ စီးပွားရေးကို အသက်သွေးကြောဟု သက်ရှိကို သက်မဲ့အဖြစ် လည်းကောင်း၊ ဈေးချိုသူကို လည်ဆွဲဟု သက်ရှိကို သက်မဲ့အဖြစ်

---

[၁] အမာ၊ ဒေါ်၊ လူထု၊ ၁၉၉၇၊ ၂၄။

[၂] အမာ၊ ဒေါ်၊ လူထု၊ ၁၉၉၇၊ ၂၅။

[၃] အမာ၊ ဒေါ်၊ လူထု၊ ၁၉၉၇၊ ၂၅။

လည်းကောင်း၊ ရူပကအလင်္ကာမြောက်အောင် သုံးနှုန်းတင်ပြထားသည်။ အနက်အဓိပ္ပာယ်အရဆိုလျှင်မူ အသက်သွေးကြော၊ လည်ဆွဲ ဟူသောအသုံးများသည် လောကထုံးစံအရ လက်ခံထားသော အနက်အဓိပ္ပာယ်နှင့် သွေဖည်နေသည့် အတွက် ထူးခြားဆန်းသစ်နေခြင်း ဖြစ်ပါသည်။

မျက်မှောက်ခေတ်တွင် စျေးရောင်းသော မိန်းကလေးများသည် စီးကရက်များ၊ ဘီယာများ ရောင်းကြသည်။ စကတ်တိုများဝတ်ကြသည်။ ထိုသဘောကို

“ ခါးပေါ်မှာလည်း ထဘီမပါဘူး။ စကတ်ကလေးတွေ ဝတ်လို့။” [၁]

ဟု သုံးနှုန်းရေးသားထားသည်။ စာရေးသူ၏ မခံစားနိုင်သော နာကျင်ခါးသီးသော ခံစားမှုများ ပါဝင်နေသည်။ ထို့အပြင်

“ခြေထောက်မှာလည်း ဗမာဖိနပ်မရှိဘူး။ လေဒီရှူးတွေနဲ့။” [၂]

ဟု ရေးသားထားခြင်းကြောင့် မျက်မှောက်ခေတ်တွင် အရက် ဘီယာ ရောင်းရသော မိန်းကလေးတို့၏ မြန်မာဓလေ့၊ မြန်မာ့ယဉ်ကျေးမှုကို လုံးဝ မျက်ကွယ်ပြုရသော အနေအထားသည် ထင်ရှားလာရပါသည်။ “လေဒီရှူး” အသုံးအနှုန်းက ခေတ်၏ပြောင်းလဲမှု သဘောကို ပိုထင်ရှားစေပါသည်။

မျက်မှောက်ခေတ်တွင် အရက်ဘီယာရောင်းသော မိန်းကလေးများသည် တစ်လလျှင် ၅၀၀၀၊ ၆၀၀၀ ကျပ်ရရှိသည်။ ဘောက်ဆူးနှင့် ယူနီဖောင်းရသည်။ ဘောက်ဆူးမှာ စီးကရက် ဘီယာရောင်းလျက် ဖောက်သည်များကို မီးညှိပေးခြင်း၊ ဘီယာငှဲ့ပေးခြင်းတို့မှရရှိသောကြောင့် ထိုဆုကို မိမိခံစားမှုနှင့်ယှဉ်၍

“ကျေနပ်ဆု” [၃]

ဟု သုံးနှုန်းထားသည်။ ပရိသတ်အကြိုက် ဆွဲဆောင်ပေး၍ ကျေနပ်သည့်အနေနှင့် ပေးအပ်သောဆုကို ကျစ်လျစ်စွာ သုံးနှုန်းထားခြင်းဖြစ်သည်။

---

[၁] အမာ၊ ဒေါ်၊ လူထု၊ ၁၉၉၇၊ ၂၅။

[၂] အမာ၊ ဒေါ်၊ လူထု၊ ၁၉၉၇၊ ၂၅။

[၃] အမာ၊ ဒေါ်၊ လူထု၊ ၁၉၉၇၊ ၂၅။

စာရေးသူသည် စွေးသည်တစ်ဦးအနေဖြင့် အပြောသင်ကြားရပုံကို ပြောရာတွင်

> “ပဒေသရာဇ်မင်းများနဲ့ ပြောတဲ့အသုံးအနှုန်းတွေ၊ လူကြီးသူမနဲ့ ပြောတဲ့အသုံးအနှုန်းတွေ၊ တန်းတူရည်တူရွယ်တူရွယ်တန်ချင်း ပြောတဲ့အသုံးအနှုန်းတွေ၊ အထက်ကလူနဲ့ပြောတဲ့ အသုံးအနှုန်းတွေ စသဖြင့်အဆင့်ဆင့်ရှိတာကို အမေတို့ငယ်ငယ်က ကြားခဲ့သိခဲ့ရပါတယ်။” [၁]

ဟု စကားပြောအဆင့်ဆင့်ရှိပုံကို ရေးသားထားသည်။ ထိုစကားပြေအဖွဲ့တွင် မန္တလေးသည် ယဉ်ကျေးသိမ်မွေ့မှုကို အလေးထားသည်။ လူလူချင်း ဆက်ဆံရာ၌ အသက်အရွယ်၊ ဂုဏ်အဆင့်အတန်း ဆက်နွယ်ပတ်သက်မှု အနေအထားလိုက်၍ အမျိုးမျိုး ကွဲပြားပုံကို “ပြောတဲ့အသုံးအနှုန်းတွေ” ဟူသော ပုံစံတူ ပုဒ်စုများကို ဆက်တိုက် ထပ်ကာထပ်ကာ သုံးနှုန်းထားသည်။ ရှေးခေတ်မန္တလေး၏ စကားအပြောအဆိုယဉ်ကျေးသည့်သဘောကို ထင်ရှားလာစေပါသည်။ စာရေးသူ၏ တင်ပြလိုသော လူတန်းစားအလိုက် အသုံးအနှုန်း ကွဲပြားသော သဘောများသည် တစ်စုတည်း ဖြစ်လာပြီး ဆိုလိုချက်ကို ထင်ရှားစေပါသည်။ စာရေးသူသည် အကြောင်းအရာနှင့် လိုက်ဖက်အောင် စကားအသုံးအနှုန်းကို သုံးနှုန်းတတ်ရုံသာမက ဝါကျဖွဲ့ရာ၌လည်း ရွေးချယ်ရေးဖွဲ့တတ်ပါသည်။ စွေးရောင်းသူတို့ ကြုံတွေ့ရသော အခက်အခဲကို ဖော်ပြရာ၌

> “စွေးသည်နဲ့ စွေးဝယ် တစ်ချို့ စွေးဝယ်က မောက်မာတယ်။ တစ်ချို့က ရိုင်းစိုင်းတယ်။ ဒါမျိုးနဲ့ တွေ့ရင်တောင်မှ ကိုယ်က မတုန့်ပြန်ဘဲ သည်းခံလိုက်ပါလို့ပဲ မှာကြားပါတယ်။ မှားစရာရှိရင် စွေးဝယ်ကပဲ မှားသွားပါစေ။ ကိုယ်က မမှားစေနဲ့တဲ့။” [၂]

ဟူ၍ ဝယ်သူစရိုက်အမျိုးမျိုး ရှိပုံကို “မောက်မာ၊ ရိုင်းစိုင်း” ဟူသော အနက်ပြကြိယာစကားလုံးများဖြင့် သုံးနှုန်းထားခြင်းကြောင့် စွေးရောင်းသူတို့ ရင်ဆိုင်ရသော အခက်အခဲများသည်လည်း ထင်းခနဲ မြင်သာလာစေပါသည်။

---

[၁] အမာ၊ ဒေါ်၊ လူထု၊ ၁၉၉၇၊ ၂၃။

[၂] အမာ၊ ဒေါ်၊ လူထု၊ ၁၉၉၇၊ ၂၄။

ဈေးရောင်းသင်ရာတွင် အဝယ်တော်ရန် အရေးကြီးကြောင်းကို

> “အဝယ်တော်မှ အရောင်းတော်တယ်။ ဝယ်ရာက ဈေးချောင်မှ ဈေးသက်သာမှ ကိုယ်က ပြန်ရောင်းတဲ့အခါ မြတ်လည်းမြတ်စွန်း နိုင်တယ်။ ဝယ်သူ ကိုယ့်ဖောက်သည် ဖြစ်သွားရအောင် လျှော့ပေါ့ပေး၊ လက်ဆောင်ပေးတာ ဆိုတာမျိုးလည်း လုပ်နိုင်တယ်။ ဝယ်ကတည်းက ဈေးကြီးနေတဲ့ကုန်ကို မြတ်အောင် ပြန်ရောင်းဖို့ မလွယ်ဘူးဆိုပြီး ကုန်ရဲ့သဘော၊ ဈေးတက်ဈေးကျသဘော အချိန် ကာလသဘောဆိုတာတွေကိုလည်း သင်ပေးတယ်။” [၁]

ဟု ရေးသားထားသည်။ ဤစကားပြေအဖွဲ့တွင့် ဝါကျတစ်ခုနှင့်တစ်ခု ချိတ်ဆက် မိပြီးရုံသာမက ဈေးရောင်းသူက သင်သူအား ညွှန်ကြားပြောဆိုပြသသောလေသံ ပီပြင်နေပါသည်။ စိတ်ပါလက်ပါ ပြောဆိုပြသနေသောလေသံ ပေါ်လွင်သည်။ ထို့အပြင် ခေတ်ကာလ ပြောင်းလဲမှုနှင့်အတူ မိန်းကလေးများ အရက်၊ ဘီယာ သောက်ကြပုံနှင့်ပတ်သက်၍ စာရေးသူ၏ အမြင်နှင့်ခံစားမှုကို

> “မိန်းကလေးတွေတောင် အရက်တို့ ဘီယာတို့သောက်နေတယ် ဆိုတာမျိုး ကြားရတော့ တစ်မျိုးသားလုံး အသက်တိုကြမယ့် လမ်းပါ ကလားလို့ အမေ ရင်လေးမိတယ်။” [၂]

> “ဆုံးမတားမြစ်ကြပါဦးလို့ အမေမေတ္တာရပ်ခံချင်တယ်။” [၃]

ဟုရေးသားထားသည်။ စာရေးသူ၏ စိတ်မသက်သာသော လေသံ၊ စိတ်ပင်ပန်း နွမ်းလျနေသောလေသံ၊ စိုးရိမ်ပူပန် တွေးတောနေရသော လေသံများ ပါဝင်နေ သည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် အနောက်တိုင်း ယဉ်ကျေးမှုများဝင်လာပါက မြန်မာ့ယဉ်ကျေးမှု မှေးမှိန်ညှိုးနွမ်းသွားတတ်သည့် သဘောကို ထင်ရှားစေ ပါသည်။ စာရေးသူက မသင့်တော်မှုများကို အချင်းချင်း ထိန်းသိမ်းစောင့်ရှောက် တတ်သော မြန်မာ့လူ့အဖွဲ့အစည်း၏သဘောကိုလည်း ပြဆိုထားပါသည်။

---

[၁] အမာ၊ ဒေါ်၊ လူထု၊ ၁၉၉၇၊ ၂၄။

[၂] အမာ၊ ဒေါ်၊ လူထု၊ ၁၉၉၇၊ ၂၆။

[၃] အမာ၊ ဒေါ်၊ လူထု၊ ၁၉၉၇၊ ၂၆။

ဆုံးမတားမြစ်ရန်ကိုလည်း အားပေး တိုက်တွန်းသည့်သဘောလည်း ပေါ်လွင်နေပါသည်။ စာရေးသူ၏ မိမိလူမျိုးနှင့်ယဉ်ကျေးမှုအပေါ် တန်ဖိုးထားသော စိတ်ဓာတ်ကို လေသံက ဖော်ပြနေပါသည်။

ယနေ့ခေတ်နှင့်လူငယ်

ယနေ့ခေတ်နှင့် လူငယ်ဆောင်းပါးတွင် ယနေ့ခေတ်လူငယ်များ၏ ပြုမူနေထိုင်ပုံများသည် ရှေးခေတ်က မြန်မာလူမှုအဖွဲ့အစည်း၏ ပြုမူနေထိုင်ပုံများနှင့် ကွာဟချက်များ များပြားလှသည့်အကြောင်းကို တင်ပြရာ၌ ခေတ်လူငယ်တို့၏ အမြင်နှင့် စာရေးသူ၏အမြင်တို့ကို ယှဉ်တွဲဖော်ပြထားသည်။ လူငယ်တို့ကို ယနေ့ခေတ်နှင့်ကွာဟနေသည်ကို အပြစ်တင်၍မရနိုင်။ ခေတ်လူငယ်နှင့် လူကြီးများသည် ကွာဟမြဲဖြစ်ကြောင်းကို ပြောဆိုရာ၌-

> “ဟုတ်ပါတယ်။ အမေတို့ ငယ်ငယ်တုန်းကလည်း လူကြီးတွေက အမေတို့ အနေအထိုင်ပေါ်မှာ ဒီလိုပဲ ဘဝင်မကျတာတွေ မကြိုက်မနှစ်သက်တာတွေ ရှိခဲ့တာပါပဲ။ ရှိခဲ့လို့လဲ အမေတို့ကို ဝေဖန်လို့တစ်မျိုး၊ အကျိုးသင့် အကြောင်းသင့် ရှင်းပြလို့တစ်မျိုး လုပ်ကြတာကို အမေတို့ ခံခဲ့ကြရတာပါပဲ။ ဒါဟာခေတ်ကာလရဲ့ ကွာဟမှုကြောင့် ဖြစ်ရတယ်လို့ အမေလက်ခံပါတယ်။” [၁]

ဟု ပြောစကားဖြင့် တင်ပြထားသည်။

ထိုစကားပြောဟန်တွင် စာရေးသူသည် ရှေးလူကြီးဖြစ်သော်လည်း အမြင်ကို တစ်ဖက်သတ်မပြော၊ လူငယ်၏ အယူအဆကို မဆန့်ကျင်ဘဲ အတွေ့အကြုံနှင့်ယှဉ်ကာ နားလည်လက်ခံပေးသည့်သဘော၊ ညှိနှိုင်းဆင်ခြင်ပြသည့်သဘော ပါဝင်နေသည်။ စာရေးသူ၏ အရာရာတွင် အကျိုးသင့် အကြောင်းသင့် ဆင်ခြင်၍ လက်ခံပေးတတ်သော ကိုယ်ရည်ကိုယ်သွေးကို တွေ့ရပါသည်။

---

[၁] အမာ၊ ဒေါ်၊ လူထု၊ ၁၉၉၇၊ ၉၁။

ထိုမှတစ်ဆင့် ယနေ့ခေတ်နှင့် ရှေးခေတ်တို့ ကွာဟချက် များရသည့် အကြောင်းကို လူငယ်တို့ လက်ခံလာအောင် နွေးနွေးထွေးထွေး တင်ပြထားသည်။ စေတနာထား၍ စိတ်ရှည်လက်ရှည် ရှင်းပြထားသည်။ ထိုသဘောကို

> “အမေတို့ခေတ်တုန်းက လူကြီးနှင့်လူငယ်၊ မိဘနှင့် သား သမီး၊ သက်ကြီးရွယ်အို‌နဲ့ ပျိုရွယ်သူတွေရဲ့ ဆက်ဆံရေးဟာ အခုထက်ပိုပြီး နီးကပ်သလား၊ ထိစပ်မှုများသလား၊ ပိုမို နွေးထွေးမှုရှိသလား၊ တစ်ဖက်က တစ်ဖက်ကို လေးစားမှု ပိုကြီးသလားလို့ အောက်မေ့ တွေးတောမိတယ်။” [၁]

ဟု ဆင်ခြင်တွေးတောပြဟန်ဖြင့် ရေးသားထားသည်။ မိမိကိုယ်ကို မိမိ မေးခွန်း ထုတ်ခြင်း၊ လူငယ်များကိုလည်း ထိုမေးခွန်းနောက်သို့ လိုက်ပါစေပြီး ဆင်ခြင်မိ လာအောင် စည်းရုံးခေါ်ဆောင်နိုင်ခြင်းဟူသော လေးစားအပ်သော စရိုက် အမူအရာ ကိုယ်ရည်ကိုယ်သွေးများသည် ရေးဟန်၌ ထင်ဟပ်နေပါသည်။

ထိုကဲ့သို့သော ညင်သာပျော့ပျောင်း၍ စိတ်ရှည်လက်ရှည်ပြောတတ် ဆိုတတ်သည့် စိတ်ဓာတ်ကို အခြေခံထားသောကြောင့် အမှေ့ရှေးစကား စကားပြေကို စာဖတ်ပရိတ်သတ်က နှစ်သက်လက်ခံကြခြင်း ဖြစ်ပါသည်။ စာရေးသူသည် စာပေဖြင့် တိုင်းကျိုးပြည်မှုကို ဆောင်ရွက်ရာတွင် လေးလေး နက်နက်ရှိခြင်း၊ စိတ်ရှည်တတ်ခြင်း၊ နူးညံ့သောစိတ်ထားရှိခြင်း၊ ဘဝအတွေ့ အကြုံ စုံလင်ခြင်းတို့ကြောင့် လောကကို ကောင်းကောင်းဆင်ခြင် သုံးသပ် နိုင်စွမ်းရှိသော ကိုယ်ရည်ကိုယ်သွေး ပြည့်ဝနေသူဖြစ်ပါသည်။ အကောင်းအမြင် ဖြင့် ဦးတည်ပြောဆိုခြင်းဖြစ်၍ လူငယ်များအပေါ် ထားရှိသော စိတ်စေတနာသည် စာရေးသူ၏ရေးဟန်နှင့် ထင်ဟပ်နေပါသည်။

စာရေးသူ၏ ရေးဟန်ထူးခြားချက်မှာ တစ်ဖက်သတ်မပြောဘဲ မိမိအယူအဆကို တင်ပြကာ အတွေးဝင်လာအောင် လမ်းဖွင့်ပေးသည့် သဘောထားဖြစ်ကြောင်း တွေ့ရပါသည်။ ထိုသို့သော ကိုယ်ရည်ကိုယ်သွေး ထင်ဟပ်ချက်ကို

[၁] အမာ၊ ဒေါ်၊ လူထု၊ ၁၉၉၇၊ ၉၁။

> “အဲဒီလို မိသားစုတောင်မှ အေးအေးဆေးဆေး ပွန်းပွန်းတီးတီးနေချိန် မရှိသလောက် ဖြစ်လာတဲ့အခါ မိဘနဲ့သားသမီး ဆက်ဆံရေးမှာလည်း ရှေးကလို ရင်းနှီးပွန်းတီးမှုကြောင့် လူ့ယဉ်ကျေးမှု လက်ဆင့်ကမ်းတဲ့သဘောတွေ နည်းပါးဆုတ်ယုတ်လာတယ်လို့ အမေထင်တယ်လေ။[၁]

ဟူသော ရေးဟန်အရ သိလာရပါသည်။

စာရေးသူသည် လူငယ်တို့အား မိမိအမြင်သက်သက်ကိုသာ လမ်းညွှန်ခြင်းမဟုတ်ဘဲ အမြင်ကိုတင်ပြပြီး ညှိနှိုင်းသည့်သဘော ပါဝင်နေသည်။ ထိုသို့ညှိနှိုင်းဆင်ခြင်ခြင်းဖြင့် ရင့်ကျက်သော အတွေးများကို ရလာစေပါသည်။ ထိုစေတနာကို မြင်တွေ့ရပါသည်။ ထိုသဘောကို

> “ခေတ်ပဲ အမေရဲ့ခေတ်ပဲ ဆိုပြီး ခေတ်ရေစီးကြောင်းကြီး စီးချင်ရာ စီးနေတဲ့အထဲ လူငယ်တွေ မျောချင်ရာ မျောပါနေတာကို အမေတို့ လူကြီးမိဘဆရာသမားတွေက ကြည့်မနေသင့်ဘူး။ ခေတ်ရေစီးကို စီးသင့်တဲ့ဘက် စီးဆင်းလာအောင် ရေလမ်းသွယ်ဖောက် ပေးသင့်တယ်၊ ဒါမှ ကိုယ်လိုရာ ခေတ်ရေစီးကြီး စီးလာမှာပေါ့လို့ အမေက ပြောချင်တယ်။ အမေနဲ့ သဘောတူကြလား။” [၂]

ဟု ရေးသားတင်ပြထားသည်။ ထိုရေးဟန်ကိုကြည့်လျှင် တာဝန်ရှိသူဟု ယူဆရသော လူကြီးမိဘ ဆရာသမားများကို တာဝန်သိစိတ်ဖြင့် ခေတ်လူငယ်တို့အား ပြုပြင်ပေးကြရန်၊ အကျိုးသင့် အကြောင်းသင့် ညှိနှိုင်းဆွေးနွေး တင်ပြထားသော ရေးဟန်ကို တွေ့ရပါသည်။

သုံးသပ်ချက်

စာရေးသူ၏ ဆောင်းပါးများတွင် တွေ့ရှိရသော အကြောင်းအရာများသည် အများအားဖြင့် မျက်မှောက်ခေတ်လူငယ်များကို ရည်စူးထားသည်။ မျက်မှောက်

---

[၁] အမာ၊ ဒေါ်၊ လူထု၊ ၁၉၉၇၊ ၉၂။

[၂] အမာ၊ ဒေါ်၊ လူထု၊ ၁၉၉၇၊ ၉၃။

ခေတ် လူငယ်အများစုသည် ရှေးခေတ်က မြန်မာ့လူ့အဖွဲ့အစည်းက လိုက်နာကျင့်သုံးကြသော ပြောဆိုနေထိုင်မှုများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ မြန်မာ့လူ့အဖွဲ့အစည်း၏ ပုံစံများကို မသိကြပေ။ သိလာအောင် ပြောဆိုဆုံးမ လမ်းညွှန်မှုများလည်း မရှိပေ။ စာရေးသူကမူ လူငယ်များသည် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် လူမှုအဖွဲ့အစည်း၏ တန်ဖိုးကို မမေ့လျော့ မပစ်ပယ်သင့်ဟု ခံယူထားသည်။ မျက်မှောက်ခေတ်၌ ယဉ်ကျေးမှုဓလေ့ထုံးစံ အသစ်အဆန်းများသည် အနောက်နိုင်ငံများမှ ထိုးဖောက်ဝင်ရောက်လျက်ရှိသည်ကို အသင့် လက်ခံနေကြသည်။ ထိုသို့သောအနေအထားမျိုးသည် မဖြစ်သင့်ပေ။ မြန်မာ့ ယဉ်ကျေးမှုဓလေ့များ၊ တန်ဖိုးထားမှုများ ဆုတ်ယုတ်ပျက်သုဉ်းခြင်းဖြင့် မြန်မာ့ လူ့ဘောင်အဖွဲ့အစည်း၏ ဂုဏ်သိက္ခာ ညှိုးမှိန်နိုင်သည်ဟု ထင်မြင်ယူဆပါသည်။ သို့ဖြစ်၍ စာရေးသူက စာဖတ်ပရိသတ်(လူငယ်များ)ကို ရည်ရွယ်၍ မြန်မာ့ ယဉ်ကျေးမှုဓလေ့ထုံးစံများကို နားလည်လက်ခံလာစေရန် ပြောရာ၌ အတင်းတိုက်တွန်းပြောဆိုခြင်းမျိုးမဟုတ်ဘဲ နားလည်လက်ခံလာစေလိုသော၊ အကျိုးသင့် အကြောင်းသင့် ပြောတတ်သောလေသံဖြင့် ရေးသားထားသည်။ ကိုယ်တွေ့အတွေ့အကြုံများ၊ မျက်မှောက်ခေတ်ပတ်ဝန်းကျင်၏ ဖြစ်မှုပျက်မှုများကို ခံစားသိမြင်လာအောင် ရှင်းပြထားပါသည်။

နိဂုံး

စာရေးသူ၏ ရေးဟန်သည် အဖွားတစ်ဦးက၊ အမေ တစ်ဦးက လူငယ်များပေါ်တွင် သားမြေးများပမာ သဘောထားကာ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ထိန်းထိန်းသိမ်းသိမ်း တန်ဖိုးထားနေထိုင်တတ်စေရန် လမ်းညွှန်ပြောပြနေသော ရေးဟန်ဖြစ်ပါသည်။ သိမ်မွေ့ရင့်ကျက် နူးညံ့ပျော့ပျောင်းသော လေသံပေါ်လွင်နေပါသည်။ “အမေတို့” ဟု မကြာခဏ ညွှန်းဆိုထားသဖြင့် စာဖတ်သူလူငယ်တို့၏ အာရုံတွင် မိခင်တစ်ဦးလေသံဟု ခံစားပီပြင်လာပြီးလျှင် နာယူလိုစိတ် ဖြစ်လာအောင် ရေးဖွဲ့ထားသည်။ ဆောင်းပါးဟု ဆိုသော်လည်း တိုတိုနှင့်လိုရင်းသဘောရောက်အောင် စာရေးသူ၏ အတွေးအမြင်ကို စာဖတ်သူလက်ခံလာအောင် ဆွဲဆောင်ရေးသော အပြောစကားပြေ

ရေးဟန်ဖြစ်သည်။ မိမိအမြင်ကို လိုက်နာရန် ညင်ညင်သာသာ သိမ်သိမ်မွေ့မွေ့ စည်းရုံးပြောဆိုတတ်သော လေသံပေါ်လွင်နေသည်။ အမေဟူသောစကားကို အကြိမ်ကြိမ်ရေးဖွဲ့ခြင်းဖြင့် ရင်းနှီးချစ်ခင်မှု နွေးထွေးမှု မေတ္တာသဘောများကို ခံစားရအောင် ရေးဖွဲ့ထားသော ရေးဟန်ဖြစ်ပါသည်။

ကျမ်းကိုးစာရင်း

ခင်မင်၊ မောင်၊ (ဓနုဖြူ)။(၂၀၁၁)။ ရေးဟန်ပညာနိဒါန်း။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ခင်မင်၊ မောင်၊ (ဓနုဖြူ)။(၂၀၁၈)။ စကားပြေ သဘောတရား စကားပြေ အတတ်ပညာ ။ ရန်ကုန်၊ ပန်းရွှေပြည် စာအုပ်တိုက်။

အမာ၊ ဒေါ်၊ လူထု၊ (၁၉၉၇)။ အမွေ့ ရှေးစကား။ ရန်ကုန်၊ ကြီးပွားရေး စာအုပ်တိုက်။

Lucas, F. L. 1964, Style. London, Pan Books

တီးတိန်ဖိုမီး စာအရေးအသားစနစ်

မြမြဝင်း*

စာတမ်းအကျဉ်း

တီးတိန်ဖိုမီးတိုင်းရင်းသားတို့၏ စာအရေးအသားစနစ်ကို ဖော်ထုတ်တင်ပြထားပါသည်။ စာအရေးအသားစနစ်၏ သဘောလက္ခဏာတို့ကို အခြေခံ၍ အရေးအသားစနစ်ရှိ ဗျည်း၊ သရစနစ်၊ တက်ကျသံစနစ်နှင့် အထွေထွေသင်္ကေတများကို ဖော်ထုတ်ထားပါသည်။

သော့ချက်ဝေါဟာရ။ ဗျည်း၊ သရ၊ တက်ကျသံ၊ အထွေထွေသင်္ကေတ၊ စာအရေးအသားစနစ်။

နိဒါန်း

ဤစာတမ်းသည် တိဗက်မြန်မာမျိုးရိုး မြန်မာအာသံအနွယ်ဝင်တွင် ပါဝင်သော တီးတိန်ဖိုမီး တိုင်းရင်းသားတို့၏ စာအရေးအသားစနစ်ကို လေ့လာတင်ပြမည့် စာတမ်းဖြစ်ပါသည်။ စာအရေးအသားစနစ်၏ သဘောလက္ခဏာတို့ကို အခြေခံ လေ့လာတင်ပြပါသည်။ ဤစာတမ်းတွင် တီးတိန်ဖိုမီးလူမျိုးအကြောင်း၊ တီးတိန် ဖိုမီး၊ ချင်းဟူသော ဝေါဟာရ လူမျိုးဆင်းသက်လာပုံနှင့် ဘာသာစကားနောက်ခံ၊ စာအရေးအသားစနစ်သမိုင်းကြောင်း၊ စာအရေးအသားစနစ်ရှိ ဗျည်း၊ သရစနစ်၊ တက်ကျသံစနစ်နှင့် အထွေထွေသင်္ကေတတို့ကို လေ့လာ ဖော်ထုတ်ထားပါသည်။

တီးတိန်ဖိုမီးလူမျိုးအကြောင်းနှင့် နေထိုင်ရာဒေသ

တီးတိန်ဖိုမီး တိုင်းရင်းသားတို့သည် မိမိတို့ကိုယ်မိမိတို့ ဖိုမီးတိုင်းရင်းသားများဟု ဂုဏ်ယူစွာခေါ်ဝေါ်ကြသူများ ဖြစ်သည်။ အများကသိရှိကြသည်မှာ တီးတိန်မြို့နယ်တွင် နေထိုင်ကြသဖြင့် တီးတိန်ချင်းဟူ၍ သိရှိကြသည်။

---

* တွဲဖက်ပါမောက္ခ၊ ဒေါက်တာ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်။

တီးတိန်ချင်းဟူသည် မြန်မာများက ခေါ်ဝေါ်ကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံ အတွင်းသို့ လူမျိုးအုပ်စု သုံးစုအနက် တီးတိန်ဇိုမီး (ချင်း)တို့သည် တိဗက်မြန်မာ အုပ်စုဝင်များ ဖြစ်ကြသည်။

ဇိုမီးဟူသော ဝေါဟာရ

"ဇို"(zo)သည် ပုဂ္ဂိုလ်အမည်ဖြစ်၍ "မီး"(mi) သည် လူ၊ လူမျိုးဟူသော အဓိပ္ပာယ်ရှိရာ "ဇိုမီး" (zomi) ဆိုသည်မှာ "ဇိုလူမျိုး"ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ကုကိချင်း (ku ki chin) ဟုခေါ်သော မျိုးနွယ်စုဝင်အားလုံး၏ ယေဘုယျအမည်မှာ ဇို (zo) ဖြစ ပါသည်။[၁]

သို့ဖြစ်ရာ "ဇို" (zo) ဟူသည် လူတစ်စု (သို့) အုပ်စုတစ်စုတည်းသာ အသုံးပြုသော ဒေသန္တရဆိုင်ရာ ဝေါဟာရမဟုတ်ဘဲ "ချင်း" ဟုအခေါ်ခံရသော လူမျိုးတစ်စုလုံး၏ "ဘုံနာမည်" ဖြစ်ပါသည်။ "ဇို"၏ အဓိပ္ပာယ်ကို တိဗက် ဘုန်းတော်ကြီး ပဉ္စမမြောက် ဒလိုင်းလားမား (Dalai Lama v) က "zothang " ဟူသောဝေါဟာရကို အဓိပ္ပာယ်ပြန်ဆိုရာ၌ "zo" ကို "သခင်" ဟူ၍လည်းကောင်း၊ "thang" ကို ပြည့်စုံသူ (The Perfect One) ဟူ၍လည်းကောင်း ဖော်ပြခဲ့သည်။ ထို့ကြောင့် မိမိတို့၏အမည်သည် "ချင်း" မဟုတ်ဘဲ "ဇိုမီး" များသာဖြစ်ကြောင်း ဂုဏ်ယူစွာ လက်ခံခေါ်ဝေါ်ကြပါသည်။

တီးတိန်ဟူသော ဝေါဟာရ

"တီးတိန်" ဟူသောဝေါဟာရသည် မြန်မာတို့က ခေါ်ဝေါ်ကြသော နေရာဒေသ ဖြစ်ပါသည်။ "တဲဒင်မ်" (Tiddim) ဟူမှသာ အသံထွက်နှင့် အဓိပ္ပာယ် မှန်ကန်ပါသည်။ "တဲ" ဟူသည် "အရောင်တောက်ပခြင်း" ဖြစ်ပြီး "ဒင်မ်"မှ "ပြည့်သည် (သို့) ရေပြည့်သည်" ဟု အဓိပ္ပာယ်ရပါသည်။ "အဝေးမှကြည့်ပါက နေရောင်အောက်တွင် အရောင်တလက်လက်ဖြင့် တောက်ပပြီး ရေပြည့်နေသော ကန်နေရာ" ဟု ဆိုကြပါ သည်။ "တဲဒင်မ်"ကို အစွဲပြု၍ ထိုဒေသနှင့်တကွ

[၁] Lushai Expedition(1871-72)

တွန်းဇံဒေသတွင် နေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စုတို့က မိမိတို့ကိုယ် မိမိတို့ "တဲဒင်မ်" နယ်သားဟု ဆိုကြပါသည်။

ထို့ကြောင့် တီးတိန်ဒေသတွင် နေထိုင်ကြသော တိုင်းရင်းသားများကို ဗမာများက တီးတိန်ချင်းဟု ခေါ်ဆိုကြသည်။ ဤတွင် တိုင်းရင်းသားများက မိမိတို့၏ အမည်မှာ "ချင်း" မဟုတ်ဘဲ မိမိတို့သည် ဇိမီး တိုင်းရင်းသားများ ဖြစ်ကြသည်ဟု ဆိုသဖြင့် တီးတိန်ဒေသတွင် နေထိုင်ကြသည့် တိုင်းရင်းသားများသည် တီးတိန်ဇိမီးတိုင်းရင်းသားများ ဖြစ်ကြလေသည်။

တီးတိန်ဇိမီး စာအရေးအသားသမိုင်း

ရှေးပဝေသဏီကတည်းက ဤလူမျိုးတို့တွင် စာအရေးအား ပေါ်ထွန်းခဲ့ပြီး ဖြစ်သည်ဟု ခန့်မှန်းရသည်။ သားရေပြားပေါ် ရေးမှတ်ထားသည့် စာကြောင်းပါ ရှိသော ရိုးရာပုံပြင်မျိုးလည်း ရှိပါသည်။ သို့သော် အထောက်အထားကား မရှိခဲ့ပေ။ လွန်ခဲ့သော နှစ်တစ်ရာကျော် ခရစ်သက္ကရာဇ်(၁၉၀၀) ခုနှစ်ခန့်က တီးတိန်နယ်၌ "လိုင်ပျန်"(Laipan) ဟူသော စာအရေးအသား စနစ်တစ်ခု ပေါ်ထွန်းခဲ့သည်။ ပေါင်ကျင့်ဟောက် (Pau Cim Hau) အမည်ရှိ ပုဂ္ဂိုလ်က ဘုရားသခင်ထံမှ ဗျာဒိတ် တော်ရရှိထားသည့်စာဟုဆိုကာ တီထွင်ဖော်ထုတ်ခဲ့လေသည်။ စာပေနှင့် အတူ "လိုင်ပျန်" ဘာသာသစ်ကိုလည်း ထူထောင်ခဲ့ရာ တီးတိန်နယ်နှင့် တွန်းဇံနယ် သာမက ဖလမ်းနယ် အချို့သို့တိုင် ပျံ့နှံ့ခဲ့လေသည်။

စာအရေးအသားစနစ်အမျိုးအစား

စာအရေးအသားသည် လူ့သမိုင်းကြောင်း လေ့လာမှုတွင် အလွန်အရေး ပါလေသည်။

အရေးအသားစနစ်ကို ပညာရှင်အသီးသီးက အမျိုးမျိုးဖွင့်ဆိုကြသည်။ အရေးအသားစနစ်တို့နှင့် ပတ်သက်၍ ဘာသာဗေဒပညာရှင်များက –

> “အရေးအသားသည်၊ ဘာသာစကားမဟုတ်၊ မြင်သာသည့် အမှတ်အသားများဖြင့် ဘာသာစကားကို မှတ်တမ်းတင်သည့် နည်းဖြစ်သည်။”[၁]

ဟု ဖွင့်ဆိုခဲ့ကြသည်။

ကမ္ဘာပေါ်ရှိ စာအရေးအသားစနစ်များကို စိစစ်လေ့လာရာတွင် အရေးအကွက်ရာနှင့် စကားသံဆက်သွယ်မှုအပေါ် အခြေခံ၍ အမျိုးအစားခွဲပါက-

(၁) စကားသံကို အခြေမပြုသော အရေးအသားစနစ်နှင့်[၂]

(၂) စကားသံကို အခြေပြုသော အရေးအသားစနစ်များ[၃]

ဟူ၍ (၂)မျိုး တွေ့နိုင်ပါသည်။

ထိုအရေးအသားစနစ် (၂)မျိုးအနက် တီးတိန်ဇိုမီး စာအရေးအသားစနစ်သည် စကားသံဆိုင်ရာ အရေးအသားစနစ်တွင် ပါဝင်ပါသည်။

တီးတိန်ဇိုမီးစာအရေးအသားစနစ်

တီးတိန်ဇိုမီးစာအရေးအသားသည် စကားသံကို အခြေပြုသော အရေးအသားစနစ်တွင် ပါဝင်ပါသည်။ ထိုအရေးအသားစနစ်တွင် အမျိုးအစား(၃)မျိုးရှိရာ တီးတိန်ဇိုမီး စာအရေးအသားသည် အကွက်ရာစဉ် အရေးအသားစနစ်ဖြစ်ပါသည်။

ထိုအရေးအသားစနစ်တွင် အရေးအကွက်ရာများသည် ဗျည်းသံရင်း၊ သရသံရင်း[၄] များနှင့် တိုက်ရိုက်ဆက်သွယ်မှုရှိသည်။ ထိုအရေးအကွက်ရာတွင် ဗျည်းအကွက်ရာနှင့် သရအကွက်ရာတစ်ခုသည် သံရင်းတစ်ခုကို ကိုယ်စားပြုပါသည်။ သံရင်းများ တွဲဖွဲ့ထားသော ဝဏ္ဏများအတွက် အရေးအကွက်ရာများကိုစဉ်၍ ရေးသား

---

[၁] Bloomfield,1985,21

[၂] Non-phorological systems

[၃] Phonology systems

[၄] Phonemes

ရသည်။ တီးတိန်ဖိုမီးစာ အရေးအသားစနစ်သည် အရေးအကွရာများကို စဉ်၍ လက်ဝဲမှ လက်ယာသို့ အလျားလိုက်ရေးသောစနစ် ဖြစ်ပါသည်။

ဗျည်းသံနှင့် ဗျည်းသင်္ကေတ

ဘာသာစကားတိုင်းတွင် ဗျည်းနှင့် သရဟူ၍ အသံအမျိုးအစား (၂)မျိုး ရှိပါသည်။ ဗျည်းနှင့် သရတို့သည် ဝဏ္ဏ၏ အစိတ်အပိုင်းများဖြစ်ကြသည်။ ထိုဝဏ္ဏ၏ အစိတ်အပိုင်းများကို စကားသံများဟူ၍ အမည်ပေးကြသည်။ စကားသံတွင် ဗျည်းသံတစ်သံစီအတွက် ဗျည်းသင်္ကေတသည် တစ်လုံးစီ တိုက်ရိုက်ရည်ညွှန်းထားသည်ကို တွေ့ရပါသည်။ ဗျည်းသင်္ကေတတစ်ခုစီသည် ဗျည်းသံ တစ်သံစီကို ရည်ညွှန်းသော သင်္ကေတဖြစ်သည်။

ထို့ကြောင့် တီးတိန်ဖိုမီး စာအရေးအသားစနစ်ရှိ ဗျည်းသံသင်္ကေတများမှာ (၁၉) လုံးရှိပါသည်။ စာအရေးအသားစနစ်တွင် ဗျည်းသင်္ကေတမှာ ရောမ အက္ခရာကို အခြေပြုထားသည့် ဗျည်းအက္ခရာ (၁၉)လုံးရှိပါသည်။ ၎င်းအက္ခရာ သင်္ကေတ (၁၉)လုံးမှ ဗျည်းအက္ခရာ သင်္ကေတမှာ (၁၉)လုံး ဖြစ်ပါသည်။ ထိုအက္ခရာ သင်္ကေတနှင့် ဗျည်းသံကို ဇယားဖြင့် အောက်ပါအတိုင်း တွေ့နိုင်ပါသည်။

တီးတိန်ဖိုမီး စာအရေးအသားစနစ်သည် ရောမအက္ခရာ အခြေပြုစနစ် ဖြစ်သော်လည်း A မှ Z (၂၆)လုံးအနက် (၁၉)လုံးကိုသာ အသုံးပြုပြီး d, j, q, r, w, x, y (၇)လုံးကို အသုံးမပြုပေ။ ထိုအသံများသည် တီးတိန်ဖိုမီးစကား၌ မရှိသော ကြောင့်ဖြစ်ပါသည်။ ထို(၁၉)လုံးတွင် စာအရေးအသား၌ ဗျည်းအက္ခရာသင်္ကေတ (၁၄)လုံးကို အသုံးပြုထားကြောင်း တွေ့ရပါသည်။

ဗျည်းအက္ခရာသင်္ကေတနှင့် ဗျည်းသံပြဇယား

b	c	d	g	h	k	l
/b/	/c/	/d/	/g/	/h/	/k/	/l/
m	n	p	s	t	v	z
/m/	/n/	/p/	/s/	/t/	/v/	/z/

အထက်ပါ ဗျည်းသင်္ကေတ (ရှေ့ဆုံးမှာရှိ ဗျည်းအစဗျည်း) ရှိကြောင်းကို သာဓကပြရလျှင်-

1. b = buk[1](n)တဲတစ်လုံး၊အိမ်တစ်လုံး
2. c = ci[3] (n) ဆား
3. d = dim[1](adj) ပြည့်သော
4. g = guh[3] (n) အရိုး
5. h = hom [3] (v) ဖွင့်သည်
6. k = kap[3] (v) ငိုသည်
7. l = liam [3] (adj) ကြီးသော
8. m= meh[3] (n) ဟင်း
9. n= nih[3] (n) ၂ နှစ်
10. p = pat[3] (n) ဝါ၊ ချည်ထည်
11. s= sang[1] (n) ကျောင်း
12. t = tak[3] (adj) ကောင်းသော
13. v= va1 sa[1] (n) ငှက်
14. z = za[2] (n) ဆေး

ဟူ၍ဖြစ်ပါသည်။

ထို့အပြင် ဗျည်းအက္ခရာသင်္ကေတ ၂လုံးတွဲ၍ ဗျည်းသံ (၁)သံထွက်သော ဗျည်းတွဲအက္ခရာသင်္ကေတ (၄)တွဲကိုလည်း အသုံးပြုပါသည်။

kh	ng	ph	th
/kh/	/ng/	/ph/	/th/

ဗျည်းအက္ခရာသင်္ကေတ ၂လုံးတွဲ၍ ဗျည်းသံ (၁)သံပြဧယား အက္ခရာ ၂လုံးပါဗျည်းတွဲကို သာဓကပြရလျှင်

1. kh = khua[2] (n) ရွာမြို့
2. ng = nga[1] sa[1] (n) ငါး
3. ph = phu[1] (v) အတင်းခိုင်းစေသည်
4. th = ther[3] (v) သိသည်

ဟူ၍ဖြစ်သည်။

ဗျည်းအက္ခရာ သင်္ကေတ h, k, l, m, n, p, t, ng (၈)လုံးတို့သည် ဝဏ္ဏစကားလုံးများကို အဆုံးသတ်နိုင်၍ ကျန်ဗျည်းအက္ခရာသင်္ကေတဖြင့် ဝဏ္ဏစကားလုံးများ အဆုံးသတ်၍ မရနိုင်ကြောင်း တွေ့ရှိရပါသည်။

အဆုံးသတ်ဗျည်းရှိကြောင်းကို သာဓကပြရလျှင်-

1. h = meh^3 (n) ဟင်း
2. k = tak^3 (adj) ကောင်းသော
3. l = kal^2 (v) သွားသည်
4. m = vom^2 (adj) နက်သော
5. n = huam^3 (n) ပန်းခြံ
6. p = dup^3 (adj) စိမ်းသော
7. t = pat^3 (n) ချည်ထည်
8. ng = sing^1 (n) သစ်သား

သရသံနှင့် သရအက္ခရာသင်္ကေတ

တီးတိန်ဇိမီးစာအရေးအသားသည် ရောမအက္ခရာမှယူ၍ သုံးနှုန်းထားသော သင်္ကေတသည်လည်း သရ (၆)လုံး ရှိပါသည်။ ထို့အပြင် သရတွဲအနေဖြင့်လည်း စာအရေအတွက်စနစ်ရှိ သရတွဲအရေအတွက်များ (၁၄)တွဲရှိပါသည်။ ၎င်းတို့ကို အောက်ပါဇယားတွင် တွေ့နိုင်ပါသည်။

စကားသံဖွဲ့ပုံ သရသံ	/ɑ/	/e/	/i/	/o/	/u/	/o:/
အရေးအသား သရသင်္ကေတ	ɑ	e	i	o	u	aw

သရသင်္ကေတရှိကြောင်းကို သာဓကပြရလျှင်-

1. a = ha^2 (n) သွား
2. e = khe^3 (n) ခြေထောက်
3. i = ni^2 (n) နေ၊ အဒေါ်
4. o= so^2 (v) ဆူပွက်သည်
5. u = gu^1 (n) အဆိပ်
6.aw= kaw^2 (n) သွားဖုံး/ ကော်

ဟူ၍ဖြစ်ပါသည်။

စာအရေးအသားစနစ်တွင် လုံးချင်းသရများ တွဲဖက်၍ အခြေခံသရတွဲသင်္ကေတ (၁၄)တွဲရှိကြောင်း တွေ့ရပါသည်။ ၎င်းတို့ကို ဇယားဖြင့် ဖော်ပြရလျှင် –

စာအရေးအသားမှ သရတွဲသင်္ကေတ	αι	ɛι	ιɑ	οι	υɑ	ιαι	υαι
စကားသံဖွဲ့ပုံမှသရတွဲသံ	/αι/	/ɛι/	/ιɑ/	/οι/	/υɑ/	/ιαι/	/υαι/
သရတွဲ သင်္ကေတ	αυ	ɛυ	ιυ	αωι	υι	ιαυ	υαυ
သရတွဲသံ	/αυ/	/ɛυ/	/ιυ/	/αωι/	/υι/	/ιαυ/	/υαυ/

အောက်ပါသရတွဲ (၁၄)တွဲရှိကြောင်းကို သာဓကပြရလျှင် –

1. ai = pai^{2} (v) သွားသည်
2. ei = pei^{2} (n) ဘီး
3. ia = bia^{3} (v) ရှိခိုးသည်။
4. oi = moi^{2} (adj) ငယ်ရွယ်သော
5. ua = gua^{2} (n) ဝါးပင်
6. iai = hiai^{1} (pron) ဤ၊ ဒီ၊ သည်
7. uai = buai^{1}(adj) အလုပ်များသော
8. au = dau^{2} (v) ဆိမ့်သည်(အရသာ)
9. cu = kcu^{2} (adj) ကြွပ်သော (မုန့်)
10. iu = kiu^{1} (n) တံတောင်ဆစ်၊ ထောင့်
11. awi = nawi^{1} (n) ရင်သား၊ နွားနို့
12. ui = ui^{1} (n) ခွေး
13. iau = liau^{2} (v) ဒဏ်ကြေးပေးသည်။
14. uau = zuau^{1} (v) လိမ်ပြောသည်၊

တက်ကျသံသင်္ကေတ

တီးတိန်ဗိုမီးဘာသာစကားသည် တက်ကျသံဘာသာစကား ဖြစ်ပါသည်။ အသံအနိမ့်အမြင့်ပြောင်းသွားသည်နှင့် အဓိပ္ပာယ်ကွဲပြားသွားပါသည်။ စကားသံဖွဲ့ပုံအရ တက်ကျသံကို ယေဘုယျအားဖြင့် (၄)မျိုးရှိကြောင်း တွေ့ရပါသည်။ ၎င်း (၄) မျိုးတွင် အသံအတိုအရှည်ဟူ၍လည်း ရှိပါသည်။ အသံတို၊ အသံရှည်သည် ဝဏ္ဏ၏အဆုံးတွင် ဗျည်းသံဖြင့် အဆုံးသတ်ပါက အသံတိုဖြစ်ပြီး သရသံဖြင့်

အဆုံးသတ်ပါက အသံအတိုအရှည် (၂)မျိုး ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ယေဘုယျ အားဖြင့် တက်ကျသံ (၄)မျိုးရှိသည်ဟုသာ ဆိုရပေမည်။ ၎င်းတို့မှာ-

(၁) သံပြေ – level (၃) အမြင့်တက်သံ – high rising

(၂) အနိမ့်သက်သံ – low falling (၄) အမြင့်သက်သံ – high falling

ဟူ၍ဖြစ်ပါသည်။

ဤသို့ အသံအနိမ့်အမြင့်တက်ကျသံ (၄)မျိုးရှိသည်ဟု ယေဘုယျ သတ်မှတ်နိုင်သော်လည်း အမြင့်တက်သံ (high rising) ရှိသော စကားလုံးမှအပ ကျန်စကားလုံးများမှ အသံပုံသေမရှိဘဲ ရှေ့နောက်စကားလုံးတို့အပေါ် မူတည်၍ တက်ကျသံပြောင်းလဲမှုရှိပါသည်။ ဇိမီးစာအရေးအသားစနစ်တွင် တက်ကျ သင်္ကေတများကို အသုံးပြုခြင်း မတွေ့ရပေ။ တီးတိန်ဇိမီးဘာသာစကားသည် တက်ကျသံ ဘာသာစကားဖြစ်သော်လည်း စာအရေးအသားတီထွင်ပေးခဲ့သော ဆရာကြီး ဂျိုးဇက်ဟားဘတ်ခုပ်သည် တက်ကျသံသင်္ကေတများကို တီထွင် ပေးထားခြင်းမရှိပါ။ တက်ကျသံသင်္ကေတကို ထည့်သွင်းအသွင်းပြုပါက အရေး အသားတွင် ပိုမိုရှုပ်ထွေး ခက်ခဲမည်ဖြစ်သည်ဟု ဆိုပါသည်။ သို့သော် တီးတိန်-အင်္ဂလိပ်အဘိဓာန်တွင် တက်ကျသံသင်္ကေတများကို နံပါတ်များဖြင့် ပြထားသည် ကို တွေ့ရပါသည်။ သာဓကပြရလျှင်-

1. za [1] (v) ကြားသည်၊ နားထောင်သည် 3. za[3] (n) ----- ရာ (တစ်ရာ၊ နှစ်ရာ)

2. za[2] (n) အဆင့်အတန်း 4. a[1] za[4] a[1] za[4] –in[2] = ရာချီ၍

ဟူ၍ဖြစ်ပါသည်။

ထို့အပြင် အသံအတိုအရှည်ပြသင်္ကေတများကိုလည်း အသုံးပြုထားခြင်း မရှိပေ။ သို့သော် ယခုခေတ်တွင် အသံရှည်စကားလုံးများ ရေးသားရာတွင် သရတူ နှစ်လုံးထပ်၍ သုံးစွဲသည်ကို တွေ့ရသကဲ့သို့ နောက်ပိုင်းတွင် သရပေါ်တွင် အစက်(၂)စက် သင်္ကေတပြသုံးစွဲသည်ကို တွေ့ရှိရပါသည်။

သာဓကပြရလျှင် – mǻi = မျက်နှာ / nǻi = ပိုးချည်

mǻǔ = ဆူညံသော

ဟူ၍ ဖြစ်ပါသည်။

စကားလုံးဖွဲ့စည်းပုံ

တီးတိန်ဇိမီး စာအရေးအသားစနစ်တွင် စကားလုံး၏ ဖွဲ့စည်းတည်ဆောက်မှုပုံစံကိုကြည့်လျှင် အောက်ပါအတိုင်းဖြစ်ပါသည်။ သာဓက ပြရလျှင်-

	ဝဏ္ဏဖွဲ့စည်းပုံ	စကားလုံးတည်ဆောက်ပုံ		
(၁)	o v v	ai	=	အဆောင်လက်ဖွဲ့
(၂)	c v o	sa	=	အသား
(၃)	o v c	ak	=	ကြက်
(၄)	c v c	vok	=	ဝက်
(၅)	c v v	sai	=	သင်
(၆)	v v c	uap	=	တက်ရောက်အားပေးသည်
(၇)	c v v c	guam	=	ပြောင်း
(၈)	c v v v	luai	=	ပုခက်

ဟူ၍ (၈)မျိုးတွေ့နိုင်ပါသည်။ ၎င်းတို့တွင် (၂)လုံးတွဲသရနှင့် (၃)လုံးတွဲသရများ ပေါင်းစပ်ထားသည်ကို တွေ့ရှိရပါသည်။

အထွေထွေအရေးသင်္ကေတများ

တီးတိန်ဇိမီးအရေးအသားစနစ်သည် ရောမအက္ခရာကို အခြေပြုသော စနစ်ဖြစ်သည့်အတွက် အင်္ဂလိပ်ဘာသာကဲ့သို့ စာလုံးအကြီး၊ အသေး၊ ပုဒ်ဖြတ်၊ ပုဒ်ရပ်သင်္ကေတများ၊ ဝါကျအဆုံးသတ် full stop (.)၊ ကော်မာ (comma)၊ ပိုင်ဆိုင်မှုပြ (Apostrophe)သင်္ကေတ၊ အမေးဝါကျအတွက် (Question Mark)...? သင်္ကေတ၊ လက်သည်းကွင်း သင်္ကေတများကို အသုံးပြုပြီး ကိန်းဂဏန်းများကို

အသုံးပြုရာတွင် အင်္ဂလိပ်ဘာသာမှာသုံးသည့်အတိုင်း 1,2,3 ကို အသုံးပြုထားသည့် စနစ်များကို တွေ့ရှိရပါသည်။

ခြုံငုံသုံးသပ်ချက်

တီးတိန်ဓိုမီး စာအရေးအသားစနစ်သည် တီးတိန်ဓိုမီးဘာသာစကားများကို ကိုယ်စားပြုထားခြင်းဖြစ်ပါသည်။ စကားသံများကို ဖော်ပြရန်အတွက် အက္ခရာသင်္ကေတများမှာ ရောမအက္ခရာများကို အသုံးပြုပြီး အက္ခရာစဉ်အရေးအသားစနစ်ဖြစ်ပါသည်။ အလျားလိုက်ရေးသည့် စနစ်ဖြစ်ပါသည်။ အမှတ်အသားသင်္ကေတများကိုလည်း အင်္ဂလိပ်ဘာသာတွင်ရှိသော သင်္ကေတများကိုသာ သုံးစွဲကြောင်း တွေ့ရှိရပါသည်။

တီးတိန်ဓိုမီးဘာသာစကား၏ ဗျည်းသံ၊ သရသံတစ်ခုစီကို ကိုယ်စားပြုသော အရေးအက္ခရာသင်္ကေတတစ်ခုစီရှိပြီး၊ အရေးအသားစနစ်တွင် စကားလုံးဖွဲ့စည်းပုံတို့သည် ဗျည်းသရသင်္ကေတအစီအစဉ်ဖြင့် ရှေ့နောက်စဉ်ကာ အသုံးပြုထားကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် အက္ခရာစဉ်အရေးအသားစနစ်တွင် ပါဝင်ပါသည်။ ဓိုမီးဘာသာစကားသည် တက်ကျသံဘာသာစကားဖြစ်ပါသည်။ တက်ကျသံကို ယေဘုယျ (၄)မျိုး ခွဲခြားနိုင်သော်လည်း စာအရေးအသားစနစ်တွင် တက်ကျသံပြသင်္ကေတ သုံးထားခြင်းမရှိပေ။ စာအရေးအသားတွင် ရှုပ်ထွေးစေမည်ဟု ယူဆ၍ တီထွင်ခဲ့ခြင်း မရှိပေ။

တီးတိန်ဓိုမီးစာအရေးအသားစနစ်သည် ဗျည်းသင်္ကေတ၊ ဗျည်းတွဲသင်္ကေတ၊ သရသင်္ကေတ၊ သရတွဲသင်္ကေတများရှိပြီး တက်ကျသံရှိသော်လည်း တက်ကျသံပြသင်္ကေတကို တီထွင်မှု မပြုခဲ့သည့်အတွက် တီးတိန်ဓိုမီးစာအရေးအသားကို ဖတ်ရှုရာတွင် မိခင်ဘာသာစကားကို အသုံးပြုသုံးစွဲသူမှအပ အခြားသူများအတွက် ခက်ခဲစေမည့်အချက် ဖြစ်နိုင်သည်ကို တွေ့ရှိရသည်။ ထို့အပြင် အမြင့်သံရှိသော စကားလုံးမှလွဲ၍ ကျန်ရှိသောတက်ကျသံ အသံများသည် ပုံသေမဟုတ်ဘဲ ပြောင်းလဲမှုရှိပါသည်။ ဤသို့အမျိုးမျိုးပြောင်းလဲနိုင်သည့် အကြောင်းအရင်းကို သိရှိရန် ခက်ခဲမှုရှိနိုင်ကြောင်းလည်း တွေ့ရှိရပါသည်။

သို့သော် တီးတိန်ဖိုမီးဘာသာစကားနှင့် ကိုက်ညီသော စာအရေးအသားစနစ်ဖြင့် (၁၉၁၃)ခုနှစ်ကပင် ကျောင်းသုံးဖတ်စာအုပ်အဖြစ် ရေးသားပြီး ပထမဆုံးသော ပုံနှိပ်စာအုပ်ဖြစ်ခဲ့ပြီး ယနေ့တိုင် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ခဲ့ပါသည်။

နိဂုံး

တီးတိန်ဖိုမီးစာအရေးအသားစနစ်သည် စကားသံကို ကိုယ်စားပြုသည့် စာ အရေးအသားစနစ်ကို တီထွင်ဖန်တီးရာတွင် လွယ်ကူစွာ တီထွင်ရန် ခက်ခဲပါသည်။ ထို့ကြောင့်လည်း ကမ္ဘာပေါ်ရှိ ဘာသာစကားများတွင် စာအရေးအသားစနစ်မရှိသေးသော ဘာသာစကားများ မြောက်များစွာရှိပါသည်။ တီးတိန်ဖိုမီးတိုင်းရင်းသားတို့သည် လွန်ခဲ့သော နှစ် (၁၀၀)ခန့်ကပင် မိမိတို့၏ ဘာသာစကားနှင့် ကိုက်ညီသော စာအရေးအသားကို တီထွင်ဖန်တီးရာတွင် ခိုင်မာစွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ သို့မှသာ မိမိတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ လူမှုရေး၊ ဘာသာ၊ သာသနာရေးများကို မှတ်တမ်းတင်နိုင်မည်ဖြစ်ပါသည်။

ကျမ်းကိုးစာရင်း

မြန်မာဘာသာ

တီးတိန်ဖိုမီးစာပေနှင့်ယဉ်ကျေးမှုကော်မတီ။ (၂၀၁၈) ***သူငယ်တန်းဆရာ၊ ဆရာမများ မှီငြမ်းရန် တီးတိန်ဖိုမီးဘာသာစကားလမ်းညွှန်***။ (မူကြမ်း)

ထွန်းမြင့်၊ ဦး။ (၁၉၉၆ ခ)။ ***သဒ္ဒဗေဒ***။ ရန်ကုန်၊ တက်လမ်းစာပေ။

ဖေမောင်တင်၊ ဦး။ (၁၉၅၈)။ ***ဘာသာလောကကျမ်း***၊ ရန်ကုန်၊ စာပေဗိမာန်။

မင်းနိုင်၊ ဦး။ (၁၉၆၀)။ ***တို့တိုင်းရင်းသားပြည်ထောင်စုဘွား***။ ရန်ကုန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ယဉ်ကျေးမှုဝန်ကြီးဌာန။

အင်္ဂလိပ်ဘာသာ

Bloomfield, L(1965). ***Language***, London, George Allen and Unwin Ltd.

Pike, L. Kenneth, (1958), ***Phonemics: A technique for Reducing Languages to writing***, University of Michigan.

တွေ့ဆုံမေးမြန်းသူများ

(၁) Dr. Pau Lian Mang, Tedim Bible Translator, Tedim Christian College.

(၂) Sayama Ngai Dim Niang, Missionary Training School.

ဘာသာစကား မွမ်းမံထိန်းသိမ်းမှုဆိုင်ရာ လေ့လာချက်

တင်ဝင်း*

စာတမ်းအကျဉ်း

ဤစာတမ်းသည် ပျောက်ကွယ်ရန် အန္တရာယ်ရှိသော ဘာသာစကား၏ လက္ခဏာရပ်များကို လေ့လာပြီး တွေ့ရှိသော အကြောင်းအရင်းများအပေါ် မူတည်၍ ဘာသာစကား မွမ်းမံထိန်းသိမ်းမှုနှင့် တည်ဆောက်မှု လုပ်ငန်းစဉ်များကို သုတေသနပြုထားသော စာတမ်းတစ်စောင် ဖြစ်ပါသည်။ ထိုသို့ သုတေသနပြုရာတွင် ဘာသာစကားမွမ်းမံထိန်းသိမ်းမှုနှင့် တည်ဆောက်မှု လုပ်ငန်းစဉ်များ ဖြစ်သည့် တိုင်းရင်းသားလူ့အဖွဲ့အစည်းများက ဘာသာစကား ပြန်လည်ရှင်သန်ရေးအတွက် ပါဝင်လုပ်ဆောင်ရမည့် အချက်များ၊ ပညာရေးဆိုင်ရာ လူ့အဖွဲ့အစည်းများက ဘာသာစကား ပြန်လည်ရှင်သန်ရေးအတွက် ပါဝင်လုပ်ဆောင်ရမည့်အချက်များဟူ၍ ကဏ္ဍာန်စစ်ရပ်ဖြင့် လေ့လာ တင်ပြထားပါသည်။

သော့ချက်ဝေါဟာရ- ဘာသာစကား မွမ်းမံထိန်းသိမ်းမှု၊ ဘာသာစကား မှတ်တမ်းပြုစုမှု၊ ဘာသာစကားထိန်းသိမ်း ထောက်ပံ့မှု၊ ပျောက်ကွယ်ရန် အန္တရာယ် ရှိသော ဘာသာစကား။

နိဒါန်း

ဤစာတမ်းသည် ဘာသာစကား မပျောက်ကွယ်ရန် တုံ့ပြန်ဆောင်ရွက်မှု အစီအစဉ်များကို လေ့လာတင်ပြထားသော “ဘာသာစကား မွမ်းမံထိန်းသိမ်းမှု ဆိုင်ရာ လေ့လာချက်” စာတမ်းဖြစ်ပါသည်။ ဤစာတမ်းတွင် ပျောက်ကွယ်ရန် အန္တရာယ်ရှိသော ဘာသာစကားဖြစ်သော “ကတူး” ဘာသာစကားကို အလေ့လာ ခံနယ်ပယ်အဖြစ် သတ်မှတ်ပါသည်။ ဘာသာစကားမပျောက်ကွယ်ရန် တုံ့ပြန်ဆောင်ရွက်မှုတွင် ဘာသာစကားမှတ်တမ်းပြုစုမှု (language documentation) အဆင့်၊ ဘာသာစကား ပြန်လည်ရှင်သန်ရေးနှင့် တည်ဆောက်မှု (language revitalization) အဆင့်နှင့် ဘာသာစကား မွမ်းမံထိန်းသိမ်းမှုနှင့် တည်ဆောက်မှု

* လက်ထောက်ကထိက၊ ဒေါက်တာ၊ မြန်မာစာဌာန၊ စစ်တွေတက္ကသိုလ်

(language maintenance) အဆင့်ဟူ၍ ကဏ္ဍ (၃)ခုကို တွေ့ရပါသည်။ ထိုအဆင့်(၃)ခုမှ ဘာသာစကား မွမ်းမံထိန်းသိမ်းမှုနှင့် တည်ဆောက်မှုအဆင့်ကို လေ့လာထားသည်။

ဤစာတမ်းကို သုတေသနပြုရာတွင် သုတေသနမေးခွန်းနှင့် ပြဿနာများ ဖြစ်သည့် ဘာသာစကားမွမ်းမံထိန်းသိမ်းမှုဆိုင်ရာ သုတေသနစာတမ်းကို လေ့လာရာတွင်

- ဘာသာစကား မွမ်းမံထိန်းသိမ်းမှုနှင့် တည်ဆောက်မှုအဆင့်ကို လုပ်ဆောင်ရာတွင် မည်သည့်အချက်များသည် အရေးပါသနည်း။
- ပျောက်ကွယ်ရန် အန္တရာယ်ရှိသော ဘာသာစကားတစ်ခုကို ပြန်လည် ရှင်သန်လာစေရန် မွမ်းမံထိန်းသိမ်းမှုနှင့် တည်ဆောက်မှု လုပ်ဆောင်ရာ တွင် အကျိုးရလဒ် ရရှိနိုင်၊ မရရှိနိုင်။

ဟူသော သုတေသနမေးခွန်းနှင့် ပြဿနာများအပေါ်မူတည်၍ လေ့လာပါမည်။

သုတေသနနည်းနာ

ဘာသာစကား မွမ်းမံထိန်းသိမ်းမှုဆိုင်ရာ လေ့လာချက်စာတမ်းကို လေ့လာတင်ပြရာတွင် အောက်ဖော်ပြပါ နည်းနာများကို ကိုးကား၍ တင်ပြသွား ပါမည်။

ဘာသာစကား ပြန်လည်ရှင်သန်ရေး အောင်မြင်ရန် လုပ်ဆောင်ရမည့် အချက်အလက်များနှင့် ပတ်သက်၍ ဒေးဗစ်ခရစ္စတယ် (David Crystal) (၂၀၀၀) ၏ “Language Death” စာအုပ်တွင် ဖော်ပြထားသည့် အချက် (၅) ချက်ကို မူတည်၍ လေ့လာတင်ပြပါမည်။ ယင်းတို့မှာ–

- ရုံးသုံးဘာသာစကားပြောဆိုသော လူမှုအသိုင်းအဝိုင်းအတွင်း အခြား ဘာသာစကား၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးရန် လိုအပ်ခြင်း။
- အပြောဘာသာစကားပြဋ္ဌာန်းမှုသည် ပညာရေးစနစ်တွင် ခိုင်ခိုင်မာမာ ရှိနေခြင်း။

- အရေးဘာသာစကားအဖြစ် ခိုင်ခိုင်မာမာ ရှိနေခြင်း။
- အီလက်ထရောနစ်နည်းပညာများတွင် ဘာသာစကားကို အသုံးပြု နိုင်ခြင်း။ (စာ ၁၃၀)

တို့ဖြစ်ကြပါသည်။ အထက်ဖော်ပြပါ နည်းနာများကို အခြေခံ၍ ဤစာတမ်းကို သုတေသနပြုထားပါသည်။

အလေ့လာခံဒေသနှင့် အမေးခံပုဂ္ဂိုလ်များ

စစ်ကိုင်းတိုင်း၊ ပင်လည်ဘူးမြို့၊ နယ်စပ်ဒေသ တိုင်းရင်းသား ဖွံ့ဖြိုးရေး ကျောင်းတွင် ပညာသင်ကြားလျက်ရှိသော ကတူးတိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူများဖြစ်ကြသည့် မောင်ထွန်းထွန်းဦး (၁၆ နှစ်၊ ဆယ်တန်း၊ မြောက်မော် ကျေးရွာ)၊ မောင်တင်မောင်ထွန်း (၁၄ နှစ်၊ ကိုးတန်း၊ မော်လင်ကျေးရွာ)၊ မောင်ဆန်းမြင့်ဦး (၁၅ နှစ်၊ ဆယ်တန်း၊ မြောက်မော်ကျေးရွာ)၊ မောင်ကျော်ကျော်သန်း (၁၆ နှစ်၊ ဆယ်တန်း၊ တောင်မော်ကျေးရွာ)၊ မောင်နောက်ပေါ် (၁၆ နှစ်၊ ဆယ်တန်း၊ မောင်လင်ကျေးရွာ)၊ မမြင့်ထွေး (၁၃ နှစ်၊ ရှစ်တန်း၊ မော်လင်ကျေးရွာ) တို့သည် ကျောင်းနေအရွယ် အမေးခံပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ ကတူးတိုင်းရင်းသားကျေးရွာများတွင် နေထိုင်သော အမေးခံပုဂ္ဂိုလ်များမှာ ဦးချစ်မြဲ (၆၁ နှစ်၊ ၅/ပလဘ (နိုင်) ၀၁၄၀၃၂၂၊ မြောက်မော်ကျေးရွာ)၊ ဦးကျော်အောင် (၃၆ နှစ်၊ ၅/ပလဘ(နိုင်) ၀၄၆၇၈၁၊ မြောက်မော်ကျေးရွာ)၊ ဦးကျော်ဝင်း (၅၈ နှစ်၊ ၅/ပလဘ(နိုင်) ၀၁၃၉၅၆၊ တောင်မော်ကျေးရွာ)၊ ကိုမျိုးနိုင်ဦး (၃၀ နှစ်၊ ၅/ပလဘ(နိုင်) ၀၇၂၃၈၆၊ တောင်မော်ကျေးရွာ)၊ ဦးမောင်ဝင်း (၄၅ နှစ်၊ ၅/ပလဘ(နိုင်) ၀၆၂၁၃၆၊ ရွှေဟင်္သာကျေးရွာ)၊ ဦးအောင်ထွား (၇၀ နှစ်၊ ၅/ပလဘ(နိုင်) ၀၄၇၂၈၃၊ မော်လင်ကျေးရွာ) တို့ ဖြစ်ကြသည်။

လေ့လာတွေ့ရှိချက်

အလေ့လာခံကတူးဘာသာစကားကို ဘာသာစကား မွမ်းမံထိန်းသိမ်းမှုနှင့် တည်ဆောက်မှုဆိုင်ရာနှင့် ပတ်သက်၍ လေ့လာတင်ပြရာတွင်

(၁) စာပေသင်ကြားရာတွင် မိခင်ဘာသာစကားဖြင့် သင်ကြားနိုင်မှု

(၂) မိခင်ဘာသာစကားဖြင့် ကိုယ်ပိုင်စာပေ ပြဋ္ဌာန်းနိုင်မှု၊ သင်ကြားနိုင်မှု

(၃) ဒစ်ဂျယ်တယ်နည်းပညာဖြင့် ဘာသာစကားထိန်းသိမ်းရေး ဆောင်ရွက်မှုများ ဟူသော အချက် (၃)ချက်အပေါ် မူတည်၍ လေ့လာတင်ပြသွားပါမည်။

စာပေသင်ကြားရာတွင် မိခင်ဘာသာစကားဖြင့် သင်ကြားနိုင်မှု

လူမျိုးတစ်မျိုးသည် စာပေသင်ကြားရာတွင် မိခင်ဘာသာစကားဖြင့် သင်ကြားနိုင်မှု အားနည်းခြင်းသည်လည်း ဘာသာစကားပျောက်ကွယ်ရခြင်း၏ အကြောင်းအရင်းတစ်ခု ဖြစ်ပါသည်။

ဘာသာစကားနှင့်ပတ်သက်၍ နိုင်ငံတော်မှ တိကျခိုင်မာသော မူဝါဒ များကို ချမှတ်ရေးဆွဲထားသည်။ ဘာသာစကားနှင့်စာပေသင်ကြားရေး မူဝါဒနှင့် ပတ်သက်၍ ကြေးမုံနေ့စဉ်သတင်းစာ (၂၀၁၄)တွင် အမျိုးသားပညာရေး ဥပဒေပြဋ္ဌာန်းခြင်းဆိုင်ရာ သတင်းထုတ်ပြန်ချက်အနေဖြင့် ပုဒ်မ ၄၃ တွင် ဖော်ပြ ထားသည်မှာ သင်ကြားရေးတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့် အင်္ဂလိပ် နှစ်ဘာသာတွဲ၍ဖြစ်စေ သင်ကြားနိုင် ကြောင်း၊ ပုဒ်မ ၄၃ (ခ) တွင် အခြေခံပညာဆင့်တွင် လိုအပ်ချက်ရှိလျှင် တိုင်းရင်း သားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ သင်ကြားမှုဘာသာစကား အဖြစ် တွဲဖက်အသုံးပြုနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်၏ မူလအတည် ပြုချက်အဖြစ် ထုတ်ပြန် ထားသည်ကို တွေ့ရသည်။ (စာ ၁၇)

ပင်လည်ဘူးမြို့နယ်ရှိ ကတူးတိုင်းရင်းသားများသည် မိသားစုအတွင်း ပြောဆိုသောအခါ ကတူးဘာသာစကားကို ပြောဆိုသုံးစွဲကြပါသည်။ ကလေး သူငယ်များသည် ကျောင်းနေအရွယ်ရောက်မှသာ မြန်မာဘာသာစကားနှင့် ထိတွေ့ခွင့် ရကြသည်။ ပင်းလည်ဘူးမြို့၊ ဒုတိယပညာရေးမှူး ဦးကိုဦး (၅၅ နှစ်) သည် ပင်လည်ဘူးမြို့နယ်၊ မော်လင်ကျေးရွာတွင် မူလတန်းပြဆရာအဖြစ် တာဝန် ထမ်းဆောင်စဉ်အခါက ကတူးကလေးငယ်များကို မြန်မာစကားဖြင့် စာသင်ကြား ရာတွင် အခက်အခဲဖြစ်ခဲ့ကြောင်း၊ မြန်မာစကားကို နားမလည်ကြကြောင်း၊

ကလေးငယ်များကို မြန်မာစကား သင်ပေးပြီးမှ စာသင်ခဲ့ရကြောင်း ဆရာကြီး၏ ပြောပြချက်အရ သိခဲ့ရပါသည်။ ထို့ကြောင့် ကတူးကလေးငယ်များသည် ဘာသာစကားဖွံ့ဖြိုးစအရွယ်တွင် မြန်မာဘာသာစကားနှင့် ထိတွေ့ကြရသည်။

စာပေသင်ကြားရာတွင် ရုံးသုံးဘာသာစကားဖြင့် ပြဋ္ဌာန်းထားသော စာပေများကို သင်ကြားရသည့်အတွက် ဘာသာစကားလိုအပ်ချက်အရ မြန်မာဘာသာစကားဖြင့် သင်ကြားကြရသောကြောင့် ကတူးကလေးငယ်များသည် ကျောင်းနေစအရွယ်တွင် မြန်မာဘာသာစကားနှင့် ထိတွေ့ပြီး မြန်မာစကားကို ပြောဆိုကြရသည်။ ကတူးကလေးငယ်များသည် ကျောင်းနေအရွယ်တွင် စာပေသင်ကြားရေးအတွက် ရုံးသုံးမြန်မာစကားကို ပြောဆိုတတ်ရန် လိုအပ်သကဲ့သို့ ကတူးတိုင်းရင်းသားတို့၏ ဘာသာစကားကိုလည်း စာသင်ကြားမှု ပတ်ဝန်းကျင်တွင် ပြောဆိုနိုင်ရန်လိုအပ်ပါသည်။ ထို့ကြောင့် စာပေသင်ကြားရာတွင် ကတူးဘာသာစကားကို ကောင်းစွာတတ်ကျွမ်းသော ကတူးတိုင်းရင်းသား ဆရာ၊ ဆရာမများခန့်ထား၍ ကတူးဘာသာစကားဖြင့် စာပေသင်ကြားရေး လုပ်ငန်းစဉ်ကို လုပ်ဆောင်ရမည် ဖြစ်ပါသည်။ ဆရာများသည် ကတူးကလေးငယ်များကို မိခင်ဘာသာစကားအပေါ် ချစ်မြတ်နိုးစေရန်နှင့် လူမျိုးနှင့်ဆိုင်သည့် ယဉ်ကျေးမှုဆိုင်ရာများကို သိရှိနားလည်လာစေရန် စည်းရုံးလမ်းညွှန်မှုများကိုလည်း လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ ဘာသာစကားဖွံ့ဖြိုးစအရွယ်တွင် ကျောင်းတွင်းဘာသာစကား ထိန်းသိမ်းရေး လုပ်ငန်းစဉ်လည်း ဖြစ်ပါသည်။ အပြောဘာသာစကားပြဋ္ဌာန်းမှုသည် ပညာရေးစနစ်တွင် ခိုင်ခိုင်မာမာရှိစေရန်နှင့် သင်ကြားရေးဆိုင်ရာ ဆရာ၊ ဆရာမများဖက်ကလည်း ထိုပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများက ဘာသာစကားမွမ်းမံထိန်းသိမ်းမှုနှင့် တည်ဆောက်မှု လုပ်ငန်းစဉ်တစ်ရပ်အဖြစ် လုပ်ဆောင်ရပါမည်။

မိခင်ဘာသာစကားဖြင့် ကိုယ်ပိုင်စာပေ ပြဋ္ဌာန်းနိုင်မှု၊ သင်ကြားနိုင်မှု

လူမျိုးတစ်မျိုးတွင် မိခင်ဘာသာစကားဖြင့် ကိုယ်ပိုင်စာပေ ပြဋ္ဌာန်းနိုင်မှု၊ သင်ကြားနိုင်မှု မရှိခြင်းသည်လည်း ဘာသာစကားပျောက်ကွယ်ရခြင်း၏ အကြောင်းအရင်းတစ်ခု ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈ တွင်လည်း နိုင်ငံတော်၏ အဖွဲ့အစည်းများအတွင်း အထက်အောက် အပြန်အလှန် ဆက်သွယ်ရာ၌လည်းကောင်း၊ အဖွဲ့အစည်းအချင်းချင်း အပြန်အလှန် ဆက်သွယ်ရာ၌လည်းကောင်း တညီတညွတ်တည်း ဖြစ်စေရန်နှင့် အယူအဆမကွဲစေဘဲ ရှင်းလင်းလွယ်ကူစေရန် ရုံးသုံးစာအဖြစ် မြန်မာစာကို အသုံးပြုရမည်ဖြစ်ကြောင်း၊ လိုအပ်လျှင် သက်ဆိုင်ရာတိုင်းရင်းသားစာများကိုလည်း အသုံးပြုနိုင်ကြောင်း ဖော်ပြထားပါသည်။ (စာ ၆)

မြန်မာနိုင်ငံတွင် မြန်မာစာသည် ရုံးသုံးစာဖြစ်သည့်အတွက် စာပေပြဋ္ဌာန်းသောအခါ မြန်မာစာဖြင့် ပြဋ္ဌာန်းရပါသည်။ တိုင်းရင်းသားတို့၏ ဘာသာစကားကို ထိန်းသိမ်းသည့်အနေဖြင့် တိုင်းရင်းသားဘာသာစကားကို ကိုယ်စားပြုသော စာပေများကိုလည်း သင်ကြားကြရမည် ဖြစ်ပါသည်။ ထိုအကြောင်းအရာနှင့် ပတ်သက်၍ ကတူးတိုင်းရင်းသားတို့တွင် ခေတ်အဆက်ဆက် မိခင်ဘာသာစကားဖြင့် ပြဋ္ဌာန်းထားသော စာပေသင်ကြားမှု မရှိခဲ့ပေ။ ထိုအကြောင်းအရာသည်လည်း ကတူးဘာသာစကား တိမ်ကောလာရသည့် အကြောင်းအရင်းတစ်ရပ်အဖြစ် တွေ့ရပါသည်။

ထို့ကြောင့် ကတူးတိုင်းရင်းသား ဘာသာစကားဖြင့် စာပေတစ်ရပ် ဖော်ဆောင်ပြီး ကျောင်းပညာရေးတွင် တရားဝင် ပြဋ္ဌာန်းသင်ကြားကြရမည် ဖြစ်ပါသည်။ ထိုသို့ ကတူးစာပေ သင်ကြားရန်အတွက် ကတူးဘာသာစကားကို ကျွမ်းကျင်စွာပြောတတ်သော ကတူးတိုင်းရင်းသား ဆရာ၊ ဆရာမများ ခန့်ထားပြီး ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာများကို မြတ်နိုးတန်ဖိုးထားတတ်လာအောင် သင်ကြားပို့ချ ပြုစုပျိုးထောင်ကြရပါမည်။ အခြေခံပညာကဏ္ဍတွင် သာမက အဆင့်မြင့်ပညာကဏ္ဍတွင်လည်း တိုင်းရင်းဘာသာစကားနှင့် စာပေဆိုင်ရာဌာနများ ဖွင့်လှစ်ပြီး ကတူးဘာသာစကားကဲ့သို့ ပျောက်ကွယ်ရန်အန္တရာယ်ရှိသော ဘာသာစကားများနှင့် ထိုဘာသာစကားတို့ကို အရေးဘာသာစကားဖြင့် မှတ်တမ်းတင်သောလုပ်ငန်းများ၊ အရေးဘာသာစကားဆိုင်ရာနှင့် စာပေများကို သင်ကြားပို့ချပြီး တိုင်းရင်းစာပေသင်ကြားမည့်ဆရာများကို မွေးထုတ်ပေးသည့် လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်ကြရပါမည်။ ဤအချက်သည် ကျောင်းပညာရေး စနစ်အတွင်းမှ ဘာသာစကားမွမ်းမံထိန်းသိမ်းမှုနှင့် တည်ဆောက်မှု လုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်သည်။

ဒစ်ဂျယ်တယ်နည်းပညာဖြင့် ဘာသာစကားထိန်းသိမ်းရေးဆောင်ရွက်မှု

မိခင်ဘာသာစကား ရေရှည်တည်တံ့စေရေးအတွက် ရေရှည်စီမံကိန်းရေးဆွဲ၍ ဘာသာစကား ထိန်းသိမ်းဆောင်ရွက်မှုများကို လုပ်ဆောင်ရပေမည်။ ထိုသို့ လုပ်ဆောင်သည့်အခါတွင် ဘာသာစကားနှင့် လူမှုအသိုင်းအဝိုင်းတို့၏ ဆက်နွယ်နေမှုသဘောကို လူမှုဘာသာဗေဒ၊ အသုံးချဘာသာဗေဒ ပညာရပ်တို့ဖြင့် ဘာသာစကားကို ချဉ်းကပ်ရန် လိုအပ်ပါသည်။ ထိုအကြောင်းအရာနှင့် ပတ်သက်၍ ဒေါက်တာအောင်မြင့်ဦး (၂၀၀၃)၏ "လူမှုဘာသာဗေဒ မိတ်ဆက်" စာအုပ်တွင် ဖော်ပြထားသည်မှာ လူမှုဘာသာဗေဒသည် ဘာသာစကားနှင့် လူ့အဖွဲ့အစည်းကြားရှိ အပြန်အလှန်ဆက်စပ်မှု၏ သွင်ပြင်လက္ခဏာများ အားလုံးကို စူးစမ်းလေ့လာကြောင်း ဖော်ပြထားသည်။ (စာ ၈)

မျက်မှောက်ခေတ် လူမှုနယ်ပယ်တွင် ကွန်ပျူတာနည်းပညာအခန်းကဏ္ဍသည် အရေးပါလှသည်။ ဘာသာစကားသည် ဆက်သွယ်ရေးကြားခံဟု ဆိုသကဲ့သို့ မျက်မှောက်ခေတ်တွင် နည်းပညာသည်လည်း ဆက်သွယ်ရေးကြားခံတစ်ခုအဖြစ် လူ့ဘောင်အဖွဲ့အစည်းတွင် အရေးပါလာခဲ့ပါသည်။ ကွန်ပျူတာဆိုင်ရာနည်းပညာနှင့်ပတ်သက်၍ မာ့(ခ်)အာရိုနိုး(ဖ်) (Mark Aronoff) နှင့် ဂျိမ်းရက်(စ်)မီလာ (Janie Ress-Miller) (၂၀၀၃)တို့၏ "The Handbook of Linguistics" စာအုပ်တွင် ဖော်ပြထားသည်မှာ ဘာသာစကားဟုဆိုရာတွင် လူတို့ပြောစကားသာမက ရေးခြင်း၊ နားထောင်ခြင်း၊ ဖတ်ခြင်း စသည့်အချက်အလက်များလည်း ပါဝင်ကြောင်း၊ ဖွံ့ဖြိုးပြီးသော နိုင်ငံများတွင် ဘာသာဗေဒ၏ ပညာရပ်ခွဲတစ်ခုဖြစ်သော ကွန်ပျူတာဘာသာဗေဒ (Computational linguistics) ပညာရပ်သည် ထွန်းကားလာနေပြီဖြစ်ကြောင်း ကွန်ပျူတာဘာသာဗေဒသည် ဘာသာစကား သုတေသနနှင့် ဘာသာစကား လက်တွေ့အသုံးချမှုအတွက် ဖြစ်သော ကျွန်ပျူတာ သဘောတရား ဘာသာရပ်ဖြစ်ကြောင်း ဖော်ပြထားသည်။ (စာ ၆၀၈)

ဘာသာစကား မွမ်းမံထိန်းသိမ်းရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ The Endangered Languages Projects အမည်ရှိ ဝက်ဆိုက်တွင် ဖော်ပြထားသည်မှာ ပျောက်ကွယ်ရန် အန္တရာယ်ရှိသော ဘာသာစကားများနှင့် ပတ်သက်သည့်

နောက်ဆုံးရသတင်းအချက်အလက်များကို လွှင့်တင်ပေးထားမည်ဖြစ်ကြောင်း ဂူဂဲလ်အင်တာနက်ဝန်ဆောင်မှုကုမ္ပဏီက ပြောကြားကြောင်း၊ ယင်းဝက်ဆိုက်တွင် ပျောက်ကွယ်ရန်အန္တရာယ်ရှိသော ကမ္ဘာ့ဘာသာစကားအမျိုးပေါင်း ၃၀၀၀ ကျော် အတွက် အချက်အလက်များ ထည့်သွင်းပေးထားမည်ဖြစ်ရာ ဘာသာစကားများကို ထိန်းသိမ်းကာကွယ်ရေးကဏ္ဍအတွက် အထောက်အကူပြုမည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။ (စာ ၁၄)

အထက်အကြောင်းအရာများကို ကြည့်ခြင်းအားဖြင့် ဘာသာစကား ရေရှည် တည်တံ့စေရန် မွမ်းမံထိန်းသိမ်းမှု ပြုလုပ်ရန်အတွက် ဒစ်ဂျစ်တယ် နည်းပညာသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်းကို သိရှိနိုင်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာနှင့်ပတ်သက်၍ ဘာသာစကား မွမ်းမံထိန်းသိမ်းရာ၌ နည်းလမ်းများစွာရှိပါသည်။ ယင်းတို့အနက်မှ အီလက်ထရောနစ် ပစ္စည်းများတွင် မိမိတို့၏ မိခင်ဘာသာစကားကို အသုံးပြုနိုင်ရန် လုပ်ဆောင်ခြင်း ဖြစ်ပါသည်။

ဖော်ပြပါ လုပ်ငန်းစဉ်ကို အကောင်အထည် ဖော်ဆောင်ရန်အတွက်မူ အလွေ့လာခံ ကတူးဘာသာစကားအတွက် အခက်အခဲ ရှိပါသည်။ အကြောင်းမှာ ကတူးဘာသာစကားတွင် အပြောဘာသာစကားသာရှိပြီး အရေးဘာသာစကား အဆင့်သို့ ရောက်ရှိလာနိုင်ခြင်း မရှိသောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်၍ ကတူးဘာသာစကားကို အခြေခံသော အရေးဘာသာစကားဆိုင်ရာ အက္ခရာများကို တီထွင်အသုံးပြုရပါမည်။ ကတူးအရေးဘာသာစကားကို ကတူးလူမျိုးများ တတ်မြောက်သည့်အဆင့်သို့ ရောက်ရှိအောင်လည်း စာပေတတ်မြောက်ရေး လုပ်ငန်းစဉ် တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရပါမည်။ ထို့နောက် ထိုအက္ခရာများကို ကတူးစာပေအရေးအသား အက္ခရာ ယူနီကုဒ် (Unicode) အဆင့်သို့ပြောင်းလဲပြီး အီလက်ထရောနစ်ပစ္စည်းများတွင် အသုံးပြုနိုင်အောင် လုပ်ဆောင်ရမည် ဖြစ်ပါသည်။ ထိုသို့ အဆင့်ဆင့်ဆောင်ရွက်ပြီး ကတူးလူငယ်လူရွယ်များသည် အီလက်ထရောနစ်ပစ္စည်းများတွင် ကတူးအရေးဘာသာစကားကို အသုံးပြုခြင်းဖြင့် ကတူးလူမျိုးတို့၏လူမှုနယ်ပယ်တွင် နေ့စဉ်သုံးအရေးဘာသာစကားအဖြစ်သို့ ရောက်ရှိလာအောင် ဆောင်ရွက်ကာ ကတူးဘာသာစကား ထိန်းသိမ်းမှုကို ဆောင်ရွက်ရပါမည်။

ထို့ကြောင့် ယူနီကုဒ်စနစ်သည် အီလက်ထရောနစ်ပစည်းများပေါ်တွင် မိခင်ဘာသာစကား အသုံးချမှုအတွက် စံစနစ်တစ်ခုဖြစ်ပါသည်။ ထိုစနစ်ကို အသုံးပြု၍ အနာဂတ်အီလက်ထရောနစ် ပစည်းများတွင် ကတူးဘာသာစကားကို အသုံးပြုခြင်းဖြင့် ကတူးဘာသာစကား မွမ်းမံထိန်းသိမ်းမှု လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

သုံးသပ်ချက်

မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများသည် မြန်မာစကားကို လူမှုနယ်ပယ်တွင် ပြောဆိုဆက်သွယ်ရန် ပြောဆိုတတ်ရမည်က တစ်ပိုင်း၊ မိမိတို့၏ မိခင်ဘာသာစကား မပျောက်ကွယ်အောင် ပြောဆိုထိန်းသိမ်းကြရမည်က တစ်ပိုင်း၊ နိုင်ငံတကာနှင့် ဆက်ဆံရန်အတွက် အင်္ဂလိပ်ဘာသာစကားကို ပြောဆိုတတ်ကြရမည်က တစ်ပိုင်းဟု ခံယူ၍ ဘာသာစကားကို ပြောဆိုကြရမည် ဖြစ်ပါသည်။ ထိုသို့မဟုတ်ဘဲ ဘာသာစကားတစ်ခုကို အထင်ကြီးစိတ်ဖြင့် အလွန်အကျွံ ပြောဆိုသုံးစွဲသည့်အခါ မိမိတိုင်းရင်းသား ဘာသာစကား ပျောက်ကွယ်နိုင်ကြောင်း တွေ့ရ ပါသည်။

မြန်မာနိုင်ငံတွင် နေထိုင်ကြသော မြန်မာတိုင်းရင်းသားများသည် မိခင်ဘာသာစကား မပျောက်ကွယ်ရန် ဘာသာစကားအသိအမြင်ဖြင့် ဘာသာစကား အသီးသီးကို ပြောဆိုကြရန် လိုအပ်ပါသည်။ ပညာရေးဆိုင်ရာ လူ့အဖွဲ့အစည်း များကလည်း ဘာသာစကားဆိုင်ရာမူဝါဒများ ချမှတ်ကာ တိုင်းရင်းသားဘာသာ စကားများ ပြန်လည်ရှင်သန်ရေးနှင့် ထူထောင်ရေးအတွက် ဆောင်ရွက်ကြ ရပါမည်။

နိဂုံး

ဤစာတမ်းသည် ကတူးဘာသာစကားရှိ ပျောက်ကွယ်ရန် အန္တရာယ် ရှိသော လက္ခဏာရပ်များကို သုတေသနပြုပြီး ထိုဘာသာစကား မပျောက်ကွယ် ရန် မွမ်းမံထိန်းသိမ်းရေးလုပ်ငန်းစဉ်အတွက် လုပ်ဆောင်ရမည့် အချက်အလက် များကို သုံးသပ်တင်ပြထားသော စာတမ်းတစ်စောင်ဖြစ်ပါသည်။ လူမျိုး

တစ်မျိုး၏ဘာသာစကားနှင့် ယဉ်ကျေးမှုထုံးတမ်းစဉ်လာ ပျောက်ကွယ်ခြင်းသည် ထိုလူမျိုးအတွက်သာ ဆုံးရှုံးခြင်းမဟုတ်ဘဲ လူ့ယဉ်ကျေးမှုတစ်ခုလုံးအတွက် ဆုံးရှုံးမှုတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် ဘာသာစကားပျောက်ကွယ်ရခြင်း အကြောင်းအရင်းများကို လေ့လာ၍ တိုင်းရင်းသားဘာသာစကားကို ပြောဆို ကြသည့် တိုင်းရင်းသားများ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ စာပေပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများ စသည့်လူ့အဖွဲ့အစည်းများက တိုင်းရင်းသားဘာသာ စကားများ မပျောက်ကွယ်ရန် ထိန်းသိမ်းစေလိုသည့် ရည်ရွယ်ချက်ဖြင့် လေ့လာ တင်ပြခြင်း ဖြစ်ပါသည်။

ကျမ်းကိုးစာရင်း

မြန်မာဘာသာ

ပညာရေးတက္ကသိုလ်။ (၁၉၉၁)။ ***မြန်မာစာသင်ပြန်ည်း***။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ။ (၁၉၇၃)။ ***ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် (ဒုတိယမူကြမ်း)***။ ရန်ကုန်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၀၃)။ ***လူမှုဘာသာဗေဒမိတ်ဆက်***။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

အင်္ဂလိပ်ဘာသာ

Crystal, D. (2000). ***"Language Death"***. Cambridge: Cambridge University Press, pp 130–141. ISBN 0–521–65321–5.

"Endangered Languages" (https://web.archive.org/web/ 201404091 41047/http://www.unesco.org/new/en/culture/themes/ endangered–languages/). Archived from the origina l(http://www. unesco.org/new/ en/ culture/ themes/ endangered– languages/) on 2014–04–09. Retrieved 2014–04–20.

Jose A.F. Farfan and Fernando F. Ramallo. Amsterdam: John Benjamins. (2010). "***New Perspectives on Endangered Languages***". Ed. Pp.1–7. Print.

အင်တာနက် ဝက်ဆိုက်အကိုးအကား

http://www.unesco.org/new/fileadmin/ MULTIMEDIA/ HQ/ CLT/ pdf/ Language–viality–and endangerment.

http//www.ethnologue.com/endangered–languages

ဝင်းမှူးဆရာအဂ္ဂမဓာဇ၏ စန္ဒကုမ္မာရလင်္ကာမှ လောကရေး၊ ဓမ္မရေး၊ ရာဇရေး လေ့လာချက်

ဆန်းမေ*

စာတမ်းအကျဉ်း

ဤစာတမ်းသည် ကုန်းဘောင်ခေတ်နှောင်းတွင်ရေးဖွဲ့သော ဝင်းမှူးဆရာအဂ္ဂမဓာဇ၏ စန္ဒကုမ္မာရလင်္ကာကို လေ့လာသောစာတမ်းဖြစ်ပါသည်။ စန္ဒကုမ္မာရလင်္ကာကို ပေမူအဆင့်မှ လင်္ကာရေးမူအဆင့်သို့ ကူးယူပြီးသောအခါ ခေတ်သုံးဝေါဟာရများဖြင့်တည်းဖြတ်ရသည်။ ပျို့စာပိုဒ်များကိုခွဲရသည်။ ပျို့၊ လင်္ကာစာဆို၏ အတ္ထုပ္ပတ္တိကို ရှာဖွေဖော်ထုတ်ရပါသည်။ အတ္ထုပ္ပတ္တိ အပြည့်အစုံကို မသိရဘဲ အနည်းအကျဉ်းသာ တွေ့ရှိရပါသည်။ ဤလင်္ကာကို လေ့လာရာတွင် လူသားတို့မှတ်သားလိုက်နာဖွယ်ရာ လောကရေး၊ ဓမ္မရေး၊ ရာဇရေးဆိုင်ရာများကို လေ့လာတင်ပြထားပါသည်။

သော့ချက်ဝေါဟာရများ။ လောကရေး၊ ဓမ္မရေး၊ ရာဇရေး။

နိဒါန်း

ဝင်းမှူးဆရာအဂ္ဂမဓာဇ၏ စန္ဒကုမ္မာရလင်္ကာသည် သက္ကရာဇ် ၁၁၈၅ ခုနှစ်တွင် ရေးဖွဲ့ခဲ့ပြီး ဇာတ်ကြီးဆယ်ဘွဲ့တွင် သတ္တမမြောက်ဇာတ်ဖြစ်ပါသည်။ ဤလင်္ကာတွင် ခေတ်အဆက်ဆက်ပေါ်ပေါက်ခဲ့သော ပျို့သမိုင်းအကြောင်းနှင့် စာဆို၏ အတ္ထုပ္ပတ္တိအကျဉ်းကို ဦးစွာလေ့လာထားပါသည်။ ထို့အပြင် စန္ဒကုမ္မာရလင်္ကာမှ လောကီလူသားတို့လိုက်နာဖွယ်ရာ (လောကရေး)၊ ဗုဒ္ဓ၏အဆုံးအမများဆိုင်ရာ(ဓမ္မရေး)နှင့် ဘုရင်၊ မင်းမှုထမ်းတို့ လိုက်နာဖွယ်ရာ(ရာဇရေး) ဆိုင်ရာတို့ကို ထုတ်နုတ်လေ့လာထားပါသည်။

* နည်းပြ၊ ဒေါ်၊ မြန်မာစာဌာန၊ စစ်တွေတက္ကသိုလ်

ပျို့သမိုင်း

မြန်မာကဗျာစာပေလမ်းစကို ပြန်လည်လေ့လာကြည့်မည်ဆိုပါက ပုဂံခေတ် မြကန်ဘွဲ့လင်္ကာတွင် ကာရန်ချိတ်ဆက်ကာ အတ္ထာလင်္ကာရ၊ သဒ္ဒါလင်္ကာရတို့နှင့် ရေးဖွဲ့ထားပါသည်။ ထိုကဗျာပုံစံသည် ပုဂံခေတ်မှ စတင်ရှင်သန်လာခဲ့ရာရတု၊ ဧချင်း၊ မော်ကွန်း၊ ပျို့၊ အန်ချင်း၊ သာချင်း၊ လူးတား၊ ရကန်၊ တေးထပ်၊ အဲချင်း၊ အိုင်ချင်း စသည်ဖြင့် ခေတ်အဆက်ဆက် ကြီးထွားဖွံ့ဖြိုး ရှင်သန်လာခဲ့သည်။

အင်းဝခေတ်ပျို့စာပေကို ရေးဖွဲ့ခဲ့ကြသူများသည် ရဟန်းစာဆိုများဖြစ်ကြလေသည်။ အကြောင်းအရာပိုင်းတွင်လည်း ပိဋကတ်သုံးပုံနှင့်ကျမ်းအဖုံဖုံတို့မှအခြေခံကာ ပျို့အဖြစ် ရေးဖွဲ့ခဲ့ကြပါသည်။ ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့သည် နှောင်းခေတ်စာပေပညာရှင်များအတွက် ပျို့များကို ရေးဖွဲ့ခဲ့ကြပါသည်။

အင်းဝခေတ်မှတောင်ငူခေတ်သို့ ရောက်ရှိလာသောအခါ ပြည်နဝဒေးကြီးက ‘မနော်ဟရီပျို့’ စာပေကို ဆက်လက်ရေးဖွဲ့ခဲ့ပါသည်။ ပျို့စာပေအစား ရတု၊ ဧချင်းတို့ကို များစွာရေးဖွဲ့လာကြသည်ကို လေ့လာတွေ့ရှိရပါသည်။ တောင်ငူခေတ်သည် စစ်မက်ထူပြောသောခေတ်ဖြစ်သည့်အလျောက် ရဲစိတ်ရဲမာန်ကို ပေးစွမ်းသောဧချင်းများ၊ စစ်အတွေ့အကြုံကြောင့် ဖြစ်ရသောအချစ်၊ အလွမ်းရတုများပေါ်ထွန်းခဲ့ရပေသည်။

ပျို့စာပေနှင့်ပတ်သက်၍ ဦးသန်း(၂၀၁၈)၏ ‘မြန်မာပျို့များခရီးစဉ်’ တက္ကသိုလ်ပညာပဒေသာစာစောင်စာပေဆောင်းပါးများတွင် ဖော်ပြထားသည်မှာ

> “ထို့နောက် ညောင်ရမ်းခေတ်သို့ရောက်သောအခါတွင် ရဟန်းပုဂ္ဂိုလ်များ၊လူပုဂ္ဂိုလ်များက ပျို့စာပေကို ဆက်လက်ရေးဖွဲ့လာကြပါသည်။ ဦးရွှန်း၏‘ဥမ္မာဒန္တီပျို့’၊ ဝန်ကြီးပဒေသရာဇာ၏ ‘သူဇာပျို့’ စသည်ဖြင့် လူပုဂ္ဂိုလ်များက ရေးဖွဲ့ခဲ့ပါသည်။”
>
> (စာ ၂၄၃)

ဤသို့ဖြင့် ပျို့အရေအတွက်အမျိုးမျိုးကို စာဆိုပုဂ္ဂိုလ်အမျိုးမျိုးတို့က ပြုစုရေးဖွဲ့ခဲ့ကြပါသည်။ အကြောင်းအရာပိုင်းအားဖြင့် ဗုဒ္ဓဝင်ကိုမှီးသောပျို့၊ ငါးရာ့

ငါးဆယ်ဇာတ်တော်များကိုမှီသောပျို့၊ ဆုံးမသြဝါဒပေးသောပျို့စသည်ဖြင့် အသွင်အမျိုးမျိုးဖြင့် ရေးဖွဲ့လာကြပါသည်။

ကုန်းဘောင်ခေတ်သို့ ရောက်သောအခါတွင် ပျို့စာပေ၏နယ်ပယ်ကျယ်ဝန်းလာပြီး ရဟန်းပုဂ္ဂိုလ်များသာမက လူပုဂ္ဂိုလ်များကလည်းပျို့စာပေများ ရေးဖွဲ့လာကြသည်ကိုတွေ့ရှိရပါသည်။ ကုန်းဘောင်ခေတ်နှောင်းတွင် မင်းပူးဆရာတော်ဦးဩဘာသက စန္ဒကုမာရဇာတ်တော် စကားပြေဖြင့်ရေးဖွဲ့ခဲ့သည်။ ရှေးစာဆိုတို့၏ဇာတ်တော်လာ အကြောင်းအရာများကို ကျယ်ကျယ်ဝန်းဝန်း ဖွဲ့နွဲ့ရေးဖွဲ့သော လက်ာသည်ပျို့ပင်ဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။ သက္ကရာဇ် ၁၁၈၅ခုနှစ်တွင် ရခိုင်စာဆိုအဂ္ဂမဓောဆရာတော်ကလည်း ဇာတ်တော်ကြီးဆယ်ဘွဲ့ဝင် စန္ဒကုမာရဇာတ်တော်ကို အခြေခံ၍ ရေးဖွဲ့ခဲ့သည်။

ဝင်းမျူးဆရာ အဂ္ဂမဓော၏ အထူးပုဒ်တို့အကျဉ်း

ဆရာတော်မှာ ရခိုင်ပြည်တောင်ဘက်ပိုင်း၊ ရမ်းဗြဲကျွန်းအလယ်၊ ရမ်းပေါက်နယ်၊ ကုန်ဘောင်ကျေးရွာ ဇာတိဖြစ်ပါသည်။ အသက်(၇)နှစ်အရွယ်မှ သာမဏေပြုခဲ့ပြီး အသက်(၁၅)နှစ်အရွယ်ရောက်တွင် ဇာတ်ကြီး ဆယ်ဘွဲ့နှင့်ပါဠိစာပေများစွာတို့ကို လေ့လာမှတ်သားခဲ့ပါသည်။

ထိုခေတ်ကာလတွင် ပြည်ရွာမငြိမ်သက်မှုကြောင့် ကျိန်းတောင်ကျွန်းရှိ ဘူးပင်ရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။ ထို့နောက် အသက်(၂၃)နှစ်အရွယ်တွင် သာသနာ့ဘောင်ကို အဂ္ဂမဓောဟူသော ဘွဲ့အမည်ဖြင့် စတင်ဝင်ရောက်ခဲ့ပြီး ပန်းဝါမြို့မြောက်ဘက် (ယခုဘင်္ဂလားဒေ့ရှ်) ရကန်းကျွန်းတွင် သီတင်းသုံး နေထိုင်ခဲ့ပါသည်။ ဝင်းမျူးရာထူးရှိသူက ကိုးကွယ်သောကြောင့် ဝင်းမျူးဆရာ အဂ္ဂမဓော ဟုခေါ်တွင်ခဲ့ခြင်းဖြစ်သည်။ ဆရာတော်မှာ (၉)ဝါရစဉ်ကပင် မနောကဗျာ၊ ဗုဒ္ဓဝင် (၁၀)ခုနှင့် ဇာတ်တော်ကြီးဆယ်ဘွဲ့လာ ဝိဓူရကဗျာကို ရေးသားခဲ့ပါသည်။ စန္ဒကုမ္မာရလင်္ကာကို မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်တွင် ရေးသားခဲ့ပြီး မြန်မာသက္ကရာဇ် (အစ်ကားနှစ်ဆ၊ အဋ္ဌ အလယ်၊ ဆုံးဝယ်ပဉ္စ၊ ဂိမ္ဘဥတူး၊ ခါချိန်ကျူးသား၊ တန်းခူးဆန်းတက်၊ သုံးရက်အစေ့၊ နေ့ကားဇဝါ၊ မွန်းလွဲခါဝယ်) ၁၁၈၅

နွေရာသီ၊ တန်ခူး လဆန်း (၃) ရက်၊ ကြာသပတေးနေ့ နေ့လယ်အချိန်တွင် ရေးသားပြီးစီးခဲ့ကြောင်း ဖော်ပြ ရေးသားထားပါသည်။

စန္ဒကုမာရ ဇာတ်တော်အကျဉ်း

စန္ဒကုမာရဇာတ်တော်မှာ ဂေါတမမြတ်စွာဘုရား အလောင်းတော် စန္ဒကုမ္မာရမင်းသားအကြောင်းကို ရေးသားထားသော ဇာတ်တော်ဖြစ်ပြီး ဇာတ်တော်ကြီးဆယ်ဘွဲ့တွင် သတ္တမမြောက် ဇာတ်တော် ဖြစ်လေသည်။

ရှေးလွန်လေပြီးသောအခါ ပုပ္ပဝတီပြည်၌ ဧကရာဇ်သည်မင်းပြုလေသည်။ ထိုမင်း၏သားတော် အိမ်ရှေ့မင်းစန္ဒကုမာရဖြစ်ပြီး ပုရောဟိတ်မှာ ခဏ္ဍဟာလ ဖြစ်လေသည်။

ခဏ္ဍဟာလပုဏ္ဏားသည် တရားဆုံးဖြတ်ရာတွင် လာဘ်စားပြီးတရားကို အမှားစီရင်လေ့ရှိလေ သည်။တစ်နေ့သောအခါ တရားရှုံးသော ယောကျ်ား တစ်ယောက်က စန္ဒကုမာရမင်းသားကိုမြင်ရာ တရားစီရင်ပုံကို တိုင်ကြားရာ မင်းသားက အမှန်ကိုဆုံးဖြတ်ပေးသည်။

ထိုအချိန်မှစ၍ စန္ဒကုမာရမင်းသားအား တရားဆုံးဖြတ်စေရာ ခဏ္ဍဟာလ ပုဏ္ဏားက မင်းသားကိုအငြိုးထားလေသည်။ တစ်နေ့သော် ဧကရာဇ်မင်းသည် ထူးဆန်းသောအိပ်မက်မက်ပြီး ခဏ္ဍဟာလပုဏ္ဏားထံ အကြံတောင်းလေရာ လေးခု သောသတ္တဝါတို့ကိုသတ်၍ ယစ်ပူဇော်ပါက နတ်ပြည်သို့ရောက်နိုင်ကြောင်း လျှောက်လေသည်။

မင်းကြီးလည်း ယုံကြည်၍ လေးခုသောသတ္တဝါတို့ကို သတ်ရန်ယူဆောင် စေသည်။ မင်းကြီး၏ယစ်ပူဇော်မည့်အစီအစဉ်ကိုကြားသောအခါ မယ်တော်က သူတစ်ပါးအသက်ကိုသတ်ခြင်းမှာ အပါယ်သို့သွားရာလမ်းဖြစ်သည်။ နတ်ပြည်သို့ ပို့ဆောင်နိုင်သည့်လမ်းမှာ အလှူဒါနပြုခြင်းဖြစ်ကြောင်း ဆုံးမလေသည်။ သို့သော်လည်း မင်းကြီးက လက်ခံခြင်းမရှိပေ။

စန္ဒကုမာရမင်းသားသည် ခမည်းတော်အား မိမိတို့အသက်ကိုမသတ်ရန် တောင်းပန်လေလျှင် မင်းကြီးလည်းသနားလျက် လေးခုသောသတ္တဝါတို့ကို လွှတ်ပေးလေသည်။

ထိုအကြောင်းကို ပုဏ္ဏားကြားလျှင် စိတ်ပျက်သောအမူအရာဖြင့် မင်းကြီး ထံသို့သွား၍ အလွန်ပြုန်ိုင်ခဲသော ကိစ္စကိုပြုမည်ဆိုပြီးမှ ဖျက်ရသလောဟု အပြစ် ဆိုလေရာ ပညာနည်းသော မင်းလည်း သား၊ သမီး၊ မိဖုရား၊ သူငြေးစသည်တို့ကို တစ်ဖန် ပြန်လည်ဖမ်းစေပြန်လေသည်။

ယဇ်တွင်းသို့ရောက်သောအခါ စန္ဒာဒေဝီအိမ်ရှေ့မိဖုရားသည် မိမိအဖို့၌ သစ္စာမှတစ်ပါး အားကိုးရန်မရှိတော့ဟုသိ၍ သစ္စာပြုပြီး နတ်တို့ကို တိုင်တည်ရာ သိကြားမင်းလည်း လှံတံကိုကိုင်၍ ခြိမ်းခြောက်လေသည်။ မင်းနှင့်ပုဏ္ဏား တို့လည်း ကြောက်ရွံ့၍ သတ္တဝါအားလုံးကို ချမ်းသာပေးလေသည်။ ပြည်သူ တို့လည်း အုတ်၊ ခဲတို့ဖြင့် ခဏ္ဍဟာလပုဏ္ဏားကို ပစ်လေရာ သေလေ၏။ လူအများ လည်း မင်းကြီးကိုပါသတ်မည်ပြုရာ အိမ်ရှေ့မင်းကတောင်းပန်၍ ချမ်းသာပေးပြီး သစ်ခေါက်ဆိုးအဝတ်ကိုဝတ်စေကာ ဒွန်းစဏ္ဍားတို့အရပ်သို့ပို့စေသည်။ နောက်ဆုံး တွင် စန္ဒကုမာရမင်းသားလည်း ထီးနန်းကိုရရှိခဲ့သည်။

လောကရေး၊ ဓမ္မရေး၊ ရာဇရေး

ပျို့ကဗျာများသည် ဘုရားဟောဇာတ်တော်လာ အဖြစ်အပျက် အကြောင်း အရာများ စာဆိုပညာရှိတို့၏ အသိဉာဏ်အတွေးအခေါ်များနှင့် ဗုဒ္ဓဝင်လာ ဖြစ်တော်စဉ်များကို ကဗျာပုံသဏ္ဌာန်ဖြင့် ရေးဖွဲ့လေ့ရှိပါသည်။ မည်သည့် အကြောင်းအရာ အဖြစ်အပျက်မျိုးကို ရေးဖွဲ့စေကာမူ စာဖတ်သူများအား နှစ်သက်စေအောင်၊ ဗဟုသုတပွားစေအောင် ရေးသားဖွဲ့ဆိုလေ့ရှိပါသည်။ ရဟန်း စာဆိုများသည် ဗုဒ္ဓအဆုံးအမ တရားများကို အားထုတ်ကျင့်ကြံနေကြသူများ ဖြစ်ပြီး သူတို့၏စာများမှာလည်း တရားအဆီအနှစ် အဆုံးအမများ ပါဝင် နေကြောင်း တွေ့ရပါသည်။

စာဆိုအဂ္ဂမဟာ၏ စန္ဒကုမ္မာရလင်္ကာတွင်လည်း ပျို့၊ လင်္ကာကောင်းတို့၏ အင်္ဂါရုပ်တစ်ခုဖြစ်သည့် လောက၊ ဓမ္မ၊ ရာဇဟူ၍ အရေး(၃)ပါးကို ထည့်သွင်း

ရေးဖွဲ့ထားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ဤပျို့၊ လင်္ကာတွင်ပါရှိသော လောကရေး၊ ဓမ္မရေး၊ ရာဇရေးဆိုင်ရာ လမ်းညွှန်ချက်များကို ထုတ်နုတ် လေ့လာတင်ပြပါမည်။

လောကရေး

စန္ဒကုမ္မာရလင်္ကာတွင် စာဆိုအဂ္ဂမဟာသည် လောကီလူသားတို့ ကျင့်ကြံအပ်သော လမ်းညွှန်ချက်များကို ပြည့်ဝစုံလင်စွာ ရေးဖွဲ့ထားပါသည်။ လူ့လောကတွင် မိဘနှင့်သားသမီးကြား၌ အမှတ်မထင် အမှားများရှိတတ်ကြပါသည်။ ထိုသို့ရှိတတ်ကြသော်လည်း သားသမီးတို့သည် မိဘကိုအပြစ် မဆိုသင့်ပေ။ စန္ဒကုမာရဇာတ်တော်တွင် ဧကရာဇ်မင်းကြီးက မိမိကိုသတ်ရန် ကြံစည်ခဲ့သော်လည်း မိမိအသာစီးရသည့်အချိန်တွင် မိဘကျေးဇူးကိုသိ၍ ပြန်မသတ်ဘဲ အသက်ချမ်းသာပေးလေသည်။ သိကြားမင်းက ဧကရာဇ်မင်းကြီးအား ခြိမ်းခြောက်ပြီးလျှင် ဘုရင့်ရာထူးမှချကာ သားတော်စန္ဒကုမာရကို ထီးနန်းတင်လေသည်။ သားတော်ကိုသတ်ရန် ကြံစည်ခဲ့သည့်အတွက် တိုင်းသူပြည်သားများက မင်းကြီးကိုသတ်ရန် တောင်းဆိုကြလေသည်။ သို့သော်လည်း စန္ဒကုမာရမင်းသားက မိမိ၏ဖခင်ကိုမသတ်ဘဲ အသက်ချမ်းသာပေးရန် ပြောဆိုလေသည်။ ယင်းကို စန္ဒကုမ္မာရလင်္ကာတွင်

> “သူယုတ်အလား၊ ဒွန်းစဏ္ဍားကို၊ ပြုငြားတုံပြီး၊ ထိုမင်းကြီးအား၊ ကိုယ်ထီးလုံးချည်း၊ တစ်ယောက်တည်းဖြင့်၊ အရည်းအသွင်၊ ပြည်ကနှင်၍၊ မြိုင်ခွင်တောဖျား၊ စဏ္ဍားနေရာ၊ ရုပ်ခန်းဝါသို့၊ ပို့လေစေ၏” (ပိုဒ်ရေ ၁၁၃)

ဟူ၍ မိဘကျေးဇူးကို သိတတ်၍ မိဘကို မပြစ်မှားရဟူသော လောကကျင့်ဝတ်ကို နားလည်သူအဖြစ် စန္ဒကုမာရမင်းသားကို ပုံဖော်ရေးဖွဲ့ထားပါသည်။ စာဆိုသည် လောကီလူသားတို့ကိုလည်း မိဘအပေါ်တွင် အမှားကျူးလွန်ခြင်းမရှိစေရန် ဆုံးမလို၍ ရေးဖွဲ့ဟန်တူပါသည်။

ဓမ္မရေး

စာဆိုဝင်းမျူးဆရာအဂ္ဂမဓာ၏ စန္ဒကုမ္မာရလင်္ကာတွင် လောကုတ္တရာကောင်းကျိုးအတွက်ဆောင်ရွက်ရမည့် ဓမ္မရေးဆိုင်ရာများကိုလည်း ဖွဲ့ဆိုထားပါသည်။ ဆရာတော်အဂ္ဂမဓာသည် ရဟန်းစာဆိုဖြစ်သည့်အတွက် ဓမ္မရေးဆိုင်ရာများကိုလည်း လင်္ကာတွင်ကျွမ်းကျင်ပိုင်နိုင်စွာ ဖွဲ့ဆိုထားသည်ကို တွေ့ရပါသည်။ လင်္ကာတွင် ဇာတ်လမ်းနှင့်အတူ ဓမ္မရေးလမ်းညွှန်ချက်များ၊ တရားဓမ္မဆိုင်ရာ မှတ်သားဖွယ်ရာများကိုလည်း ထည့်သွင်းဖွဲ့ဆိုထားပါသည်။

လူ့ဘဝတွင် အလျှဒါနပြုလျှင် နတ်ပြည်သို့ ရောက်လိုကြသည်။ သီလစောင့်ထိန်းသူဖြစ်လျှင် ဗြဟ္မာပြည်သို့ရောက်လိုပါသည်။ ဇကရာဇမင်းကြီးသည် လူသားစင်စစ်ဖြစ်ပြီး နတ်ပြည်သို့ ရောက်ရှိလိုပါသည်။ သို့သော် သားသမီးများကို ယဇ်ပူဇော်၍ နတ်ပြည်သို့ သွားလိုသောအကြံသည် မှားယွင်းနေပါသည်။ အမိုက်မှောင်ဖုံးလွှမ်း၍ မှားယွင်းနေသည်ကိုသိသော မိခင်ကြီးက သားဖြစ်သူ ဇကရာဇမင်းကြီးအား ဆုံးမပုံကို လင်္ကာတွင်

> “ကျင့်ညစ်ယွင်းချက်၊ သားကိုသတ်၍၊ လေးမြတ်ကော်ရော်၊ ယဇ်ပူဇော်လျက်၊ စံပျော်နတ်ပြည်၊ သွားအံ့မည်ဟု၊ ယွင်းဖွယ်ယုံမှား၊ ထိုစကားကို၊ ချစ်သားမသင့်၊ မယုံလင့်လော၊ သို့ကျင့်ရှေမှီး၊ ထိုခရီးကား၊ ကြီးသားဒုက္ခ၊ နိရိယသို့၊ သွားကြစတမ်း၊ ခရီးလမ်းတည်း” (ပိုဒ်ရေ ၃၆)

ဟူ၍ ရေးဖွဲ့ထားပါသည်။ နတ်ပြည်သို့ အမှန်တကယ်ရောက်နိုင်သောနည်းလမ်းမှာ အလျှဒါနပင်ဖြစ်ကြောင်း၊ သူတစ်ပါးအသက်ကိုသတ်ခြင်းမှာကောင်းသောနည်းလမ်းမဟုတ်ဘဲ ဘုရားမကြိုက်သောအရာပင်ဖြစ်ကြောင်း၊ အလျှဒါန နေ့တိုင်းပေးမှသာလျှင် နတ်ပြည်သို့ရောက်နိုင်ကြောင်း ဓမ္မရေးဆိုင်ရာအဆုံးအမများကို စာဆိုအဂ္ဂမဓာက ထည့်သွင်းရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

စာဆိုအဂ္ဂမဓာမှာ ရဟန်းစာဆိုပီပီ တရားဓမ္မနှံ့စပ်ပြီး လင်္ကာတွင် ဓမ္မဆိုင်ရာအဆုံးအမများကို ထည့်သွင်းရေးဖွဲ့ထားသည်မှာ ဇဟုသုတ တိုးပွားစေပါသည်။ စန္ဒကုမ္မာရ လင်္ကာသည် မြတ်စွာဘုရား၏ အတိတ်ဖြစ်တော်စဉ်ကို ရေးဖွဲ့ ထားသော ပျို့လင်္ကာဖြစ်ပါသည်။ ပျို့လင်္ကာများ၏ အနှစ်သာရဖြစ်သော

ဓမ္မရေးရာအကြောင်းအရာများကို စာဆိုကထည့်သွင်းစပ်ဆိုထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် စာဖတ်ပရိသတ်များ ဓမ္မရေး အသိအမြင် တိုးပွားလာရပါသည်။

ရာဇရေး

စန္ဒကုမ္မာရလင်္ကာသည် မြတ်စွာဘုရားဟောကြားသော စန္ဒကုမာရ ဇာတ်တော်ကို ပျို့၊ လင်္ကာအဖြစ် ဖန်တီးထားခြင်းဖြစ်ပါသည်။ ရှေးပျို့လင်္ကာများတွင် မင်း၊ မိဖုရား၊ မှူးမတ်တို့အား တိုက်ရိုက်အားဖြင့်သော်လည်းကောင်း၊ သွယ်ဝိုက်သောအားဖြင့်သော်လည်းကောင်း ညွှန်ကြားဆုံးမလေ့ရှိသော ရာဇရေးရာများ ပါဝင်တတ်ကြပါသည်။ စန္ဒကုမ္မာရလင်္ကာတွင်လည်း ရာဇရေးရာများကို ထည့်သွင်း ဖွဲ့ဆိုထားကြောင်း တွေ့ရှိရပါသည်။ ဘုရင်တို့လိုက်နာရမည့် ရာဇရေးဆိုင်ရာ ကျင့်ဝတ်များကိုလည်း ဇာတ်လမ်းတွင် ထည့်သွင်းရေးဖွဲ့ထားပါသည်။

ရှင်ဘုရင်တို့သည် အပြစ်ရှိသူကိုနှိမ့်ချပြီး တော်သူကို ချီးမြှင့်ရပါသည်။ စန္ဒကုမ္မာရလင်္ကာတွင် ခဏ္ဍဟာလပုဏ္ဏားကို ရာထူးချပြီး စန္ဒကုမာရမင်းသားအား တရားသူကြီးရာထူး ချီးမြှင့်ခံရပုံကို

> “အတ္တာဓမ္မာ၊ ဆုံးဖြတ်ရာ၌၊ မြဲစွာနေငြား၊ တရားများကို၊
> ချစ်သားသက်သေ၊ ဆုံးဖြတ်လေဟု” (ပိုဒ်ရေ ၁၃)

ဟူ၍ ရေးဖွဲ့ထားပါသည်။ စန္ဒကုမာရမင်းသားမှာ အမှုကိုအမှန်အတိုင်း ကူညီဖြေရှင်းပေး၍ ဘုရင်၏ချီးမြှင့်မြှောက်စားခြင်းကို ခံရပါသည်။ ဘုရင်တို့၏ တော်သူကို ချီးမြှင့်တတ်သော ရာဇရေးသဘောကို တွေ့ရပါသည်။

စာဆိုအဂ္ဂမဓာက စန္ဒကုမ္မာရပျို့လင်္ကာတွင် ရာဇရေးနှင့် နှီးနွယ်သော အကြောင်းအရာများကို ဗဟုသုတဖြစ်အောင် ရေးဖွဲ့ထားပါသည်။ ဤပျို့လင်္ကာကိုလေ့လာရခြင်းဖြင့် လောကီလူသားတို့ ဖြစ်ပျက်တတ်သော လူ့သဘာဝဆိုင်ရာ လောကရေး၊ လူကောင်းတို့ ကျင့်ကြံရမည့် လောကုတ္တရာ ဓမ္မရေးအပြင် မင်းပရိသတ်တို့၏ ရာဇရေးဆိုင်ရာသဘောသဘာဝကိုလည်း ဗဟုသုတဖြစ်ဖွယ် သိရှိရပါသည်။ ထို့ကြောင့် စန္ဒကုမ္မာရပျို့လင်္ကာသည် လောက၊ ဓမ္မ၊ ရာဇရေး

ဆိုင်ရာတို့ကို အသိအမြင်တိုးပွားရသည့် ပျို့လင်္ကာတစ်စောင်ဟု ထင်မြင်မိပါသည်။

ခြုံငုံသုံးသပ်ချက်

ဝင်းမှူးဆရာ အဂ္ဂမေဓာရေးဖွဲ့သော စန္ဒကုမ္မာရပျို့လင်္ကာသည် ကုန်းဘောင်ခေတ် နှောင်းတွင်ရေးဖွဲ့ခဲ့သော ပျို့လင်္ကာဖြစ်ပါသည်။ မြတ်စွာဘုရားရှင် ဟောကြားသော ဇာတ်တော်ကြီး ဆယ်ဘွဲ့မှ စန္ဒကုမာရဇာတ်တော်ကို ပျို့လင်္ကာအဖြစ် ဖန်တီးရေးဖွဲ့ထားခြင်းဖြစ်ပါသည်။ စန္ဒကုမ္မာရလင်္ကာသည် ဓမ္မရေးနှင့် ရာဇရေးကို အခြေခံ၍ ပြည်သူများ အသိဉာဏ်ပညာ တိုးပွားအောင် ရေးဖွဲ့ထားသည့် ပျို့လင်္ကာကောင်းတစ်စောင် ဖြစ်ပါသည်။

ဝင်းမှူးဆရာအဂ္ဂမေဓာသည် ဇာတ်တော်ကိုရွေးချယ်ရာတွင် မူလဇာတ်လမ်းကို ခေတ်အဆက်ဆက် ရေးဖွဲ့ခဲ့သော စာဆိုကြီးများအတိုင်း မြတ်စွာဘုရားရှင် ဟောကြားတော်မူသော ငါးရာငါးဆယ် ဇာတ်နိပါတ်တော်လာ အကြောင်းအရာများမှ ရွေးချယ်ခဲ့ပါသည်။ ထိုဇာတ်တော်ကို ပျို့လင်္ကာအဖြစ် ရွေးချယ်ရေးဖွဲ့ခဲ့ပါသည်။ ထိုသို့ရေးဖွဲ့ရာတွင် ဓမ္မနှင့်အဓမ္မ၊ ကောင်းမှုနှင့် မကောင်းမှုတို့ကို ပေါ်လွင်ထင်ရှားအောင် ရေးဖွဲ့ထားနိုင်သည်ကို တွေ့ရပါသည်။ စန္ဒကုမာရမင်းသားကို ကောင်းမှုပြုသဖြင့် ကောင်းကျိုးခံစားရသည်ကို ပုံဖော်ရေးဖွဲ့ထားပါသည်။ စန္ဒကုမာရမင်းသား၏ ဖခင်ဇကရာဇ်မင်းနှင့် ခဏ္ဍဟာလ ပုဏ္ဏားတို့ကို မကောင်းမှုပြုသဖြင့် မကောင်းခံစားရသည်ကို ပေါ်လွင်အောင် ဖွဲ့ဆိုထားနိုင်သည့် ပျို့လင်္ကာကောင်းတစ်စောင် ဖြစ်ပါသည်။

နိဂုံး

ဤစာတမ်းသည် ဝင်းမှူးဆရာအဂ္ဂမေဓာ၏ စန္ဒကုမ္မာရလင်္ကာပေမူကို လေ့လာထားသောစာတမ်း ဖြစ်ပါသည်။ စန္ဒကုမ္မာရလင်္ကာသည် ဗုဒ္ဓဘာသာကိုးကွယ်သူတို့အတွက် မကောင်းမှုပြုလျှင် မကောင်းကျိုးခံစားရပုံနှင့် ကောင်းမှုပြုပါက ကောင်းကျိုးချမ်းသာ ခံစားရပုံကို သိမြင်စေလို၍ ရေးဖွဲ့ခဲ့ခြင်း

ဖြစ်ပါသည်။ ဆရာတော်၏ အရေးအဖွဲ့ကောင်းမွန်မှုကြောင့် စာဖတ်သူများသည် မကောင်းမှုကိုရှောင်ပြီး ကောင်းမှုကို ပြုလာစေပါသည်။

ကျမ်းကိုးစာရင်း

ဖေမောင်တင်၊ **ဦး** (ပါမောက္ခ–)။ (၁၉၈၇)။ ***မြန်မာစာပေသမိုင်း*** (၎ကဒသမအကြိမ်)။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

လှသမိန်။ (၁၉၅၈)။ ***ဇာတ်တော်ကြီးဆယ်ဘွဲ့အကျဉ်း***။ ရန်ကုန်၊ အောင်မိတ်ဆက်စာပုံနှိပ်တိုက်။

သန်း၊ **ဦး**။ (၂၀၁၈)။ ***တက္ကသိုလ်ပညာပဒေသာစာစောင် ဆောင်းပါးများ*** (ပထမအကြိမ်)။ ရန်ကုန်။

အဂ္ဂမဓာ၊ **ဝင်းမျိုးဆရာ**။ (၁၁၈၅)။ ***စန္ဒကုမ္မာရုလင်္ကာ*** (ပေမူ)။ ၈ ကြောင်းရေ၊ က အစ ဆဲ အဆုံး၊ ၆ အင်္ဂါ ၈ ရွက်၊ မျဉ်းနက်၊ (စစ်တွေမြို့၊ မဟာမုနိဗုဒ္ဓဝိဟာရကျောင်း ဆရာတော်၊ ဦးပညာစာရထံမှ ရရှိပါသည်)။

ဩဘာသ၊ **ဦး** (မင်းပူးဆရာတော်–)။ (၁၉၅၆)။ ***စန္ဒကုမာရဇာတ်တော်ကြီးဝတ္ထုကြီး***။ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်။

ထာရ်မဟာ၏တေမိယလင်္ကာမှအပြောက်အမွှမ်းလေ့လာချက်

ထက်ထက်တင်*

စာတမ်းအကျဉ်း

ဤစာတမ်းသည် ရခိုင်စာဆို ထာရ်မဟာ၏ တေမိယလင်္ကာပေမူကို လေ့လာတင်ပြထားသောစာတမ်းဖြစ်ပါသည်။ တေမိယလင်္ကာသည် ပေမူအဆင့်သာရှိသေးသောလင်္ကာဖြစ်ပါသည်။ ဤစာတမ်းတွင် ပျို့လင်္ကာ၏ထူးခြားသော အပြောက်အမွှမ်းကို မင်းဘူးဆရာတော်ဦးဩဘာသ၏ တေမိယဇာတ်တော်ကြီးဝတ္ထုနှင့်နှိုင်းယှဉ်၍ စာပေရှုထောင့်မှ လေ့လာတင်ပြထားပါသည်။

သော့ချက်ဝေါဟာရများ – အပြောက်အမွှမ်း၊ ပျို့၊ လင်္ကာ၊ ဇာတ်လမ်း၊ ဇာတ်ဆောင်။

နိဒါန်း

တေမိယလင်္ကာသည် ကိုလိုနီခေတ်၊ မြန်မာသက္ကရာဇ် ၁၂၇၆ခု၊ ခရစ်နှစ် ၁၉၁၄ခုနှစ်၌ ရေးဖွဲ့ထားသော စာဆိုထာရ်မဟာ၏ လင်္ကာတစ်စောင်ဖြစ်ပါသည်။ တေမိယလင်္ကာ၏ အရိုးခံကိုယ်ထည်သည် ငါးရှဉ်ငါးဆယ်နိပါတ် (၅၃၈)ဇာတ်မြောက် တေမိယဇာတ်ပင်ဖြစ်သည်။ တေမိယလင်္ကာသည် ပေမူဖြစ်၍ အသိနည်းနေသောကြောင့်လည်းကောင်း၊ တိမ်မြုပ်နေသောရခိုင်စာပေကိုဖော်ထုတ်လိုသောရည်ရွယ်ချက်ကြောင့်လည်းကောင်း ဤစာတမ်းကို ရေးသားရခြင်းဖြစ်ပါသည်။ ဤစာတမ်းသည် “ထာရ်မဟာ၏တေမိယလင်္ကာမှ အပြောက်အမွှမ်း”ကို လေ့လာထားသောစာတမ်းဖြစ်ပါသည်။ ဤစာတမ်းတွင် ပျို့နှင့်လင်္ကာဆက်စပ်မှု၊ တေမိယဇာတ်တော်အကျဉ်း၊ တေမိယလင်္ကာအပြောက်အမွှမ်းတို့ကို လေ့လာတင်ပြထားပါသည်။ မင်းဘူးဆရာတော်ဦးဩဘာသ၏ တေမိယဇာတ်တော်ကြီးဝတ္ထုနှင့်လည်း နှိုင်းယှဉ်လေ့လာတင်ပြထားပါသည်။

* နည်းပြ၊ ဒေါ်၊ မြန်မာစာဌာန၊ စစ်တွေတက္ကသိုလ်

စာဆို၏အတ္ထုပ္ပတ္တိအကျဉ်း

တေမိယပျို့လင်္ကာကို ရခိုင်စာဆိုထာရ်မဟာသည် မြန်မာသက္ကရာဇ် (၁၂၇၆) ခု၊ ခရစ်နှစ်(၁၉၁၄)ခုနှစ်၊ ကိုလိုနီခေတ်တွင် ရေးသားပြီးစီးခဲ့ပြီး ယင်းပျို့လင်္ကာကို ပေမူအနေဖြင့် တွေ့ရပါသည်။ စာဆိုထာရ်မဟာသည် ကျောက်တော်မြို့နယ်၊ သာစည်ရွာဇာတိဖြစ်သည်။ ထာရ်မဟာသည် ရဟန်းစာဆိုဖြစ်ပြီး တောင်ဆင်းမြို့ဖြစ်သည့် သာစည်ရွာတွင် သီတင်းသုံးနေထိုင်ခဲ့ပါသည်။ စာဆိုထာရ်မဟာ၏ ဇာတိမြေ သာစည်ရွာသည် မင်းနေပြည်တော်ဖြစ်ခဲ့သော မြောက်ဦးရွှေနန်းတော်နှင့်နီးပြီး ရွှေနန်းတော်သို့ နေ့ချင်းပြန်သွားလာနိုင်သည်။

ထာရ်မဟာသည် တေမိယပျို့လင်္ကာကို မြန်မာသက္ကရာဇ် ၁၂၇၆ ခု၊ ခရစ်နှစ် ၁၉၁၄ ခုနှစ် တပို့တွဲလဆန်း(၁၄)ရက်၊ ကြာသပတေးနေ့တွင် ပျို့လင်္ကာရေးဖွဲ့ပြီးစီးခဲ့ကြောင်းကို ပျို့နိဂုံးတွင် ဖော်ပြထားပါသည်။

စာဆိုထာရ်မဟာ၏အတ္ထုပ္ပတ္တိကို စုံလင်စွာမသိရသော်လည်း တေမိယပျို့လင်္ကာမရေးဖွဲ့မီ သုဝဏ္ဏသာမဇာတ်၊ ဝိမူရဇာတ်၊ ပညာကြီးမားသည့် သူဌေးမင်းဇာတ် (မဟော်သဓာဇာတ်)တို့ကို ရေးဖွဲ့ခဲ့ကြောင်းတွေ့ရပါသည်။ တစ်ဖန် စာဆိုထာရ်မဟာသည် ရခိုင်သုဝဏ္ဏသာမပျို့လင်္ကာကို ၁၂၆၁ ခုနှစ်၊ (ခရစ်နှစ် ၁၈၉၉) ကိုလိုနီခေတ်တွင် ရေးဖွဲ့ခဲ့ကြောင်းကို သုဝဏ္ဏသာမပျို့လင်္ကာ (က–ပလ္လင်ချပ်)နှင့် (ကာ–ကျော)တို့တွင် ဖော်ပြထားပါသည်။ စာဆိုထာရ်မဟာ ရေးဖွဲ့ခဲ့သော စာပေလက်ရာများကို ဆက်လက်ဖော်ထုတ် လေ့လာသင့်ပါသည်။

ပျို့နှင့်လင်္ကာ

ပျို့နှင့်လင်္ကာကို ဦးထွန်းဖေ (၁၉၇၆) " မြန်မာစာနိဒါန်း" စာအုပ်တွင်

> "စိတ်နှလုံးကို ယူကြုံးစွဲမက် နှစ်သက်စေတတ်သော အဖွဲ့အနွဲ့ များကို ပျို့ဟူ၍ဆိုလိုသည်။ "လင်္ကာ" ဟူသောအမည်မှာ နန်းတော်သူ နန်းတော်သားတို့ ယဉ်ကျေးအောင် သုံးစွဲ ခေါ်ဝေါ် သောအမည် ဖြစ်သည်" (စာ ၁၃၃)

ဟူ၍ စိတ်နှလုံးကိုနှစ်သက်စေအောင် ရေးဖွဲ့ထားသည်ကို ပျို့ဟုခေါ်ပြီး လင်္ကာဆိုသည်မှာ ယဉ်ကျေးအောင် ရေးဖွဲ့ထားခြင်းဖြစ်ကြောင်း ဖွင့်ဆိုပြထားပါသည်။

ထို့ကြောင့် ပျို့ဆိုသည်မှာ လေးလုံးတစ်ပါဒဖြင့် အတ္ထာလင်္ကာရ၊ သဒ္ဒါလင်္ကာရမြောက်အောင် တန်ဆာဆင်၍ ရေးဖွဲ့ထားပြီး စိတ်နှလုံးကို ယူကြုံးစွဲမက်ဖွယ် နှစ်သက်စဖွယ်ဖြစ်အောင် စီကုံးထားသော လင်္ကာအဖွဲ့ဖြစ်သည်။

စာဆိုထာရ်မဟာ၏ တေမိလင်္ကာသည် လင်္ကာဟု အမည်တပ်ထားသော်လည်း ပျို့စာပေအနွယ်ဝင်ပင်ဖြစ်သည်။ ထို့ကြောင့် ထာရ်မဟာ၏ တေမိယပျို့လင်္ကာကို လေ့လာရာတွင် ပျို့စာပေရှုထောင့်အတိုင်း လေ့လာမည် ဖြစ်ပါသည်။

တေမိယဇာတ်တော်အကျဉ်း

ဗာရာဏသီပြည့်ရှင် ကာသိကရာဇမင်းတွင် သားတော်တစ်ပါးမျှ မထွန်းကားသဖြင့် မိဖုရားငယ် တစ်သောင်းခြောက်ထောင်နှင့် မိဖုရားကြီး စန္ဒာ ဒေဝီအား သားဆုတောင်းစေ၏။ ထိုအခါ ဘုရားလောင်းနတ်သားသည် သိကြားမင်း၏ တိုက်တွန်းချက်ကြောင့် မိဖုရားကြီးဝမ်းတွင် သန္ဓေယူလေရာ သားဆု ပြည့်ဝလေသည်။

စန္ဒာဒေဝီမိဖုရားကြီးသည် ဆယ်လကြာသောအခါ ဘုရားလောင်းသားတော် တေမိယမင်းသားကို ဖွားမြင်လေသည်။ တေမိယမင်းသား တစ်လသားအရွယ် မင်းကြီးရင်ခွင်တော်၌ ချော့မြူနေစဉ် ခိုးသားလေးယောက်အား အပြစ်ဒဏ်စီရင်ချက်ချသည်ကိုကြား၍ မင်းဖြစ်ရခြင်း၏ အကုသိုလ်များကို ဆင်ခြင်မိရာ ထီးနန်းအမွေဆက်ခံရမည်ကို စိုးရိမ်စွာနေမိလေသည်။ ထိုအခါ အတိတ်ဘဝက မိခင်တော်စပ်ခဲ့ဖူးသော ထီးချက်စောင့်နတ်သမီး၏ အကြံအတိုင်း ဆွံ့အ၊ နားထိုင်းယောင်ဆောင်၍ နေလေ၏။ ကာသိကရာဇမင်းကြီးသည် အထိန်းတော်များနှင့် တိုင်ပင်ပြီး အလိုစမ်းခြင်းအမျိုးမျိုးဖြင့် စမ်းသပ်ကြည့်ရာ မင်းသားမူကား ငရဲဘေးကို ကြောက်ရွံ့၍ မလှုပ်မယှက်ထားရာအတိုင်းပင် နေလေသည်။ မင်းကြီးလည်း ပုဏ္ဏားတို့၏အကြံပေးချက်အတိုင်း မင်းသားအား နန်းပြင်ထုတ်၍ မြေမြုပ်သတ်ရန် လက်ခံလိုက်လေသည်။

စန္ဒာဒေဝီမိဖုရားကြီးသည် အလုံးစုံကိုကြားသိလျှင် မင်းကြီးထံသို့ အမြန်သွား၍ခုနစ်ရက်ထီးနန်းလွှဲအပ်ရန် တောင်းပန်လေ၏။ထီးနန်းလွှဲအပ်၍ ခြောက်ရက်မြောက်သောနေ့ရောက်သည့်တိုင် ထူးခြားခြင်းမရှိသဖြင့် သုနန္ဒာ ရထားထိန်းအား သုဿန်တွင် တွင်းတူး၍မြှုပ်ရန် မင်းကြီးအမိန့်ထုတ်စေလေသည်။ ဘုရားလောင်းမင်းသားမှာထီးနန်းမှလွတ်ကင်းမည်ကိုသိ၍ ဝမ်းမြောက်လျက်ရှိလေ၏။

ရထားမှူးသည် ဘုရားလောင်းအား မြှုပ်သတ်ရန် တွင်းတူးနေစဉ် ရထားမှူးအား မိတ္တာပူဇာတရား (၁၀)ပါးကို ဟောကြားလေရာ တွင်းဝမှ မျှော်ကြည့်သော် မင်းသားဖြစ်ကြောင်းသိ၍ ပြည်တော်သို့ပြန်ရန် တောင်းပန်၏။ ဘုရားလောင်းက ခမည်းတော်၊ မယ်တော်တို့အား ခေါ်ဆောင်လာရန် ပြောလေ ၏။

ဘုရားလောင်းတေမိယမင်းသားသည် ရထားမှူးထွက်သွားလျှင်ပင် ရဟန်းပြု၍ တရားအားထုတ်လေ၏။ မင်းကြီးနှင့်မိဖုရားကြီးတို့သည် သားတော်အား ထီးနန်းအုပ်စိုးရန် တောင်းပန်သော်လည်း ငြင်းပယ်ပါသည်။ ထို့နောက် တရားနာကြားကြရ၍ သေလွန်သော် ဗြဟ္မာဘုံအသီးသီးသို့ ရောက်ကြလေ၏။

အပြောက်အမွှမ်း

ပျို့၊ လင်္ကာများ ရေးဖွဲ့သော စာဆိုတို့သည် မူရင်းဇာတ်တော်များထက် ပျို့၊ လင်္ကာများတွင် အပြောက်အမွှမ်းများဖြင့် တန်ဆာဆင်ရေးဖွဲ့တတ်ကြသည်။ အပြောက်အမွှမ်းသည် ပျို့စာပေ၏ အသက်ဖြစ်သည်။ စာဆိုတို့သည် မူလဇာတ်လမ်းပါ ဇာတ်ဆောင်များ၊ နောက်ခံဝန်းကျင်အဖွဲ့များ၊ ဇာတ်ကွက်ဇာတ်လမ်းများကို လူမှုဝန်းကျင်နှင့် အံဝင်ခွင်ကျဖြစ်အောင် အပြောက်အမွှမ်းဆင်တတ်မှုကြောင့် စာပေလက်ရာတို့မှာ ပို၍ စွဲမက်ဖွယ်ဖြစ်လာရသည်။

တေမိယပျို့လင်္ကာ၏အင်္ဂါသုံးရပ်ကိုအခြေပြု၍ အပြောက်အမွှမ်းသဘောကို လေ့လာပြပါမည်။ (၁)ဇာတ်လမ်းအပြောက်အမွှမ်း၊ (၂)ဇာတ်ဆောင်အပြောက်အမွှမ်း၊ (၃)နောက်ခံအပြောက်အမွှမ်းဟူ၍ သုံးပိုင်းဖွဲ့ကာ လေ့လာတင်ပြပါမည်။

ဇာတ်လမ်းအပြောက်အမွှမ်း

ပျို့စာဆိုတို့သည် မူလဘုရားဟောဇာတ်တော်ကို ပျို့လင်္ကာအဖြစ် ရေးဖွဲ့ရာတွင် စိတ်ကူးနှင့်ဖန်တီးမှုသဘောကို ထည့်သွင်းရေးဖွဲ့လေ့ရှိပါသည်။ ဇာတ်ဆောင်တို့၏ အပြုအမူ၊ အမူအရာနှင့် ခံစားမှုများကို အနုစိတ်သရုပ်ဖော်ရေးဖွဲ့ခြင်းဖြင့် ဇာတ်ဆောင်တို့၏ စရိုက်အမူအရာ၊ လှုပ်ရှားမှုများသည် ပေါ်လွင်ထင်ရှားလာသည်။ ဇာတ်လမ်းတွင် ဇာတ်ဆောင်တို့၏အမူအရာ၊ လှုပ်ရှားမှုများထင်ရှားလာသည်နှင့်အမျှ ဇာတ်လမ်းကို သက်ဝင်လှုပ်ရှားလာအောင် ဖန်တီး၍ ရေးဖွဲ့ကြပါသည်။

မင်းပူးဆရာတော်ဦးဩဘာသ၏ တေမိယဇာတ်တော်စကားပြေ ကာသိကရာဇမင်းကြီး၏ ခိုးသားစီရင်ခန်းတွင်

> “တစ်ယောက်အား လိပ်ကျောက်မြီး၊ ငါးမန်းစွယ် စသည် အဆူးရှိသော အာဏာတော်သိုင်းကြိမ်လုံးဖြင့် ဒဏ်အချက်တစ်ထောင်ခတ်၊ တစ်ယောက်အား သံခြေကျဉ်းခတ်၍ နှောင်အိမ်သွင်း၊ တစ်ယောက်အား ထက်စွာသော လှံမသွားအဖျားဖြင့် အသားကို အဆွဆွ အဆိတ်ဆိတ်ထိုး၊ တစ်ယောက်အား တံကျင်လျှို”(စာ ၆၃)

ဟု ခိုးသားတစ်ယောက်ကို လိပ်ကျောက်မြီး၊ ငါးမန်းစွယ်အစူးတို့ဖြင့် ကြိမ်အချက်တစ်ထောင်ဒဏ်ပေးခြင်း၊ နောက်ခိုးသားတစ်ယောက်အား သံခြေချင်းဖြင့် အကျဉ်းချ ဒဏ်ပေးခြင်း၊ နောက်တစ်ယောက်အား လှံအသွားဖြင့် အသားကို ထိုးဆိတ် ဒဏ်ခတ်ခြင်း၊ တံကျင်လျှိုဒဏ်ခတ်၍ အပြစ်ပေးခိုးသားစီရင်ပုံတို့ကို သာမန်မျှ ရေးသားထားသည်ကို တွေ့ရပါသည်။

တေမိယပျို့လင်္ကာတွင်မူ တေမိမင်းသား မင်းဖြစ်ရခြင်း၏ အပြစ်များကို သိမြင်သံဝေဂရမည့်အခန်းဖြစ်သောကြောင့် အပြောက်အမွှမ်းခြယ်သ၍

> "ထက်လှစွာနို့၊ လွန်ဖြင့်ထိုး၍၊ စပ်မျဉ်းပြင်းစွာ၊ ကိုယ်မှာလိမ်းကျံ၊ ဆားဖြင့်မာန်သော်၊ မတော်ကျင့်မှန်၊ သူမိုက်ကျွန်းသား၊ တစ်ယောက်အားမူ၊ ထင်ရှားစေလျှင်၊ တံကျင်တွင်း၌၊ သွင်းကျင်

> တုံအား၊ နှောင်အိမ်ထားလော၊ တခြားတုပြင်၊ မျက်ဆုံးဝင်သော၊
> တစ်ယောက်အားကို၊ သဲဖျားချေချေ၊ တုန်လှုပ်နေအောင်၊
> ယူဆောင် ခုပင်၊ တံကျင်ထိုးလျှင်" ပိုဒ်ရေ (၂၄)

ဟူ၍ ခိုးသားလေးယောက်အား စီရင်နည်းလေးမျိုးဖြင့် စီရင်စေရန် အမိန့်ပေးလေသည်။ ခိုးသားတစ်ယောက်အား ဆူဖျားကြိမ်လုံးဖြင့် သွေးရဲရဲထွက်အောင် အချက်တစ်ထောင်ရိုက်ရန် ချက်ချင်းအမိန့်တော်စေသည်။ နောက်ခိုးသားတစ်ယောက်ကို လွန်းစူးဖြင့် ခန္ဓာကိုယ်အနှံ့ ထိုးဆိတ်ထားသော ဒဏ်ရာဒဏ်ချက်များပေါ်တွင် ဆားကိုထည့်စေသည်။ ကျန်ခိုးသူတစ်ယောက်ကိုကား တံကျင်လျှို့ထားပြီး အချုပ်ထဲသို့ထည့်စေသည်။ နောက်တစ်ယောက်အား အသည်းဖျားထိတုန်လောက်အောင် တံကျင်လျှို့ဒဏ်ခတ်ရန် အမိန့်တော်စေလေသည်။ ထိုသို့ခိုးသား စီရင်ခန်းတွင် အသေးစိတ်ခြယ်သထားသောကြောင့် တေမိယမင်းသားမင်းဖြစ်ရခြင်း၏ အကုသိုလ်အမှုများကို ရွံ့ရှာလာကြောင်း ထင်ရှားလာအောင် ပံ့ပိုးပေးနိုင်သော ဇာတ်လမ်းအပြောက်အမွှမ်းကောင်းဖြစ်ပါသည်။

ဇာတ်ဆောင်အပြောက်အမွှမ်း

တေမိယပျို့လင်္ကာတွင် တေမိယမင်းသား၊ ကာသိကရာဇ်မင်းကြီးနှင့် စန္ဒာဒေဝီမိဖုရားကြီးတို့သည် အဓိကဇာတ်ဆောင်များဖြစ်ကြပါသည်။ စာဆိုတို့သည် ထိုဇာတ်ဆောင်များ၏ ကံသုံးပါးအမူအရာကို ပေါ်လွင်အောင် အပြောက်အမွှမ်းများဖြင့် တန်ဆာဆင်ရေးဖွဲ့ထားပါသည်။ တေမိယပျို့လင်္ကာမှ ဇာတ်ဆောင်များသည် စာဆိုထာရ်မဟာ၏ အပြောက်အမွှမ်းခြယ်သမှုကြောင့် မင်းပူးဆရာတော် ဦးဩဘာသ၏ ဇာတ်တော်စကားပြေထက် ပို၍အသက်ဝင်လှုပ်ရှားလာသည်။

> မင်းပူးဆရာတော်ဦးဩဘာသ၏ တေမိယဇာတ်တော်စကားပြေတွင်
>
> "စန္ဒာဒေဝီမိဖုရားကြီးသည် လက်အစုံဖြင့် ရင်အုံကို ခတ်တီး၍ ရှိုက်ကြီးတငင် တပင်ရှားရှား ရထားမှူး၏ နောက်သို့ ငိုကြွေးကာ လိုက်၍ မုခ်နန်းတော်ဦး၌ လူးလဲလျက်ကျန်ရစ်လေ၏" (စာ ၁၅၃)

ဟူ၍ ရေးဖွဲ့ထားပါသည်။ တေမိယပျို့လင်္ကာတွင်ဇာတ်တော်စကားပြေထက် ပို၍ လှလှပပ ရေးဖွဲ့ထားသည်ကိုတွေ့ရပါသည်။ သားတော်တေမိမင်းသားအပေါ် ထားရှိသည့် စန္ဒာဒေဝီမိဖုရားကြီး၏ မေတ္တာတရားပေါ်လွင်အောင် အကျယ်ရေးဖွဲ့ ထားသောအခန်းသည် ပျို့၏ဇာတ်ထွတ်ခန်းဟုလည်းဆိုနိုင်ပါသည်။ အားပြိုင်မှု အဖွဲ့ကောင်းတို့ဖြင့် အသေးစိတ်သရုပ်ဖော်ခဲ့ပါသည်။ သားတော်နှင့်မကွာဘဲ အတူနေချင်ပြီး သားနှင့်ဝေးကွာသော နန်းတော်တွင်မနေချင်ပေ။ သားနှင့် အတူပင် တစ်တွင်းတည်းတွင် မြှုပ်သတ်ပါက သောကဗျာပါဒများ ပျောက်ကွယ် ပြီး သက်သာရာရပေမည်။ ဆယ့်ခြောက်နှစ်လုံးလုံး ယုယုယယ ချစ်ခင်ခဲ့ရသော သားတော်အား သတ်မည်ဆိုက မိဖုရားကြီးသည် ရင်ကိုထုကာ ရှိုက်ကြီးငင်ငင် ငိုမြည်တမ်းလေသည်။ စန္ဒာဒေဝီမိဖုရားသည် သားဇောကြောင့် သောကလှိုက်ဆူ ကာ နန်းကြမ်းပြင်တွင် မူးမော်လဲကျလေသည်ကို

> “လောင်လင်နှလုံး၊ ညှိုးခြုံသွယ်ပြိုက်၊ တရှိုက်ရှိုက်လျှင်၊ စိတ်စိတ် လေ့ခေါ်၊ သားရွှေလှော်ကြောင့်၊ မူးမော်လောင်ကြည်၊ မိုးလုံး ဝယ်မျှ၊ ရစ်ခွေပျောင်းမျှ၊ ရှင်မဘုရား၊ မွေးသည်သားကို၊ မထား အရှင်၊ ပက်လက်ပင်တည်း၊ တွင်းတွင်လုတ်လုတ်၊ ပြုတ်လေ တော့မည်” ပိုဒ်ရေ (၇၀)

ဟူ၍ အကျယ်တဝင့် ရေးဖွဲ့ထားပါသည်။ သားသမီးအပေါ်ထားရှိသော မေတ္တာ တရားတို့ကို စန္ဒာဒေဝီမိဖုရားကြီးဖြင့် ရေးဖွဲ့တင်ပြထားပါသည်။ တေမိယ ဇာတ်တော်စကားပြေတွင် မှေးမှိန်နေသော ဇာတ်ဆောင်အပြောက်အမွမ်းကို ဝေဝေဆာဆာသိုင်းဝိုင်းပြီး ရေးဖွဲ့ထားရာ စန္ဒာဒေဝီမိဖုရားကြီးသည် မိခင်ကောင်း ပီသသူ၊ ရင်သွေးအတွက် အသက်ကိုပင် စွန့်ဝံ့သူအဖြစ် တေမိယပျို့လင်္ကာတွင် အသက်ဝင်လှုပ်ရှားလာသည့် ဇာတ်ဆောင်အပြောက်အမွမ်းဖြစ်ပါသည်။

ကာလဒေသနောက်ခံအပြောက်အမွမ်း

တေမိယပျို့လင်္ကာဖြစ်ပေါ်ရာ နောက်ခံသည် ဗာရာဏသီပြည် ဖြစ်သည်။ မင်းပူးဆရာတော် ဦးညြဘာသ၏ တေမိယဇာတ်တော်စကားပြေတွင် ဗာရာဏသီပြည်၏အသွင်ကို အကျယ်တဝင့်ဖော်ပြမထားပေ။ ထာရ်မဟာ၏

တေမိယပျို့လင်္ကာတွင် ဗာရာဏသီပြည်၏ အသွင်အပြင်ကို အကျယ်တဝင့် ရေးဖွဲ့ထားသည်။ စာဆို၏ နောက်ခံအပြောက်အမွမ်း ခြယ်သမှုကြောင့် ဗာရာဏသီပြည်ကို စိတ်မျက်စိထဲတွင် မြင်ယောင်လာစေသည်။ ဗာရာဏသီ ပြည်၏ သာယာစည်ကားပုံကို ပေါ်လွင်လာစေပါသည်။

မင်းပူးဆရာတော် ဦးသြဘာသ၏ တေမိယဇာတ်တော်စကားပြေတွင် ဗာရာဏသီပြည်ကို

> "ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည် ကာသိတိုင်းကို အစိုးရသောကြောင့် ကာသိကရာဇ်အမည်ရှိသောမင်းသည် မင်းပြု၏" (စာ ၁၉)

ဟု ဖော်ပြပြီး ပျို့လင်္ကာထဲတွင် ဗာရာဏသီပြည်ကို အကျယ်ဖွဲ့ဆိုထားပါသည်။

> "အယူစိုင်ဆက်၊ မိုးထက်နတ်မှာ၊ တုသီတာနှင့်၊ နှိုင်းရာမမျှ၊ ဗာရာဏလျှင်၊ ပြည်မတူရှဲ၊ မသွားလေလော၊ တင့်စမောလျက်၊ ကျော်ဇောကောင်းမြေ့" ပိုဒ်ရေ (၁၅၁)

ဟူ၍ ရေးဖွဲ့ပါသည်။ ဗာရာဏသီပြည်သည် ဆယ့်နှစ်ယူဇနာကျယ်ဝန်းသည် သာမကအစာရေစာပေါများပါသည်။ ရွှေရောင်တပြောင်ပြောင်ဖြင့် ပြာသာဒ်ပေါင်း များစွာတည်ရှိသောကြောင့် တုသီတာနတ်ပြည်ဟု ထင်မှားလောက်အောင် လှပ တင့်တယ်နေပေသည်။ ပြည်ရှင်မင်း၏မင်းကျင့်တရား စောင့်စည်းမှုကြောင့် ခိုးမှု၊ ဓားပြမှု၊ မုဒိန်းမှုများ ကင်းစင်ပြီး အရပ်ရှစ်မျက်နှာလုံး ဘေးရန်ကင်းရှင်းစွာ သွားလာနိုင်ကြသည်။ စာဆိုထာရ်မဟာ၏ အရေးအဖွဲ့ကောင်းမွန်မှုကြောင့် ဗာရာဏသီ ပြည်၏အသွင်အပြင်သည် စည်ကားစိုပြည်သည့် နောက်ခံအပြောက် အမွမ်းတစ်ခု ဖြစ်လာပါသည်။

ထာရ်မဟာ၏တေမိယပျို့လင်္ကာနှင့် မင်းပူးဆရာတော်ဦးသြဘာသ၏ ဇာတ်တော်စကားပြေ နှိုင်းယှဉ်လေ့လာကြည့်သောအခါ တေမိယပျို့လင်္ကာတွင် ထူးခြားသော ဇာတ်လမ်းအပြောက်အမွမ်း၊ ဇာတ်ဆောင်အပြောက်အမွမ်း၊ ကာလဒေသနောက်ခံ အပြောက်အမွမ်းတို့ဖြင့် ပံ့ပိုးခြယ်သရေးဖွဲ့ထားသော

ကြောင့် အင်္ဂါရုပ်နှင့်ညီညွတ်သည့်ပျို့တစ်စောင်ဖြစ်လာသည်ဟု လေ့လာတွေ့ရှိရပါသည်။

ခြုံငုံသုံးသပ်ချက်

စာဆိုထာရ်မဟာသည် တေမိယလင်္ကာကို ကိုလိုနီခေတ်တွင် ရေးခဲ့ပါသည်။ စာဆိုထာရ်မဟာသည် ရဟန်းစာဆိုဝီဝီ မြတ်စွာဘုရားသခင်ဟောကြားတော်မူသော ငါးရာ့ငါးဆယ်နိပါတ်တော် တစ်ခုဖြစ်သည့် တေမိယဇာတ်ကို လင်္ကာအဖြစ် ဖန်တီးထားခြင်းဖြစ်သည်။ တေမိယဇာတ်တော် တစ်ခုလုံးကို ပိုဒ်ရေပေါင်း(၂၂၄) ပိုဒ်ဖြင့် လင်္ကာစွမ်းပြရေးဖွဲ့ထားပါသည်။ ထိုသို့ရေးဖွဲ့ရာတွင် မူရင်းဇာတ်တော်ထက်ပို၍ အသက်ဝင်အောင် အပြောက်အမွမ်းများဖြင့် တန်ဆာဆင်ထားသဖြင့် စာဖတ်သူ၏စိတ်ကို ဆွဲဆောင်နိုင်ပါသည်။

စာဆိုထာရ်မဟာသည် တေမိယလင်္ကာသည် ဇာတ်လမ်းအပြောက်အမွမ်း၊ ဇာတ်ဆောင်အပြောက်အမွမ်း၊ နောက်ခံအပြောက်အမွမ်းတို့ကြောင့် ပို၍ ပေါ်လွင်လာသည်ကို တွေ့ရပါသည်။

စာဆိုထာရ်မဟာ၏တေမိယလင်္ကာသည် မင်းဘူးဆရာတော်ဦးဩဘာသ၏ဇာတ်တော်ကြီးဝတ္ထုထက်ဇာတ်လမ်းအပြောက်အမွမ်းခြယ်သထားနိုင်ပါသည်။ ကာသိကရာဇမင်းကြီး ခိုးသားစီရင်ရာ၌လည်း ခိုးသားလေးယောက်အား စီရင်ပုံတို့ကို အသေးစိတ်အပြောက်အမွမ်း ခြယ်ထားပါသည်။

တဖန် စန္ဒာဒေဝီမိဖုရားကြီး၏ သားတော်အပေါ် ချစ်ခြင်းမေတ္တာများ ပြည့်ဝနေသော ဇာတ်ဆောင်အပြောက်အမွမ်းကို ပေါ်လွင်အောင်ရေးဖွဲ့ပြထားပါ သည်။

နောက်ခံအပြောက်အမွမ်းခြယ်သရာတွင် ကာသိကရာဇမင်း အုပ်ချုပ်သော ဗာရာဏသီပြည်ကို နောက်ခံအပြောက်အမွမ်း ခြယ်သမှုကြောင့် ပို၍ သာယာ ပြီးနေချင်စဖွယ် တိုင်းပြည်တစ်ပြည်ကို ဖြစ်စေပါသည်။ စာဆို၏အပြောက်အမွမ်း ခြယ်သသည့် အရေးအဖွဲ့စွမ်းရည်ကြောင့် တေမိယဇာတ်တော်ကြီးသည် ပို၍ နှစ်သက်စဖွယ်ဖြစ်လာရပါသည်။

စာဆိုထာရ်မဟာ၏ တေမိယလင်္ကာသည် ဘုရားဟောဇာတ်တော်ကို အခြေခံ၍ ရေးဖွဲ့ထားသဖြင့် ရခိုင်စာပေတွင် ပျို့ကောင်းတစ်စောင်ဖြစ်သည်ဟု ထင်မြင်မိပါသည်။

နိဂုံး

ဤစာတမ်းသည် ရခိုင်စာဆိုထာရ်မဟာ၏ တေမိယလင်္ကာကို လေ့လာထားသော စာတမ်းဖြစ်ပါသည်။ စာပေပညာရှင်များသည် မူရင်းဇာတ်တော်ကြီးများကို အခြေခံ၍ စာပေပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ခေတ်အဆက်ဆက် ရေးဖွဲ့ခဲ့ကြပါသည်။ ရခိုင်စာဆိုထာရ်မဟာသည်လည်း တေမိယဇာတ်တော်ကို ပျို့လင်္ကာအဖြစ် ဖွဲ့ဆိုခဲ့ပါသည်။ ဤစာတမ်းသည် တိမ်မြုပ်နေသော ရခိုင်ပေစာကို ဖော်ထုတ်လိုသော ရည်ရွယ်ချက်ကြောင့် ရေးသားရခြင်းဖြစ်ပြီး စာပေအရေးအဖွဲ့ကိုလည်း ဆန်းစစ်လေ့လာတင်ပြထားပါသည်။ ထို့ကြောင့် ဤစာတမ်းသည် မြန်မာစာပေဖွံ့ဖြိုးရေးအတွက်လည်းကောင်း၊ ရခိုင်စာပေနယ်ပယ်တွင် ပျို့တစ်စောင်တစ်ဖွဲ့အဖြစ် ပါဝင်နိုင်ရန် အထောက်အကူဖြစ်စေမည်ဟု ထင်မြင်ယူဆမိပါသည်။

ကျမ်းကိုးစာရင်း

ထွန်းဖေ၊ **ဦး**။ (၁၉၇၆)။ ***မြန်မာစာနိဒါန်း(ပဉ္စမအကြိမ်)***။ ရန်ကုန်၊ သဇင်ပုံနှိပ်တိုက်။

ထာရ်မဟာ။ ***တေမိယလင်္ကာ***။ ဓ္ဇကြောင်းရေး၊ က-အစ၊ ဆေအဆုံး၊ ဂုအင်္ဂါဂုချပ်၊ မျဉ်း (၁၂၇၆ခုနှစ်ရေးသောပေမူ)၊ (ရခိုင်သုတေသီ၊ ဦးမောင်ဗသိန်းထံမှ ရရှိပါသည်။)

ဝိစိတ္တသာရာဘိဝံသ၊ **အရှင်**။(၂၀၁၃)။ ***တေမိယဇာတ်***။ ရန်ကုန်၊ တိပိဋကဗုဒ္ဓသာသနာပြု ဥပဒ္ဒာကစာအုပ်စာပေနှင့်မော်ကွန်းအဖွဲ့။

အေးမေ၊ **မ**။ (မ-၁၂၇၁)။ ***ဇာတ်အဋ္ဌကထာနိဿယတေမိယဇာတ်***။ ရန်ကုန်၊ ကဝိမျက်မှန်စာပုံနှိပ်တိုက်။

ဩဘာသ၊ ဦး (မင်းပူးဆရာတော်-)။ (၂၀၀၀)။ ***ဇာတ်တော်ကြီးဆယ်ဘွဲ့(တ-ကြိမ်)***။ ရန်ကုန်၊ ခင်ချိုထွန်းစာပေ။

ရှင်မဟာရဋ္ဌသာရ၏ ပျို့လင်္ကာများတွင်တွေ့ရသော စကားသံဖွဲ့ဟန်မှ ထပ်ကျော့ခြင်းသဘော

စောကြန္ဒာသက်မောင်*

စာတမ်းအကျဉ်း

မြန်မာစာပေသမိုင်းတွင် ပျို့ကဗျာလောကဓ၏ ရှေ့ဆောင်တစ်ဦးဖြစ်သော ဆရာတော်ရှင်မဟာရဋ္ဌသာရ၏ ပျို့လင်္ကာများမှ စကားသံဖွဲ့ဟန်၏ တစ်စိတ်တစ်ဒေသဖြစ်သော ထပ်ကျော့ခြင်းသဘောကို အဝိုင်း (၇)ပိုင်းဖြင့် စုစည်းလေ့လာတင်ပြထားပါသည်။ မြန်မာကဗျာများကို စာဆိုတို့က မည်သို့ဖွဲ့စပ်ထားသည်ကို ရေးဟန်ပညာ ဘာသာစကားနယ်ပယ်မှ ချဉ်းကပ် လေ့လာနိုင်စေရန် ရည်ရွယ်လျက် စုစည်းသုတေသန ပြုပေးထားခြင်း ဖြစ်ပါသည်။ သုတေသနရလဒ်အနေဖြင့် ဆရာတော်ရှင်မဟာရဋ္ဌသာရ၏ ပျို့စကားသံဖွဲ့ဟန်ကို ဖော်ထုတ်နိုင်ခြင်းဖြစ်ပါသည်။ ထိုမှတစ်ဆင့် ထပ်ကျော့ခြင်းသဘောသည် မြန်မာစာပေနှင့် ဘာသာစကားတွင် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် တည်ရှိနေမှုကို သက်သေပြနိုင်မည်ဖြစ်ပါသည်။

သော့ချက်ဝေါဟာရများ- *စကားသံဖွဲ့ဟန်၊ ပျို့၊ ရေးဟန်ပညာ၊ ထပ်ကျော့ခြင်း၊*

နိဒါန်း

ဆရာတော် ရှင်မဟာရဋ္ဌသာရဖွဲ့ဆိုခဲ့သော စတုဓမ္မသာရကိုးခန်းပျို့၊ သံဝရပျို့၊ ဂန္ဓိသာရပျို့၊ ဘူရိဒတ်လင်္ကာကြီး၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့တို့တွင် တွေ့ရသော စကားသံများ ထပ်ကျော့အသုံးပြုပုံကို လေ့လာထားပါသည်။ စာဆို၏ စာပေလင်္ကာပျို့ကဗျာတို့မှ ထူးခြားဆန်းသစ်သော ကိုယ်ပိုင်ဟန်ကို ဖော်ထုတ်နိုင်ရန် စကားသံဖွဲ့ဟန် (phonostylists) ရှုထောင့်မှ ဆန်းစစ်လေ့လာ သွားမည်ဖြစ်ပါသည်။

* တွဲဖက်ပါမောက္ခ၊ ဒေါက်တာ၊ မြန်မာစာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်

ထပ်ကျော့ခြင်းသဘော

ရေးဟန်ပညာသည် ဘာသာစကားအသုံး ကွဲပြားပုံကို လေ့လာ၍ ဘာသာစကားနှင့် စာပေလေ့လာမှုနယ်ပယ်တို့၏ ဆုံစည်းရာလည်း ဖြစ်သည်။ စကားသံအဆင့်ကို ရေးဟန်ပညာရှုထောင့်မှ လေ့လာခြင်းကို စကားသံဖွဲ့ဟန်ဟုခေါ်သည်။ ဆရာကြီးဒေါက်တာခင်အေးက စကားသံဖွဲ့စပ်ဟန်ဟု ရေးဟန်ပညာနိဒါန်းတွင် သုံးပါသည်။

မြန်မာမှုနယ်ပယ်တွင် ''နှစ်ထပ်ရိုမှ မှတ်မိ'' ဟူသောစကားအတိုင်း စကားပြောရာတွင် အချို့နေရာ၌ စကားတစ်ခွန်းကို တစ်ကြိမ်ထက်ပို၍ နှစ်ကြိမ်၊ သုံးကြိမ်စသည်ဖြင့် ထပ်ကျော့သုံးတတ်ကြပါသည်။ ခံစားမှုကိုဖော်ပြလိုခြင်း၊ အလေးအနက်ဖော်ပြလိုခြင်း၊ ဆိုလိုသည့်အဓိပ္ပာယ်ကို ထင်ရှားစေလိုခြင်းတို့အတွက် တစ်ကြိမ်ထက်ပို၍ ထပ်ကျော့သုံးတတ်ကြသည်။

ထပ်ကျော့ခြင်း (repetition) သဘောကို “ပုံစံတူများ အကြိမ်ထပ်၍ သုံးခြင်း” (ခင်မင်၊ မောင် (ခနုဖြူ)၊ ၂၀၁၁၊ ၂၀၇) ဟု ဖွင့်ဆိုသည်။ ထပ်ကျော့သုံးခြင်းသည် စကားပြောရာ၊ စာရေးရာတွင် အခြေခံတန်ဆာဆင်နည်း တစ်နည်းဖြစ်သည်ဟု ဆိုကြသည်။ (see Leech,1989,73–88)

ထပ်ကျော့ခြင်းတွင် ဗျည်းကိုထပ်ကျော့ခြင်း (alliteration)၊ သရကို ထပ်ကျော့ခြင်း (assonance) ဟူ၍ ရှိသည်။ ထိုမှတစ်ဆင့် ဗျည်းနှင့်သရတွဲလျက် ထပ်ကျော့ခြင်းပုံစံများကို ထပ်မံလေ့လာနိုင်သည်။

သရသက်သက်ထပ်ကျော့ခြင်း

သရသံသည် သူ့ချည်းသက်သက် အသံထွက်နိုင်သည်။ သရသံ တစ်မျိုးတည်းကို တစ်ကြိမ်မက အသုံးပြုခြင်းကို သရသက်သက်ထပ်ကျော့ခြင်းဟု ဆိုနိုင်ပါသည်။ ဆရာတော်ရှင်မဟာရဋ္ဌသာရ၏ သရသက်သက်ထပ်ကျော့သုံးရာ၌ ပဒဆက်တိုက်သုံးခြင်းရှိသကဲ့သို့ ပဒခြား၍ သုံးသည်လည်းရှိပါသည်။ ပဒဆက်တိုက် သုံးရာတွင် အနည်းဆုံး (၂)ပဒမှ အများဆုံး (၇)ပဒအထိ ဆက်သုံးလေ့ရှိပါသည်။ ထိုအသုံးပြုမှုကို ဂမ္ဘီသာရပျို့တွင် (၇)ကြိမ်၊ သံဝရပျို့တွင်

(၁၅)ကြိမ်၊ ဘူရိဒတ် လင်္ကာကြီးတွင် (၄၃)ကြိမ်၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင် (၁၇)ကြိမ်၊ စတုဓမ္မသာရ ကိုးခန်းပျို့တွင် (၁၂)ကြိမ် တွေ့ရှိရပါသည်။ အသုံးပြုသည့် သရများမှာ အ၊ ဣ၊ အိမ်၊ အဲ၊ ဦး တို့ဖြစ်ပြီး အ-သရကို အသုံးများပါသည်။ ကျန်သရများ အသုံးပြုခြင်းမရှိပါ။

သာဓက(၁) ဤမျှကားတန်၊ ဤမျှလွန်ဟု (စတုဓမ္မသာရကိုးခန်းပျို့ ပိုဒ် ၁၅၉)

(နှစ်ပဒနှစ်ကြိမ် သရထပ်ကျော့သုံးသည့်ပုံစံ)

သာဓက(၂) အရိုးအခက်၊ အရွက်ညွန့်နု (ဘူရိဒတ်လင်္ကာကြီး ပိုဒ် ၂၇၀)

(နှစ်ပဒသုံးကြိမ် သရထပ်ကျော့သုံးသည့် ပုံစံ)

သာဓက(၃) အနီးအဝေး၊ အနေးအလျင် (ဂမ္ဘီသာရပျို့ ပိုဒ် ၄၃)

(နှစ်ပဒလေးကြိမ် သရထပ်ကျော့သုံးသည့်ပုံစံ)

သာဓက(၄) အနှစ်တစ်ရာ၊ အခါလေးမြင့်၊ အကျင့်သီတင်း (ဘူရိဒတ်ဇာတ်ပေါင်းပျို့ ပိုဒ် ၁၂၁) (သုံးပဒသုံးကြိမ် သရထပ်ကျော့သုံးသည့်ပုံစံ)

သာဓက(၅) အစအလယ်၊ အဆုံးဝယ်၌၊ မလွယ်အရေး (သံဝရပျို့ ပိုဒ် ၁၉)

(သုံးပဒလေးကြိမ် သရထပ်ကျော့သုံးသည့်ပုံစံ)

သာဓက(၆) အင့အဝေ၊ အစေအပါ၊ အရာကြီးငယ် (ဂမ္ဘီသာရပျို့ ပိုဒ် ၄၃)

(သုံးပဒငါးကြိမ် သရထပ်ကျော့သုံးသည့်ပုံစံ)

သာဓက(၇) အလိုက်အဖက်၊ အကျက်အစိမ်း၊ အငြိမ်းအနွေး (ကိုးခန်းပျို့ ပိုဒ် ၂၂၈)

(သုံးပဒခြောက်ကြိမ် သရထပ်ကျော့သုံးသည့်ပုံစံ)

သာဓက(၈) အလေးချိန်သို့၊ အရှိန်အစော်၊ အကျော်အစော၊ အတိတ်ဟောသည်

(ဘူရိဒတ်လင်္ကာကြီး ပိုဒ်၃၀၁) (လေးပဒခြောက်ကြိမ် သရထပ်ကျော့သုံးသည့်ပုံစံ)

သာဓက(၉) အနက်အနဲ၊ အရဲအရင့်၊ အကျင့်အဟန်၊ အမှန်အတော်၊ အမြော်အမြင်

(ဂမ္ဘီသာရပျို့ ပိုဒ် ၃၇) (ငါးပဒဆယ်ကြိမ် သရထပ်ကျော့သုံးသည့်ပုံစံ)

သာဓက(၁၀) အနက်အတန်၊ အကြံအစည်၊ အလည်အပတ်၊ အမှတ်အသား၊ အထားအနေ၊ အသေအချာ (ဘူရိဒတ်လင်္ကာကြီး ပိဒ် ၂၁၆)

(ခြောက်ပဒ(၁၂)ကြိမ် သရထပ်ကျော့သုံးသည့်ပုံစံ)

သာဓက(၁၁) အတင်အခြေ၊ အဖြေမပေး၊ အနှေးအလျင်၊ အရွှင်အထက်၊ အနက်အနဲ၊ အခွဲအကြမ်း၊ အစမ်းအစုံ (သံဝရပျို့ ပိုဒ် ၁၄၃)

(ခုနစ်ပဒ(၁၃)ကြိမ် သရထပ်ကျော့သုံးသည့် ပုံစံ)

သာဓက(၁၂) အချေအတင်၊ အလျင်အလျား၊ အစားအမြောက်၊ အလျောက်အနှော၊အရောအကူ၊ အယူအနုတ်၊ အကုတ်အကြည်း (ဂမ္ဘီသာရပျို့ ပိုဒ် ၄၃) (ခုနစ်ပဒ (၁၄)ကြိမ် သရထပ်ကျော့သုံးသည့်ပုံစံ)

ထိုသို့ ပဒဆက်တိုက် သရထပ်ကျော့သုံးသည့် ပုံစံမျိုးရှိသကဲ့သို့ တစ်ပဒခြား၍ ထပ်ကျော့သုံးသည့်ပုံစံမျိုးလည်း ရှိပါသည်။ သာဓက-

ဤခန်းဝါ၌၊ ဣရိယာပဒ၊ ဤကိစ္စဖြင့်၊ နှစ်လရက်နေ့၊ ဤရွှေဝယ်သာ (ကိုးခန်းပျို့ ပိုဒ် ၅၈)

ဗျည်းတူသရတူထပ်ကျော့ခြင်း

ဆရာတော်ရှင်မဟာရဋ္ဌသာရ၏ ပျို့လက်ရာများတွင် ဗျည်းတူသရတူထပ်ကျော့အသုံးကို တွေ့ရပါသည်။ ပဒဆက်တိုက် ထပ်ကျော့သုံးခြင်းရှိသကဲ့သို့ ပဒခြား၍သုံးသည်လည်းရှိသည်။ ပျို့ကဗျာပိုဒ်အတွင်း ထပ်ကျော့သုံးခြင်းကိုလည်း တွေ့ရသည်။

ထိုသို့အသုံးပြုရာ၌ နေရာပုံသေမထားဘဲ အသုံးပြုလေ့ရှိသည်။ ပဒ၏ ပထမနေရာ၊ ဒုတိယနေရာ၊ တတိယနေရာ၊ ပထမနေရာနှင့် တတိယနေရာတို့တွင် တစ်ပြိုင်တည်းထား၍ အသုံးပြုလေ့ရှိသည်။ ပဒ၏ပထမနေရာတွင် ထားသုံးသည့် ပုံစံကို အများဆုံးတွေ့ရသည်။

သာဓက - တောမှာယား၍၊ တောသားပီပီ (ပထမနေရာ) (ကိုးခန်းပျို့ ပိုဒ် ၂၁၁)

ရှင်ကားဆရာ၊ ငါကားတပည့် (ဒုတိယနေရာ)(ကိုးခန်းပျို့ ပိုဒ် ၂၅၈)

ဝေးဝေးမခွာ၊ နီးစွာမပြု၊ ပျက်မှုမကြံ (တတိယနေရာ) (ကိုးခန်းပျို့ ပိုဒ် ၁၁၁)

မပျက်မပြု၊ မအိုမသေ (ပထမနေရာနှင့် တတိယနေရာ) (ကိုးခန်းပျို့ ပိုဒ် ၂၃၈)

ဗျည်းတူသရတူ ထပ်ကျော့အသုံးကို အနည်းဆုံး(၂)ပဒဆက်တိုက်မှ (၁၁)ပဒဆက်တိုက်အထိ အသုံးပြုသည်။ ဗျည်းတူသရတူအသံကို ပဒဆက်တိုက် အသုံးပြုရာတွင်အနည်းဆုံး (၂)ကြိမ်မှ အများဆုံး (၁၁)ကြိမ်အထိ ထပ်ကျော့သုံး ကြောင်း တွေ့ရသည်။

သာဓက- ခရာသံပြင်း၊ ခရုသင်းနှင့်(သံဝရပျို့ ပိုဒ် ၈၉)

သာဓက- တသန္ဓေ၊ တပေလျဉ်းလျဉ်း၊ တညှင်းဆိုးဆိုး၊ တညှိုးလျလျ၊ တသလွမ်းလွမ်း၊ တသမ်းဟယ်ဟယ်၊ တတွယ်တာတာ၊ တဟာ လှိုက်လှိုက်၊ တရှိုက်ငင်ငင်၊ တပင်ပန်းပန်း၊ တဝန်းလျားလျား၊ (ကိုးခန်းပျို့ ပိုဒ် ၃၉)

ဗျည်းတူသရတူ ထပ်ကျော့သုံးခြင်းတွင် နှစ်ပဒဆက်တိုက်အသုံးကို အများဆုံးအသုံးပြုထားသည်ကို တွေ့ရပါသည်။

ဗျည်းတူသရကွဲထပ်ကျော့ခြင်း ဆရာတော်ရှင်မဟာရဋ္ဌသာရ၏ ပျို့ လင်္ကာများတွင် ဗျည်းတူ၍သရကွဲသောအသံများ ထပ်ကျော့သုံးခြင်းကိုလည်း တွေ့ရပါ သည်။ သာဓက -

ရေတောင်မောက်ဖြူး၊ ရွာသည့်မိုးထက် (ကိုးခန်းပျို့ ပိုဒ် ၄)

ဆောင်းထွေမြဲက၊ ဆင်းရဲဟူသည် (ဘူရိဒတ်ဇာတ်ပေါင်း ပိုဒ် ၁)

ကြိုက်လိမ့်မည်ဟု၊ ကြံစည်တကြောင်း (ဘူရိဒတ်လင်္ကာကြီး ပိုဒ် ၂၁)

နားဝဖန်လဲ၊ နာမရဲလျှင် (ဂမ္ဘီသာရပျို့ ပိုဒ် ၁)

လေးပါးမျိုးပုံ၊ လင်္ကာအုပ်ခြုံသည် (သံဝရပျို့ ပိုဒ် ၁၂)

ကဗျာပိုဒ်အတွင်းထပ်ကျော့ခြင်း ပဒအတွင်း၌သာမက ကဗျာပိုဒ်အတွင်း၌လည်း သရသက်သက်ထပ်ကျော့အသုံးကို တွေ့နိုင်ပါသည်။ သာဓက-

> မယုတ်တံတိုင်း၊ ဤနှင့်နှိုင်းသော်၊ မခိုင်းစကောင်း၊ ကန်ချောင်းမြောင်းနှင့်၊ မြစ်လောင်းသမုဒ္ဒရာ၊ ထိုပမာသို့၊ လိုရာမတန်၊ ဤလျှင်လွန်၍၊ ဗိမာန်ခြောက်ထပ်၊ ထက်နတ်ရပ်ဟု၊ တပ်တပ်မသိ၊ သင်္ကာရှိခဲ့၊ တစိမ့်မြေကင်း၊ ဤအခြင်းကို၊ ရှင်းရှင်းမကျန်၊ သင်တို့ပြန်လော၊ သဏ္ဌာန်ညီညွတ်၊ ဤပြဿဒ်ကား၊ တွင်မှတ်ဘယ်အမည်တို့နည်း။ (ဘူရိဒတ်လင်္ကာကြီး ပိုဒ် ၁၈၁)

အထက်ပါသာဓကတွင် ''ဤ'' ဟူသောစကားလုံးကို အကြိမ်ကြိမ် ထပ်ကျော့သုံးထားသည်ကို တွေ့ရပါသည်။ ဗျည်းတူသရတူ ထပ်ကျော့အသုံးကို ပဒအတွင်း၌သာမက ကဗျာပိုဒ်အတွင်း၌လည်း တွေ့နိုင်သည်။

သာဓက(၁) ငဲ့စီးပွားလည်း၊ သွားလေရာရာ၊ ငဲ့ကြမ္မာဖြင့်၊ ငဲ့မှာမရောက်၊ တီမှာပျောက်လိမ့်၊ ငဲ့လျောက်ငဲ့လျား၊ ငဲ့ဘုန်းစားအံ့၊ ငဲ့အားငဲ့ဘ၊ မကြောင့်ကြနှင့် (ကိုးခန်းပျို့ ပိုဒ် ၄၃)

အထက်ပါသာဓကများတွင် ''ငဲ့'' ဟူသော ဗျည်းတူသရတူ ထပ်ကျော့အသုံးကို တွေ့နိုင်သည်။

သာဓက(၂) လှေအားလှော်ယက်၊ ဤမှာဘက်က၊ လှေထက်ဗိုလ်ပါ၊ လူတကာကို၊ လိုရာအရပ်၊ ခပ်စိမ့်ကြိုးစား၊ လှော်များလေလေ၊ ထိုသည့်လှေကား၊ ကမ်းခြေတစ်ဖက်ဆိုက်လှာတည်း (ကိုးခန်းပျို့ ပိုဒ် ၃၈၂)

အထက်ပါသာဓကတွင် ''လှေ၊ လှော်၊ လှေ၊ လူ၊ လို၊ လှော်၊ လေ၊ လေ၊ လှေ၊ လှာ'' ဟူ၍ ဗျည်းတူသရတူသာမက ဗျည်းတူသရကွဲကိုပါ ထပ်ကျော့သုံးထားကြောင်း တွေ့ရပါသည်။

ကဗျာပိုဒ်အတွင်း စကားသံအတွဲလိုက် ထပ်ကျော့ခြင်း

ဆရာတော်ရှင်မဟာရဋ္ဌသာရ၏ ပျို့လင်္ကာများရှိ ကဗျာပိုဒ်အတွင်း စကားသံအတွဲလိုက် ထပ်ကျော့ခြင်းကိုလည်း တွေ့ရှိရပါသည်။

ဘူရိဒတ်လင်္ကာကြီး ပိုဒ်ရေ(၄)တွင် "လူဟူသည်ကား၊ ဖြစ်မည်မူးမူး၊ အထူးငြိုငြင်၊ လွန်ခဲ့အင်၏၊ လူလျှင်စင်စစ်၊ ဖြစ်တုံငြားလည်း၊ ဘုရားမြတ်စွာ၊ သာသနာ၌၊ ကြုံက်ပါခဲ့အင်၊ လွန်ငြိုငြင်၏၊ အကြင်ရောခါ၊ သာသနာ၌၊ ကြုံက်ပါတုံလည်း၊ သုံးပုံပိဋကတ်၊ ဟောမှတ်ထင်ရှား၊ ငါတရားကို၊ မှတ်သား လေ့ကျက်၊ နာရခက်၏၊ နှစ်သက်တရား၊ နာရငြားလည်း၊ ငါးပါးသီလ" ဟူ၍ ရေးဖွဲ့ထားရာ "အထူးငြိုငြင်၊ လွန်ခဲ့အင်၏"၊ "ကြုံက်ပါခဲ့အင်၊ လွန်ငြိုငြင်၏"၊ "သာသနာ၌၊ ကြုံက်ပါတုံလည်း"၊ "မှတ်သားလေ့ကျက်၊ နာရခက်၏"၊ "နှစ်သက်တရား၊ နာရငြားလည်း" ဟူသော စကားသံထပ်ကျော့သုံးပုံမှာ စကားသံကို တစ်လုံးချင်းမဟုတ်ဘဲ အတွဲလိုက်ထပ်ကျော့ထားခြင်းဟု ဆိုရပါမည်။

ထို့ပြင်စကားသံအတွဲလိုက် နှစ်ကြိမ်ထပ်ကျော့သည့်ပုံစံကိုလည်း တွေ့နိုင်ပါသည်။

သာဓက(၁) ထွေပြားတူရိယာ၊ လက်၌ပါလျက်၊ ဝမ်းသာဝမ်းသာ၊ ငါ့နေရာသို့၊ မကြာမကြာ၊ ကိုယ်တိုင်လာ၍၊ များစွာများစွာ၊ နံ့သာပန်းမာန် (ဘူရိဒတ်လင်္ကာကြီး ပိုဒ် ၂၂၆)

ထို့ပြင် ပျို့ပိုဒ်၏အစပဒနှင့် အဆုံးပဒ ဗျည်းတူသရတူ ထပ်ကျော့ အသုံးကိုလည်း တွေ့နိုင်သေးသည်။ သာဓက- ဤသို့ဟူ၍ .... ဤသို့ မျိုးဇာတ် ပေါင်းတုံလတ်တည်း။ (ဘူရိဒတ်ဇာတ်ပေါင်း ပိုဒ် ၉၈)

အချို့ပိုဒ်များတွင်ထပ်ကျော့သုံးခြင်း

ပျို့တွင် ပိုဒ်ရေများစွာ ပါဝင်သည်။ ထိုကဗျာပိုဒ်များကို အစချီရာတွင် စကားသံကို နှစ်ကြိမ်ထပ်သုံးသည်ကို တွေ့ရှိရပါသည်။

သာဓက(၁) အလိုက်အလိုက်၊ လူတို့၌ဝယ် (ဂန္ဓီသာရပျို့ ပိုဒ် ၂၄)

အသီးအသီး၊ မူးမတ်ကြီးတို့ (သံဝရပျို့ ပိုဒ် ၉)

တခြားတခြား၊ စားသည်ကျေးလက် (သံဝရပျို့ ပိုဒ် ၁၂)

တကျွန်းတကျွန်း၊ တိုက်တစ်ခန်းဌ (ကိုးခန်းပျို့ ပိုဒ် ၄၅)

အထက်ပါသာဓကသည် ဗျည်းတူသရတူ အသံနှစ်သံကို တစ်သံစီခြား၍ ထပ်ကျော့ထားခြင်းဖြစ်ပါသည်။

သာဓက (၂) ရောင်ရောင်ဆင်းဆင်း၊ ရှင်းရှင်းသပ်သပ်(ကိုးခန်းပျို့ ပိုဒ် ၁၃၅)

နည်းနည်းများများ၊ စကားစမြည် (ဘူရိဒတ်လင်္ကာကြီး ပိုဒ် ၄၄၄)

အထက်ပါသာဓကများတွင် ဗျည်းတူသရတူအသံနှစ်သံကို ဆက်တိုက် ထပ်ကျော့သုံးထားခြင်း ဖြစ်ပါသည်။ အချို့ပိုဒ်နေရာများတွင် ထပ်ကျော့သုံးခြင်းကို ဘူရိဒတ်ဇာတ်ပေါင်းပျို့၌ လုံးဝအသုံးမပြုပေ။ ဂမ္ဘီသာရပျို့တွင်လည်း တစ်သံခြား ထပ်ကျော့ခြင်းတစ်ကြိမ်သာ အသုံးပြုကြောင်းတွေ့ရပြီး အသံဆက်တိုက် ထပ်ကျော့ခြင်းကို မတွေ့ရပေ။

ကဗျာပိုဒ်များအတွင်း ရှေ့အဆုံးသံကို နောက်အစတွင် ထပ်ကျော့ခြင်း

ပျို့ကဗျာတစ်ပိုဒ်၏ အဆုံးပဒနှင့် နောက်တစ်ပိုဒ်၏ အစပဒတို့တွင် ဗျည်းတူ အသံတူ စကားသံအတွဲလိုက် ထပ်ကျော့သုံးခြင်းကိုလည်း တွေ့နိုင်ပါသည်။ ထိုသို့ ကဗျာတစ်ပိုဒ်၏ အဆုံးပဒနှင့် နောက်တစ်ပိုဒ်၏ အစပဒတို့တွင် စကားသံတူသုံးခြင်းကို အဖျားကောက်ဖွဲ့နည်းဟုလည်း ဆိုနိုင်ပါသည်။ ထိုသို့ ထပ်ကျော့ရာတွင် အသံတူတစ်သံမှ အသံတူလေးသံအထိ ထပ်ကျော့သုံးပုံကို တွေ့ရပါသည်။

သာဓက(၁) တလဲလဲလျှင်၊ ဆင့်ကဲမေးတုံတုံသတည်း။ (သံဝရပျို့ ပိုဒ် ၆၅)

မေးလျှင်မေးလျှင်၊ ချည်စင်သို့ (သံဝရပျို့ ပိုဒ် ၆၆)

သာဓက(၂) ဘိသိတ်သွန်းအံ့၊ တဆန်းကြဲပြန်သေးသတည်း။(ကိုးခန်းပျို့ ပိုဒ် ၈၀)

ကြဲပြီးသည့်နောင်၊ ရှေးကဲ့ယောင်သို့ (ကိုးခန်းပျို့ ပိုဒ် ၈၁)

အထက်ပါသာဓကသည် ရှေ့အပိုဒ်၏အဆုံးပဒရှိ ဗျည်းတူသရတူအသံတစ်သံကို နောက်အပိုဒ်၏အစပဒတွင် ထပ်ကျော့သုံးခြင်းဖြစ်ပါသည်။ ထိုပုံစံကို ဂမ္ဘီသာရပျို့တွင်မတွေ့ရပေ။

ထို့ပြင် ရှေ့အပိုဒ်၏အဆုံးပဒရှိ ဗျည်းတူသရတူ အသံနှစ်သံကို နောက်အပိုဒ်၏ အစပဒတွင် ထပ်ကျော့သုံးခြင်းဖြစ်ပါသည်။ ထိုပုံစံကို ဂမ္ဘီသာရပျို့တွင် မတွေ့ရပေ။

သာဓက(၁)ဓတရင်္ဒ၏။မလ္လတ်သားတော်အရင်းတည်း(ဘူရိဒတ်ဇာတ်ပေါင်းပိုဒ်၂၇)

အရင်းအနှစ်၊ သားတော်စစ်လျှင် (ဘူရိဒတ်ဇာတ်ပေါင်း ပိုဒ် ၂၈)

နတ်များကူ၍၊ ထီးဖြူဆောင်းရပိုင်သတည်း။ (သံဝရပျို့ ပိုဒ် ၁၇၁)

ထီးဖြူဆောင်းပြီ၊ မိုးရှိရှိ (သံဝရပျို့ ပိုဒ် ၁၇၂)

ရှေ့အပိုဒ်၏အဆုံးပဒရှိ ဗျည်းတူသရတူ အသံသုံးသံကို နောက်အပိုဒ်၏ အစပဒတွင် ထပ်ကျော့ သုံးခြင်းဖြစ်ပါသည်။ ထိုပုံစံကို စတုဓမ္မသာရကိုးခန်းပျို့တွင်မတွေ့ရပေ။

သာဓက ပညာဆည်၍၊ အရှည်ငံ့ထွေလင့်တတ်စေ။ (ဂမ္ဘီသာရပျို့ ပိုဒ် ၃)

အရှည်လင့်လင့်၊ အသင့်မြော်မြော် (ဂမ္ဘီသာရပျို့ ပိုဒ် ၄)

ရှေ့အပိုဒ်၏အဆုံးပဒရှိ ဗျည်းတူသရတူလေးသံကို နောက်အပိုဒ်၏ အစပဒတွင် ထပ်ကျော့သုံးပုံမျိုးလည်း တွေ့နိုင်ပါသည်။ ထိုအသံပုံစံကို ဂမ္ဘီသာရပျို့တွင်မူတွေ့ရပေ။

သာဓက ကြီးကျယ်ရာသည်၊ အိုခါမစိုးမရိမ်တည်း။ (ကိုးခန်းပျို့ ပိုဒ် ၂၇)

မစိုးမရိမ်၊ ကြောင့်ကြဉ်မ်က (ကိုးခန်းပျို့ ပိုဒ် ၂၈)

ထိုသို့ရှေ့အပိုဒ်၏အဆုံးပဒရှိ ဗျည်းတူအသံတူကို နောက်အပိုဒ်၏ အစပဒတွင် ထပ်ကျော့သုံးပုံကို ဂမ္ဘီသာရပျို့၌(၁)ကြိမ်၊ သံဝရပျို့၌(၁၂)ကြိမ်၊ ဘူရိဒတ်လင်္ကာကြီး၌ အကြိမ်(၄၀)၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့၌ အကြိမ်(၂၀)၊ စတုဓမ္မသာရကိုးခန်းပျို့၌ (၁၁)ကြိမ်၊ စုစုပေါင်း (၈၄)ကြိမ် သုံးထားကြောင်း တွေ့ရှိရပါသည်။

ခြုံငုံသုံးသပ်ချက်

ဆရာတော်ရှင်မဟာရဋ္ဌသာရသည် အသက်ဆယ်နှစ်အရွယ် မောင်မောက် ဘဝကပင် ဒုတိယဘုရင် မင်းခေါင်၏သမီးတော်သုံးပါး နားထွင်းမင်္ဂလာပွဲတွင် ကဗျာသုံးပိုဒ်ကို ချက်ချင်းသီကုံး ဆက်သနိုင်သူဖြစ်ပါသည်။ ထိုသို့ လက်တန်း စပ်ဆိုခဲ့သော ကဗျာလက်ရာဖြစ်သည့် "အိုဘယ့်ဘယ်၊ အိုဘွဲ့သမီးတော်၊ နတ်သော် ပုံမယွင်း"၊ "အိုဘယ့်ဘယ်၊ အိုဘွဲ့သမီးတော်၊ ရွှေလှော်သွန်းပုံဆင်း"၊ "အိုဘယ့် ဘယ်၊ အိုဘွဲ့ သမီးတော်၊ စန္ဒေါလနှယ်ဝင်း"တွင်ပင် ထပ်ကျော့သုံးခြင်း သဘောကို အထင်အရှားတွေ့ရပါသည်။

ဂန္ဓိသာရပျို့၊ သံဝရပျို့၊ ဘူရိဒတ်လင်္ကာကြီး၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့တို့ တွင်လည်း ဆရာတော်၏ စကားသံဖွဲ့ဟန်တွင် ထပ်ကျော့ခြင်းသဘောကို ပိုမို ထင်ရှားစွာ မြင်တွေ့ခွင့်ရပါသည်။ ဘူရိဒတ်လင်္ကာကြီးနှင့် ဘူရိဒတ် ဇာတ်ပေါင်း ပျို့တို့တွင် သရုပ်ဖော်အဖွဲ့များဖြင့် ဇာတ်လမ်းကို ရုပ်လုံးကြွအောင် ထပ်ကျော့ စကားသံဖွဲ့ဟန်က အဓိကပံ့ပိုးပေးထားသည်။ သံဝရပျို့၏ ရည်ရွယ်ချက် ပေါ်လွင်မှုနှင့် အဓိပ္ပာယ်လေးနက်မှုတို့ကိုအသံဖြင့် ဖော်ဆောင်ရာ တွင်လည်း ထပ်ကျော့စကားသံဖွဲ့ဟန်ကပင် များစွာအထောက်အကူပြုနေသည်။ ဂန္ဓိသာရ ပျို့မှာ ဆုံးမစာဖြစ်ပြီး ပိုဒ်ရေနည်းသော်လည်း ထပ်ကျော့စကားသံ ဖွဲ့ဟန်သဘော ပေါ်လွင်နေပေသေးသည်။ ဆရာတော်၏ အကောင်းဆုံး ပျို့လက်ရာ ကိုးခန်း ပျို့မှာ ထပ်ကျော့စကားသံဖွဲ့ဟန် အထင်ရှားဆုံးဖြစ်သည်။ ထပ်ကျော့ခြင်းပုံစံ များကို စုံလင်စွာ တွေ့ရသည်။ ထို့ကြောင့် ထပ်ကျော့ခြင်း သဘောသည် ရှင်မဟာ ရဋ္ဌသာရ၏ ပျို့လက်ရာများတွင်တွေ့ရသော စကားသံဖွဲ့ဟန်တွင် ထင်ရှားသော အခန်းကဏ္ဍတစ်ရပ် ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

နိဂုံး

ဆရာတော်ရှင်မဟာရဋ္ဌသာရ၏ ပျို့လက်ရာများတွင် တွေ့ရသော စကားသံဖွဲ့ဟန်မှ ထပ်ကျော့ခြင်းသဘောကိုလေ့လာ၍ ပုံစံ (၇)မျိုးကို ဖော်ထုတ် တင်ပြခဲ့ပါသည်။ ထပ်ကျော့ခြင်းသဘောသည် အသံနှင့်အနက်အဓိပ္ပာယ်ကို ပံ့ပိုးပေးသည်သာမက ဖတ်ရသူအတွက်လည်း ချစ်စရာ၊ နှစ်သက်စရာ၊ မြတ်နိုး

စရာ၊ ကျေနပ်စရာ ပီတိသုခကို ဖြစ်စေသည်။ ပုလဲပန်း၏သဒ္ဒါလင်္ကာရကို ဖန်တီးခဲ့သူ ဆရာတော် ရှင်မဟာရဋ္ဌသာရ၏ ပျို့လင်္ကာများမှ စကားသံဖွဲ့ဟန်တွင် ထပ်ကျော့ခြင်းသဘောသည် ထူးခြားသောဝိသေသလက္ခဏာတစ်ရပ်အဖြစ် စံပြုသတ်မှတ်နိုင်သည်ဟု ဆိုရပါမည်။

ကျမ်းကိုးစာရင်း

မြန်မာဘာသာ

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချို့ချို့။

ရဋ္ဌသာရ၊ ရှင်မဟာ။ (၁၉၆၂)။ ***ဘူရိဒတ်ဇာတ်ပေါင်းပျို့***။ ရန်ကုန်၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့။

ရဋ္ဌသာရ၊ ရှင်မဟာ။ (၁၉၆၃)။ ***သံဝရပျို့***။ ရန်ကုန်၊ ဟံသာဝတီ။

ရဋ္ဌသာရရှင်မဟာ။ (၁၉၆၄)။ ***ဘူရိဒတ်လင်္ကာကြီး***။ ရန်ကုန်၊ ဟံသာဝတီ။

ရဋ္ဌသာရ၊ ရှင်မဟာ။ (၁၉၇၀)။ ***စတုဓမ္မသာရကိုးခန်းပျို့***။ ရန်ကုန်၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့။

အင်္ဂလိပ်ဘာသာ

Leech, C.N(1989). ***A Linguistics Guide to English Poetry***. London: Longmans.

ရှေးဟောင်းမြန်မာကျောက်စာများ (ပထမတွဲ) ရှိ အချိန်တိုက်ရိုက်အညွှန်းစကားများကို လက်တွေ့အတ္ထဗေဒရှုထောင့်မှ လေ့လာချက်

ခင်မျိုးအေး•

သုတေသနစာတမ်းအကျဉ်း

ဤစာတမ်းတွင် ပုဂံခေတ် ရှေးဟောင်းမြန်မာကျောက်စာများ (ပထမတွဲ) ရှိ ကျောက်စာများထဲမှ အချိန်တိုက်ရိုက်အညွှန်းစကားများကို လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ အချိန်တိုက်ရိုက်အညွှန်းစကားသည် ကျောက်စာထဲတွင် ပြောသူ၊ နာသူနှင့် အပြောခံတို့၏ စကားပြောလိုက်သည့်အချိန်ကို ညွှန်ပြနေသော စကားဖြစ်ပါသည်။ ယင်းစကားတို့ကို လေ့လာရာ၌ စာတမ်းရှင်၏ အလေ့လာခံ ရှေးဟောင်းမြန်မာကျောက်စာများ (ပထမတွဲ)ရှိ ကျောက်စာ (၂၂၅)ချပ် ထဲမှ ဤစာတမ်းအတွက် အသုံးပြုထားသော အချိန်တိုက်ရိုက်အညွှန်းစကားဖြစ်သည့် စကား (၁၄)လုံးတို့၏ အချိန်ညွှန်ပြပုံနှင့် အနက်အဓိပ္ပာယ်တို့ကို လေ့လာတင်ပြထားပါသည်။

သော့ချက်ဝေါဟာရများ– ရှေးဟောင်းမြန်မာကျောက်စာများ (ပထမတွဲ) လက်တွေ့အတ္ထဗေဒ၊ အချိန်တိုက်ရိုက်အညွှန်းစကား။

နိဒါန်း

လက်တွေ့အတ္ထဗေဒပညာရပ်ရှိ တိုက်ရိုက်အညွှန်းစကားတို့ကို ပုဂ္ဂိုလ်တိုက်ရိုက် အညွှန်းစကား၊ နေရာတိုက်ရိုက် အညွှန်းစကားနှင့် အချိန်တိုက်ရိုက် အညွှန်းစကားဟူ၍ ခွဲခြားသတ်မှတ်ခဲ့ကြသည်။ ယင်းတို့အနက် အချိန်တိုက်ရိုက် အညွှန်းစကားကို ဤစာတမ်းတွင် လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ အချိန်တိုက်ရိုက်အညွှန်းစကား ဆိုသည်မှာ ကျောက်စာထဲ၌ ပြောသူ (ကျောက်စာရေးထိုးသူ)က တိုက်ရိုက်ရည်ညွှန်းနေသောအချိန် (မှတ်တမ်းတင်ရေးထိုး

• တွဲဖက်ပါမောက္ခ၊ ဒေါက်တာ၊ မြန်မာဘာသာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်။

ထားသည့်အချိန်)ကို ဖော်ပြနေသည့် စကားများပင် ဖြစ်ပါသည်။ ထိုသို့ တင်ပြရာ၌ အချိန်တိုက်ရိုက်အညွှန်းစကားဖြစ်သော စကား(၁၄)လုံးတို့၏ အချိန်ညွှန်ပြပုံနှင့် အနက်အဓိပ္ပာယ်တို့ကို လေ့လာတင်ပြထားပါသည်။

သုတေသနအင်္ဂါရုပ်များ

ဤစာတမ်းကို ပြုစုရာတွင် သုတေသနအင်္ဂါရုပ်များ၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန်အတွက် အောက်ပါ သုတေသနဆိုင်ရာ အချက်အလက်များနှင့် အညီ ပြုစုထားပါသည်။ (၁) စာပေလေ့လာဆန်းစစ်မှု၊ (၂) သုတေသနမျှော်မှန်းရလဒ်နှင့် အသုံးဝင်ပုံ၊ (၃) လေ့လာမှုနယ်ပယ်၊ (၄) သုတေသနအစီအစဉ်တို့ ဖြစ်ပါသည်။

စာပေလေ့လာဆန်းစစ်မှု

အချိန်တိုက်ရိုက်အညွှန်းစကားများကို အလေ့လာခံကျောက်စာချပ်တို့တွင် ရှာဖွေလေ့လာမှုနှင့် ပတ်သက်၍ ရှေ့က လေ့လာခဲ့ကြသော အချက်အလက်များကို စာတမ်းအင်္ဂါရုပ်နှင့်အညီ အကျဉ်းမျှတင်ပြပါမည်။

အေးမိအောင်၏ ၂၀၁၂ ခုနှစ်တွင် ပါရဂူဘွဲ့အတွက် တင်သွင်းသည့် ‘မြန်မာဘာသာစကားရှိ အညွှန်းစကားများ’ ကျမ်း၌ နေ့စဉ်ပြောဆိုနေကြသော အပြောစကားအသုံး၊ စကားဖြစ်ရပ်များကို လေ့လာမှတ်သားပြီး လက်တွေ့ အတ္ထဗေဒသီအိုရီများကို အခြေခံ၍ ထုတ်ဖော်တင်ပြထားကြောင်း တွေ့ရှိရပါသည်။ တင်ပြရာတွင် ပုဂ္ဂိုလ်အညွှန်းအညွှန်းစကား၊ နေရာညွှန်းအညွှန်းစကား၊ အချိန်ညွှန်းအညွှန်းစကား၊ စကားစဉ်ညွှန်းအညွှန်းစကား၊ လူမှုညွှန်းအညွှန်းစကားဟူ၍ ခွဲခြားစိတ်ဖြာကာ စိစစ်တင်ပြထားပါသည်။ ထိုသို့စိစစ်တင်ပြရာတွင် အညွှန်းစကားစစ်စစ်နှင့် အညွှန်းစကားမဟုတ်သော အညွှန်းစကားများကိုလည်း ပိုင်းခြား၍ လေ့လာပြထားပါ သည်။

ဒေါ်သန်းဆွေ၏ ‘မြန်မာဘာသာစကား မြန်မာကျောက်စာ’ စာအုပ်သည် ဘာသာစကားနှင့် ရှေးမြန်မာစာကို လေ့လာလိုသူများအတွက် မူရင်းစာကိုယ် အတိုင်း အရှိကို အရှိအတိုင်း သဘောပေါက်အောင် ရေးသားထားပါသည်။

ဦးဖိုးလတ်၏ ‘မြန်မာစကားအဖွင့်ကျမ်း’ (ပထမတွဲ)၊ (ဒုတိယတွဲ) (ဖြည့်စွက်တွဲ) စာအုပ်တို့၌ ဝေါဟာရများ၏ အနက်တို့ကို အကရာစဉ်အတိုင်း ဖွင့်ဆိုထားပါသည်။ ‘မြန်မာလအမည်’ စာအုပ်၌လည်း မြန်မာလတို့၏ အခေါ်အဝေါ်များမှာ အကြောင်းအရာကို စွဲ၍ ဖြစ်ပေါ်လာပုံ၊ ပြောင်းလဲလာပုံ၊ အနက်အဓိပ္ပါယ်ရှိပုံတို့ကို မူရင်းကျောက်စာပါစာလုံးများဖြင့် စုံလင်စွာ ဝေဖန်စိစစ် ပြထားပါသည်။ ‘မြန်မာနေ့အမည်များနှင့် မြန်မာနှစ်အမည်များ’ စာအုပ်၌လည်း မြန်မာနေ့အမည်များအကြောင်းနှင့် စပ်လျဉ်း၍ လှေသင်း အတွင်းဝန်မင်း၏ အယူအဆများနှင့် စာရေးသူ၏ ကောက်ယူဆုံးဖြတ်ချက်များကို တင်ပြ ထားပါသည်။ ‘ရှေးဟောင်းမြန်မာရာဇဝင်နှင့် ယဉ်ကျေးမှုသုတေသန’ စာအုပ်၌ လည်း ၁၉၅၉ခုနှစ်၊ ပုဂံရက်သတပတ်ပွဲတွင် ဦးဖိုးလတ်၏ ဟောပြောချက်များနှင့် ယဉ်ကျေးမှုစာစောင်၌ ရေးသားထားချက်များ ပါဝင်ပါသည်။

ဦးအုန်းကြိုင်၏ ‘မြန်မာ့ပက္ခဒိန်သုတေသနကျမ်း’ စာအုပ်သည် အနောက် တိုင်း ခေတ်မီနကတ်ပညာနှင့် အလွန်နီးစပ်သော သူရိယသိဒ္ဓန္တကျမ်းရင်း၏ မူလ အခြေခံကိန်းများကို အခြေခံပြု၍ ရေးသားထားသော ကျမ်းဖြစ်ပါသည်။

အထက်ပါပညာရှင်တို့၏ စာအုပ်များ၊ ကျမ်းများတွင် လက်တွေ့ အတ္ထဗေဒပညာရပ်နှင့် ရှေးဟောင်း မြန်မာကျောက်စာများအကြောင်း ရေးသား ထားမှုတို့ကို နည်းယူကာ ဤစာတမ်းတွင် ရှေးဟောင်းမြန်မာ ကျောက်စာများ (ပထမတွဲ)ကို အလေ့လာခံထားကာ လက်တွေ့အတ္ထဗေဒပညာရပ်ဖြင့် လေ့လာခြင်းသည် အသစ်တွေ့ရှိ မှုပင်ဖြစ်သည်။

သုတေသနမျှော်မှန်းရလဒ်နှင့် အသုံးဝင်ပုံ

စာတမ်းရှင်သည် ၂၀၂၀ ပြည့်နှစ်တွင် ပါရဂူဘွဲ့အတွက် တင်သွင်းသည့် ‘ရှေးဟောင်းမြန်မာကျောက်စာများ (ပထမတွဲ) မှ အညွှန်းနှင့် အညွှန်းခံများကို အတ္ထဗေဒအမြင်ဖြင့် လေ့လာချက်’ ကျမ်းကို တင်သွင်းခဲ့ပါသည်။ ဤကျောက်စာ

ချပ်များကို လေ့လာရင်း အတ္ထဗေဒအမြင်ဖြင့်သာမက လက်တွေ့အတ္ထဗေဒ အမြင်ဖြင့်ပါ လေ့လာနိုင်ကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် ပုဂံခေတ် ကျောက်စာချပ်တို့တွင် အချိန်တိုက်ရိုက်အညွှန်းစကားများကို မျက်မှောက်ခေတ်၌ ဆက်လက်အသုံးတွင်မှုရှိပုံ၊ လက်တွေ့အတ္ထဗေဒရှုထောင့်မှ အချိန်တိုက်ရိုက် အညွှန်းစကားများကို လေ့လာနိုင်ပုံတို့ကို သိရှိမှတ်သားနိုင်စေရန်နှင့် ဘာသာ စကားဆိုင်ရာ အရေးအသားတို့ကို မျက်မှောက်ခေတ်နှင့် နှိုင်းယှဉ်လေ့လာ နိုင်စေရန်အတွက်လည်း များစွာ အကျိုးရှိ အသုံးဝင်နိုင်ပါသည်။

လေ့လာမှုနယ်ပယ်

ရှေးဟောင်းမြန်မာကျောက်စာများ (ပထမတွဲ) တွင် ကျောက်စာစုစုပေါင်း (၂၂၅)ချပ် ရှိပါသည်။ ယင်းကျောက်စာချပ်များမှ အချိန်တိုက်ရိုက်အညွှန်း စကားများကို လက်တွေ့အတ္ထဗေဒအမြင်ဖြင့် လေ့လာထားပါသည်။ ထိုသို့ လေ့လာခြင်းဖြင့် မြန်မာစာပေပေါ်ပေါက်ခါစ ပုဂံခေတ်တွင် ပုဂံသူ၊ ပုဂံသားတို့၏ မြန်မာစာပေတီထွင်မှုကို လူအများသိရှိပြီး စိတ်ဝင်စားလာမည်ဖြစ်ပါသည်။

သုတေသနအစီအစဉ်

ရှေးဟောင်းမြန်မာကျောက်စာများ (ပထမတွဲ) ရှိ အချိန်တိုက်ရိုက် အညွှန်း စကားများကို လက်တွေ့ အတ္ထဗေဒရှုထောင့်မှ လေ့လာတင်ပြရာတွင်

- လက်တွေ့အတ္ထဗေဒ၏ သဘောသဘာဝ
- တိုက်ရိုက်အညွှန်းစကား
- အချိန်တိုက်ရိုက်အညွှန်းစကား
- လေ့လာတွေ့ရှိချက်
- ခြုံငုံသုံးသပ်ချက်

ဟူ၍ ခွဲခြားတင်ပြသွားမည်ဖြစ်ပါသည်။

လက်တွေ့အတ္ထဗေဒ၏ သဘောသဘာဝ

လက်တွေ့အတ္ထဗေဒ (Pragmatics) နှင့် ပတ်သက်၍ ဆရာကြီး မောင်ခင်မင် (ခနုဖြူ) က- ‘‘ပြောသူနှာသူတို့၏ အနက်ချင်းတုံ့လှယ်မှု၊ ပြောသော စကား၏ ရုပ်ဝတ္ထုဆိုင်ရာ လူမှုဆိုင်ရာ ဘာသာစကားဆိုင်ရာ အဆက်အစပ်တို့ ပါဝင်နေမှုနှင့် စကားထဲမှာ ကွယ်ဝှက်ကိန်းအောင်နေသည့် အနက်စွမ်းအားတို့ အားလုံးပါဝင်ပတ်သက်ကာ ရှင်သန်လှုပ်ရှားနေသောဖြစ်စဉ်တစ်ခုပင် ဖြစ်သည်။’’ (ခင်မင်၊ မောင် (ခနုဖြူ) ၊ ၂၀၁၀၊ စာ-၃၀-၃၁) ဟူ၍ ဖွင့်ဆိုထားရာ ပြောသူ နှာသူ ၏ အပြန်အလှန်တုံ့လှယ်မှုအနက်ဖြစ်သည်။ ထို့ပြင် ဆရာကြီးဒေါက်တာ ကိုလေး ကလည်း “ပြောသူသည် မည်သည်ကို ဆိုလိုချင်သနည်းဆိုသည်ကို လေ့လာခြင်းသည် လက်တွေ့ အတ္ထဗေဒဖြစ်သည်” (ကိုလေး၊ ဒေါက်တာ၊ ၂၀၁၈၊ စာ-၂၃၀-၂၃၁) ဟူ၍ ဖွင့်ဆိုထားရာ ပြောသူအနက်ကို လေ့လာခြင်းပင် ဖြစ်ပါသည်။

တိုက်ရိုက်အညွှန်းစကား

လက်တွေ့အတ္ထဗေဒ ပညာရပ်ရှိ တိုက်ရိုက်အညွှန်းစကား (Deixis) နှင့် ပတ်သက်၍- ‘‘အညွှန်းဖော်ပြချက် တစ်ခု သို့မဟုတ် တိုက်ရိုက်အညွှန်း စကားဆိုသည်မှာ ပြောသူတစ်ယောက် စကားပြောနေစဉ်တွင် သက်ဆိုင်သည့် အချိန်၊ နေရာ၊ အခြေအနေတို့ကို ညွှန်ပြပေးသည့် ‘သည်အရာ’၊ ‘ထိုအရာ’၊ ‘သည်အရာများ’၊ ‘ထိုအရာ များ’၊ ‘ယခု’၊ ‘ထိုအချိန်က’စသည့် စကားလုံး တစ်လုံး သို့မဟုတ် စကားစုတစ်စုဖြစ်သည်။’’ (Definition and Example-Grammar & Composition/ Retrieved Nov 1st,2015.) ဟူ၍ ဖော်ပြထားပါသည်။ ဤသို့ ဖော်ပြထားချက်အရ ‘တိုက်ရိုက်အညွှန်းစကားဆိုသည်မှာ ပြောသူ တစ်ယောက် ပြောနေသော စကားတစ်လုံး သို့မဟုတ် စကားစုတစ်စု ဖြစ်သည်’ ဟုဆိုချင် ပါသည်။ ယင်းတိုက်ရိုက်အညွှန်းစကားတို့ကို အစဉ်အလာအရ ပုဂ္ဂိုလ်တိုက်ရိုက် အညွှန်းစကား၊ နေရာတိုက်ရိုက်အညွှန်းစကားနှင့် အချိန် တိုက်ရိုက်အညွှန်းစကား ဟူ၍ ခွဲခြားသတ်မှတ်ခဲ့ကြသည်။ ၎င်းတို့အထဲမှ အချိန်တိုက်ရိုက်အညွှန်း စကားများတွင် ‘now’ ‘then’ ‘yesterday’ ‘today’ ‘tomorrow’ စသည့်

အင်္ဂလိပ်ဘာသာရှိ စကားများနှင့် ‘အခု’ ‘နောက်’ ‘မနေ့က’ ‘ဒီနေ့’ ‘မနက်ဖြန်’ ‘ရှေ့လ’ ‘နောက်လ’စသည့် မြန်မာဘာသာရှိ စကားများပါဝင် ပါသည်။

အချိန်တိုက်ရိုက်အညွှန်းစကား

အချိန်တိုက်ရိုက်အညွှန်းစကားနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်များမှာ – ‘‘အချိန်တစ်ချိန်ကို ညွှန်ပြသည့် မည်သည့်ဖော်ပြချက်ကိုမဆို အချိန်တိုက်ရိုက်အညွှန်းစကား ဟုခေါ်သည်။ တစ်နည်းအားဖြင့် အချိန်တိုက်ရိုက်အညွှန်းစကားသည် ‘ယနေ့ည’၊ ‘လွန်ခဲ့သော အပတ်က’၊ ‘မနေ့က’၊ ‘မတိုင်မီ’၊ ‘ပြီးနောက်’ ကဲ့သို့သော ပြောဆိုမှုတစ်ခုတွင် ပါဝင်နေသည့် အချိန် အမျိုးမျိုးတို့နှင့် သက်ဆိုင်သည်။ အချိန်တိုက်ရိုက် အညွှန်းစကားထဲတွင် ‘ယခု’၊ ‘ထိုအချိန်က’၊ ‘မကြာမီ’ စသည့် အချိန်ပြကြိယာဝိသေသနများနှင့် အချိန်ကာလအမျိုးမျိုးတို့ ပါဝင်သည်။’’ (https://www. slideshare.net> ijazzirehmani) ဟူ၍ အဓိပ္ပာယ်ရပါသည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုမှုအရ – ‘အချိန်တိုက်ရိုက်အညွှန်းစကား ဆိုသည်မှာ အချိန်တစ်ချိန်ကို ညွှန်ပြသည့် အချိန်တိုက်ရိုက်အညွှန်းစကားများ ဖြစ်သည်’ ဟု ယူဆနိုင်ပါသည်။ အခြား ယူဆချက်တစ်ခုတွင် မောင်ခင်မင် (ဓနုဖြူ)က – ‘‘အင်္ဂလိပ်ဘာသာစကားကဲ့သို့ သဒ္ဒါစနစ်အရ ကာလပြစကားများ ခွဲခြားသည့် ဘာသာစကားများ ရှိသည့်နည်းတူ မြန်မာစကားကဲ့သို့ သဒ္ဒါအရ ကာလပြစကားများကို သတ်သတ်မှတ်မှတ်မသုံးဘဲ အချိန်တိုက်ရိုက်အညွှန်းစကားများဖြင့် အချိန်ကာလကိုပြသည့် ဘာသာစကားများလည်း ရှိပါသည်။ ‘မနေ့က သူပုဂံမှာ ရှိတယ်၊ ဒီနေ့ သူ ရန်ကုန်မှာ ရှိမယ်၊ မနက်ဖြန် သူ မော်လမြိုင်ကို ရောက်ပြီ’ ဆိုသော အသုံးများတွင် အချိန်ကာလကို အချိန်တိုက်ရိုက် အညွှန်းစကားများက ဖော်ပြကြောင်း သိနိုင်ပါသည်။’’(ခင်မင်၊ မောင် (ဓနုဖြူ) ၂၀၁၀၊ စာ–၄၁) ဟူ၍ ယူဆပြထားပါသည်။ ဤယူဆချက်အရ – ‘အချိန်တိုက်ရိုက် အညွှန်းစကားဆိုသည်မှာ အချိန်ကာလကို တိုက်ရိုက်ရည်ညွှန်းသည့် စကားများဖြစ်သည်’ ဟု သတ်မှတ်နိုင်ပါသည်။ ဆက်လက်လေ့လာကြည့်ပါ လျှင် မောင်ခင်မင် (ဓနုဖြူ) က – ‘‘အချိန်ကို တိုက်ရိုက်ရည်ညွှန်းရာတွင် ‘အခု/ခု’ ‘နောက်’၊ ‘တနေ့က’ ‘မနေ့က’ ‘သဘက်ခါ’ ‘ဖိန်းန္တေခါ’ စသည့်စကားများကို သုံးပါသည်။ အင်္ဂလိပ်ဘာသာတွင် ‘now’ ‘then’ ‘yesterday’ ‘today’

'tomorrow' 'last week' 'next week' စသည့်စကားများကို သုံးပါသည်။ အချိန်ကို ရည်ညွှန်းရာတွင် ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ စနေနေ့ စသည့်ကဲ့သို့ ပြက္ခဒိန်တွင် ဖော်ပြသည့် ခုနှစ် လ ရက် နေ့ အညွှန်းစကား များလည်းရှိပါသည်။ သို့သော် ထိုစကားများသည် တိုက်ရိုက်ညွှန်းသော စကားများ မဟုတ်ပါ။ နေ့စဉ် ပြောဆိုသုံးနှုန်းရာတွင် တိုက်ရိုက်အညွှန်းစကား များကို တွင်တွင် ကျယ်ကျယ် သုံးနှုန်းပါသည်။'' (ခင်မင်၊ မောင် (ခနုဖြူ)၊ ၂၀၁၆၊စာ-၁၄၆) ဟူ၍ ဖော်ပြထားပါသည်။ ဤဖော်ပြချက်အရ - 'အချိန်ကို တိုက်ရိုက် ရည်ညွှန်းသော အချိန်တိုက်ရိုက် အညွှန်းစကား (Temporal or Time Deixis) များရှိသကဲ့သို့ ပြက္ခဒိန်တွင် ဖော်ပြသည့် ခုနှစ် လ ရက် နေ့တို့ကို ရည်ညွှန်းသော အချိန်အညွှန်းစကား (Time Reference) များလည်း ရှိပါသည်' ဟု ယူဆနိုင် ပါသည်။

အထက်ပါဖွင့်ဆို သတ်မှတ်ချက်များအရ ပုဂံခေတ် ရှေးဟောင်းမြန်မာ ကျောက်စာများ (ပထမတွဲ) ရှိ ကျောက်စာများတွင် ပါဝင်သော အချိန်တိုက်ရိုက် အညွှန်းစကားများကို ဤစာတမ်းတွင် လေ့လာထားပါသည်။ သို့ဖြစ်၍ အချိန် တိုက်ရိုက်အညွှန်းစကားများဟူသည် ကျောက်စာထဲတွင် အလှူရှင်က တိုက်ရိုက် ရည်ညွှန်းသည့် အချိန်ကို ဆိုလိုခြင်းပင် ဖြစ်သည်။

လေ့လာတွေ့ရှိချက်

ရှေးဟောင်းမြန်မာကျောက်စာများ (ပထမတွဲ) တွင် ပါဝင်သော အချိန် တိုက်ရိုက် အညွှန်းစကားများကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

သာဓက (၁) -

''ဤကာ သိမ်လွတ်နိယ် တြျာကြိနာသော လှူသတေ။'' (တိုင်းရင်း-စ-၃၇၀[၁၅])

အထက်ပါသာဓကတွင် အလှူရှင်သည် သိမ်လှူသောနေ့၌ တရားကြီး နာတော် မူကြောင်း ရေးထိုးထားသည့် ကျောက်စာဖြစ်သည်။ ဤကျောက်စာတွင် 'ဤ'

စကားသည် ယင်း၏ နောက်၌ ရှိသော နာမ်ဖြစ်သည့် သိမ်လျှူသောနေ့ (အညွှန်းခံ*) အချိန်ကို ညွှန်ပြနေသော အချိန်တိုက်ရိုက်အညွှန်းစကားဖြစ်ပါသည်။

သာဓက (၂) –

> ‘‘ကုဆုန် ဝါဆိုဝ် ဝါခေါင်၊ ဝါကျွတ် ဤယ်လေလ . . .’’(ဖုန်းမြတ်သားပြည့်စုံကျောက်စာ၊ တမျက်နှာ၊ က–၁၆–၁၇)

အထက်ပါသာဓကတွင် ‘ဤယ် (ဤ)’ စကားသည် ယင်း၏ ကပ်လျက် ရှေ့၌ ရှိသော နာမ်များဖြစ်သည့် ကဆုန်လ၊ ဝါဆိုလ၊ ဝါခေါင်လ၊ ဝါကျွတ်လ (သီတင်းကျွတ်လ) (အညွှန်းခံ) အချိန်တို့ကို ညွှန်ပြနေသော အချိန် တိုက်ရိုက် အညွှန်းစကားဖြစ်ပါသည်။ ယင်းအညွှန်းစကားသည် နောက်၌ရှိသော ‘လေလ (လေးလ)’ ဟူသော နာမ်စကားလုံးနှင့် တွဲဆက်နေသည့် စကားဖြစ်ပါသည်။

သာဓက (၃) –

> ‘‘(သကရစ်)၅၉၀မာဃသံဝစ္ဆိရ်နှစ်တေ၊ လကာ တာပိုဝ်ထွယ် လဆုတ် (၅)ရွက် သုက်ကြာနိယ် အာ အိုဝ်ဖွည် အမိ အိုဝ်တိုဝ် မောင် ငါသိုဝ် ဤ(ယ်)=နှစ် လွတ်သော အိုဝ်ဖွည် အမိ ရွာ လွတ်သောတေ၊ သိသကာ အရင် မြိယ် မည်ငယ်ရွာ တစ်ခြင်၊ ထန်၅ပင်၊ ပုရွာပါတေ။ ထိုဝ်နှစ်လွတ်သော မြင်ပါသာကာ ငဖွစ်သင် ၁ (ငရ)သင် ၁ ငါပကြိသင် ၁ လုကာ ပင်လယ် အ . (ငနှလုံ)သင် ၁ . . .’’ (အိုဖွည်အမိနှင့် မောင်ကျောက်စာ၊ တမျက်နှာ၊ က–၁–၁၀)

အထက်ပါသာဓကတွင် သက္ကရာဇ်၅၉၀ခု၊ မာဃသံဝစ္ဆိရ်နှစ်၊ တပို့တွဲ လဆုတ် (၅) ရက် သောကြာနေ့၌ အိုဖြည်အမိအိုတို မောင် ငါသိုတို့က အိုဖြည်အမိ၏ ယာကို လှူဒါန်းသတည်း။ သိသောကာ အရင်တည်းကရှိခဲ့သော မြေ မည်ငယ် (အရပ်) က ယာ တစ်ခြင်၊ ထန်း၅ပင်၊ ဘုရားထံ လှူပါသတည်း။ ထိုနှစ် လှူဒါန်းသည်ကို မြင်ပါသောသူတို့ကာ ငဖြစ်သင် ၁ (ငရ)သင် ၁ ငါပကြိသင် ၁ လုကာ ပင်လယ် အ . (ငနှလုံ)သင် ၁ . . .တို့ မြင်ပါကြောင်း ရေးထိုး

* အညွှန်းခံ၏ သဘောမှာ သင်္ကေတ (စကားသံ) က ညွှန်းဆိုသည့် တစုံတခုကို ဆိုလိုသည်။ (တက္ကသိုလ်ပညာပဒေသာ၊ အတွဲ ၁၄ အပိုင်း ၃။ ၁၉၈၀ မေ၊ စာ –၄၈။)

ထားသော ကျောက်စာဖြစ်ပါသည်။ ဤကျောက်စာတွင် 'ဤ(ယ်)၊ ထိုဝ်(ထို)'စကားတို့ သည် ယင်းတို့၏ ရှေ့၌ ရှိသည့် နာမ်ဖြစ်သော '(သကရစ်)၅၉၀မာဃသံ ဝေဆ္ဆိရ်နှစ်၊ တပို့တွဲ လဆုတ် (၅) ရက်၊ သောကြာနေ့' (အညွှန်းခံ) အချိန်ကို ညွှန်ပြနေသော အချိန်တိုက်ရိုက်အညွှန်းစကား ဖြစ်ပါသည်။ ယင်းအညွှန်းစကားတို့သည် 'နှစ်' ဟူသော နာမ်စကားနှင့် တွဲဆက်နေသည့် စကားဖြစ်ပါသည်။ ထို့ပြင် ပုဂံခေတ်၌ ရေးထိုးထားသော ယင်းကျောက်စာ တစ်ချပ်တည်းမှာပင် အညွှန်းခံဖြစ်သည့် အချိန်တစ်ခုတည်းကိုပင် ကျောက်စာ ရေးထိုးသူက 'ဤ(ယ်)' အညွှန်းစကားနှင့် 'ထိုဝ်' အညွှန်းစကားတို့ကို ပြောင်းလဲ ညွှန်ပြရေးထိုးထားပါသည်။

သာဓက (၄) –

> ''သကရစ် ၅၈၃ ခု။ အာသတ်နှစ်။ တပေါင်လပ္လည် ကြာသပတိယ်နိယ်။ ကူပုရာလွှတ်၏။ **ထိုဝ်** နိယ်လျှင် အမ္ဆိုဝ်လျှင်က ငါဩင်ကာကိုဝ် ပုရာသွိင် မတရာသင်လျှသတေ'' (မတရာသင်တို့ ကျောက်စာ၊ တမျက်နှာ၊ က–၁–၃)

အထက်ပါ သာဓကတို့တွင် သက္ကရာဇ် ၅၈၃ ခု၊ အာသတ်နှစ်၊ တပေါင်း လပြည့် ကြာသပတေးနေ့၌ အလှူရှင် မတရာသင်တို့က ဂူဘုရားလှူ၏ (ဆောက်လုပ် လှူဒါန်း၏)။ ထိုနေ့တွင် အလှူရှင်၏ ဆွေမျိုးဖြစ်သော ငါဩင်ကာကို ဘုရားသခင်ထံ အလှူရှင်က လှူဒါန်းကြောင်း ရေးထိုးထားသည့် ကျောက်စာဖြစ်သည်။ ဤ ကျောက်စာတွင် 'ထိုဝ် (ထို့)'စကားသည် ယင်း၏ ရှေ့၌ ရှိသော နာမ်ဖြစ်သော 'သကရစ် ၅၈၃ ခု။ အာသတ်နှစ်။ တပေါင်းလပြည့်၊ ကြာသပတေးနေ့' (အညွှန်းခံ) အချိန်ကို ညွှန်ပြနေသော အချိန်တိုက်ရိုက် အညွှန်း စကားဖြစ်ပါသည်။ ယင်းအညွှန်းစကားသည် 'နိယ် (နေ့)'ဟူသော နာမ်စကားလုံး နှင့် တွဲဆက်နေသည့် စကားဖြစ်ပါသည်။ ဤနေရာတွင် ခုနှစ်သက္ကရာဇ်၊ နှစ်အမည်၊ လအမည် တို့ကို တိတိကျကျ ရေးထိုးထားသော်လည်း အညွှန်းစကား 'ထိုဝ်'မှာမူ နေ့ကိုသာ အထူးအလေးပေးညွှန်ပြနေသကဲ့သို့ ဖြစ်နေပါ သည်။

သာဓက (၅) –

> ‘‘။ဂ။သကရစ်၅၉ဂကိုန်နှစ် သန္တိုလဆုတ်ဈဏ်က် တန်နှင်လာ နိယ်အာ မောင်ငဖုက် မျောက္ကာ (ပိစခီ။) ပ္လေါင်္ဂမြိယ် အက္လကြောင် နှမယဥကိုဝ် ရောင်ဇအ်။ **ထိုဝ်**ရုဝ်အာ သိပါမြင်ပါသကာ။ ငထောင်သင် ၁။ ငငယ်သင် ၁။ အိုအ်ပခင်ညိုဝ် ၁။ သင်ကြီမာ ၁ ရာစသိနေ ၁ ပုတသိန် ၁ ငကောင်သင် ၁ ညင်သာ ၁ ဉ္ဂါသူ ၈ ယောက်ကာ သိပါမြင်ပသတေ။’’ (ယဥလင်မယားကျောက် စာ၊ ၂မျက်နှာ၊ မျက်နှာ၊ က–၁–ဖ။)

အထက်ပါ သာဓကတို့တွင် သက္ကရာဇ် ၅၉၀ နှစ် သီတင်းကျွတ်လဆုတ် ၈ ရက် တနလ်ာနေ့၌ မောင်ငဖုက်မျောက် က (စာချီ) ပြောင်းမြေ (တန်းဖိုး) အကျကြောင့် နှမယဥကို ရောင်းဏ်။ ထိုသောအခါ သိပါမြင်ပါသောသူကာ ငထောင်သင် တစ်ယောက်၊ ငငယ်သင်တစ်ယောက်၊ အိုပခင်ညိုတစ်ယောက်၊ သင်ကြီမာ တစ်ယောက်၊ ရာစသိနေတစ်ယောက်၊ ပုတသိန်တစ်ယောက်၊ ငကောင်သင် တစ်ယောက်၊ ညင်သာတစ်ယောက်၊ ဉ္ဂါသူ ၈ ယောက်ကာ သိပါမြင်ပါကြောင်း ရေးထိုးထားသော ကျောက်စာဖြစ်ပါသည်။ ဉ္ဂါကျောက်စာတွင် ‘ထိုဝ်’စကား သည် ယင်းဏ် ရှေ့၌ ရှိသော နာမ်ဖြစ်သော ‘သကရစ် ၅၉၀ ခု။ သန္တိုလဆုတ် ၈ ရက်၊ တနလ်ာနေ့’ (အညွှန်းခံ) အချိန်ကို ညွှန်ပြနေသော အချိန်တိုက်ရိုက် အညွှန်းစကားဖြစ်ပါသည်။ ယင်းအညွှန်းစကားသည် ‘ရှုဝ်’ (အခါ) ဟူသော နာမ် စကားလုံးနှင့် တွဲဆက်နေသည့် စကားဖြစ်ပါသည်။

သာဓက (၆) –

> ‘‘အမတ်ရျာပိုဝ်ပါနှင် (အကွ) သော၊ စစ်သူကြိလက်ဝဲလက်ျာသည် တရုက်စစ်ကိုဝ် ထိုဝ်အံသောဉ်၊ လာလတ်တည်၊ **ထိုဝ်**သောအခါလျှင်၊ တောင်ပ္လုန် (ဟု) သော အရုပ်နှိုက် အထဝ်နှစ်လုံမ်တေည် တဝ် မုဏ်၊’’ (လှည်းထောင်ဘုရားကျောက်စာ၊ ၂မျက်နှာ၊ မျက်နှာ၊ က–၂–၇)

အထက်ပါသာဓကတို့တွင် အမတ်တရာဗိုလ်ပါနှင့်တကွ စစ်သူကြီးလက်ဝဲလက်ျာသည် တရုတ်စစ်ကို ထိုးမည်ဟု လာလေသောအခါ တောင်ပြုန်ဟူသော အရုပ်၌ ပုထိုးနှစ်လုံး တည်တော်မူကြောင်း ရေးထိုးထားသော ကျောက်စာဖြစ်

ပါသည်။ ဤကျောက်စာတွင် ‘ထိုဝ်’ စကားသည် ယင်း၏ရှေ့၌ ရှိသော စစ်သူကြီး ပုထိုးနှစ်လုံး တည်တော်မူသည့် အကြောင်း (အညွှန်းခံ) အချိန်ကို ညွှန်ပြနေသော အချိန်တိုက်ရိုက်အညွှန်းစကား ဖြစ်ပါသည်။ ယင်းအညွှန်းစကားသည် နောက်၌ ရှိသည့် ‘အခါ’ ဟူသော နာမ်စကားလုံးနှင့် တွဲဆက်နေသည့် စကားဖြစ်ပါသည်။

သာဓက (၇) –

> ‘‘သကရစ် ၅၈၈ ခု ပုဿနှစ်၊ ဥတင်္ဂတ် လပြည့် ပုတ္တဟောနိအာ သိန်ပုရာရောက် ငါကြိဝ၊ သာငါလုင်ဝ၊ ငါလုင်ဒီ ငါဥိပါဝ၊ ယောက်ဖငါကုဝ်ရာမည်သောဝ၊ သမက် ငါဥိသိန်ဝ၊ ဤသူမိဝ် လေပါသတေ။ သက်သိတေ။ ဤကာ **<u>ယခင်</u>**အာ မိန်ခဟုရုယ် ဥတ္တာ . ဝ်ကုဝ် ဥတ္တာဆပ်သော သန်လိုင် ဆာဘုံလုင်ခင်တုံလျှင် ဥတ္တာ . ပုရာရောက် ငါကြိကုဝ် ဆပ်သကာ။’’ (ငါကြိကျောက်စာ၊ တမျက်နှာ၊ က–၁–၆)

အထက်ပါ သာဓကတွင် သက္ကရစ် ၅၈၈ ခု ပုဿနှစ်၊ သီတင်းကျွတ်လပြည့် ဗုဒ္ဓဟူးနေ့မှာ သိမ်ဘုရားသို့ ရောက်လာသူ ၆ ယောက်ကို သက်သေထားကာ သန်လိုင်၊ ဆာဘုံလုင်၊ ခင်တုံတို့က မိမိတို့ကြွေးယူထားသော ဥစ္စာများကို ဘုရားသို့ရောက်လာသူ ငါကြိကို ပေးဆပ်ခဲ့သည်မှာ အမှန်ဖြစ်ကြောင်း ရေးထိုး ထားသော ကျောက်စာဖြစ်ပါသည်။ ဤကျောက်စာတွင် ‘ယခင်’ စကားသည် ‘နှ – လွန်ခဲ့သော ကာလ’ (မြန်မာစာအဖွဲ့၊ ၂၀၂၂၊ စာ–၂၇၇) (အညွှန်းခံ) အချိန်ကို ညွှန်ပြနေသော အချိန်တိုက်ရိုက်အညွှန်းစကားဖြစ်ပါသည်။ ယင်းစကားသည် ပုဂံခေတ်ရော မျက်မှောက်ခေတ်ပါ အသုံးရော စာလုံးပေါင်းသတ်ပုံပါ တူညီသော အတိတ်ကာလပြစကားဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

သာဓက (၈) –

> ‘‘အိုဝ်ပွင်သေ သာအမိ၂ အိုဝ်မေယ်တောင် သာအမိ၂၊ အိုဝ် (ပ) နှ သာအမိ(၂)၊ အိုဝ်ငယ် အမိသာ၄၊ အိုဝ်ပွည်အမိသာ ၄၊ ပေါင်ကျိယ် အမိသာ ၁၄ယောက် ဆပ်သငါဥတ္တာတိုဝ် ပြိသော ဟုတ္တာ၊ ငါကြိ ဟူ၏၊ **<u>ယန္နိယ်</u>**က စတေ အမန်အဟူ ဟိတုံမူကာ ဤယ်လုံလျှင်

ဆိုဝ်တိုင် ငါ့ဥစ္စာဟူသော မိန်သ တေ၊'' (ငါကြိုကျောက်စာ၊ တမျက်နှာ၊ က-၇-၁၁)

အထက်ပါ သာဓကတွင် အိုပွင့်သေ သားအမိနှစ်ယောက်၊ အိုမေယ်တောင် သားအမိနှစ်ယောက်၊ အို (ပ) နှ် သားအမိနှစ်ယောက်၊ အိုငယ်အမိ သားလေးယောက်၊ အိုပြည့်အမိသားလေးယောက်၊ ဤသားအမိ စုစုပေါင်း ၁၄ယောက်က ငါ့ဥစ္စာတို့ကို အကုန်ကျေအောင် ပေးဆပ်ပြီးစီး ခဲ့သည်မှာ အမှန်ဖြစ်၏။ ဤအကြောင်းကို ယနေ့မှစ၍ တဖန်ပြောဆိုမှုများ ရှိခဲ့ပါက ဤလုံပစ်လွှတ်လိုက်၍ ကျသည့်နေရာတိုင်း ငါ့ဥစ္စာဖြစ်ပါစေဟု ဥစ္စာရှင် ငါကြိုက ပြောဆိုကြောင်း ရေးထိုးထားသော ကျောက်စာဖြစ်ပါသည်။ ဤ ကျောက်စာတွင် 'ယနိယ် (ယနေ့)'စကားသည် 'နှ - ကျရောက်ဆဲရက်။ ကနေ့' (မြန်မာစာအဖွဲ့၊ ၂၀၂၂၊ စာ-၂၇၇) (အညွှန်းခံ) ကို ညွှန်ပြနေသော အချိန်တိုက်ရိုက်အညွှန်းစကားဖြစ်ပါသည်။ ယင်းစကားသည် ပုဂံခေတ်ရော မျက်မှောက်ခေတ်ပါ အသုံးတူသော်လည်း သတ်ပုံမတူညီသော ပစ္စုပ္ပန်ကာလပြ စကားဖြစ်ကြောင်း လေ့လာတွေ့ရှိရပါ သည်။

သာဓက (၉) -

''သကရစ် ၅၈၂ ခု အာသတ္တ သံဝစ္ဆိုရ်နှစ် သန္တာလဆန် ၃ ဏ္ဍက် တန်ုင်လာနိယ်။ ခင်မိပယ်ပိုဝ်သီ ပုရာသိခင်အာ လှုသော၊ ငါဖုန်ဆုံ ၁ ယောက် အိုဝ်ဏ္ဍာ ၁ ယောက်၊ သာမီ အိုဝ်ပ္လည်ဒီ ၁ ယောက် ဒီမ အိုဝ်ထိ ၁ ယောက် အိုဝ်မ္လောက် ၁ ယောက်။ အပေါင် ၅ ယောက် ဟိဇအ်။ ဤမ္ဗသော ကျွန်ကာ ငါပုရာအာ လှုသတေ=။ **<u>နောက်</u>**အာ သာ မ္လိယ် တဝ်သသူတိုဝ်တေ ဖျက်ဆီရစ်ဇအ် ဟူမုကာ ဖုန်မကြီစိယ် အသက် (မရှ) ည်စိယ် အဝစိယ်လျှင် ကျက်စိယ်သတေ။'' (တိုင်းရင်းသား-ပ-၄၇[၁-၁၁])

အထက်ပါ သာဓကတွင် သက္ကရာဇ် ၅၈၂ ခု အာသတ္တ သံဝစ္ဆရနှစ် သီတင်းကျွတ်လဆန်း ၃ ရက် တနလ်ာနေ့၌ အလှူရှင်ခင်မိပယ်ပိုသီက ဘုရားသိခင်ထံ လှူဒါန်းသော၊ ငါဖုန်ဆုံတစ်ယောက်၊ အိုယာတစ်ယောက်၊ သမီး အိုပြည်ညီတစ်ယောက်၊ ညီမ အိုထိတစ်ယောက်၊ အိုမြောက်တစ်ယောက်

စုစုပေါင်း ၅ ယောက်ရှိ၏။ ဤမျှသော ကျွန်ကာ ငါ (အလှူရှင်ခင်မိပယ်ပိုသီ) က ဘုရားအား လှူဒါန်း သတည်း။ နောက်တွင် ဘုရားအတွက် အလှူရှင် က လှူဒါန်းထားသော ကျွန်တို့ကို ဖျက်ဆီးသော သားမြေးတော်သောသူတို့ကို ဘုန်းမကြီးစေ၊ အသက် မရှည်စေ၊ အဝိစိလျှင် ကျက်စေလိုကြောင်း ရေးထိုးထားသော ကျောက်စာ ဖြစ်သည်။ ဤကျောက်စာတွင် 'နောက်' စကားသည် 'န – ကုန်ဆုံးပြီးသော ကာလ။ နောင်ကာလ။' (မြန်မာစာအဖွဲ့၊ ၂၀၂၂၊ စာ–၁၇၇) (အညွှန်းခံ)၌ ဘုရားအတွက် အလှူရှင်ခင်မိပယ်ပိုသီက လှူဒါန်းထား သော ကျွန်တို့ကို ဖျက်ဆီးသည့် သားမြေးတော်သော သူတို့အား ညွှန်ပြနေသော အချိန်တိုက်ရိုက အညွှန်းစကားဖြစ်ပါသည်။ ယင်းစကားသည် ပုဂံခေတ်ရော မျက်မှောက်ခေတ်ပါ အသုံးတူရော သတ်ပုံပါတူညီသော အနာဂတ်ကာလပြ စကားဖြစ်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

သာဓက (၁၀) –

> ''သကရစ် ၅၀၉ ခု၊ စိဿနှစ် ပ္လသိုဝ်လပ္လည် ပုတ္တဟူနိယ် (၀ခ) လာ သံပျင် ချံသာ သာ ငန္လေယ်သင် ေ ကျောင်ပ္လုရုယ် လှူသော မြင်ခ္လန်မ္လစ် အဝှံ လဲ ၁၀၀ တွင် ၃၀ လှူ၏။ ဤငါအကွိုဝ်ကာ အသွိင် မင်ကြီလေ ရစိယ်သတေ။ ငါ အမိ အဖလေ ရစိယ်သတေ။ ငါအစ်ကိုဝ်လေ ရစိယ်သတေ။ **<u>နောင်</u>**အခါ ငါအလှူလဲကိုဝ် ဖျက်ဆီသသူကာ ကံဖါအထယ် ငြယ်လျှင် ကျက်စိယ်သတေ။'' (တိုင်းရင်း–ပ–၅၉[၅-၁၁])

အထက်ပါသာဓကမှာ သက္ကရာဇ် ၅၀၉ ခု၊ စိဿနှစ် ပြသိုလပြည့် ဗုဒ္ဓဟူးနေ့ (၀ခ) ၌ အလှူရှင် သံပျင် ချမ်းသာ သား ငန္လေယ်သင်က ကျောင်းပြု၍ နောက်ထပ်လှူဒါန်းသော မြင်ချန်မြစ် ချိုင်းဝှမ်း လယ် ၁၀၀ တွင် ၃၀ လှူ၏။ ဤငါ (ငန္လေယ်သင်) လှူဒါန်းသော ကောင်းမှုအကျိုးကာ အသခင် မင်ကြီးလည်း ရစေသတည်း။ ငါ့ အမိ အဖလည်း ရစေသတည်း။ ငါ့အစ်ကိုလည်း ရစေ သတည်း။ နောင်သောအခါ ငါလှူဒါန်းသောလယ်ကို ဖျက်ဆီးသော သူကာ ကမ္ဘာအထဲငရဲတွင် ကျက်စေလိုကြောင်း ရေးထိုးထားသော ကျောက်စာဖြစ် ပါသည်။ ဤကျောက်စာ တွင် 'နောင်'စကားသည် 'န – အနာဂတ်ကာလ။' (မြန်မာစာအဖွဲ့၊ ၂၀၂၂၊ စာ–၁၇၇) (အညွှန်းခံ) ၌ အလှူရှင် ငန္လယ်သင်က

ငါလျူဒါန်းခဲ့သော လယ်ကို ဖျက်ဆီးသောသူသည် ကမ္ဘာအထဲငရဲမှာ ကျက်စေကြောင်း ညွှန်ပြနေသော အချိန်တိုက်ရိုက်အညွှန်းစကားဖြစ်ပါသည်။ ယင်းစကားသည် ပုဂံခေတ်ရော မျက်မှောက်ခေတ် ပါ အသုံးတူသော်လည်း သတ်ပုံပါတူညီသော အနာဂတ်ကာလပြစကားဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

သာဓက (၁၁) –

> ‘‘သကရစ် ၅၇၈ ခု မာခနှစ် မွယ်တာလဆန် ၁၂ ရွက် စနိယ်နိယ် နီရာပန်ဆု လိုဝ်သောကြောင့် အမိ ပုရာမိ ပ္လူသော တာဝ်ကွောင်သွိင် ယင် (တ) ဝ်နိယ်ရာ ပုရာ။ တြာ။ သင်ဃာ လျူသော တောင်နီလယ် ၂၀။ ဝက်ကတက်လယ် ၂၀ ခံမ္လူလယ် ၃၀။ ။ကျွန်ကာ ငါပြိုမ် ၁ ယောက် ငပြိုမ် သာ ငမွန် ငစန်မာ။ ။ ငမြွက် ၁ ယောက် ငမြွက် သာ ငရမံ ငါဖွှ ငပ္လည်။ ငပ္လည် ဒီ ၂ ယောက်။ ။ ငါဖွှည် ၁ ယောက်။ တောင်နီကျွန်ကာ ငါစည်စိမ် သာ ငဆန် ငါဖအယ် ငါကယ်လောင် ငါဖုန်လွတ်။ ငါလက်စွယ်။ ဝက်ကတက်ကျွန်ကာ ငါဖု(မ်) ငါလာ။ ငဖုမ် သာကာ ငါချင် ၁။ ငတက်။။ လယ်ကာ အပေါင် ၇၀။ ။ ကျွန် ၂၀။ ။ဤယ်ငါလျူသော လယ် ကျွန်။ ဤယ်မျှသောကိုဝ်။ **<u>နောင်</u>**အခါငသာငမ္လိယ်တွင်လည်ကောင်။ ငါဆုယ်ငမ္လိုဝ်တွင်လည် ကောင် ဖျက်ဆိအော်ဟူမုကာ အဖုန်မကြို အသက်မရှည်စိယ်သတေ။ ငရယ် အဝစိယ်ကာ အထက် ဖျက်သောသူကာ ဩက် ဖွစ်စိယ်သတေ။’’ (တိုင်းရင်း-ပ-၄၄/က[၁-၁၈])

အထက်ပါ သာဓကတွင် သက္ကရာဇ် ၅၇၈ ခု၊ မာဃနှစ် ဝါဆိုလဆန်း ၁၂ ရက် စနေနေ့၌ နိဗ္ဗာန်ဆုကို လိုချင်သောကြောင့် အလျူရှင်အမိ ပုရာမိက ပြုပြင်သော တောကျောင်းသခင်တို့နေထိုင်ရာနေရာမှာ ဘုရား၊ တရား၊ သဃ်ာထံ လျူဒါန်း သော တောင်နီ (အရပ်) က လယ် ၂၀၊ ဝက်ကတက် (အရပ်) က လယ်

၂၀၊ ခံမျှ* လယ် ၃၀၊ လယ်စုစုပေါင်း ၇၀နှင့် ကျွန်ကာ ငါပြုမ်တစ်ယောက်၊ ငပြုမ်သား ငမွန် ငစန်မာ၊ ငမြောက်တစ်ယောက်၊ ငမြောက်သား ငရမံ ငါဖြူ ငပြည်၊ ငပြည်ညီ နှစ်ယောက်၊ ငါဖြည်တစ်ယောက်၊ တောင်နီကျွန်ကာ ငါစည်းစိမ် သား ငဆန် ငါဖအယ် ငါကယ်လောင် ငါဖုန်လွတ်၊ ငါလက်စွယ်၊ ဝက်ကတက်ကျွန်ကာ ငါဖု(မ်) ငါလာ၊ ငဖုမ်သား ကာ ငါချင်တစ်ယောက်၊ ငတက်၊ စုစုပေါင်းကျွန် ၂၀တို့ကို လှူဒါန်းသည်။ ဤအလှူရှင်အမိ ပုရွာမိ လှူဒါန်းထားသော လယ်နှင့် ကျွန်တို့ကို နောင်သောအခါတွင် ငါ့သား ငါ့မြေးလည်းကောင်း၊ ငါ့ဆွေငါ့မျိုး လည်းကောင်း၊ ဖျက်ဆီးပါက ဘုန်းမကြီး အသက်မရှည်စေသတည်း။ ငရဲအဝီစိကာ အထက် ဖျက်ဆီးသောသူကာ အောက်ဖြစ်စေလိုကြောင်း ရေးထိုးထားသော ကျောက်စာ ဖြစ်ပါသည်။ ဤကျောက်စာတွင် 'နောင်' စကားသည် နောင်လာ လတ္တံ့သော အခါ၌ အလှူရှင်လှူဒါန်းခဲ့သော လယ်၊ ကျွန်တို့ကို ဖျက်ဆီးသော ငါ့သား၊ ငါ့မြေး၊ ငါ့ဆွေ၊ ငါ့မျိုး (အညွှန်းခံ) တို့ကို ဘုန်းမကြီး အသက်မရှည်စေလိုကြောင်း ညွှန်ပြနေသော အချိန်တိုက်ရိုက် အညွှန်းစကားဖြစ်ပါသည်။ ယင်းစကားသည် ပုဂံခေတ်ရော မျက်မှောက်ခေတ်ပါ အသုံးတူရော သတ်ပုံပါ တူညီသော အနာဂတ်ကာလပြစကားဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

သာဓက (၁၂) –

"(မတ်စွာသောမင်) ကြီအမတျာမဟာသေနာပတိအနနသူရ်မောင်နှံ ၂ ယောက်။ မတ် (စွာ

သောပုရွာဆုကို)ဝ်လိုဝ်ချင်သောကြောင်။ ဤယ်ကောင်နှိုက်ဟိသော။ ပုရွာ။ တရျာ၊

(သဃာ်။ ရတနာ)သုံပါသောကိုဝ်။ **<u>နိယ်(နိယ်)တိုင်</u>**

လုပ်ကည်ထလျက်လျှင်တော။" (တိုင်းရင်း–ပ–၈၀[၁-၃])

အထက်ပါ သာဓကတွင် 'နိယ်(နိယ်)တိုင်' (နေ့နေ့တိုင်း) စကားသည် မင်းကြီးအမတျာမဟာသေနာပတိ အနနသူရ်မောင်နှံ ၂ ယောက်က

---

* ခံမှူ (ခံလှူ) သည် မွန်တို့ရွာဖြစ်၍ မိုန်ခရိုန်ဟုခေါ်သော မွန်ရွာပင်ဖြစ်မည် ထင်၏။ ပန်းလောင်နှင့် မြစ်ငယ်ဆုံရာတွင် ရှိသည်။ သန်းထွန်း။ ၂၀၀၂၊ ၁၃၀။

ဘုရားဆုကို လိုချင်သောကြောင့် ဤကျောင်း ၌ သီတင်းသုံးတော်မူသော ဘုရား၊ တရား၊ သဃာ်တည်းဟူသော ရတနာသုံးပါးအတွက် 'နေ့စဉ် နေ့တိုင်း' (အညွှန်းခံ) ၌ လုပ်ကျွေး မည်ဖြစ်ကြောင်း ညွှန်ပြနေသော အချိန်တိုက်ရိုက်အညွှန်းစကားဖြစ်ပါသည်။ ယင်းစကားသည် အတိတ်ကာလပြစကား၊ ပစ္စုပန်ကာလပြစကားနှင့် အနာဂတ်ကာလပြစကား (အကြိမ်ပြစကား) ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

သာဓက (၁၃) –

> "စည်သူမင်ကြီကူတဝ်ကိုဝ် ခဝ်လတ်၊ ဤကာ **ညဖက်**လျှင် ခဝ်သတေ။" (ပရိမထီးလိုင်သျှင် ဘုရားကျောက်စာ၊ ၂မျက်နှာ၊ ကျော၊ က–၄–၅)

အထက်ပါသာဓကတွင် 'ညဖက်' စကားသည် အလှူရှင်စည်သူမင်းကြီး ဆောက်လုပ်လှူဒါန်းသော ဂူတော်ကို ရေစက်သွန်းလောင်းသည့်အချိန် (အညွှန်းခံ) ပင်ဖြစ်ကြောင်း ညွှန်ပြနေသော အချိန်တိုက်ရိုက်အညွှန်းစကား ပါသည်။ ယင်းစကားသည် အတိတ်ကာလပြစကားဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

သာဓက (၁၄) –

> "ထိုမင်အနှစ်နှစ်ဆာယ်ဟေတ်နှစ်မင်မူဗြိုရုယဇအ်**သိယ်ခမူနာသုရှေ်ာဝ်**နှိက်တေဟ်။" (တိုင်းရင်း–စ–၃၆၁/ခ[၁၃–၁၄])

အထက်ပါသာဓကတွင် 'သိယ်ခမူနာသုရှောဝ်' ('သေခမူးနာသရော' (မြန်မာစာအဖွဲ့၊ ဒုတိယအကြိမ်၊ ၂၀၂၀၊ စာ–၁၁) စကားသည် ကျန်စစ်သားမင်းကြီး ၂၈ နှစ်ထီးနန်းစံပြီးနောက် သေလုမျောပါး နာမကျန်ဖြစ်သော အချိန်အခါ (အညွှန်းခံ) ဖြစ်ကြောင်း ညွှန်ပြနေသော အချိန်တိုက်ရိုက် အညွှန်းစကား ဖြစ်ပါသည်။ ယင်းစကားသည် အတိတ်ကာလပြစကားဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

ထို့ကြောင့် ပုဂံခေတ် သက္ကရာဇ် ၄၇၄ မှ ၆၀၀ အထိ မှတ်တမ်းတင်ထားသော ကျောက်စာများထဲမှ အချိန်တိုက်ရိုက်အညွှန်းစကားများတွင် '**ထိုဝ်**ရှဝ်'၊ '**ထိုဝ်**သောအခါ'၊ 'ယခင်'၊ 'နောက်'နှင့် '**နောင်**အခါ'၊

‘သိယ်ခမူနာသုရောဝ်’ဟူသော စကားတို့ဖြင့် အချိန်ကို ညွှန်ပြရာ၌ တိကျမှု မရှိသည့်သဘောကို ဖော်ဆောင်နေပြီ ကျောက်စာရေးထိုးသူက ရေးထိုး လိုက်သည့်အချိန်နှင့် ဝေးကွာသော အသုံးဖြစ်သည်ဟု ကောက်ချက်ချနိုင်ပါသည်။ ထို့ပြင် ‘ဤ’၊ ‘ဤယ်လေလ’၊ ‘ဤ(ယ်)နှစ်’၊ ‘ထို၀်နှစ်’၊ ‘ထို၀်နိယ်’၊ ‘ယနိယ်’၊ ‘နိယ် (နိယ်) တိုင်’၊ ‘ညဖက်’ ဟူသောစကားတို့ဖြင့် အချိန်ကို ညွှန်ပြရာ၌ တိကျမှုရှိသည့်သဘော၊ လေးနက်မှုရှိသော သဘောကို ဆောင်နေကြောင်း၊ ကျောက်စာရေးထိုးသူက ရေးထိုးလိုက်သည့် အချိန်နှင့် ဤယ်၊ ‘ယနိယ်’ စကားတို့မှာမူ နီးစပ်သော အသုံးဖြစ်ကြောင်း၊ ထို၀်စကားမှာမူ ဝေးကွာသော အသုံးဖြစ်ကြောင်း ကောက်ချက်ချနိုင်ပါသည်။ ထို့ပြင် မျက်မှောက်ခေတ်နှင့် အသုံးရော သတ်ပုံစာလုံးပေါင်းပါ တူညီသော ‘ဤ’နှင့် ‘ယခင်’ ဟူသည့် အချိန်တိုက်ရိုက်အညွှန်းစကားရှိသကဲ့သို့ မျက်မှောက်ခေတ်နှင့် အသုံးတူသော်လည်း သတ်ပုံမတူညီသော ‘ဤယ်’နှင့် ‘ထို၀်’အညွှန်းစကားများကိုလည်း တွေ့ရကြောင်း၊ ကျောက်စာတစ်ချပ်တည်းမှာပင် အညွှန်းခံချင်းတူသော်လည်း အညွှန်းစကားတို့မှာ ကွဲပြားလျက်ရှိကြောင်း တွေ့ရပါသည်။

ခြုံငုံသုံးသပ်ချက်

ဤစာတမ်းသည် ရှေးဟောင်းမြန်မာကျောက်စာများ (ပထမတွဲ)ရှိ ကျောက်စာ (၂၂၅) ချပ်မှ အချိန်တိုက်ရိုက် အညွှန်းစကားများပါသည့် ကျောက်စာချပ် (၆) ချပ်ကို ရွေးထုတ်ကာ လေ့လာထားခြင်းဖြစ်သည်။ ဤသို့ လေ့လာရာတွင် အချိန်တိုက်ရိုက်အညွှန်းစကားတို့နှင့် အညွှန်းခံတို့သည် သဘာ၀အတိုင်း ကြောင်းကျိုးဆက်သွယ်နေခြင်းမရှိကြောင်း၊ အများသဘောတူ သတ်မှတ်ချက်သာဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ၎င်းအပြင် အချို့အချိန်တိုက်ရိုက် အညွှန်းစကားများသည် သတ်ပုံကွဲပြားမှုရှိသော်လည်း အားလုံးသော အချိန်တိုက်ရိုက် အညွှန်းစကားများမှာ မျက်မှောက်ခေတ်နှင့် အသုံးရော အနက်ပါတူနေပါသည်။

ထို့ပြင် ကျောက်စာတစ်ချပ်တည်းမှာပင် အညွှန်းခံဖြစ်သည့် အချိန်တစ်ခုတည်းကို ကျောက်စာရေးထိုး သူက '**ဤ(ယ်)**နှစ်'စကားနှင့် '**ထို့ဝ်**နှစ်'စကားတို့ကို ပြောင်းလဲညွှန်ပြရေးထိုးထားပါကြောင်း သုံးသပ်တွေ့ရှိရသည်။ ဤသို့ ပြောင်းလဲညွှန်ပြ ရေးထိုးထားခြင်းသည် အညွှန်းခံတစ်ခုတည်းကို အညွှန်းစကား နှစ်မျိုးဖြင့် ပြောင်းလဲဖော်ပြထားကြောင်း တွေ့ရပါသည်။ တစ်နည်းအားဖြင့် အညွှန်းစကား တစ်မျိုးမှ တစ်မျိုးသို့ ပြောင်းလဲဖော်ပြခြင်းသည် ဒေါင်လိုက် အစိတ်အပိုင်းများကို အလဲအလှယ်လုပ်ခြင်း၊ ရွှေးချယ်ခြင်း၊ အစားထိုးခြင်းပင် ဖြစ်သည်။ ယင်းသည် အညွှန်းခံချင်းတူသော်လည်း အညွှန်းစကားတို့မှာ ကွဲပြားနေပါသည်။ ထို့ပြင် ယင်းသို့ ပြောင်းလဲညွှန်းပြခြင်းသည် အချိန်အကွာအဝေး အနီးအဝေးပေါ်မူတည်၍ ညွှန်ပြပြောဆိုလိုသည့်အခါ ပြောင်းလဲရေးထိုးခြင်း ဖြစ်သည်ဟု ယူဆပါသည်။ ထိုမျှမက အလှူပြုချိန်ကို ခုနှစ်သက္ကရာဇ်၊ နှစ်အမည်၊ လအမည်၊ နေ့အမည် (အညွှန်းခံ) တို့ဖြင့် တိတိကျကျဖော်ပြရေးထိုး ထားသည်ကိုလည်း တွေ့ရပါသည်။ သို့ရာတွင် ယင်းအချိန်တို့ကို ညွှန်ပြရာ၌ 'ထို့ဝ်'စကားနှင့် 'နိယ်'စကားတို့ကို ကပ်လျက် တွဲဆက်၍ ရေးထိုးထားရာ နေ့အမည် (အညွှန်းခံ) ကိုသာ ဦးစားပေး ညွှန်ပြနေသကဲ့သို့ ဖြစ်နေပါသည်။ ထို့ကြောင့် မျက်မှောက်ခေတ်နှင့် ညွှန်ပြပုံချင်း မတူညီသော အညွှန်းစကားမျိုး ဖြစ်နေပါသည်။ သို့ပါ၍ လက်တွေ့အတ္ထဗေဒ ရှုထောင့်အရ သုံးသပ်ကြည့်ပါက အချိန်တိုက်ရိုက် အညွှန်းစကားက နယ်ပယ် ကျဉ်းနေပြီး အညွှန်းခံအကြောင်းအရာက နယ်ပယ်ကျယ်ဝန်းနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

အချုပ်အားဖြင့်ဆိုရသော် အချိန်တိုက်ရိုက် အညွှန်းစကားများသည် အတိတ်ကာလ၊ ပစ္စုပန်ကာလ၊ အနာဂတ်ကာလတို့ကို ဖော်ပြနေသောကြောင့် ပုဂံခေတ် မြန်မာစာပေကို တီထွင်ခဲ့သည့်သူတို့ကို ချီးကျူးသင့်ပါသည်။

ကျမ်းကိုးစာရင်း

မြန်မာဘာသာ

ကိုလေး၊ ဒေါက်တာ။ (၂၀၁၈)။ *ဘာသာစကားလေ့လာမှု*။ ပထမအကြိမ်။ ရန်ကုန်မြို့၊ ရောဝဏ်ပုံနှိပ်လုပ်ငန်း။

ခင်အေး၊ ဒေါက်တာ။ (၂၀၀၄)။ *အတ္ထဗေဒ*။ ပထမအကြိမ်။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၀)။ *လက်တွေ့အတ္ထဗေဒနိဒါန်း*။ ပထမအကြိမ်။ ရန်ကုန်၊ ဆန်းသဇင်ပုံနှိပ်တိုက်။

ငြိမ်းမောင်၊ ဦး။ (၁၉၈၃)။ *ရှေးဟောင်းမြန်မာကျောက်စာများ (ပထမတွဲ)* ။ ရန်ကုန်၊ ရှေးဟောင်းသုတေသနပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းကော်ပိုရေးရှင်း။

မြန်မာစာအဖွဲ့။ (၂၀၂၀)။ *စာကိုးအဘိဓာန် (ပုဂံခေတ်၊ ပင်းယခေတ်)* ။ ဒုတိယအကြိမ်။ ရန်ကုန်၊ စရဏ ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၂၂)။ *ခရီးဆောင်မြန်မာအဘိဓာန်*။ အဋ္ဌမအကြိမ်။ ရန်ကုန်၊ စရဏပုံနှိပ်တိုက်။

သက်တင်၊ ဦး၊ နှင့် ခင်နွဲ့နွဲ့၊ ဒေါ်။ (၁၉၈၀၊ မေ) ။ အတ္ထဗေဒ။ *တက္ကသိုလ်ပညာပဒေသာ၊ အတွဲ ၁၄ အပိုင်း ၃၊ ၄၈*။

သန်းထွန်း။ (၂၀၀၂)။ *ခေတ်ဟောင်းမြန်မာရာဇဝင်*၊ တတိယအကြိမ်။ ရန်ကုန်၊ အင်းဝစာအုပ်တိုက်။

အင်တာနက်အကိုးအထောက်များ

Definition and Examples–Grammar & Composition / Retrieved Nov 1st, 2015, from http://grammar–about..com/od/d/g/deicticterm.htm

Deictic Expression (Deixis) https://www.slideshare.net>ijazzirehmani

နောက်ဆက်တွဲ (က)

ကိုးကားသည့် ကောက်နုတ်ချက်မူရင်းများ

စဉ်	ကောက်နုတ်ချက်	ကိုးကားသည့် စာမျက်နှာ
၁။	A deictic expression (or deixis) is a word or phrase (such as this, that, these, those, now, then) that points to the time, place, or situation in which a speaker is speaking. Definition and Examples–Grammar & Composition /Retrieved Nov 1st, 2015, from http://grammar–about..com/od/d/g/ deicticterm.htm Deictic Expression (Deixis)	၄-၅
၂။	Any expression used to point to a time is called temporal or time deixis. In other words, time deixis concerns itself with the various times involved in and referred to in an utterance, such as, tonight, last week, yesterday, before, after etc. Actually, time deixis includes time adverbs like now, then, soon and so forth, and also different tenses. https://www. slideshare.net>ijazzirehmani	၅

ကြယ်နီ၏ ရေလုပ်သားဘဝသရုပ်ဖော်ဝတ္ထုများမှ လူမှုဒေသိယစကားများ လေ့လာချက် (လူမှုဘာသာဗေဒလေ့လာချက်)

ဝင်းမင်းအောင်*

စာတမ်းအကျဉ်း

ဤစာတမ်းသည် စာရေးဆရာကြယ်နီ၏ "ကိုတံငါ" ဝတ္ထုတိုများမှ ရေလုပ်ငန်းသုံး လူမှုဒေသိယစကားများကို ဖော်ထုတ်တင်ပြထားပါသည်။ ရေလုပ်ငန်းသုံးဝေါဟာရများကို လေ့လာရာတွင် လူမှုဘာသာဗေဒနယ်ပယ်အတွင်းမှ ဘာသာစကား၏အသွင်ကွဲများကို ဖော်ထုတ်ကာ လူမှုဒေသိယအဖြစ် သတ်မှတ်လေ့လာပါသည်။ ဤသို့လေ့လာရာတွင် ရေလုပ်ငန်းသုံးဝေါဟာရများကို လူမှုဒေသိယလေ့လာမှုနည်းနာများဖြင့် လေ့လာတင်ပြထားပါသည်။ ရေလုပ်သားတို့၏ ရေလုပ်ငန်းသုံးဝေါဟာရများသည် မြန်မာဘာသာစကား၏ အသွင်ကွဲတစ်ခုအဖြစ် ဖော်ထုတ်ရန် ရည်ရွယ်၍ လေ့လာတင်ပြထားပါသည်။ ဤစာတမ်းမှ ရေလုပ်ငန်းသုံးဝေါဟာရများသည် ကြယ်နီ၏ "ကိုတံငါ" ဝတ္ထုတိုများမှ စကားလုံးများကို အလေ့လာခံအဖြစ် သတ်မှတ်၍ လေ့လာတင်ပြထားပါသည်။

သော့ချက်ဝေါဟာရများ– လူမှုဘာသာဗေဒ၊ လူမှုဒေသိယ၊ ဘာသာစကားအသွင်ကွဲ၊ စံဘာသာစကား

နိဒါန်း

ဤစာတမ်းသည် ကြယ်နီ၏ "ကိုတံငါ" ဝတ္ထုတိုများမှ ရေလုပ်ငန်းသုံးဝေါဟာရများကို လူမှုဒေသိယရှုထောင့်မှ လေ့လာခြင်းဖြစ်ပါသည်။ ဤသို့လေ့လာရာတွင် လူမှုဘာသာဗေဒ၏ နယ်ပယ်တစ်ခုဖြစ်သော လူမှုဒေသိယရှုထောင့်မှ အဓိကထား လေ့လာကာ ရေလုပ်သားတို့ ပြောဆိုသုံးနှုန်းသော ရေလုပ်ငန်းဆိုင်ရာ ဝေါဟာရများကို မြန်မာဘာသာစကား၏ အသွင်ကွဲစကားအဖြစ်

* ကထိက၊ ဒေါက်တာ၊ မြန်မာဘာသာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

ဖော်ပြရန် ရည်ရွယ်ပါသည်။ ဤသို့ လေ့လာရာတွင် ကြယ်နီ၏ ရေလုပ်သားဘဝ သရုပ်ဖော် ဝတ္ထုတိုများထဲမှ “ပိုက်သမားနှင့် ငါးဆီ” ဝတ္ထုတိုများမှ ရေလုပ်ငန်းသုံး ဝေါဟာရများကို အဓိကထား၍ တင်ပြထားပါသည်။ ရေလုပ်သားတို့ ပြောဆို သုံးနှုန်းသော ပြောစကားများသည် ရေလုပ်သားတို့၏ ဘဝကို သရုပ်ဖော်နေသော၊ လုပ်ငန်းကို ထင်ဟပ်နေသော စကားလုံးများဖြစ်သည်။ ထိုစကားလုံးများသည် ရေလုပ်သားတို့သာ သုံးနှုန်းသောစကားလုံးများဖြစ်ပြီး မြန်မာဘာသာစကား၏ အသွင်ကွဲ ဖြစ်သော လုပ်ငန်းကို ထင်ဟပ်နေသည့် လူမှုဒေသိယစကားများအဖြစ် တွေ့ရှိရပါသည်။

စာပေလေ့လာဆန်းစစ်ချက်

ယခင်က ရေလုပ်ငန်းနှင့် သက်ဆိုင်သောကျမ်းစာအုပ်များ ရှိခဲ့ပါသည်။ ထိုပြုစုထားသော ကျမ်းစာအုပ်များသည် မဟာဝိဇ္ဇာဘွဲ့အတွက် တင်သွင်းသော ကျမ်းများဖြစ်ပါသည်။

ထိုပြုစုထားသောကျမ်းများမှာ ၁၉၇၄ တွင် မောင်မြင့်မောင်၏ “တံငါ လုပ်ငန်းဆိုင်ရာ ဝေါဟာရနှင့်စကားလုံး” ၁၉၈၆ တွင် မောင်မောင်၏ “ကြယ်နီ၏ ကိုတံငါ” ဝတ္ထုတိုများ လေ့လာချက်၊ ၁၉၉၈ တွင် မအေးအေးမြင့်၏ “ကြယ်နီ၏ ကိုတံငါ” ဝတ္ထုတိုရေးဟန် (ဘာသာဗေဒ လေ့လာချက်) ဖြစ်ကြသည်။ ယခု စာတမ်းမှာ ကြယ်နီ၏ “ကိုတံငါ” ဝတ္ထုတိုများမှ ရေလုပ်ငန်းသုံး လူမှုဒေသိယ ဝေါဟာရများကို မြန်မာဘာသာစကား အသွင်ကွဲများအဖြစ် လေ့လာပြီး ယခင်က ပြုစုဖူးသောကျမ်းများနှင့် လေ့လာမှုနယ်ပယ်မတူရှိကြောင်း တွေ့ရပါသည်။ စာတမ်းရေးသားသူကိုယ်တိုင်လည်း မိုးညှင်းတက္ကသိုလ်၏ သုတေသနဂျာနယ် (Vol. 2, No. 1) တွင် ရေးသားထားသောစာတမ်းသည် “ကိုတံငါဝတ္ထု၊ ငါးရစ်တက်ချိန်ဝတ္ထု၊ ပိုက်သမားဝတ္ထု” တို့များကို အဓိကလေ့လာထားခြင်း ဖြစ်ပါသည်။ ယခုစာတမ်းတွင် လူမှုဒေသိယလေ့လာမှုတူသော်လည်း အလေ့လာခံဝတ္ထု မတူကြောင်းကို တင်ပြပါသည်။

နည်းနာ

လူမှုဒေသိယ (social dialect (sociolect))ဟူသည်

ဘာသာစကားတစ်မျိုးတည်းကို သုံးစွဲသည့် ဘာသာတူစု (language community) အတွင်း၌ ဘာသာစကား၏ အသွင်ကွဲများရှိသည်။ ထိုသို့ကွဲပြားရခြင်းသည် ဘာသာစကားသုံးစွဲသူ၏ လူမှုရေးအခြေအနေအလိုက်သော်လည်းကောင်း၊ လုပ်ငန်းအလိုက်သော်လည်းကောင်း ဖြစ်နိုင်သည်။ ထိုဘာသာစကား၏ အသွင်ကွဲ (varieties of language) ကို ဒေသိယ (dialects) ဟုလည်းခေါ်သည်။ အပြန်အလှန်အားဖြင့် ဒေသိယဟူသည် ဘာသာစကားတစ်ခု၏ အသွင်ကွဲဖြစ်သည်ဟု ဖွင့်ဆိုနိုင်သည်။

ဘာသာစကားတစ်ခု၏ ဒေသိယစကားတို့တွင် တစ်ခုနှင့်တစ်ခု အသံထွက် (pronunciation) အားဖြင့်လည်းကောင်း၊ ဝေါဟာရ (vocabulary) ဖြင့်လည်းကောင်း၊ သဒ္ဒါ (grammer) အားဖြင့်လည်းကောင်း ကွဲပြားနိုင်သည်။ အသံ ထွက် တစ်ခုတည်းကွဲလျှင် ဒေသိယလေသံ (dialectal accent) ဟုပြောနိုင်သည်။

ဒေသိယစကားတိုင်းသည် ဘာသာစကားတစ်ခု၏ အသွင်ကွဲတစ်မျိုးသာဖြစ်သည်။ သို့ရာတွင် မည်သည်ကို သီးခြားဘာသာစကားအဖြစ်သတ်မှတ်၍ မည်သည်ကို ဒေသိယစကားအဖြစ် သတ်မှတ်မည်ဟူသောအချက်သည် ဘာသာဗေဒဆိုင်ရာ အကြောင်းရင်းခံများ (linguistic factor)ထက် လူမှု နိုင်ငံရေးဆိုင်ရာ အကြောင်းရင်းခံများအပေါ်တွင် ပို၍တည်မှီနေသည်။ ထို့ကြောင့် ဒေသိယနှင့် ဘာသာစကားသတ်မှတ်မှုသည် ထိုစကားကို အသုံးပြုသည့် လူ့အဖွဲ့အစည်း၏ လူမှုသဘောထားနှင့် ပို၍သက်ဆိုင်သည်။ “လူ့အဖွဲ့အစည်း၏ အတွင်းပိုင်းကွာဟမှုသည် ၎င်းတို့၏ ဘာသာစကားတွင် ရောင်ပြန်ဟပ်နေသည်” ဟူသော လူမှုဘာသာဗေဒ အယူအဆတစ်ရပ်ရှိသည်။ လူမှုဆိုင်ရာ အလှမ်းကွာမှုနှင့် အတားအဆီးများသည် ဘာသာစကား၏ အသွင်ကွဲများကို ဖြစ်ပေါ်စေသည်။

ထိုသို့ လူမှုအခြေအနေအရပ်ရပ်ကြောင့် ဖြစ်ပေါ်လာသော ဘာသာစကားအသွင်ကွဲကို လူမှုဒေသိယဟုခေါ်သည်။ လူမှုဒေသိယသည် ဘာသာစကားအသုံးပြုသူတို့၏ လူမှုအဆင့်အလွှာပေါ်တွင် အခြေတည်သည်။ လူမှုအခြေအနေ

အရပ်ရပ်နှင့်ဆိုင်သည့် အမျိုးမျိုးသော အကြောင်းရင်းခံများကြောင့်လည်း လူမှုဒေသိယများ ဖြစ်ပေါ်နိုင်သည်။ လူမှုဆိုင်ရာအကြောင်းရင်းခံများမှာအလုပ်အကိုင်၊ ပညာအရည်အချင်း၊ ဝင်ငွေအခြေအနေ၊ နေအိမ် ပတ်ဝန်းကျင်၊ လူမျိုးနွယ်စု၊ ယဉ်ကျေးမှုနောက်ခံ၊ ဘာသာရေး စသည်တို့ဖြစ်သည်။

မြန်မာနိုင်ငံတွင် လူမှုအကြောင်းရင်းခံအမျိုးမျိုးကြောင့် ဘာသာစကား၏ အသွင်ကွဲများ ဖြစ်ပေါ်လျက်ရှိသည်။ ပညာတတ်အသိုင်းအဝိုင်းတွင် ပြောသောစကား၊ ငွေကြေးချမ်းသာသူ အသိုင်းအဝိုင်းတွင် ပြောသောစကား၊ ဆင်းရဲသားအသိုင်းအဝိုင်းတွင် ပြောသောစကား၊ ရေလုပ်သားလောကတွင် ပြောသောစကား စသည်ဖြင့် လူမှုဒေသိယစကားများ ဖြစ်ပေါ်တည်ရှိ နေပေသည်။

ပညာရပ်ဆိုင်ရာနည်းနာ

ဤစာတမ်းသည် ကြယ်နီ၏ “ကိုတံငါ” ဝတ္ထုတိုများမှ ရေလုပ်ငန်းသုံး လူမှု ဒေသိယစကားများကို လေ့လာတင်ပြထားသည့် စာတမ်းဖြစ်ပါသည်။ ဤသို့ လေ့လာရာတွင် ကြယ်နီ၏ “ကိုတံငါ” ဝတ္ထုတိုများမှ “ပိုက်သမားဝတ္ထုနှင့် ငါးဆီဝတ္ထု”ကို အလေ့လာခံအဖြစ် သတ်မှတ်ပြီး လူမှုဒေသိယ သီအိုရီဖြင့် ချိန်ထိုးလေ့လာပါမည်။ လူမှုဒေသိယသီအိုရီကို ဒေါက်တာအောင်မြင့်ဦး၏ လူမှုဘာသာဗေဒမိတ်ဆက်စာအုပ်မှ ထုတ်နုတ် လေ့လာပါသည်။

သုတေသနနည်းနာ

သုတေသနပြုလုပ်သူများသည် မိမိတို့သုတေသန မှန်ကန်ရေးအတွက် သုတေသနနည်းနာများကို အသုံးပြု၍ ရေးသားကြရမည်ဖြစ်ပါသည်။ ဤစာတမ်းတွင် ကြယ်နီ၏ “ကိုတံငါ” ဝတ္ထုတိုများကို အလေ့လာခံအဖြစ် လေ့လာပါသည်။ လူမှုဘာသာဗေဒ၏ ပညာရပ်ခွဲဖြစ်သော လူမှုဒေသိယ သီအိုရီကို အသုံးပြုပြီး လေ့လာတင်ပြပါမည်။

ကြယ်နီ၏ “ကိုတံငါ” ဝတ္ထုတိုများထဲမှ “ပိုက်သမားနှင့် ငါးဆီ” ဝတ္ထုတိုများတွင် အသုံးပြုသော ရေလုပ်ငန်းသုံးဝေါဟာရအသုံးအနှုန်းများ၊ ငါးအခေါ် အဝေါ်များကို ထုတ်နုတ်၍ လေ့လာတင်ပြပါမည်။

လူမှုဘာသာဗေဒ၏ ပညာရပ်ခွဲဖြစ်သော ဘာသာစကားအသွင်ကွဲ ဒေသိယသီအိုရီများထဲမှ လူမှုဒေသိယကို အဓိကထား၍ လေ့လာတင်ပြထားပါသည်။

ကြယ်နီ၏ “ကိုတံငါ” ဝတ္ထုတိုများမှ ရေလုပ်ငန်းသုံး လူမှုဒေသိယစကားများ လေ့လာချက်

ကြယ်နီ၏ “ကိုတံငါ” ဝတ္ထုတိုများမှ ရေလုပ်ငန်းဝန်းကျင်သုံး လူမှုဒေသိယစကားများကို လေ့လာရာတွင် ဝတ္ထုတွင်ပါဝင်သော ဇာတ်ဆောင်အချင်းချင်း၏ အပြောစကားများတွင် တွေ့ရှိရသည့် ရေလုပ်ငန်းဆိုင်ရာ ဝေါဟာရများနှင့် စာရေးသူကြယ်နီ၏ အပြောစကားများမှ ထုတ်နုတ်၍ တင်ပြပါမည်။ ဤသို့ တင်ပြရာတွင် ရေလုပ်ငန်း ပတ်ဝန်းကျင်သုံး လူမှုဒေသိယများကို တွေ့ရှိရသည့် ဝတ္ထုတိုများဖြစ်သော “ကိုတံငါ၊ ငါးရစ်တက်ချိန်၊ မိုးဦးကျ” ဝတ္ထုတိုများမှ ထုတ်နုတ်ကာ တင်ပြပါမည်။

ရေလုပ်ငန်းဆိုင်ရာ ဝေါဟာရများကိုလေ့လာရာတွင် ရေလုပ်သားတို့ နေ့စဉ်သုံးစွဲနေကြသော ဝေါဟာရနှင့် ရေလုပ်ငန်းသုံးကိရိယာ အခေါ်အဝေါ်ဟူ၍ နှစ်ပိုင်းတွေ့ရှိရပါသည်။ ရေလုပ်သားတို့ နေ့စဉ်ပြောဆိုနေကြသော ဝေါဟာရများတွင် အများအားဖြင့် ငါးကိုအကြောင်းပြု၍ ပြောဆိုသုံးနှုန်းကြသော ဝေါဟာရများနှင့် ပိုက်ကိုအသုံးပြု၍ ခေါ်ဝေါ်သော ဝေါဟာရများကို တွေ့ရှိရသည်။ ငါးတို့၏ ပုံပန်းသဏ္ဌာန်၊ အနေအထိုင်၊ အသွားအလာ၊ အမူအရာ၊ အကျင့်စရိုက် တို့ကိုကြည့်၍ ဝေါဟာရများ တီထွင်သုံးစွဲခဲ့ကြသည်။ ထို့ကြောင့်ရေလုပ်သားတို့၏ နေ့စဉ်သုံး ဝေါဟာရသည် ရေလုပ်ငန်းဝန်းကျင်၊ ရေလုပ်သားလောကတွင် သီးခြားရပ်တည်နေသည်ကို တွေ့ရပါသည်။

တစ်ဖန် ရေလုပ်ငန်း ကုန်ထုတ်ကိရိယာတို့၏ အမည်များသည်လည်း ရေလုပ်ငန်းဆိုင်ရာ ဝေါဟာရများပင်ဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုဝေါဟာရ

များသည် ငါးဖမ်းရာတွင် အဓိကထား၍ အသုံးပြုသော ငါးဖမ်းထောင်ခြောက် တို့၏ အခေါ်အဝေါ်များအဖြစ် တွေ့ရပါသည်။ ရေလုပ်ငန်း ထုတ်ကုန်ကိရိယာ တို့၏ ဝေါဟာရများကို ရှင်းလင်းဖွင့်ဆိုရာတွင်လည်း ပုံသဏ္ဌာန်၊ အရွယ်အစား၊ အသုံးပြုနည်း၊ အသုံးပြုသည့်ပစ္စည်း၊ ဖမ်းဆီးရမိသည့်ငါးနှင့် အမည်ပေးပုံများ ကိုပါ စာရေးသူကြယ်နီသည် အနက်အဓိပ္ပာယ်နှင့် အသုံးပြုပုံကို အတိအကျ ရေးသား ထားသည်ကို တွေ့ရပါသည်။

ကြယ်နီ၏ဝတ္ထုတိုများတွင် ကွဲပြားသော လူမှုဆိုင်ရာ အကြောင်းရင်းခံ အချက်များကို လေ့လာပါက ဝတ္ထုတွင်ပါဝင်သော ဇာတ်ဆောင်တို့၏ အဓိက အသက်မွေးဝမ်းကျောင်းပြုသော အလုပ်အကိုင်သည် ရေလုပ်ငန်းကို အားထား နေကြရသူများဖြစ်ကြသည်။ ထို့ကြောင့် ဝင်ငွေအခြေအနေကို လေ့လာပါက ဖမ်းဆီးရမိသည့်ငါးများကို နည်းအမျိုးမျိုးဖြင့် ရောင်းချမှသာလျှင် ဘဝဝမ်းစာ ဖူလုံရုံမျှရှိပြီး တစ်ဝမ်းတစ်ခါးသာသာ စားသောက်နေထိုင်ကြရသည့်သူများ ဖြစ်ကြပုံကိုကြည့်၍ ၎င်းတို့၏ ဝင်ငွေအခြေအနေကို မှန်းဆနိုင်ပါသည်။ ထိုအခြေအနေများကို ထောက်ရှု၍ ပညာအရည်အချင်းအားဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုနောက်ခံအားဖြင့်လည်းကောင်း၊ ဘာသာရေးအရလည်းကောင်း၊ ဖွံ့ဖြိုးမှုအားနည်းသည့် လူမှုပတ်ဝန်းကျင် နေထိုင်ကြရသူများအဖြစ် တွေ့ရှိ ရပါသည်။ ရေလုပ်သားတို့၏ နေအိမ်ပတ်ဝန်းကျင် အနေအထားကို လေ့လာပါက အများစုသည် မြစ်၊ ချောင်း၊ အင်း၊ အိုင် ပေါများသောအရပ်တွင် တံငါ တဲလေးများ ဖြင့်သာ နေထိုင်ကြကြောင်းကို တွေ့ရှိရပါသည်။ လူမျိုးနွယ်စုအနေဖြင့် လေ့လာ ပါက မြန်မာတိုင်းရင်းသားလူမျိုးများဖြစ်ကြပြီး ၎င်းတို့၏ ဘဝပေး အခြေအနေ အရ အကုသိုလ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုကြရသော ရေလုပ်သားများ (သို့မဟုတ်) တံငါသည်ဟု ခေါ်ဝေါ်ကြကြောင်းကို တွေ့ရှိရ ပါသည်။

ရေလုပ်ငန်းဆိုင်ရာ ငါးဖမ်းကိရိယာများသည် ငါးဖမ်းသော ငါးထောင် ချောက်တို့ အမည်များသာဖြစ်ပေသည်။ ထိုငါးထောင်ချောက်များသည် ရေလုပ်သားတို့၏အလိုအပ်ဆုံး ပစ္စည်းများ (သို့မဟုတ်) မရှိမဖြစ် ကိရိယာများ အဖြစ် တွေ့ရှိရပါသည်။ ရေလုပ်ငန်းကို လုပ်ကိုင်သော ရေလုပ်သားတို့အတွက် ငါးဖမ်းကိရိယာ (သို့) ငါးထောင်ချောက်တို့၏ အခေါ်အဝေါ်များသည် ဆန်းသစ်

ခြင်းမရှိသော်လည်း ဘာသာစကားကို အဓိကထား၍ လေ့လာသူများအတွက် များစွာ တန်ဖိုးရှိသော အရာများဟု ဆိုနိုင်ပါသည်။

ထို့ကြောင့် ရေလုပ်ငန်းဆိုင်ရာ ဝေါဟာရများသည် ရေလုပ်သားတို့၏ နေ့စဉ်လူမှုဘဝ ပတ်ဝန်းကျင်တွင် အသုံးပြုသော ဝေါဟာရများဖြစ်ကြ၍ လူမှုဒေသိယဟု ခေါ်ဆိုနိုင်ကြောင်းကို တွေ့ရပါသည်။ ထိုရေလုပ်ငန်းဆိုင်ရာ ဝေါဟာရများသည် မြန်မာဘာသာစကား၏ အသွင်ကွဲတစ်မျိုးအနေဖြင့် ဖော်ထုတ်ကာ လေ့လာတင်ပြပါမည်။

ထို့ပြင် ရေလုပ်သားတို့သည် ကြမ်းတမ်းသောဘဝကို ရင်ဆိုင်ကာ အသက်ရှင် ရပ်တည်လျက် နေထိုင်ကြရသောသူများဖြစ်ကြ၍ ၎င်းတို့၏ ပြောဆိုသုံးနှုန်းသော စကားများသည် ကြမ်းတမ်း ရင့်သီးသည်ဟု အခြားသောလူအဖွဲ့အသိုင်းအဝိုင်းက ထင်မြင်ယူဆကြသော်လည်း ၎င်းတို့အချင်းချင်းတွင် သာမန်ပြောစကားများအနေဖြင့် ပြောဆိုသုံးနှုန်းကြပုံများကို ဇာတ်ဆောင်တို့၏ စကားပြောများမှ ထုတ်နုတ်ကာ တင်ပြသွားပါမည်။

ကြယ်နီ၏ “ပိုက်သမား” ဝတ္ထုမှ ရေလုပ်ငန်းသုံးဝေါဟာရများကို လူမှုဒေသိယအဖြစ် တင်ပြပါမည်။ ရေလုပ်သားတို့၏ ရေလုပ်ငန်းထုတ်ကုန်နှင့် သက်ဆိုင်သော ငါးဖမ်းကိရိယာများအကြောင်းကို စာရေးသူက အသေးစိတ် တင်ပြထားပါသည်။ “ပိုက်သမား” ဟူသော ဝေါဟာရကို အဓိပ္ပာယ်ပြန်ကြည့်လျှင် “ပိုက်ကွန်ဖြင့် အလုပ်လုပ်သောရေလုပ်သား” ဟု အဓိပ္ပာယ်ဖွင့်ဆို နိုင်ပါသည်။ ကြယ်နီ၏ ပိုက်သမားဝတ္ထုတွင် အခြားသောရေလုပ်ငန်းသုံး ငါးဖမ်းကိရိယာများထက် ဝတ္ထုခေါင်းစဉ်နှင့် လျော်ညီစွာ ငါးဖမ်းပိုက်များအကြောင်းကို အဓိကထား၍ ရေးသားထားသည်ကို တွေ့ရပါသည်။ ဝတ္ထုတွင် –

“ယခု ကွင်းထဲ၌ ရေအတော်တက်နေပြီဖြစ်၍ ပိုက်ချရမည့်အခါ ဖြစ်ပေသည်။ ခေါင်းဖြတ် ပိုက်ပိုက်ကျဲမဟုတ်၊ ချောပိုက်၊ ယမ်းချိုး ဟူ၍ နှစ်မျိုးရှိသေးသည်။ မီးခြစ်ဆံတစ်ချောင်းယူ၍ မီးခြစ်ဆံထိပ်ရှိ ယမ်းတည်ရှိသည့် နေရာတစ်ဝက် ချိုးပစ်လိုက်ပြီး ကျန်ရှိသည့်အချောင်းနှင့် ညီမျှသော ပိုက်ကွက်ရှိ ပိုက်ကို “ယမ်းဝက်” ပိုက်ဟုခေါ်သည်။ မီးခြစ်ဆံထိပ်ရှိ ယမ်းတည်ရှိနေရာကိုမူ “ယမ်းချိုး” ပိုက်ဟုခေါ်သည်။

“ယမ်းဝက်” က “ယမ်းချိုး” ထက် ပိုက်ကွက်အနည်းကျယ်သည်။ ထို့ကြောင့် “ယမ်းဝက်” ပိုက်မှာ ချောငါးအကြီးစားများ တိုး၍ “ယမ်းချိုး” မှာမူ ချောငါးအသေးနှင့် အလတ်များသာ တိုးသည်။ ရေဦးတွင် ချောငါးအသေးနှင့် အလတ်များ၍ ယမ်းချိုးပိုက်က ငါးအတိုးများသည်။ ရေလယ်တွင်မူ ချောငါးများ ပေါလာသည့်အချိန်ဖြစ်၍ “ခေါင်းဖြတ်ပိုက်” ပိုက်ကျဲကို အသုံးပြုရပြန်သည်။ သူ့အချိန် သူ့အခါကို လိုက်၍ သူ့ပိုက်နှင့်သူ အလဲအလှယ်သုံးသွားသည်။” (ကြယ်နီ၊ ၂၀၀၁၊ ၁၃၅) ဟူ၍ ရှင်းလင်းဖော်ပြထားပါသည်။ ရေလုပ်ငန်းတွင် “ပိုက်” ၏အသုံးဝင်ပုံကို ရေးသားထားခြင်းဖြစ်သည်။ ရေလုပ်သားနှင့် ပိုက်သည် ခွဲခြား၍မရ တစ်သားတည်းဖြစ်ကြောင်းကို “ပိုက်သမား” ဝတ္ထုတွင် တွေ့ရပါသည်။ ဖမ်းယူမည့်ငါးအမျိုးအစားကိုလိုက်၍ ပိုက်အမျိုးအစား ပြောင်းလဲ၍ အသုံးပြုကြောင်းကို တွေ့ရပါသည်။

ထို့ပြင် ရေလုပ်ငန်းတွင် အသုံးပြုသော ပိုက်သည် ရေထဲတွင် မြုပ်မသွားရအောင် “လက်သွယ်ကြိုး” ဟုခေါ်သော ကြိုးနှင့် ဆက်ထားရပုံကို –

“နောက်ဆုံး ဝါးလုံးစိုက်ကာနီးတွင် သူသည် ဝါးလုံးတိုင်နှင့် နှစ်လံကွာခန့်ရှိ ပိုက်လတ်နားတွင် အုန်းဆံကြိုးတစ်ချောင်းကို “လက်သွယ်ကြိုး” အဖြစ် တပ်ဆင်ထားချည်နှောင်၍ ကြိုး၏အခြားတစ်ဖက်အစွန်း ဖော့တစ်ခု တပ်ဆင်ချည်နှောင် ထားခြင်းအားဖြင့် ရေအောက်မြုပ်နေသော ပိုက်နှင့် ဆက်သွယ်ထားသော လက်သွယ်ကြိုးမှာ ရေပေါ်တွင် ပေါလောပေါ်နေရသည်။ သို့မှသာ ပိုက်လိုက်သည့် အခါတွင် ရေအောက်မြုပ်နေသော ပိုက်ကို ရေထဲဆင်းငုပ်ပြီး လိုက်ရန်မလိုဘဲ၊ ဖော့တပ်ထား၍ ရေပေါပေါ်နေသော “လက်သွယ်ကြိုး” နှင့်ဆက်သွယ်ထားသော ပိုက်လက်နားကြိုးနှင့်အတူ ပိုက်ခေါင်းကြိုးသည် အလိုက်သင့် အပေါ်တက်လာ လိမ့်မည်။ ထို့နောက် မိသောငါးများကို ဖြုတ်ပြီး ပြန်ချလိုက်လျှင် ပြန်မြုပ်သွား လိမ့်မည်။” (ကြယ်နီ၊ ၂၀၀၁၊ ၁၃၇) ဟူ၍ ငါးဖမ်းပိုက်အသုံးပြုရာတွင် ပိုက်နှင့် ဆက်သွယ်ထားသော “လက်သွယ်ကြိုး” ၏ အရေးပါပုံကို တွေ့ရပါသည်။

ရေလုပ်သားများသည် ဖမ်းဆီးရရှိသောငါးများကို နည်းမျိုးစုံဖြင့် ပြုပြင်၍ မြန်မာပြည်အနှံ့ ပို့ဆောင်ကြကြောင်း တွေ့ရပါသည်။ မြန်မာလူမျိုးတို့သည်

ငါးပိကိုအလွန်နှစ်သက်ကြသည်။ ထိုကြောင့် ငါးပိဖြစ်လာရန်အတွက် ရေလုပ်သားများက ငါးများကိုဖမ်းဆီးပေးပြီး ပုံသဏ္ဌာန်ပြောင်းပေးသည်ကို တွေ့ရပါသည်။ ထို့ပြင် ငါးပိကိုပင် အမျိုးအစားခွဲခြားပုံမှာ –

“ဦးဘမောင်က ရန်ကုန်က သူ့ပွဲရုံမှာ ရှမ်းပြည်နယ်သုံး ချောလုံးသီး ငါးပိကောင်ကားနှစ်စီး အပြည့်အပ်မယ်လို့ ရှမ်းကုန်သည်တွေကို လက်ခံတယ်တဲ့။ ပြီးတော့ အညာကုန်သည်တစ်ဦးကိုလည်း ချောဝမ်းခွဲ ငါးပိကောင်းကားတစ်စီးစာ အပ်မယ်လို့ လက်ခံထားသေးတယ်” (ကြယ်နီ၊ ၂၀၀၁၊ ၁၃၇) ဟူသော အပြောစကားတွင် ရှမ်းပြည်နယ်နှင့်အထက်အညာတွင် ငါးပိအမျိုးအစား ကွဲပြားကြောင်း တွေ့ရပါသည်။

ရေလုပ်သားတို့၏ ရေလုပ်ငန်းသုံးကိရိယာအဖြစ် “ဒင်္ဂါးကျမတ်ကွန်” ကို အသုံးပြုကြောင်း တွေ့ရပါသည်။ ထိုအသုံးကို ဇာတ်ဆောင်အချင်းချင်း အပြန်အလှန် ပြောစကားတွင် –

“ငွေဒင်္ဂါးတစ်ပြားကို ချလိုက်လျှင် အောက်သို့ တိုးလျှိုပေါက် ကျသွားနိုင်လောက်အောင် ကျယ်သောအပေါက် ရှိသည့်ကွန်” (ကြယ်နီ၊ ၂၀၀၁၊ ၁၃၈)

ဟူ၍တွေ့ရပါသည်။။

ကြယ်နီ၏ “ပိုက်သမား” ဝတ္ထုတွင် ငါးဖမ်းကိရိယာဖြစ်သော ပိုက်များကို အမျိုးအစားနှင့်တကွ အသုံးပြုပုံအမျိုးမျိုးကို တွေ့ရပါသည်။ ပိုက်သည် ရေလုပ်ငန်းတွင် မရှိမဖြစ်လိုအပ်သော ငါးဖမ်းကိရိယာဖြစ်သည်။ ထို့ကြောင့် ရေလုပ်သားနှင့် ပိုက်သည် ခွဲခြား၍မရပါ။ ထိုပိုက်ကို အသုံးပြု၍ ဘဝဝမ်းစာရှာဖွေစားသောက်ရပါသည်။ ထို့ကြောင့် ရေလုပ်သားတို့အတွက် ပိုက်သည် အလွန်အရေးကြီးကြောင်း လေ့လာသိရှိရပါသည်။ ပိုက်ဖြင့် ဖမ်းမိသောငါးများမှ ဖြစ်လာသော ငွေဖြင့် အခြားအသုံးအဆောင်များကို ဖြည့်ဆည်းနိုင်မည် ဖြစ်ကြောင်းကို “ပိုက်သမားဝတ္ထု” တွင် တွေ့ရပါသည်။

“ငါးဆီဝတ္ထု” မှ ရေလုပ်ငန်းသုံးဝေါဟာရများကို ထုတ်နုတ်တင်ပြပါမည်။ ဝတ္ထု၏ အမည်ဖြစ်သော “ငါးဆီဝတ္ထု”တွင် “ငါးဆီ” သည် မည်သူကို ရည်ညွှန်းကြောင်းကို ရေလုပ်သားတို့ အပြန်အလှန်ပြောစကားများတွင် –

“ငါးများများခုတ်ရမှလည်း တို့တစ်တွေ ငါးဆီများများရမယ်၊ ဟုတ်တယ် မဟုတ်လားအေ့” (ကြယ်နီ၊ ၂၀၀၁၊ ၁၆၃) တွင် တွေ့ရပါသည်။

ရေလုပ်သားများသည် သာမန်ဆီများကို မသုံးစွဲနိုင်ကြပါ။ ဘဝဝမ်းစာကို နပ်မှန်အောင် စားသောက်နိုင်ရန် ကြိုးစားရုန်းကန်နေရသူဖြစ်သည်။ ထို့ကြောင့် ဟင်းချက်ရန် ဆီဆိုလျှင်လည်း ငါးမှဖြစ်သော ဆီ (သို့မဟုတ်) ငါးဆီကို စားသုံးဆီအဖြစ် ချက်ပြုတ်ကာ စားသောက်ကြရကြောင်း တွေ့ရပါသည်။ ငါးမှဖြစ်သောဆီဆိုသည်မှာ ငါးအရှင်ကို ခေါင်းမှခုတ်လိုက်ပြီးနောက် အမြီးမှနေ၍ ထောင်လိုက်လျှင် ငါးဗိုက်ထဲမှ ထွက်ကျလာသော အရည်များအားလုံးကို ပုံးတစ်ခုဖြင့်ခံယူထားပါသည်။ ထို့နောက် ထိုအရည်များအားလုံးကို အိုးတစ်လုံးထဲတွင် ထည့်၍ ကြိုပါသည်။ ပွက်ပွက်ဆူ လာလျှင် ဆီများသည် ပွက်ပွက်ဆူသော အိုးထဲတွင် ဝေ့တက်လာသည်။ ထိုဝေ့တက်လာသော ဆီများကို ခတ်ပြီး ပုလင်းထဲတွင် ထည့်၍ အအေးခံပြီးနောက် စာသုံးဆီသဖွယ်အသုံးပြုနိုင်သည့် ငါးဆီများဖြစ်လာပါသည်။ (ကြယ်နီ၊ ၂၀၀၁၊ ၁၇၇)

“ငါးဆီဝတ္ထု” တွင် ငါးဖမ်းကိရိယာဖြစ်သော “ဗုံလုံ” ဟူသော ဝေါဟာရကို တွေ့ရပါသည်။ “ဗုံလုံ”၏ အဓိပ္ပယ်မှာ –

“အင်းလုပ်သားများကား ဗုံလုံများကို တစ်လုံးပြီး တစ်လုံး ဖော်ကာ ငါးလှေထဲသို့ ငါးများကို လောင်းချနေဆဲပင်ဖြစ်သည်” ဟူ၍တွေ့ရပါသည်။ ထို့ကြောင့် “ဗုံလုံ”၏ အဓိပ္ပယ်မှာ –

“လယ်ကွက်၊ အင်း၊ အိုင်များထဲတွင် ဗုံလုံမြှုံးခေါ် ပလွင်ပုံမြှုံးဖြင့် ငါးဖမ်းလေ့ရှိသည်။ ယင်း ဗုံလုံမြှုံးကိုပင် ဗုံလုံဟုခေါ်သေးသည်။ ဗုံလုံကို ဝါးဖြင့် ယက်လုပ်ထားသည်။ အမြင့်တစ်တောင် တစ်မိုက်ခန့်ရှိသည်။ ဗုံလုံ၏ အောက်ခြေတွင် အပေါက်ငယ်တစ်ပေါက်ဖောက်ထားလေသည်။ ယင်းအပေါက်ငယ်ကို တံခါးရွက်ပုံသဏ္ဌာန်ရှိသော လျှာနှစ်ခုက ပိတ်နေသည်။ ငါးများ တိုးဝင်လာသောအခါ လျှာသည် အလွယ်တကူပွင့်သွားပြီး ချက်ချင်းပြန်ပိတ်သွားသည်။ ထို့ကြောင့် ငါးများ ပြန်လည်ထွက်ပြေးနိုင်ခြင်းမရှိတော့ပေ။ ဗုံလုံမြှုံးထောင်ရာတွင် ခြကောင်များကို ငါးစာအဖြစ် ထည့်လေ့ရှိသည်။ မြှုံးပတ်ပတ်လည်တွင် ခြကောင်များချထားရသည်” (ကြယ်နီ၊ ၂၀၀၁၊ ၁၇၉)

ဟူ၍ ဗုံလုံ၏အဓိပ္ပာယ်နှင့် အရွယ်အစား၊ အသုံးပြုပုံများကိုလည်း မှတ်သားဖွယ် သိရပါသည်။

ရေလုပ်ငန်းဆိုင်ရာဝေါဟာရများတွင် ငါးများကို အမည်ပေးပုံမှာ စိတ်ဝင်စားဖွယ်ကောင်း ပါသည်။ “ငါးဆီဝတ္ထု” တွင် –

“ငါးလှေကြီးထဲတွင် ငါးရံ့ကြီးများလည်း ပါသည်။ ငါးဖယ်များလည်း ပါသည်။ ငါးမြွေထိုးများလည်း ပါသည်။ သို့သော် ဒိုး၊ ချောမီးနီ စသော ကောင်လတ်ငါးများနှင့် ငါးဘူး၊ ငါးဘဲစသော ကောင်သေးငါးများက ပို၍ များသည်။” (ကြယ်နီ၊ ၂၀၀၁၊ ၁၆၈) ဟူ၍တွေ့ရပါသည်။ ဒိုး၊ ချောမီးနီ ဟူသော ငါးအခေါ်အဝေါ်များကို တွေ့ရပါသည်။ အဓိပ္ပာယ်မှာ –

“ဒိုးဟုခေါ်သော ငါးဖယ်အောင်းနှင့် ချောမီးနီဟုခေါ်သော ငါးခုံးမ မီးနီကြီးများမှာ ဝမ်းဗိုက်ကြီးများ ဖောင်းဖောင်းကားကားဖြင့် မက်မောစရာကြီးဖြစ်နေသည်။” (ကြယ်နီ၊ ၂၀၀၁၊ ၁၆၉) ဖြစ်ပါသည်။ ငါးများ ဗိုက်များ ဖောင်းကားနေပါက ငါးဆီများများ ရနိုင်သောကြောင့် ငါးခုတ်မည့် ငါးစိမ်းသည်မများသည် ဗိုက်ဖောင်းကားနေသော ငါးများကို ပို၍မက်မောကြောင်း တွေ့ရပါသည်။

သုံးသပ်ချက်

ကြယ်နီ၏ “ကိုတံငါ” ဝတ္ထုတိုများမှ ရေလုပ်ငန်းသုံး လူမှုဒေသိယများကို လေ့လာခြင်းဖြင့် ရေလုပ်သားတို့၏ ဘာသာစကားအသွင်ကွဲကို သိရှိရပါသည်။ ရေလုပ်ငန်းသုံး လူမှုဒေသိယတွင် ငါးဖမ်းကိရိယာအခေါ်အဝေါ်များ၊ ငါးကိုအမည်ပေး၍ ခေါ်ဝေါ်ပုံများ၊ ရေလုပ်ငန်းဆိုင်ရာ ဝေါဟာရ များဟူ၍ တွေ့ရှိရပါသည်။

ရေလုပ်ငန်းသုံးငါးဖမ်းကိရိယာများသည်လည်း ငါးဖမ်းနည်းပေါ်လိုက်၍ ကွဲပြားမှုရှိကြကြောင်းကိုတွေ့ရသည်။ ငါးဖမ်းသည့်ပိုက်လည်း အမျိုးမျိုးရှိကြောင်းကို တွေ့ရှိရပါ သည်။

မြန်မာ့ရေလုပ်ငန်းတွင် ပိုက်သည် အရေးကြီးသောကဏ္ဍမှ ပါဝင်လေသည်။ မြန်မာတို့သည် ဘိုးစဉ်ဘောင်ဆက်မှစ၍ ပိုက်ကိုအသုံးပြုခဲ့ကြသည်။

ယနေ့ထိလည်း မြန်မာတို့သည် ရိုးရာဓလေ့ တစ်ခုကို လက်ခံထိန်းသိမ်းထားဆဲဟု ဆိုရပေမည်။ ပိုက်နှင့်ငါးဖမ်းခြင်းသည် ရေလုပ်ငန်း၏ အရေးကြီးသော အစိတ် အပိုင်းတစ်ခုအဖြစ် တွေ့ရှိရပါသည်။

ငါးဖမ်းကိရိယာများ၏ အခေါ်အဝေါ်များကိုလည်း တွေ့ရှိရပါသည်။ “ဆောင်း၊ မှိန်း၊ ငါးမျှားတံ၊ ဆောင်ပုံ” စသည်ဖြင့် တွေ့ရှိရပါသည်။ ရေလုပ်ငန်းသုံး ဝေါဟာရအနေဖြင့် လေ့လာပါက “တမံတုတ်၊ ငါးရစ်ဆည်၊ ကတစ်၊ ရှော၊ ရင်ကွဲ၊ ဗုံလုံ” စသည်ဖြင့် အမျိုးမျိုး ခေါ်ဝေါ်ကြသည်ကို တွေ့ရှိရပါသည်။

ထို့ပြင် ငါးကိုအမှီပြု၍ အသက်မွေးဝမ်းကျောင်းပြုကြသောသူများဖြစ်၍ ငါးကိုထုတ်ကုန်အဖြစ် အသုံးပြုရာတွင် ငါးမှရသောစားသောက်ကုန်ပစ္စည်းများအဖြစ် “ငါးဆီ၊ ခေါင်းဖြတ်ငါးပိ၊ ချောလုံးသီး ငါးပိကောင်၊ ချောဝမ်းခွဲ ငါးပိကောင်” အဖြစ် တွေ့ရှိရပါသည်။ ငါးကိုလည်း အမည်ပေးရာတွင် “ခေါင်းဖြတ်ငါး၊ မြက်တိုးငါး၊ မြက်ကိုက်ငါး၊ ချော၊ ဒိုး၊ ချောမီးနီ” စသည်ဖြင့် ခေါ်ဝေါ်ကြသည်ကို တွေ့ရှိရပါသည်။

ရေလုပ်သားကိုပင် “ကိုတံငါ၊ ပိုက်သမား၊ မှိန်းသမား၊ ဆောင်းသမား” စသည်ဖြင့် အမျိုးမျိုး ခေါ်ဝေါ်ကြပုံကို တွေ့ရှိရပါသည်။ ရေလုပ်ငန်းသုံး ဝေါဟာရအဖြစ် “ငါးရစ်တက်ချိန်၊ အရွေလိုက်၊ ရေသမင်”စသည်ဖြင့် ခေါ်ဝေါ်ကြပုံကို တွေ့ရှိရပါသည်။ ရေလုပ်သားတို့၏ ရေလုပ်ငန်းတွင် အသုံးပြုသော ဘာသာစကား၏အသွင်ကွဲကို တွေ့ရှိရပါသည်။ အချို့သော ရေလုပ်ငန်းဆိုင်ရာ ဝေါဟာရတို့သည် အသုံးကွဲစကားအဖြစ် အကျုံးဝင်နိုင်သော်လည်း ဤစာတမ်းတွင် ရေလုပ်ငန်း သုံး လူမှုဒေသိယစကားအဖြစ် ဖော်ပြထားပါသည်။

ကြယ်နီ၏ “ကိုတံငါ”ဝတ္ထုတိုများမှ ရေလုပ်ငန်းသုံး လူမှုဒေသိယစကားများကို ဝတ္ထုတွင် ပါဝင် သရုပ်ဆောင်သော ဇာတ်ဆောင်များ၏ အပြောစကားနှင့် စာရေးသူ၏အရေးအသားများမှ မှတ်သားဖွယ်ရာများကို သိရှိရပါသည်။

နိဂုံး

ဤစာတမ်းသည် ကြယ်နီ၏ "ကိုတံငါ" ဝတ္ထုတိုများမှ ရေလုပ်ငန်းသုံး လူမှုဒေသိယစကားများကို ဖော်ထုတ်ကာ လေ့လာသောစာတမ်း ဖြစ်ပါသည်။ ရေလုပ်ငန်းသုံး လူမှုဒေသိယစကားများကို လေ့လာရာတွင် ရေလုပ်သားတို့၏ ကွဲပြားသော လူမှုအစုအဖွဲ့အတွင်း အသုံးပြုသော မြန်မာဘာသာစကား၏ အသွင်ကွဲတစ်ရပ်အဖြစ် လေ့လာခြင်းဖြစ်ပါသည်။ ဤသို့လေ့လာရာတွင် လူမှုဘာသာဗေဒ၏ နယ်ပယ်တစ်ရပ်ဖြစ်သော ဘာသာစကား၏ အသွင်ကွဲများကို လူမှုဒေသိယရှုထောင့်မှ တင်ပြခြင်းဖြစ်ပါသည်။ လေ့လာတင်ပြရာတွင် ရေလုပ်သားတို့၏ ရေလုပ်ငန်းနှင့်ပတ်သက်၍ ပေါ်ပေါက်လာသော ဝေါဟာရများကို အခြေခံကာ လူမှုဒေသိယနည်းနာဖြင့် နှိုင်းယှဉ်ကာ တင်ပြခြင်းဖြစ်သည်။ မြန်မာ့လူဘောင် အသိုင်းအဝိုင်းတွင် ကွဲပြားသောလူမှုအဆင့်အတန်းကို အခြေခံကာဖြစ်ပေါ်လာသော ဘာသာစကား အသွင်ကွဲများသည် လူမှုနယ်ပယ် အသီးသီးတွင် ထင်ဟပ်လျက်ရှိပါသည်။ ထိုထင်ဟပ်လျက်ရှိသော ဝေါဟာရများကို လူမှုဒေသိယရှုထောင့်မှ အခြေခံ၍ လေ့လာထားခြင်း ဖြစ်ပါသည်။ ထိုသို့ လေ့လာရခြင်းဖြင့် မြန်မာဘာသာစကားရှိ အသွင်ကွဲရေလုပ်ငန်းသုံး ဝေါဟာရများကို သိရှိနိုင်ပါသည်။

ကျမ်းကိုးစာရင်း

ကြယ်နီ။ (၂၀၀၁)။ ***ကြယ်နီ၏ဝတ္ထုတိုပေါင်းချုပ်*** ။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

မြင့်မောင်၊ မောင်။ (၁၉၇၄)။ ***တံငါလုပ်ငန်းဆိုင်ရာဝေါဟာရနှင့် စကားပုံများလေ့လာချက်*** ။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်*** ။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၃)။ ***လူမှုဘာသာဗေဒမိတ်ဆက်*** ။ ရန်ကုန်၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်။

Translation Strategies Used by Philip and Phyoe Tharya in Translating English Proverbs into Myanmar

Aung Kyi*

Abstract

In this study an analysis was made on the translation strategies used by the two translators Philip and Phyoe Tharya in translating English proverbs into Myanmar. There are one hundred English proverbs in the book 'English Words in Action' compiled by Philip (2001) whereas there are 118 proverbs in the book written by Phyoe Tharya. There were eleven matched proverbs. These proverbs were selected for data analysis. The analysis was based on the framework of Baker (1992). The purpose of the study is to identify what strategies the two translators used in translating the English proverbs and examine the differences between them. From the data analysis, it was found that Philip used cultural equivalent strategy on most occasions whereas Phyoe Tharya used literal strategy on most occasions. The main problem faced by Philip is that he failed to interpret one proverb correctly. As a result, the source text proverb and the target proverb that he used did not match in meaning. On the other hand, Phyoe Tharya failed to match the source texts and the target text proverbs. Therefore, he resorted to the strategy of literal translation more often. It is hoped that the results of the study will contribute to the better understanding of proper way of translating English proverbs. It is also hoped that future researchers can do research on corpus-based study of the English and Myanmar proverbs.

Keywords: proverbs, strategies, corpus-based study, etc.

Introduction

